# လှိုင်းကြာဖြူ

ချစ်ခြင်းရယ် ကိုယ်ရယ် မင်းရယ်



## ပုံနှိပ်မှတ်တမ်း

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျိုက်ဝော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
'ရွှေပဒေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျိုက်ဝော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ချိရေး** - ၁၅၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)**

ချစ်ခြင်းရယ်၊ ကိုယ်ရယ်၊ မင်းရယ်
လိုင်းကြာဖြူ (လားရှိုး)
ရွှေပဒေသာစာပေ၊ ၂၀၁၅၊ ရန်ကုန်။
၂၄၇ – စာ၊ ၁၂ × ၁၈ စင်တီ။
(၁) ချစ်ခြင်းရယ်၊ ကိုယ်ရယ်၊ မင်းရယ်


# ချစ်ခြင်းရယ် ကိုယ်ရယ် မင်းရယ်


လိုင်းကြာဖြူ (လားရှိုး)

# အခန်း (၁)

"နွေဥသြ"

မီးဖိုဆောင်ထဲ၌ ဟင်းချက်ဖို့ပြင်နေစဉ် ခေါ်သံကြားသဖြင့် အပြင်သို့ ထွက်ကြည့်လိုက်မိသည်။

"သြော်"

ထွန်းခေါင်ရိပ်ဆိုသူက ကိုလေးရဲ့မိတ်ဆွေ ဖြစ်သည်။ သူက အိမ်အောက်ဘက် လှေကားထစ်နေရာမှာပဲ ရပ်လျက်။ နွေ အိမ်အောက်ဘက်ထိ ဆင်းပြီး-

"ကိုလေးဆီလွှာတာတယ်ထင်တယ်။ ကိုလေး ပြန်သွားတာမကြာသေးဘူး။ တွေ့ဖို့ချိန်းထားတယ်ထင်တယ်"

"သူနဲ့ကျွန်တော် တွေ့ခဲ့ပါတယ်"





တွေ့ခဲ့ပါတယ်ဆိုပြီး နွေဆီရောက်လာခြင်းကိုတော့ နွေ နားမလည်နိုင်ပါ။ ကိုလေးရဲ့မိတ်ဆွေအနေနှင့် နွေ သူ့ကိုသိခဲ့ရပေမယ့် နွေနဲ့သူက ခင်မင်ရင်းနှီးသူတွေမှ မဟုတ်ဘဲ။ သူ နွေဆီရောက်လာစရာအကြောင်း ဘာရှိလို့လား။

"စိတ်မကောင်းမဖြစ်ပါနဲ့ မနွေ"

"ရှင်"

သူ့ရဲ့အဆက်အစပ်မရှိသောစကားကြောင့် နွေမှာ ကြောင်တောင်တောင် ဖြစ်သွားရသည်။ သူ ဘာပြောနေတာလဲ၊ ဘာကိုဆိုလိုနေတာလဲ။ ကိုလေးနဲ့ တွေ့ခဲ့ပြီး၊ စိတ်မကောင်းမဖြစ်ပါနဲ့ဆိုလာခြင်းသည်…

"ကို…ကိုလေး"

"ကိုမိုးသောက် Accident ဖြစ်လို့…အဲဒါ"

"ရှင်"

နွေ ယိုင်ခနဲ ဖြစ်သွားသည်။ တံခါးဘောင်ကို လျင်မြန်စွာ ဆွဲကိုင်နိုင်၍တော်သေးသည်။ စိုးရိမ်စိတ်တို့က မျက်ရည်အဖြစ် ပြောင်းလဲသွားသည်။

"မနွေ"

"ရတယ်…ရတယ်…ကိုလေးရဲ့အခြေအနေကော"

နွေကို တွဲဖို့ပြင်နေသော သူ့ရဲ့လက်တွေကို ရှောင်ရှားပြီး နွေ သိချင်တာကိုပဲ မေးလိုက်သည်။

"စိတ်မကောင်းစရာအခြေအနေပဲ မနွေ"

"ရှင်"

"ဟုတ်ပါတယ် မနွေ၊ ကိုမိုးသောက်ရဲ့အခြေအနေက စိုးရိမ်ရတဲ့

အခြေအနေပါ။ ပြီးတော့ မနွေလည်း စိုးရိမ်နေမယ်ထင်လို့ ကျွန်တော် လာပြောတာပါ”

“ဘယ်ဆေးရုံမှာလဲဟင်”

“ဘောက်ထော်မှာ”

“ဘယ်လို…ကိုလေးက တို့ကိုပြောတာ အိမ်ပြန်မယ်လို့ ပြောသွားတာ။ အဲဒီကို ဘယ်လိုရောက်သွားရတာလဲ”

“သူ့ရဲ့အလုပ်သမားတစ်ယောက်က သစ်ရောင်းရတဲ့ငွေတွေကို အလွဲသုံးစားလုပ်သွားတာ။ အဲဒါလိုက်သွားရင်း ဖြစ်တာပါ။ ကျွန်တော်က မနွေကို အသိပေးရုံလာပေးတာပါ။ လိုက်တာမလိုက်တာ မနွေကိစ္စပါ”

နွေရဲ့မေးခွန်းများကို သူကလည်း စိတ်ရှည်ဟန်မရှိတော့ချေ။

“လိုက်မှာပေါ့၊ ခဏစောင့်ပါဦးနော်”

နွေ အိမ်ထဲသို့ ပြန်လှည့်ပြေးခဲ့သည်။ ပိုက်ဆံအိတ်တစ်ခုပဲယူပြီး ကိုလေးအတွက် လိုမယ်ထင်တာလေးတွေ ယူလိုက်သည်။

တံခါးမကြီးကို သော့ခတ်နေရင်း လက်တွေ ကတုန်ကယင် ဖြစ်နေသဖြင့် သော့ပေါက်က ထိုး၍မရချေ။

“ပေး…ပေး…မနွေ ကျွန်တော် ခတ်လိုက်ပါ့မယ်”

ကားနောက်ခန်းထဲမှာ ဝင်ထိုင်ရင်း နွေ ကိုလေး ဘာမှမဖြစ်ပါစေနဲ့ဟု နွေ ဆုတောင်းမိသည်။

ကိုလေးရယ်…နောက်လဆို နွေတို့ မင်္ဂလာဆောင်တော့မှာလေ။ ကိုလေး ဘာမှ မဖြစ်ရဘူးနော်။

နွေအပေါ်မှာ ၅၂၈ မေတ္တာနှင့် ညီမလေးတစ်ယောက်လိုကော





၁၅၀၀ အချစ်နဲ့ပါ သန့်သန့်စင်စင် ချစ်ခဲ့တဲ့ ကိုလေးကြောင့် ခြောက်သွေ့ခဲ့တဲ့ နွေဘဝဟာ စိုပြေခဲ့ရသည်။

ဘယ်ကိစ္စမှာမဆို နွေသဘောကိုသာ အဓိကထားသော ကိုလေး။

နွေတို့၊ ကိုလေးတို့ဆိုတာ ချမ်းသာတဲ့သူတွေတော့ မဟုတ်ကြပါ။ ပညာနှင့်လုပ်စားနေကြသည့် သာမန်လူတန်းစားတွေ။ ကိုလေးက သစ်စက်တစ်ခုမှာ မန်နေဂျာဖြစ်ပြီး နွေက မူလတန်းပြ ဆရာမ။

“အရမ်းကြီးလည်း စိတ်မပူပါနဲ့ မနွေ”

“ဟင်”

ကိုယ့်အတွေးနှင့်ကိုယ်ရှိနေဆဲ တွင့်ခေါင်ရိပ်ရဲ့အသံကြောင့် နွေ ရုတ်တရက် မကြားမိ။ ပြန်မေးတော့မှ-

“ကိုမိုးသောက် ခြေလက်တွေ ဘာမှထိခိုက်တာမျိုး မရှိပါဘူး”

“ဒါပေမယ့် ဦးနှောက်ကို ထိသွားနိုင်တယ်လေ”

“မထိလောက်ပါဘူး မနွေရယ်…ကိုမိုးသောက် သတိရတော့ မနွေကို ခေါ်နိုင်းလို့ပါ”

အဲဒီစကားကိုတော့ နွေ သိပ်သဘောမကျပါ။ ကိုလေးက သူ့ကြောင့် နွေ ဝန်ထုပ်ဝန်ပိုးဖြစ်မှာကို အရမ်းကြောက်သည်။

“ဒါနဲ့ မနွေတို့ရဲ့မင်္ဂလာပွဲလည်း နီးနေပြီနော်”

“ဟုတ်ပါတယ်၊ နောက်လထဲမှာပါ”

“ဘယ်နေ့လဲမသိဘူး။ ကိုမိုးသောက်နဲ့တောင် အခုတလော မတွေ့ဖြစ်ကြသေးဘူးလေ။ ဒီနေ့တောင် တွေ့မယ်လို့ပဲ

ချိန်းရသေးတာ"

"နှစ်ဆယ့်တစ်ရက်နေ့၊ ကိုလေးရဲ့မွေးနေ့လေ"

"ဪ"

ထွန်းခေါင်ရိပ်ရဲ့အသံက 'ဪ'ဟုဆိုပြီး တိတ်သွားသည်။ နွေကိုယ်တိုင်လည်း သူနှင့် ပြောစရာစကားမရှိသဖြင့် နှုတ်ဆိတ်နေမိသည်။

ဘုရားစာရွတ်လိုက်၊ ကိုလေးဆီ အတွေးရောက်လိုက်နှင့် စိတ်ဂနာမငြိမ် ဖြစ်နေသည်။ မြို့ထဲကထွက်တော့ မှောင်ရိပ်ကသန်းနေပြီ။

မစဉ်းစား မဆင်ခြင်ဘဲ လိုက်လာမိတာ မှားပြီလားဟု စဉ်းစားသော်လည်း ကိုလေးကို စိုးရိမ်နေသည့်စိတ်ကို မဖျက်ဆီးနိုင်ချေ။

"ကျွိ"

"ရောက်ပြီလားဟင်"

ကားက လမ်းဘေးသို့ ထိုးရပ်သွားသဖြင့် နွေ မေးတော့ ထွန်းခေါင်က မဖြေဘဲ ကားပေါ်က ဆင်းသွားသည်။ ကားစက်ဖုံးကို ဖွင့်ကြည့်မှ ကားပျက်တာမှန်း သိတော့သည်။

ပတ်ဝန်းကျင်ကလည်း လုံးဝ မှောင်နေပြီ။ နွေ စိတ်ပျက်လက်ပျက်နှင့် ကားပေါ်က ဆင်းလိုက်သည်။

"ဒုက္ခပါပဲ"

နွေ ညည်းညူသံကြောင့် ထွန်းခေါင်ရိပ်က မော့ကြည့်သည်။ သူက စေတနာနှင့်ကူညီနေတာမို့ နွေ အားနာသွားကာ-

"ဟို...ထွန်းခေါင်ရိပ်ကို အပြစ်ပြောတာ မဟုတ်ပါဘူး။ နွေ





ဘာသာနွေ..."

"ရပါတယ်"

ကားသွားကားလာကလည်း ရှင်းနေသည်။ နွေ လမ်းဘေးမှာ ဆင်းထိုင်ရင်း ငိုချင်လာသည်။ ဒီနေ့တော့ ပြဿဒါးနေ့လားမသိ။

ထွန်းခေါင်ရိပ်ကလည်း ဖြတ်သွားဖြတ်လာကားတွေ တားပေးပါသည်။ သို့သော် ဘယ်ကားမှ မရပ်ချေ။

တီခနဲ မြည်သံကြောင့် နွေ ကားမီးရောင်နှင့် နာရီကို မော့ကြည့်မိသည်။

ဘုရားရေ...ရှစ်နာရီတောင် ရှိနေပြီလား။

"မနွေ"

"ရှင်...ကားရပြီလား ထွန်းခေါင်ရိပ်"

"မရသေးပါဘူး မနွေ...ကျွန်တော်ကသာ မနွေကို အားနာနေတာ။ စိတ်လည်း သိပ်မညစ်ပါနဲ့၊ တွေ့တဲ့ကား တားကြတာပေါ့"

သူက ကားပေါ်မှာ တက်ထိုင်စောင့်နေသဖြင့် အပြင်မှာ တစ်ယောက်တည်း ထိုင်နေရတာ စိတ်မလုံချေ။ တိတ်ဆိတ်နေသဖြင့် ကားပေါ်မှာပဲ ထိုင်နေရသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ဘဲ ငြိမ်သက်နေကြသည်။ အသက်ရှူသံမှလွဲ၍ ဘာသံမှမကြားရချေ။

"တီ...တီ"

"ဟော....ကားသံကြားတယ်၊ ကျွန်တော် ထွက်တားကြည့်မယ်၊ နွေ ဆင်းမလာနဲ့နော်"

"ကျွန်မ လိုက်ပါရစေ...ဒီထဲမှာ တစ်ယောက်တည်း နေခဲ့ရမှာ

ကျွန်မ ကြောက်တယ်"

"ဒီမှာက လုံခြုံတယ်။ မနွေ တော်ကြာ လူဆိုးမှန်းမသိ၊ လူကောင်းမှန်းမသိနဲ့"

နွေ ခေါင်းညိတ်ပြတော့ သူက ဆင်းသွားသည်။ ကားထဲကနေ နောက်ကားကို လှမ်းကြည့်တော့ မီးမှိတ်ထားသဖြင့် ဘာမှ သဲသဲကွဲကွဲ မမြင်ရချေ။

စိတ်က ကိုလေးဆီ ရောက်သွားလိုက်၊ ထွန့်ခေါင်ရိပ်အကူအညီ တောင်းနေတာရမှ ရပါ့မလားဆိုသည့်စိတ်ဖြစ်လိုက်နှင့် မငြိမ်မသက် ဖြစ်နေရ၏။

တစ်ခါတစ်ရံ အားစိုက်နှားထောင်မှ စကားသံအချို့ကို မသဲမကွဲ ကြားနေရသည်။

ဆယ့်ငါးမိနစ်ခန့်လောက်ထိ ဘာမှ မထူးခြားသဖြင့် နွေ ကားတံခါးကိုဖွင့်ဆင်းဖို့ ပြင်သည်။ ထိုစဉ်…

နွေကို တစ်စုံတစ်ယောက်က သိုင်းဖက်ပြီး နှာခေါင်းကို အဝတ်တစ်ခုနှင့် အုပ်လိုက်သည်။ စိမ်းရွှင်ရွှင်အနံ့ကြောင့် ရူးရူးခါးခါး အော်နေသည့်နွေ့အသံအာရုံအားလုံး မှောင်အတိ။

ထွန့်ခေါင်ရိပ်ကိုလည်း သတိမရတော့ချေ။

♥♥♥





# အခန်း (၂)

ကိုလေးရဲ့ခေါ်သံကို နားထဲမှာ ကြားနေမိသည်။ နွေ ဘယ်လိုပဲ ခေါ်ခေါ် ကိုလေးက နွေ့အသံကို မကြားရချေ။ နွေ အားယူအော်လိုက်စဉ် မျက်လုံးတွေ ဖျတ်ခနဲ ပွင့်သွားရ၏။

"အမလေး"

နွေ အလန့်တကြား ထပြီးမှ ရုက်ရွှံ့စွာဖြင့် စောင်ကို ပခုံးထိ လုံအောင် ဆွဲခြုံမိသည်။

နွေ့ဘဝတော့ ပျက်ပါပြီ။ ကိုလေးရယ်…နွေ့ကို ကယ်ပါဦး။ နွေ ဘာမှမသိ။ နွေ သိတာတစ်ခုက နွေ ဘဝပျက်ခဲ့ပြီ။

ပြုတ်နေသည့်အင်္ကျီကြယ်သီးတွေကို ကပျာကယာတပ်ရင်း နွေ မျက်ရည်တွေ တပေါက်ပေါက်နှင့် စီးကျလာသည်။

နွေ့အာရုံထဲမှာ မြင်နေတာက ထွန့်ခေါင်ရိပ်နှင့်ကားသမားတစ်ဦး
သား။

ဟင်း…ဟင်း နွေ့ မထင်ချင်ဘူး။ နွေ့ သေပါရစေတော့။

ခုတင်တစ်လုံးမှလွဲ၍ ဘာမှမရှိသောအခန်းကို မျက်လုံး
ချကြည့်ရင်း နွေ့ နှုတ်ခမ်းကိုက်ထားမိသည်က သွေးတွေစို့လာတာ
တောင် မသိတော့ချေ။

ခြေသံသဲ့သဲ့ကို ကြားရသဖြင့် နွေ့ ထိတ်လန့်တုန်လှုပ်သွားရ
သည်။ နွေ့ မျက်လုံးတွေ ဝေ့ကြည့်မိတော့ အခန်းထောင့်မှ ထောင်ထား
သည့် မီးချောင်းပျက်တစ်ခု။ ကောင်းလားဆိုးလားမသိ။ နွေ့ ထိုမီးချောင်း
ကိုကိုင်ပြီး တံခါးရဲ့ဒီဘက်တွင် အသက်အောင့်ငြိမ်သက်နေမိသည်။

နွေ့အတွက် ဘာမှမထူးတော့ချေ။ လူတစ်ယောက် သေသွားလို့
ပည်း နွေ့ဘဝက အဖက်ဆယ်လို့မှ မရနိုင်တော့ဘဲ။

သော့ဖွင့်သံကြားရသည်။ ပြီးနောက်

"ခွမ်"

"အား"

"ခွမ်း"

နွေ့ ဖန်ချောင်းနှင့်ရိုက်လိုက်တော့ ဝင်လာသည့်လူရဲ့ ပခုံးစောင်း
ကို ရိုက်မိသွားသည်။ ဖန်ချောင်းအကျိုးအကြေတွေကြားမှ နွေ့
ခွက်ပြေးဖို့ ကြိုးစားတော့-

"ဟိတ်"

"လွှတ်…လူယုတ်မာ"

"ဖြန်း"





နွေ့ လက်ကို ဖမ်းဆွဲထားခြင်းကြောင့် လူက တစ်ပတ်လည်
ပြန်ပါလာပြီး သူ့ပါးကို အားထည့်ပြီး ရိုက်ပစ်လိုက်သည်။

မြင်လိုက်ရသော မျက်နှာကြောင့် သူမ ဆော်ဂလီဆန်သွားရ
သည်။

ထွန့်ခေါင်ရိပ်…

သူ အကြံပက်စက်လှချည်လား။ နွေ့ကို တမင်ညာခေါ်ခဲ့တာ
ကိုး။

"ဖောင်း"

"အား"

သူ့ကို မုန်းတီးစက်ဆုပ်စွာ ကြည့်နေသော နွေ့ကို လက်ပြန်ရိုက်
ချလိုက်သဖြင့် နွေ့ ခုတင်ထောင့်သို့ လွင့်သွားသည်။

ယောကျ်ားတစ်ယောက်ရဲ့အားမို့ နွေ့ အတော်နှင့် ခေါင်းမထူနိုင်။
နှုတ်ခမ်းထောင့်၌ စပ်ဖျဉ်းဖျဉ်း ဖြစ်လာသည်။

"လူယုတ်မာ"

"မင်းပါးစပ် ပိတ်ထားစမ်း"

"မပိတ်နိုင်ဘူး…ကျွန်မကို ဘာအကြံနဲ့ အခုလို…အခုလို…"

နွေ့ ဘယ်လိုမှ ရှေ့ဆက်မပြောနိုင်တော့ဘဲ မျက်ရည်တွေသာ
စီးကျလာတော့သည်။

"ရှင်…ကျွန်မကို လိမ်ခေါ်ခဲ့တာမဟုတ်လား။ လူယုတ်မာ…
ရှင့်ကို ဘယ်တော့မှ မကျေဘူး၊ သိလား…အခု တံခါးဖွင့်ပေးပါ"

ပြောလည်းပြော၊ နွေ့ ခုတင်တိုင်ကို အားယူပြီး ထလိုက်သည်။
သူက နွေ့ဆီသို့ ရောက်လာပြီး နွေ့ ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း

ဆုပ်ကိုင်ပြီး ရှေ့တိုးနောက်ငင်လုပ်ကာ-

“ငါ့ကို လူယုတ်မာလို့ မပြောနဲ့၊ ငါ လူယုတ်မာ မဟုတ်ဘူး”

“ဘာ…နင်က လူယုတ်မာမဟုတ်တော့ ဘယ်သူက လူယုတ်မာလဲ…ခွေးပါးစပ်က နတ်စကားမထွက်နဲ့”

“ဖြန်း”

သူက နွေ့ပါးကို ထပ်ရိုက်သည်။ နွေ့ ခုတင်ပေါ်လဲကျသွားကာ ဘယ်လိုမှ ခေါင်းမထူနိုင်တော့ချေ။ နွေ့ ဆံရာခင်းစကို ဆုပ်ကိုင်ရင်း ခေါင်းထောင်နိုင်ဖို့ ဘယ်လိုပဲ ကြိုးစားကြိုးစား မရတော့ချေ။

သူက နွေ့ပခုံးနှစ်ဖက်ကို ဆွဲထူကာ မျက်နှာချင်းဆိုင် နီးကပ်အောင် စိုက်ကြည့်သည်။ သူ့မျက်နှာက နီရဲတင်းမာနေသည်။ နွေ့ကို နှစ်သက်လို့ခေါ်လာတာ မဟုတ်ဘူးဆိုတာ နွေ့ အလိုလို သိလာခဲ့သည်။

“သတိလစ်မေ့မြောနေတဲ့ မိန်းမတစ်ယောက်ကို စော်ကားရလောက်အောင် ငါ မရိုင်းစိုင်းဘူး။ နောက်တစ်ခါ လူယုတ်မာလို့ မင်းပါးစပ်က ထွက်ရဲထွက်ကြည့်”

နွေ့ပခုံးကို ခပ်တင်းတင်း ဆုပ်ကိုင်ထားသည့် သူ့လက်တွေကို အတင်းဆွဲဖယ်သည်။ သို့သော် သူက မလွှတ်ဘဲ-

“မင်းကို ငါ ဘာမှ မကျူးလွန်ခဲ့ဘူး။ မင်းရဲ့စိတ် တမင်ဒုက္ခရောက်အောင် လုပ်ထားခဲ့တာ”

“မပြောနဲ့”

နွေ့ သတိရလာခါစက အဖြစ်အပျက်တွေကို ပြန်မြင်ယောင်လာသဖြင့် ရှက်ရွံ့စွာ အော်ဟစ်ငိုကြွေးမိတော့သည်။

“မင်း ငါ့ကိုပဲ လက်ထပ်ရမယ်”





“ဟင့်အင်း…ရှင့်ကို ကျွန်မက ဘာလို့ လက်ထပ်ရမှာလဲ။ ကျွန်မမှာ လက်ထပ်ရမယ့်ချစ်သူ ရှိတယ်”

“မင်းဘာသာ ဘယ်သူ့ကိုချစ်ချစ် ငါ့ကိုပဲ လက်ထပ်ရမှာ”

“ရှင် ကိုလေးကို တမင်ကပ်ပြီး ကျွန်မကိုရအောင်ယူဖို့ ကြိုးစားခဲ့တာပဲမဟုတ်လား”

နွေ့ရဲ့ မုန်းတီးစွာသော အမေးစကားကို သူက အေးစက်စွာ ခေါင်းညိတ်ဖြေသောအခါ နွေ့ရင်ထဲ ပူလောင်နာကျင်သွားရသည်။

“သိပ်သေချာတာပေါ့။ နောက်ထပ် သေချာတာတစ်ခုက မင်းကို ငါ လုံးဝ ချစ်မှာမဟုတ်တာပဲ”

“ဘာအငြိုးတွေရှိလို့လဲ…ဘာအငြိုးတွေကြောင့် အခုလို လုပ်ရတာလဲ။ ကျွန်မ တောင်းပန်ပါတယ်။ ကိုလေးဆီကို ပြန်ပို့ပေးပါနော်”

“တော်တော့…အခုချိန်ကစပြီး ‘ထက်မိုးသောက်’ ရဲ့နာမည်ကို ငါ မကြားချင်တော့ဘူး”

သူကပဲ တစ်ပြန်ကြီး နွေ့ကို အော်ဟစ်နေသည်။ နွေ့ရှေ့မှာရှိသော ထွေ့ခေါင်းရိုပ်ကို စက်ဆုပ်ရွံရှာစွာကြည့်ပြီး-

“မကြားချင်လို့ မရဘူး။ ကိုလေးက ကျွန်မရဲ့ချစ်သူ”

“ဒီစကား ဒီမှာရပ်တော့ နွေ့ညြ…ဒီနေ့ဒီချိန်ကစပြီး မင်းဟာ ငါ့မိန်းမ ဖြစ်သွားပြီ။ အေး…နောက်ထပ် ထက်မိုးသောက်ကို စကားထည့်ပြောရဲပြောကြည့်…ငါ လူမသတ်ရဲဘူးမထင်နဲ့။ သူ့ဆီသွားဖို့ ကြိုးစားရင် ဒီဓာတ်ပုံတွေကို ငါ စာတိုက်ကနေ ထည့်ပေးလိုက်မယ်။ ရော့…”

သူက မတ်တတ်ထရပ်ရင်း တံခါးပေါက်ဝမှာ သွားရပ်ရင်း-

"မင်း စုတ်ဖြဲလည်း ငါ ဂရုမစိုက်ဘူး။ ငါ့မှာ မူရင်းတွေ ရှိတယ်"

သူ ပစ်ချပေးသော ဓာတ်ပုံတွေကို နွေ ကောက်ယူကြည့်ပြီး-

"အမလေး…ရှင်…ရှင်…လူယုတ်မာ…ဒါ…ဒါတွေ"

နွေ ဆက်မကြည့်ရဲစွာ ဓာတ်ပုံတွေအကုန်လုံး လွှင့်ပစ်လိုက်သည်။ နွေနှင့်သူ တစ်ခုတင်တည်း၌ အတူတူ။

"ရှင်နဲ့ကျွန်မ ဘာအကြောင်းတွေ ရှိနေခဲ့လို့လဲ။ ကျွန်မက ရှင် နစ်နာအောင် ဘာတွေလုပ်ခဲ့လို့လဲ။ ဘာလဲ…ကျွန်မရဲ့သိက္ခာ ချချင်တာလား"

"လုံးဝ စိတ်မဝင်စားဘူး"

"……………"

"ငါ့ရဲ့ရည်ရွယ်ချက်ကို သိပ်မကြာခင် မင်း သိရတော့မှာပေါ့။ မနက်ဖြန် မင်းနဲ့ငါ လက်ထပ်ရလိမ့်မယ်။ ဒီနေ့တော့ ဒီမှာပဲနေခဲ့ပေါ့။ မင်း ဒီနေရာကနေ ဘယ်လိုမှ ထွက်ပြေးလို့ရမယ်မထင်နဲ့"

"ထွင့်ခေါင်ရိုပ်"

"ဂျောက်"

နွေ ဘယ်လောက်ပဲ အော်ခေါ်ခေါ် သူကတော့ ဂရုမစိုက်စွာ တံခါးသော့ခတ်ပြီး ထွက်သွားသည်။ နွေတစ်ယောက်တည်း အော်ငို မိတော့သည်က အရူးတစ်ယောက်ပမာ။

နွေနှင့်သူ့ရဲ့ကြားမှာ မည်ကဲ့သို့သော ပတ်သက်မှုမျိုးမျှမရှိဘဲ ယခုလို လုပ်ပစ်လိုက်ခြင်းက ဘာကြောင့်လဲ။





ကြားဖူးသည်က လူတစ်ဦးတစ်ယောက်က သူ တစ်ဖက်သတ် သဘောကျနေသော မိန်းမကို တခြားသူ့ရဲ့လက်ထဲ မထည့်ပေးနိုင်၍ ခိုးပြေးခြင်းသာ ကြားဖူးခဲ့သည်။ ယခုကျတော့ သူကလည်း နွေကို အငြိုးနှင့်၊ နွေကလည်း သူ့ကို မှန်းတီးစွာ။

မချစ်မနှစ်သက်သူနှင့် အတူနေရဖို့အရေး နွေ ဘယ်တုန်းကမှ စိတ်ကူးထဲမထည့်ခဲ့ဖူးချေ။

မနေ့တစ်နေ့ကထိ နွေဟာ ကိုလေးနှင့်အတူ မိုးမမြင် လေမမြင် ပျော်နေခဲ့သည်။

♥.♥♥

# အခန်း (၃)

"တီ…တီ"

ကားဟွန်းတီးသံကြောင့် နွေ တံခါးပေါက်ကို လှမ်းကြည့်ပြီးမှ ခပ်ရှက်ရှက် ရယ်မိသည်။

နွေ အိမ်ရှေ့သို့ ဘယ်သူက ကားမောင်းလာမှာလဲ။ နွေ မသိ။ နွေမိတ်ဆွေတွေထဲတွင် ကိုယ်ပိုင်ကားစီးနိုင်သူ တစ်ဦးတစ်ယောက်မှ မရှိချေ။

"နွေလေး"

"ကိုလေး"

ဟော…တွေးနေတုန်း တွေးနေဆဲမှာ ကိုလေးကို မြင်လိုက်ရသဖြင့် နွေ ပျော်ရွှင်သွားကာ အိမ်ပေါ်လှမ်းတက်လာသော ကိုလေးရဲ့ လက်မောင်းကို နှိုတွဲကာ-





"မနေ့က ဘာလို့မလာတာလဲ"

"လာဖို့ ကိုလေး တွေးပြီးသားပါ နွေရယ်…အမေ့ရောဂါက ပြန်ဖြစ်လာလို့ ဆေးခန်းသွားပို့နေရတာကော၊ သစ်စက်က အရေးတကြီး ကိစ္စရှိနေတာကြောင့်ကော ကိုလေး တစ်နေကုန် မအားရပါဘူးကွာ"

"ဟင်..အဲဒါဆို ကိုလေးပြန်ရင် နွေ ဒေါ်လေးကို လိုက်ကြည့်ပါမယ်"

"သက်သာပါပြီ နွေရဲ့…ကားဟွန်း ဒီလောက်တီးနေတာ ဘာလို့ ထွက်မကြည့်တာလဲ"

"ကိုလေးမှန်း..ဘယ်သိပါ့မလဲ"

နွေက မူနွဲ့နွဲ့ပြောတော့ ကိုလေးက အသည်းယားသလိုနှင့် နွေရဲ့ခေါင်းကို ခပ်ဖွဖွထုကာ-

"ကောင်မစုတ်လေး…ခြော်…မိတ်ဆက်ပေးရဦးမယ်…လာခဲ့ဦး"

ကိုလေးက နွေ့လက်တစ်ဖက်ကိုဆွဲကာ အိမ်ရှေ့သို့ ထွက်ခဲ့သည်။ နွေတို့အိမ်ရှေ့တွင် ရပ်ထားသောကားထဲမှ လူတစ်ယောက် ဆင်းလာသည်။

နွေက ကားပေါ်ကဆင်းလာသော ထိုလူကို မသိမသာ အကဲခတ်လိုက်သည်။ အသက်ကတော့ ကိုလေးနှင့် မတိမ်းမယိမ်း ရှိပေမည်။

အရပ်ကတော့ ကိုလေးထက် အနည်းငယ်မြင့်သည်။ နီညိုရောင် ပြေးသောမျက်မှန်ကို တပ်ဆင်ထားသည်။ စတိုင်လ်ဘောင်းဘီအနက်ကို ချောကလက်ရောင်ရှပ်အင်္ကျီလက်ရှည်နှင့် တွဲဝတ်ထားလေသည်။

“လာ…ထွန်းခေါင်…မိတ်ဆက်ပေးရဦးမယ်”

ကိုလေးရဲ့စကားကြောင့် ထိုလူက မျက်မှန်ကို ဟန်ပါပါချွတ်၍ နွေ့ထံသို့ ကြည့်လာသည်။ စူးစူးစိုက်စိုက် ကြည့်လိုက်သဖြင့် နွေ တောင် အနေခက်သွားရလေသည်။

“ဒါ ကိုယ့်ရဲ့ညီမလေးလို ချစ်ရတဲ့ ကိုယ့်ချစ်သူ နွေဦးသြတဲ့။ နွေ…သူက ကိုလေးရဲ့မိတ်ဆွေ ထွန်းခေါင်ရိပ်တဲ့”

“ဟုတ်ကဲ့…တွေ့ရတာ ဝမ်းသာပါတယ်ရှင်”

သူက ဘာမှမပြောဘဲ ခေါင်းညိတ်၍ အသိအမှတ်ပြုသလို လုပ်လိုက်သဖြင့် နွေမှ အောင့်သက်သက် ဖြစ်သွားသည်။ လူမှုရေး ခေါင်းပါးသူဟု နွေကတော့ တိတ်တဆိတ် မှတ်ချက်ချလိုက်ပါသည်။

နွေ ကိုလေးကို မော့ကြည့်ကာ-

“ကိုလေး အလုပ်ကိစ္စရှိသေးလို့လားဟင်”

“မရှိပါဘူး နွေရဲ့…ဘာလို့လဲ”

“မရှိရင် အိမ်မှာ ဒီနေ့ ကိုလေးလာမယ်လို့ စိတ်ထဲက အလိုလို သိနေတာနဲ့ ကြာဇံဟင်းခါး ချက်ထားတယ်”

“ကောင်းတာပေါ့…လာ…ထွန်းခေါင်၊ ကိုယ့်ညီမလေးက တော့ အချက်အပြုတ် သိပ်ကောင်း၊ မြည်းပြီး အကဲခတ်လိုက်ပါဦး”

ကိုလေးက ထိုလူကို လှည့်ပြောပေမယ့် နွေကတော့ ထိုလူကို နှုတ်မဆက်တော့ဘဲ အိမ်ပေါ်တက်လာလိုက်သည်။

ကိုလေးတစ်ယောက်တည်းဆိုလျှင်လည်း အလုပ်ကိစ္စနောက် ပါလာလျှင်တောင် နွေ ကျွေးတာစားပြီးမှ ပြန်တတ်သည်။ နွေ ကြာဇံ တွေ ပြင်ဆင်ပြီးသောအခါ ကိုလေးက ပုဆိုးနဲ့မို့ လွတ်လပ်စွာထိုင်ရင်း





“လာ…ဘာမှအားမနာနဲ့”

နွေ ကိုလေးရဲ့ပန်းကန်ထဲသို့ သံပရာရည် ညှစ်ထည့်ပေးသည်။ ငရုတ်သီးမှုန့် အနေတော်ထည့်ပြီး မွှေပေးသည်။

ထွန်းခေါင်ရိပ်ဆိုသူကတော့ နွေ ကိုလေးကို လုပ်ပေးနေသမျှကို ငြိမ်းလှမ်းကြည့်နေတာကို နွေ အလိုလိုသိနေလေသည်။ ထိုအကြည့် အတွက်လည်း နွေမှာ စိတ်အနှောင့်အယှက် ဖြစ်ရသည်။

နောက်ပိုင်း နေ့ရက်တွေမှာ နွေဆီ ကိုလေး လာလည်တိုင်း ထိုလူက ကြားမှကန့်လန့်ကန့်လန့် ပါလာတတ်သဖြင့် နွေမှာ ကြီးစွာ သောအနှောင့်အယှက် ဖြစ်ရသည်။

တစ်ခါတလေ ကိုယ့်ချစ်သူနှင့် တီတီတာတာ စကားဆိုဖို့ နေနေ သာသာ ရှေ့ရေးနောက်ရေးတွေကိုတောင် အေးအေးဆေးဆေး တိုင်ပင်ရချေ။

“ကိုလေးလာတိုင်း သူက ဘာလို့ ပါလာနေရတာလဲ ကိုလေး”

ကိုလေးကတော့ အားနာတတ်သူပီပီ-

“လမ်းကြုံလို့ လိုက်ပို့ပါရစေဆိုတော့ မပို့နဲ့လို့ ပြောလို့မှ မကောင်းတာ နွေရယ်”

“အို…တော်တော်အလိုက်မသိတဲ့လူပဲ။ ပို့ချင်တယ်ဆိုလည်း ပို့ပြီးပြန်ပေါ့…ဘယ့်နှယ်…အိမ်ပေါ်တက်နေရသေးတာလဲ။ အရင် လည်း ကိုလေးတစ်ယောက်တည်း လာနေကျကို၊ ခေါ်မလာနဲ့ကွာ… သူ့ပုံစံကို နွေ နည်းနည်းမှမကြိုက်ဘူး ကိုလေးရာ”

“နွေရယ်…သူက ကိုယ့်အပေါ် အရမ်းကောင်းပါတယ်”

"အို…ကိုလေးနော်…နွေ့ရှေ့မှာ ဘယ်သူ့ကိုမှ ချီးမကျူးရဘူး။ နွေ နည်းနည်းမှမကြိုက်ဘူး"

"ဟား….ဟား…နွေကလည်း ယောကျ်ားလေးချင်းတောင် ထွန့်တိုနေပါလား"

ကိုလေးကတော့ ထင်မေလိမ့်မည်။ နွေတစ်ယောက် လုပ်သက်ရကျောင်းဆရာမ ဘယ်လောက်ပဲဖြစ်ဖြစ် ဘယ်တော့မှ သူနှင့်ပတ်သက်လျှင် ရင့်ကျက်လိမ့်မည်မဟုတ်ဟု။

နွေကတော့ ဘာမှဆိုးနွဲ့စရာ ဤအမျိုးကောင်းသားတစ်ယောက် သာရှိခြင်းမို့ မည်ကဲ့သို့ပင်ဖြစ်ဖြစ် ကိုလေးနှင့်ပတ်သက်သည့် နွဲ့ဆိုးဆိုးတတ်မှုများကို ဘယ်တော့မှ ပြင်လိမ့်မည်မဟုတ်ပေ။ ပြင်ရမည့်အရာဟုလည်း မမှတ်ယူပါ။

"ဟင့်အင်း…မရဘူး၊ ကိုလေးနားမှာရှိတဲ့သူက နွေပဲ ဖြစ်ချင်တယ်"

"နွေရယ်"

ကိုလေးရဲ့ရင်ခွင်ထဲမှာနေမှ လုံခြုံတယ်လို့ ထင်ခဲ့ရသည့်ဘဝပါ။

နွေနှင့်ကိုလေးတို့ရဲ့ ချစ်သူသက်တမ်းက နည်းခဲ့လို့လား။ ထို့ပြင် နွေ (၉)တန်းနှစ်ကတည်းက ကိုလေးကို တစ်ဖက်သတ် စချစ်ခဲ့ရခြင်းမို့ နွေအချစ်က ကိုလေးထက် ပို၍သာလွန်သည်ဟု နွေကတော့ သတ်မှတ်လိုက်ချင်သည်။

ကိုလေးက ရုပ်အမောင်းကောင်းရုံမှုတစ်ပါး ချောမောလှပသူတော့ မဟုတ်။ အသားညိုညိုနှင့် သာမန်ယောကျ်ားတစ်ယောက်ပင်ဖြစ်သော်လည်း ကိုလေးသည် တည်ကြည်သည်။ ယောကျ်ား ပီသသည်။





နွေတို့မောင်နှမတွေဟာ အသက်ငယ်ငယ်နှင့် မိဘတွေကို ဖွဲ့လွှတ်ခဲ့ရပြီး အဒေါ်တစ်ယောက်ရဲ့အိမ်မှာ ကပ်နေပြီး ကိုယ့်ဘဝကို ကျောင်းခဲ့ရသည်။ နွေရဲ့ အမြွှာမောင်လေး "ကောင်းတိ" ကတော့ နွေ့အဆီးအပါးမှာ မရှိတော့သည်မှာ (၁၀)နှစ်နီးပါးရှိခဲ့ပြီမို့ လက်ရှိကာလမှာ နွေဟာ တွယ်တာစရာ သွေးမျိုးမောင်နှမများ မရှိတော့ချေ။ အထီးကျန်ဆန်သောဘဝမှာ ကိုလေးကိုသာ မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် ဖြစ်မိတာကတော့ နွေ့အလွန်မဟုတ်ပါ။

ကိုလေးကိုယ်တိုင်ကလည်း ဒီကောင်မ ငါ့ကို မစွန့်လွှတ်နိုင်လောက်အောင် တွယ်တာသူဆိုပြီး အထင်တသေး ဘယ်သောအခါမှ မဆက်ဆံဘဲ နွေ့အပေါ် အစစအရာရာ နားလည်ပေးနိုင်သူ။

ထို့ပြင် နွေ အခုလို ပညာတတ်ကျောင်းဆရာမဖြစ်ခဲ့ရတာကလည်း ကိုလေးမိဘတွေရဲ့ ထောက်ပံ့မှုကြောင့်ဆိုလည်း မမှားချေ။ နွေတို့နှစ်ယောက်ကိုလည်း တစ်နေ့ကျရင် လက်ထပ်ပေးဖို့ သဘောတူထားသေးသည်။

"သမီးအသက်လည်း မငယ်တော့ဘူးပဲ"

ကိုလေးအမေရဲ့စကားကြောင့် နွေ အလိုလို ခေါင်းငုံ့မိသည်။

"သားက သမီးကို မခွဲနိုင်တော့ဘူးတဲ့"

"ဒေါ်လေးကလည်း"

နွေ အရှက်သည်းစွာ ဘေးနားမှာထိုင်နေသော ကိုလေးကို မျက်စောင်းထိုးလိုက်မိပါသည်။ ဒေါ်လေးက သဘောကျစွာရယ်ပြီး-

"သားပြောလည်း ပြောစရာပဲ သမီးရဲ့။ သမီးက အခုဆို ပိုပိုပြီး လှလှလာတယ်"

"ဒေါ်လေး"

နွေ တကယ်ရှက်လွန်းသဖြင့် ဒေါ်လေးရဲ့ပါးစပ်ကို လိုက်ပိတ်နေတော့ ကိုလေးက တဟားဟား ရယ်နေလေသည်။

"ကဲ…ကဲ…ဟုတ်ပါပြီ၊ ဒေါ်လေး မပြောတော့ဘူး။ သားနဲ့ ဒိုင်မင်…ဟုတ်လား…မေမေ မွှာရုံဘက်သွားလိုက်ဦးမယ်။ သား မမှောင်ခင် သမီးလေးကို ပြန်ပို့နော်။ မိန်းကလေးဆိုတာ အသွားအလာ ဆင်ခြင်ရတယ်"

"ဟုတ်ကဲ့ မေမေ"

ထွက်သွားသည့် ဒေါ်လေးကိုကြည့်ပြီး နွေ နှုတ်ခမ်းကိုက်ကာ ကိုလေးကို လှည့်ထုမိသည်။

"ဘာတွေလျှောက်ပြောတာမှန်း မသိဘူး"

"ဘာမှမပြောပါဘူး။ နွေကို မခွဲနိုင်တော့လို့ နောက်လအတွင်း မင်္ဂလာပွဲစီစဉ်ပေးပါတော့ မေမေရဲ့လို့ ပူဆာရတော့တာပေါ့"

"ဟင့်အင်း…နွေ ငယ်သေးတယ်"

ကိုလေးကိုလည်း အမှန်တကယ် ချစ်ပါလျက်နှင့် အိမ်ထောင်ရေးဘောင်အတွင်းသို့ လက်တွေ့ဝင်ရတော့မည်ဆိုသောအခါ နွေမှာ မဝံ့မရဲ ဖြစ်မိသည်။

ကိုလေးက နွေကို အသာပိုက်ထွေးကာ-

"မငယ်တော့ပါဘူး နွေရယ်…ကိုလေးတောင် အသက် (၃၀) ရှိပြီ၊ အဘိုးကြီး ဖြစ်နေပြီဗျ"

"မဟုတ်ပါဘူး…ကိုလေးက နွေ မျက်စိထဲမှာ အမြဲတမ်း ချောတယ်"





"ဟား…ဟား…လူလည်မလေး"

ကိုလေးက နွေ့ခေါင်းကို အသာထုကာ နဖူးကို ခပ်ဖွဖွ နမ်းလေသည်။ နွေသည် ကိုလေးကို စိတ်ချယုံကြည်သည်။ မည်သို့သော အခြေအနေပဲရှိရှိ ကိုလေးသည် လက်မထပ်ရသေးဘဲ နွေကို ကြံစည်မှာမဟုတ်ကြောင်းကို နွေက ယုံကြည်ပါသည်။

♥♥♥

# အခန်း (၄)

"ကျွီ"

တံခါးဖွင့်သံသဲ့သဲ့ကြောင့် နွေ့ အတိတ်ကို တွေးနေရာမှ ထိတ်လန့်တုန်လှုပ်စွာ လှည့်ကြည့်မိသည်။

ဝတုတ်တုတ် ကောင်မလေးတစ်ယောက်နှင့် နှုတ်ခမ်းမွေး ကားကား အဘိုးအိုတစ်ယောက်သည် စားစရာများကို လင်ဗန်းနှင့် သယ်လာသည်။

နွေ့က ထိုင်ရာမှ ထံရပ်ခြင်း လုံးဝမပြုလုပ်ဘဲ သူတို့ပြုလုပ်နေ သမျှကိုသာ ငြိမ်သက်စွာ ကြည့်နေမိသည်။

အဘိုးအိုက တံခါးပေါက်ဝမှာ စောင့်နေကာ ကောင်မလေးက တော့ စားစရာများကို စားပွဲပေါ်မှာတင်ပြီး အခန်းထောင့်မှာ ငြိမ်သက်စွာ ထိုင်နေသော နွေ့ဆီသို့ ခပ်ရိရိ တိုးကပ်လာကာ-

"မမ…ထမင်းစားလို့ရပါပြီရှင်"

"မစားဘူး…သွားတော့"





နွေ့က မျက်နှာကို ခပ်တင်းတင်းလုပ်ပြီးပြောတော့ ကောင်မလေးက နောက်သို့ ခြေလှမ်းတိုးဆုတ်သွားသည်။ ပြီးတော့ လက်ပိုက်ခေါင်းငုံ့ကာ-

"အစ်ကိုလေးက မမ စားပြီးအောင် စောင့်ခိုင်းလိုက်လို့ပါရှင်"

"ငါ မဆာသေးဘူး"

အမှန်တကယ်တော့ နွေ့ ဗိုက်ဆာပါပြီ။

သို့သော် ဖြစ်ပေါ်လာသောအခြေအနေရဲ့ ဆိုးရွားမှုကြောင့် ဆာနေရက်နှင့် ဘာမှစားချင်စိတ်မရှိချေ။ ထို့ပြင် လူယုတ်မာ တစ်ယောက်ကျွေးသော ထမင်းကို မစားချင်။ ထိုထမင်းဟင်းတွေကို စား၍လည်း မည်သို့မှ မျိုကျနိုင်မည်မဟုတ်ပေ။

"ဟို…ဟင်းတွေက ကြက်သားဟင်းလည်း ပါတယ်၊ ချဉ်ဟင်းလည်းပါတယ်။ ငရုတ်သီးထောင်းတောင် ပါသေးတယ်။ မမ ကြိုက်မှာပါ"

စိတ်ရှုပ်နေသည့်ကြားမှ ရယ်ချင်သွားသည်။

နွေ့ ဘာမှမပြောဘဲ ပြတင်းပေါက်ဘက်ကနေ အပြင်ဘက်သို့ သာ လှမ်းကြည့်နေလိုက်တော့သည်။

အခုဆို နွေ့ ပျောက်နေပြီဆိုတာ ကိုလေး သိလောက်ပြီလား။ သိလျှင်တော့ ကိုလေး ဘယ်လိုမှ စိတ်အေးလက်အေး နေနိုင်လိမ့်မည် မဟုတ်ပေ။

ကိုလေးရယ်…

နွေ့တို့ရဲ့အချစ်တွေ စစ်မှန်ပါလျက် ဘာကြောင့် မဖြောင့်ဖြူးရ သနည်း။ ထွဋ်ခေါင်ရိုပ်ဆိုသည့် လူတစ်ယောက်က လိုချင်တာရှိ၍ ကိုလေးနားသို့ ချဉ်းကပ်လာသည်ကို ကိုလေး အမှန်တကယ် မသိခဲ့

ရှေ့သလား။

အခုတော့ သူလိုချင်တာက ကိုလေး သိပ်ချစ်တဲ့ နွေ့ကိုလေ။

"မမရယ်...နည်းနည်းစားဝင်ရင် စားလိုက်ပါနော်။ မမ မစား ရင် ကိုလေး မိပ့်ကို ဆူမှာ"

ဆိုးရွားလွန်းလှသော ကိုယ့်ဘဝကိုတောင် ကယ်တင်စရာလမ်းစ မမြင်မှတော့ သူများကိုလည်း မကယ်တင်ချင်တော့ပေ။

"တို့ စားချင်ရင် ပြောလိုက်မယ်။ မင်းရဲ့စားစရာတွေကို ပြန်ယူ သွားလိုက်ပါကွယ်"

"မိပ့် သွားတော့"

"အစ်ကိုလေး"

ထွန့်ခေါင်ရိုပ်အသံကြောင့် နွေ့နားထဲမှာ၊ ရင်ဘတ်ထဲမှာ ပိုပြီး ခါးသီးကာ လှည့်ကြည့်ချင်စိတ် အနည်းငယ်မှ မရှိချေ။

ကုန်ကုန်ပြောရလျှင် ရုပ်ရည်နှင့်မလိုက်၊ ထိုမျှ ယုတ်မာလွန်း သောလူရဲ့မျက်နှာကို ကြည့်မည့်အစား နီး(ချေး)ပုံသာ ထိုင်၍ကြည့်နေ ချင်တော့သည်။

"ဦးညိုကော သွားလိုက်ပါ၊ ကျွန်တော်ခေါ်မှ လာခဲ့ကြပါ"

ခြေသံတဖျတ်ဖျတ်နှင့်အတူ တံခါးပိတ်သံကို နွေ့ ကြားရသည်။ တံခါးသံတန်းတွေကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း နွေ့ မျက်ရည် ကျချင်လာသည်။

"ဟင့်အင်း...အဲဒီမျက်ရည်တွေကျလို့ မဖြစ်ဘူး။ နွေ့ သူ့ကို အရှုံးမပေးပါရစေနဲ့ ကိုလေးရယ်"

ဘာအသံဗလံများမှ မကြားရပေမယ့် နွေ့ရဲ့နောက်မှာ သူ ရှိနေ





မယ်ဆိုတာ နွေ့ အလိုလို သိနေသည်။

"ဒီမှာ...နွေ့ဥဩ"

"................."

"ဟိတ်...ငါ ခေါ်နေတယ်လေ"

"..............."

နွေ့ထံက မည်သို့သော တုံ့ပြန်မှုကိုမှ မရသောအခါ သူက နွေ့ရဲ့ပခုံးတစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်၍ ဆွဲလှည့်သည်။

နွေ့ အော်တိုမက်တစ်ဖြင့် သူနှင့်မျက်နှာချင်းဆိုင် ဖြစ်သွားသော် လည်း နွေ့ရဲ့လက်တွေကိုလည်း တုံ့ဆိုင်းမနေဘဲ သူ့ရဲ့လက်ကို ရွံစရာ တစ်ခုလို ဆွဲဖယ်ပစ်လိုက်သည်။

"မထူးချင်လို့ မထူးတာ...ရှင် နားမလည်ဘူးလား"

"နားလည်သလား...နားမလည်သလား မင်း ငါ့ကို ဘာမေးခွန်းမှ ထုတ်စရာမလိုဘူး နွေ့ဥဩ...အခု ငါ ထပ်ပြောမယ်။ ထမင်းသွားစားပါ"

သူ လက်ညှိုးထိုးပြရာဆီသို့ နွေ့ အကြည့်ရောက်သွားပြီး နွေ့ရဲ့ အကြည့်ကလည်း ကွဲကျတော့မည့် ဖန်ခွက်တစ်ခွက်လို-

"ထပ်ပြောမယ် မစားဘူး"

"ငါ စိတ်မရှည်တတ်ဘူး နွေ့ဥဩ"

နွေ့ သူ့ကို အမုန်းတကာ အမုန်းတီးဆုံးသော အကြည့်တွေဖြင့် စိုက်ကြည့်ပစ်လိုက်သည်။ နွေ့သာ နဂါးမလေးဆိုလျှင် သူသည် ပြာပုံ အထိ မလွဲမသွေ ရောက်ရပေမည်။

ခန့်ညားချောမွေ့သည့် သူ့ရုပ်ရည်ကို နွေ့ ဘယ်လိုမှ ခံစားနိုင်

သည့်ရွှမ်းရည် မရှိ။ နာကြည်းမှုတွေကသာ တစ်ရစ်ပြီးတစ်ရစ် တိုးလာတော့သည်။

အငြိုးအတေးသည် ယခုကဲ့သို့ လုပ်ဆောင်ခဲ့သည်ဆိုလျှင်တောင် သူနှင့်နွေ ဟိုအရင်တုန်းကတည်းက မတွေ့ဆုံခဲ့ဖူးသည်မှာ သေချာလှသည်။

သူ ငြိုးချင်သည့်တရားခံက နွေမဟုတ်ဘဲ ကိုလေး ဖြစ်နေသလား။

အို…မဟုတ်ပါဘူး။

ရိုးသားတဲ့ ကိုလေးကို အသုံးချပြီး သူဟာ နွေဘေးကို ရောက်လာခဲ့တာပါ။ ယောကျ်ားတန်မဲ့ အငြိုးအတေးကြီးသော ဤကဲ့သို့သော သေးသိမ်သည့်ယောကျ်ားတစ်ယောက်ကို နွေ တစ်သက်မှတစ်ခါသာ တွေ့ဖူးခြင်း ဖြစ်သည်။

“ဟိတ်…မင်း ငါ့ကို ဘယ်လိုကြည့်တာလဲ…မင်းရဲ့အကြည့်တွေကို ခုချက်ချင်း ပြင်လိုက်စမ်း”

နွေ မည်သို့မှမပြောဘဲ ခပ်မဲ့မဲ့ပြုံးကာ ထမင်းပွဲပြင်ထားသည့် စားပွဲဆီသို့ လျှောက်လာခဲ့သည်။ ထို့နောက် မမျှော်လင့်ထားသော လုပ်ရပ်တစ်ခုကို လုပ်လိုက်သည်။

စားပွဲပေါ်မှာ ပြင်ဆင်ထားသော ထမင်း၊ ဟင်းပန်းကန်တွေကို လက်နှစ်ဖက်နှင့် သိမ်းကျုံးတွန်းထုတ်ပစ်လိုက်သည်။

“ခွမ်း…ဂလုံ”

“မင်း…ဘာလုပ်တာလဲ”

“ရှင် မျက်စိမမြင်ဘူးလား”

သူက နွေဘေးသို့ လျင်မြန်စွာ ရောက်လာသည်။ နွေ သူ့ကို





အေးစက်စွာကြည့်ပြီး မေးလိုက်သည်။ သူက မေးကြောကြီးထောင်လာသည်အထိ အံကြိတ်နေသည်။ နွေကတော့ ပန်းကန်ကွဲတွေနား ဒူးထောက်ထိုင်လိုက်ကာ ပန်းကန်ကွဲတွေကို လက်နှစ်ဖက်ဖြင့် အားရပါးရ ဆုပ်ကိုင်လိုက်သည်။

စူးခနဲ နာကျင်သွားသောအနာများသည် ရင်ဘတ်ထဲက အနာလောက် မပြင်းထန်သဖြင့် “အား” လို့တောင် မအော်နိုင်တော့ချေ။

“ဟာ…ဟိတ်…မင်း…မင်း…ဖယ်စမ်း…တယ်”

“ငါပြောနေတာ…မင်း မကြားဘူးလား”

“သွား…ကပ်မလာနဲ့”

“မင်း အတော်မိုက်မဲတဲ့ မိန်းမ”

သူက နွေကို အတင်းတွန်းထုတ်သည်။ နွေက လက်တွေကို တင်းသထက်တင်းအောင် ဆုပ်ကိုင်လိုက်တော့ သွေးတွေက ကြမ်းပြင်ပေါ်သို့ တစ်ပေါက်ပေါက်နှင့် စီးကျနေသည်။

“မိပွဲနဲ့ဦးညို လာကြပါဦး…မိပွဲ အမိုက်ကျူးတဲ့ဒေါ်နဲ့ တံမြက်စည်းယူလာခဲ့…မြန်မြန်လာခဲ့”

အပြင်ဘက်ကလည်း သူ့ရဲ့အော်သံကိုပဲ နားစွင့်နေကြဟန်တူသည်။ သူ့အော်သံမဆုံးခင်မှာ တံခါးတွေကို တွန်းဖွင့်ပြီး ပြေးဝင်လာကြသည်။

“ဦးညို ဒေါက်တာထင်မင်းကို ဖုန်းဆက်ခေါ်လိုက်ပါ”

“ဒီကို ခေါ်ရမလား ဆရာ”

“ဒီကိုခေါ်လို့ ဘယ်ဖြစ်မလဲ။ အိမ်ကိုခေါ်လိုက်၊ ကျွန်တော်တို့ အိမ်ပြန်မှဖြစ်မယ်”

သူက ဦးညိုကိုပြော၍ပြီး နွေဆီ လျှောက်လာသည်။

နွေက လက်ထဲမှာ ဆုပ်ကိုင်ထားသည့် ပန်းကန်ကွဲစများကို မလွှင့်ပစ်ဘဲ နောက်ဆုတ်ရပ်လိုက်သည်။ သွေးတွေကတော့ တစက်စက်နဲ့ နွေ့ရှေ့မှာကျနေသည်။

သူက နွေ့လက်မောင်းကို ဆုပ်ကိုင်ပြီး ဖန်ခွက်ကွဲစတွေကို အတင်းဖယ်သည်။ နွေကလည်း သူ့ အတင်းချုပ်ဖက်၍ ဆွဲဖယ်တော့ သူနှင့်နွေ ရုန်းရင်းဆန်ခတ် ဖြစ်နေသည်။

"တောက်…အသားအနာခံပြီး ဆန့်ကျင်တဲ့ မိန်းမ"

"ဖယ်…လွှတ်စမ်းပါ၊ ကျွန်မ တစ်ခုခုဖြစ်သွားတာ ရှင်မြင်ချင်တယ်မဟုတ်လား။ သေသွားချင် သေသွားပလေ့စေ…ကြည့်နေလိုက်၊ ကျွန်မ တောင့်ခံနိုင်ရည်ရှိသေးတာပဲ"

"အဟွန်း…ဒီလောက်နဲ့ ငါက ကျေနပ်လိုက်ရမှာလား နွေဥသြ…တစ်ခါတည်းနဲ့ မခံစားရပါဘူး။ ပါးပါးလေးနဲ့ တဝီဝီ ခံစားရဖို့ ငါ့မှာ နည်းအများကြီးရှိတယ်။ မပူပါနဲ့…သင်ခန်းစာ(၁)က မင်းကိုယ်မင်း ဒဏ်ခတ်တာ သင်ခန်းစာနှစ်ကျရင် ငါ့ဘက်ကစပြီး"

"လူယုတ်မာ"

နွေ ကုန်းအော်ပစ်လိုက်သည်။ သူက နွေကို ဒူးရွတ်တိုက်ပါအောင် အတင်းဆွဲခေါ်သည်။ နောက် နွေကို ကားထဲတွန်းထည့်ပစ်ကာ တစ်ဖက်မှ ဝင်ထိုင်လိုက်ပြီး-

"ဦးညို…အားလုံးပြီးရင် အိမ်ကို ပြန်လိုက်ခဲ့။ ဒီအိမ်ကို သော့ခတ်လိုက်ပါ"

♥♥♥





# အခန်း (၅)

က်တရားရဲ့လှည့်စားချက်ဆိုလျှင်တောင် နွေ့ဘဝက အတော်…း…လှပါသည်။

မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖက်ရဖို့ နွေ ဘယ်သောအခါ… မျှော်လင့်ထားခြင်း မရှိခဲ့ပါ။

ကိုလေးကသာ သူမဘဝရဲ့အချစ်ဦး၊ ကိုလေးကိုသာ လက်ထပ်…ခြင်းသည် သူမ၏ပန်းတိုင်။ ဘယ်သောအခါမှ ဝေးကြမည်မဟုတ်ဟု…လို ယုံကြည်နေမှုများသည် ယခုတော့ အမှန်တကယ် လက်တွေ့… ဖြစ်လာခဲ့သည်။

"ထွင့်ခေါင်…မင်းက လျှို့ဝှက်လှချည်လား"

"ကျော်သစ်ရာ…မင်း အလိုက်သိစမ်းပါ…ဟဲ…ဟဲ"

"နို့…ဝိုင်းကောင်းကောင်းနဲ့ ဧည့်ခံမှ ကျေနပ်မှာနော်။ အခု လောက်ပဲဆိုရင်တော့ ခင်ဗျားကို ဆွဲထားရလိမ့်မယ်"

"ဟား…ဟား…ဟား"

ဆူညံနေသောအသံတွေကြောင့် နွေ ခေါင်းတောင် တဆစ်ဆစ် ကိုက်လာသည်။ ကိုယ်ရင်းနှီးကျွမ်းဝင်သော ပတ်ဝန်းကျင်မှမဟုတ်ပဲ လေ။

ကိုယ့်မိတ်ဆွေသူငယ်ချင်းများပါလျှင်တော့ စကားပြောနေရ အကြောင်းလား။ အခုတော့ တစ်ခါမှ မသိမမြင်ဖူးသောသူတွေ ဧည့်ခံ နေရသည်အထိလည်း သူမ မကြောင်ချင်ပါ။

နွေအဖြစ်က သံပတ်ပေးထားသော စက်ရုပ်ကဲ့သို့ပင် ဖြစ်နေလေ သည်။

နှစ်ဦးသဘောဆန္ဒများမပါဘဲ လက်ထပ်ပွဲတစ်ခုကို အကျဉ်း ရုံးနှင့် သူ့အိမ်တွင် စီစဉ်ခဲ့သည်။ နှစ်ဦးသဘောတူဟုဆိုရခြင်းမှာ သူကိုယ်တိုင်က နွေကို ချစ်ခင်နှစ်သက်ရာ ခိုးလာခဲ့ခြင်း မဟုတ်တာကို နွေကိုယ်တိုင်က သိနေသည်။

သူကိုယ်တိုင်ကလည်း အပေါင်းအသင်းတွေရှိနေ၍ မျက်နှာ ပြုံးထားရသော်လည်း သိပ်ဟက်ဟက်ပက်ပက် မရှိချေ။

မည်သူ့ရဲ့ဆန္ဒမှမပါသော ဤမင်္ဂလာပွဲသည် မည်သည့်အဓိပ္ပာယ် ဆောင်၍ မည်ကဲ့သို့သော ရှေ့ဆက်သွားကြရမလဲ နွေ စဉ်းတောင် မစဉ်းစားတတ်တော့ချေ။

နွေရဲ့မျှော်လင့်ချက်ပန်းတိုင်ဘဝလေးကတော့ ဤကဲ့သို့သော ဘဝမျိုးမဟုတ်ပါ။





ဘဝတစ်လျှောက်လုံးလည်း ငြိမ်းချမ်းအေးဆေးစွာ လျှောက် လှမ်းလာခဲ့သူပီပီ ကိုလေးနှင့် လျှောက်လှမ်းသောဘဝတွင်လည်း ဘဝ ကို သာသာယာယာ အေးအေးချမ်းချမ်း ဖြတ်သန်းချင်ခဲ့သည်။ ကိုလေး ရဲ့အမောတွေကို အိမ်ဝမှာ ဆီးကြိုရင် ပြေပျောက်စေနိုင်သည့် ဇနီး ကောင်းတစ်ယောက်ဖြစ်ဖို့ စိတ်ထဲမှာရှိခဲ့သည်။

ကိုလေးရယ်…နွေကိုတော့ သစ္စာဖောက်မကြီးဆိုပြီး မုန်းနေ တော့မှာပဲနော်။ ကိုလေးသိအောင် နွေ နောက်တစ်ခေါက် တိုင်တည် ပါရစေ။ နွေ တစ်သက်နဲ့တစ်ကိုယ် အသည်းပေါက်မတတ် ချစ်ခဲ့တဲ့ ချစ်ဦးသူက ကိုလေးတစ်ယောက်တည်းပါ။ နောက်ထပ် ဒီလိုနည်းနဲ့ ဘယ်သူ့ကိုမှ မချစ်တော့ပါဘူးလေ။

သူဟာ နွေ ထင်ထားတာထက်ကို အတော်ချမ်းသာနေသည်။ သုံးထပ်တိုက်ကြီးကို အုတ်ခဲကျိုးရောင် သုတ်ထားသည်။ ခမ်းနား ကြီးကျယ်လှသောတိုက်တွင် အခန်းပေါင်းများစွာ ခေတ်မီပစ္စည်း စုံလင် စွာဖြင့် လှပတင့်တယ်စေလေသည်။

သူ ဘယ်လောက်ပဲချမ်းသာသာ နွေရဲ့နှလုံးသားကိုတော့ ဒီတစ်သက် ရမှာမဟုတ်တာတော့ သေချာသည်။ နွေဆိုတာ ဆင်းရဲခဲ့ ဘူးသူမို့ နောက်ထပ် ဆင်းရဲဖို့ လုံးဝ မကြောက်တော့ပါ။

အဓိကက ဘဝအမောတွေကြားမှာ ကိုယ့်လက်တွဲဖော်က ကိုယ် ချစ်ခင်နှစ်သက်မြတ်နိုးရသော ယောကျ်ားဆိုလျှင် ပို၍ကောင်းမည်။ ချစ်ခင် မနှစ်သက်သော ယောကျ်ားတစ်ယောက်ရဲ့မျက်နှာကို နေ့စဉ် နှင့်အမျှ ကြည့်နေရလျှင် ကြာလျှင် အသက်တိုဖို့ပဲ ရှိမည်။

အခုထက်ထိကော နွေသဘောနှင့် ဘာတွေများ လုပ်ခွင့်ရှိ

သနည်း။

ခေတ်မီလက်ဝတ်ရတနာတွေ၊ ရောင်စုံမိတ်ကပ်တွေရဲ့အစွမ်းကြောင့် သူ့ရဲ့ လှပသွယ်မှုမိတ်ဆွေက သတိုးသမီးလေးက လှလိုက်တာ၊ ချစ်စရာကောင်းလိုက်တာ တဖွဖွ ပြောဆိုနေကြသည်။

ထိုလူတွေ မည်ကဲ့သို့ပင် ချီးမွမ်းမွမ်း နွေကတော့ ဤလက်ဝတ်ရတနာတွေကို စိတ်ရှိတိုင်း ဆွဲချွတ်ပြီး ဘယ်သူမှ မမြင်နိုင်သော အဝေးတစ်နေရာသို့ ထွက်ပြေးသွားပြီး အော်ဟစ်ငိုပစ်လိုက်ချင်သည်။

ကိုလေးရယ်…ကိုလေး သိပ်ချစ်တဲ့နွေ့အဖြစ်ကို ကြည့်လှည့်ပါဦး။ နွေ မက်မောခဲ့တာ ဒီလိုအရာဝတ္ထုတွေမှ မဟုတ်တာ။ သိပ်ချစ်ရတဲ့ ကိုလေးအနားမှာ နေရဖို့ပေါ့။ အခုတော့ နွေ့နဲ့ ဘယ်လိုမှ ရေစက်သွားမျှမရသော လူယုတ်မာတစ်ယောက်ရဲ့ဘေးမှာ အဖြည့်ခံမိန်းမတစ်ယောက်အဖြစ် ရှိနေပေးရတာ ဘယ်လောက်ရင်နာဖို့ကောင်းသလဲ။

ကိုလေး တယုတယ အရိပ်တကြည့်ကြည့် ကြည့်နေခဲ့တဲ့ ပန်းကလေးက ဒီလို ယုတ်မာရိုင်းစိုင်းတဲ့လူတွေ အဆင်သင့် ခူးခြွေဖို့မှ မဟုတ်တာ။ ဘာအပြစ်တွေနဲ့ နွေကို လက်ထပ်ခဲ့သလဲ နွေ သိပ်သိချင်တယ် ကိုလေးရယ်။

"နွေဥသြ"

စားပွဲလွတ်တစ်ခုမှာ တစ်ယောက်တည်း တွေးချင်ရာတွေးပြီး စိတ်လွတ်လက်လွတ် ထိုင်နေစဉ် ဘေးနားသို့ ထိုလူ ရောက်လာခဲ့သည်။

"ငါ့မိတ်ဆွေကို နှုတ်ဆက်မလို့၊ လိုက်ခဲ့ပါ"

နွေ ဘာမှမပြောသေးဘဲ သူ့ကို မော့ကြည့်လိုက်သည်။





စောစောတုန်းက သူ့မိတ်ဆွေတွေနှင့် ပြုံးပျော်နေစဉ်ကတစ်မျိုး၊ နွေ့ရှေ့ရောက်လာတော့ သူကလည်း အစွမ်းကုန် သံပတ်ပေးထားသည့် စက်ရုပ်ကဲ့သို့ ဖြစ်နေသည်။ နွေ မတ်တတ်အသာထရပ်လိုက်သည်။ အခုချိန်မှာ နွေ ဒီလူနှင့် ဘာမှအတိုက်အခိုက် မလုပ်ချင်ပေ။

သူ့လက်ကို အသက်မပါစွာ ဆွဲချိတ်ရင်း လိုက်ပါလာရသည်က လေဟာနယ်အတွင်းမှာ လမ်းလျှောက်နေရသူကဲ့သို့ပင် ဖြစ်နေသည်။

သူ့မိတ်ဆွေတွေထဲမှာ အချို့က အသက်အရွယ်နှင့်မလိုက်စွာ ပေါးပေါးဟားဟား စနောက်သူများပါသဖြင့် ကိုယ့်ဂုဏ်သိက္ခာမှ ကိုယ်အားမနာဟု နွေကတော့ အတွင်းစိတ်မှ ဝေဖန်ပစ်လိုက်သည်။

"နွေဥသြ…ဟုတ်လား"

"တယ်…ကဗျာဆန်သကိုး။ ခြောက်သွေ့နေတဲ့ တို့သူငယ်ချင်း ထွန်းခေါင်ရဲ့ရင်ကို သာယာစေမယ့် ဥသြလေးပေါ့။ လူလေးကလှသလို နာမည်ကလည်း ကဗျာဆန်တယ်ဗျို့"

"ဟိတ်လူ…ခင်ဗျားစကားတွေကတော့ နယ်နိမိတ်စည်းတွေ ကျော်နေပြီ ကိုမင်းနိုင်"

"တော်ကြာ မောင်ထွန်းခေါင် စိတ်ဆိုးသွားလို့ ဘလက်ချာနိုက်ကလေး လွတ်သွားမယ်နော်"

"ဟား…ဟား…ဟား"

အဓိပ္ပာယ်မဲ့သော စကားတွေကို နားထောင်မနေချင်တော့။ ထို့ပြင် စိတ်မပါသော ပွဲတစ်ခုမို့ ခြေထောက်တွေ မတ်မတ်တောင် မရပ်ချင်ပေ။ သူ့လက်ထဲမှ နွေ ရုန်းထွက်ပြီး ထွက်လာခဲ့စဉ်-

"နွေလေး"

"ကိုလေး"

တိုးဖွဲ့သောစကားသံက ဘယ်လောက်ထိ မိုင်ပေါင်းကုဋေကုဋာ ဝေးပါစေ နွေ နှလုံးသားရဲ့ဗဟိုထိ ထိုခေါ်သံလေးက ရိုက်ခတ်မြည်ဟီး သွားသည်။

ဆွည်းပွက်လောရိုက်နေသူတွေကတော့ နွေနှင့်ကိုလေးတို့ကို ဂရု ပြုမိသူ မည်သူမှ မရှိကြချေ။ သူက နွေလက်ကို ဖြန့်ဆွဲထားသဖြင့် နွေ ကိုလေးကို လည်ပင်းလိမ်မတတ် လှည့်ကြည့်မိသည်။

ရခိုင်ပုဆိုးအကွက်နုတ်ကလေးကို အဖြူရောင်ရှပ်အင်္ကျီလက်ရှည် နှင့် တွဲဝတ်ထားသည်မှာ မြင်နေကျပုံစံလေးပါ။ သို့ပေမယ့် ကိုလေးရဲ့ မျက်ဝန်းတွေကတော့ ကြေကွဲမှုအပြည့်ဖြင့် မှုန်မှိုင်းနေတာကိုလည်း နွေ နားလည်ကိုယ်ချင်းစာမိသည်။

သူ့လက်ထဲကနေ နွေ အတင်းရုန်းထွက်ပြီး ကိုလေးဆီသို့ လျှောက်လာခဲ့သည်။ ကိုလေးကတော့ အထဲသို့မဝင် တံခါးဝမှာပဲ ရပ်နေသည်။

နွေ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်တော့ဘဲ ကိုလေးရဲ့လက်ကို လှမ်းဆုပ်ကိုင်လိုက်စဉ် မျက်ရည်တွေက တပေါက်ပေါက်နှင့် ကျလာ တော့သည်။

"ကို…ကိုလေးရယ်"

"မပြောပါနဲ့တော့ နွေရယ်…ကိုလေး သိခဲ့ပြီးပါပြီ"

"နွေ သူ့ကို မချစ်ဘူး ကိုလေး…နွေဘဝကို သူ့ရဲ့လက်ထဲမှာ အဆုံးမခံပါရစေနဲ့ ကိုလေးရယ်"





နွေ ခေါင်းအတင်းခါယမ်းလိုက်စဉ် မျက်ရည်တွေက တုန်ခါ သွားသည်။ ကိုလေးက နွေလက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီးမှ အင်္ကျီအိတ်ကပ်ထဲမှ တစ်စုံတစ်ရာကို ထုတ်သည်။

ကိုလေးက နွေ့လက်ထဲသို့ ထိုအရာဝတ္ထုကို ထည့်ပေးရင်း-

"နွေ ဘယ်လိုဘဝရောက်ရောက် ကိုလေး ချစ်နေမယ်။ ဒီဘဝ ဆိုးကြီးကို နွေ လက်မခံနိုင်၊ သည်းမခံနိုင်လွန်းတဲ့အဆုံးကျရင် ကိုလေး ကို့အိမ်တံခါးဝက ထာဝရ ကြိုဆိုပါတယ်"

"တကယ်တမ်း…အဲဒီလောက်မလွယ်ဘူး ကိုမိုးသောက်"

"ဟင်"

"အို"

ကိုလေး ဆုပ်ကိုင်ထားသည့်လက်ကို သူ့လက်နှစ်ဖက်နှင့် ဆွဲဆောင့်ဖြုတ်ကာ တွန်းဖယ်ပြီး သူက နွေ့လက်ကို ပိုင်စိုးပိုင်နင်းဆန် စွာ ဆုပ်ကိုင်ထားပြီး-

"သူဟာ ကျုပ်မိန်းမဖြစ်ပြီး သူလိုလားသည်ဖြစ်စေ၊ မလိုလား သည်ဖြစ်စေ ဒီအတွက် သူမှာ ဘယ်လိုမှ ငြင်းဆန်ခွင့်မရှိဘူး"

"ငါ နားလည်ပါတယ် ထွဋ်ခေါင်ရိုဝ်…ဒါပေမယ့် နွေနဲ့မင်း ဟာ ဘယ်လိုမှ ပတ်သက်မှုမရှိတာကို ငါက သေချာသိနေတယ်လေ။ ဘာလို့ ငါ့ဘဝထဲက နွေကို ဆွဲထုတ်သွားရတာလဲ။ ငါ နားမလည် ဘူး။ တကယ်ဆို မင်းကော၊ နွေကော တစ်ယောက်နဲ့တစ်ယောက် ချစ်ကြိုက်နေကြတာမဟုတ်ကြောင်း မင်းကိုယ်မင်း အသိဆုံးပါ။ မင်းနဲ့ ငါ တစ်နေရာမှာ ငြိခဲ့ဖူးလို့ မင်း ငါ့ကို ကလဲ့စားချေတာလား… ရှင်းရှင်းပြောစမ်းပါ"

အေးဆေးစွာ လေသံအေးနှင့် မေးလိုက်သော ကိုလေးရဲ့ ချက်ကျလက်ကျ မေးလိုက်သောစကားကြောင့် နွေစိတ်ထဲမှာ ထောက်ခံနေမိသည်။

"မောရီး…ဒီပြဿနာက ခင်ဗျားနဲ့ လုံးဝကို မသက်ဆိုင်ဘူး။ ခင်ဗျားကို ခုတုံးလုပ်သလိုဖြစ်သွားရင်တော့ ကျုပ်က တောင်းပန်ပါတယ်။ ဝစ်ခုတည်း သေချာပြောလိုက်ပါရစေ…ခင်ဗျား ကျုပ်မိန်းမနဲ့ အဆက်အဆံလုပ်တာမျိုး ရှောင်ပါ"

"ဒီမှာ"

ကိုလေးကို ခြိမ်းခြောက်သောလေသံနှင့်ပြောသဖြင့် နွေ ခေါ်လိုက်သော သူက နွေလက်ကို လွှတ်မပေးဘဲ လှည့်ကြည့်လာသည်။

"မင်းနဲ့မဆိုင်ဘူး…ငြိမ်နေစမ်း နွေဦးသြ"

"ရှင်"

"နွေရယ်…ကိုလေးရဲ့အမှားတွေပါ။ ဘာပဲဖြစ်ဖြစ် ကိုလေးပြောတာတွေကို မမေ့နဲ့…ကြားလား"

"ကိုလေး…ကိုလေးရယ်"

လှည့်မထွက်ခင်မှာ အံကြိတ်ထားသော်လည်း လက်ခနဲ မျက်ရည်စများကို တွေ့မြင်လိုက်ရသောအခါ နွေ ရင်ကွဲစွာ ခံစားလိုက်ရတော့သည်။

♥♥♥





# အခန်း (၆)

နွေ ချစ်တဲ့သူနဲ့ဆိုရင် ဒီရဲ့မင်္ဂလာအိပ်ခန်းလေးဟာ ရင်ခုန်ကြည်နူးစရာ သိပ်ကောင်းမှာပါ။ ဒါပေမယ့် မချစ်မနှစ်သက်သူနှင့် အတူတူ အိပ်စက်ရမည့်အဖြစ်အတွက် နွေ ဘယ်လောက်ထိ ထိတ်လန့်စရာကောင်းနေသလဲ စာဖွဲ့ပြ၍ ရနိုင်မည်မထင်။

နွေ အခုချက်ချင်း ကိုယ့်ကိုယ်ကိုယ် သတ်သေခွင့်ရလိုရငြား အခန်းထဲချွန်ထက်သည့် အရာဝတ္ထုများကို ရှာသည်။ မတွေ့။

အိပ်ခန်းရဲ့အရောင်တွေကလည်း နွေ့ရင်ကို ပူလောင်စေသည်။ အနီရဲရဲတွေ၊ အဝါတောက်တောက်တွေ သုံးထားသော အိပ်ခန်းကြီးက နွေ့ကို တစ္ဆေသရဲတစ်ကောင်လို ခြောက်လန့်နေသည်။

နွေ ရည်မှန်းခဲ့သော ဘဝမဟုတ်ပေမယ့် နွေမှာ ဘာမှစောဒက တက်ခွင့်မရှိချေ။ နွေဘက်က ဒီလိုအသေးအဖွဲ့လေးကအစ ဆတ်ဆတ် ထိမခံနိုင်လောက်အောင် ဝမ်းနည်းပြနေလျှင် သူ့ဘက်က ဝမ်းသာစရာ ဖြစ်တော့မည်။

"ကျွီ"

တံခါးဖွင့်သံကြောင့် နွေ ထိတ်လန့်တုန်လှုပ်သွားရသည်။ သူက တော့ ခုတင်အစွန်းမှာ ခုထက်ထိ အဝတ်အစားမလဲဘဲ ထိုင်နေသော နွေကို လုံးဝ လှည့်မကြည့်ဘဲ-

"အဝတ်အစား ထုတ်ထား"

ကုတ်အင်္ကျီကို ချွတ်ပြီး အိပ်ရာပေါ်သို့ လှမ်းပစ်တင်ပြီး တန်းပေါ်မှာ မှဆိုးကိုယူပြီး ရေချိုးခန်းထဲသို့ ဝင်သွားသည်။

သူ့ရဲ့အလုပ်အကျွေး အခိုင်းအစေတစ်ယောက်ကဲ့သို့ ပြောဆိုသွား သည်ကို နွေ နည်းနည်းမှမကြိုက်သော်လည်း နွေ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ဘာမှမပြောမိအောင် ကြိုးစားနေမိသည်။

ခုတင်ပေါ်မှာ သူ ပစ်တင်ခဲ့သော အဖြူရောင်ကုတ်အင်္ကျီကိုယူ၍ ချိတ်နှင့် သေချာချိတ်လိုက်သည်။ အဝတ်အစားဗီရိုကို ဖွင့်လိုက်သော် လည်း ဘယ်လိုအဝတ်အစားကို ထုတ်ပေးရမလဲမသိ။ ဟိုအင်္ကျီကြည့် လိုက်၊ ဒီအင်္ကျီကြည့်လိုက် ရှိနေစဉ်-

"ဟာ...ခုထက်ထိ မထုတ်ရသေးဘူးလား...ဒီမှာလာကြည့် စမ်း"

"ဟင့်အင်း...မကြည့်ဘူး၊ နွေ ရှင့်ရဲ့ဝေယျာဝစ္စတွေကို ဘာမှ လုပ်မပေးနိုင်ဘူး။ အဲဒါ ရှင် သိအောင်ရှင်းရှင်းလေး ပြောထားတာ"





"ဘာတဲ့...ဘာလဲ...ပြန်ပြောလိုက်ပါဦး...အဲဒီထက် ရှင်းရှင်း လေး သိချင်လို့ပါ"

သူက နွေ့စကားကြောင့် ခပ်ရှောင်ရှောင် ရယ်ပြီး ရှပ်အင်္ကျီ လက်တိုတစ်ထည်ကို ကောက်ဝတ်လိုက်သည်။ ပြီးတော့ ပုဆိုးကို ခပ်တိုတိုဝတ်ပြီး နွေဘေးမှာ လာရပ်ပြီး မေးလေသည်။

နွေ သူ့မျက်နှာကို စိုက်ကြည့်လိုက်သည်။ ဘယ်လိုပဲကြည့် ကြည့်၊ ဘယ်ကပဲကြည့်ကြည့် ကြည့်လေချောလေပေမယ့် သူ့ရဲ့ ချောမောမှုက နွေရင်ဘတ်ထဲကို ဘယ်လိုမှ တိုးဝင်မလာတာ နွေပဲ သိသည်။

"ပြန်ပြောပါဦး...စောစောကစကားကို"

"အများအမြင်မှာ ဘယ်လိုလက်ထပ်ထားတယ်ထင်ထင် နွေ ရှင့်ကို နွေ့ရဲ့ယောကျ်ားအဖြစ် ဘယ်တော့မှ သတ်မှတ်မှာမဟုတ်ဘူး။ နွေ ရှင့်ကိုမုန်းတယ်။ ဘယ်တော့မှလည်း ချစ်လာမှာမဟုတ်ဘူး"

ပြောရင်းပြောရင်း နွေ အသံတွေ မာထန်လာကာ အဆုံးသတ် စကားကို အော်ဟစ်၍ ပြောပစ်လိုက်သည်။

"မင်း သိပ်မှားသွားပြီ နွေဥသြ...ရန်သူကို မင်း စစ်ကြေညာ လိုက်ပေမယ့် ရန်သူက မင်းရဲ့ဟာကွက်ကို ကောင်းကောင်း သိသွား ပြီ။ မင်း ဘာတွေကို လိုချင်ပြီး ဘာတွေကို မလိုချင်သလဲ သိရပြီးတဲ့ နောက် မင်း လိုချင်တာတွေ ဘာမှဖြစ်လာမှာ မဟုတ်တာကို မင်း ကောင်းကောင်းကြီး နားလည်သဘောပေါက်ထားလိုက်စမ်းပါ"

"ရှင်...ရှင်လည်း နွေ့ကို ချစ်လို့ရယူခဲ့တာမှ မဟုတ်တာ။ ရှင် နေချင်သလိုနေခွင့်ရှိတယ်။ ရှင် ဘယ်သူနဲ့တွဲတွဲ ရတယ်။ ရှင့်ကို

လက်ထပ်ထားတာမှန်ပေမယ့် ကျွန်မက သဘောမတူရင်တောင် ရှင် မတရားမှုတစ်ခုကို ကျူးလွန်နေပြီ။ အဲဒီလိုဖြစ်ခဲ့ရင်တောင် နွေ့ရဲ့ခန္ဓာ ကိုယ်ကိုပဲရမယ်”

“နွေဥသြ…မင်း ဘယ်ဘဝ ဘယ်အခြေအနေကိုရောက်နေသလဲ မခန့်မှန်းတတ်တော့ဘူးလား”

“အို…ဖယ်ပါ”

နွေ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သဖြင့် နွေ ကြောက်ရွံ့တုန်လှုပ်စွာ သူ့လက်ထဲမှ အတင်းရုန်းထွက်လိုက်မိသည်။

ရဲတင်းစွာ စိုက်ကြည့်နေသော အကြည့်ရိုင်းတွေကိုလည်း မုန်းတီးလှသည်။ သူက နွေ့ပခုံးနှစ်ဖက်ကို ဆောင့်တွန်းပြီး လှည့်ထွက်သွားသဖြင့် နွေ ယိုင်၍ကျန်ခဲ့သည်။

သူက ပြတင်းပေါက်နားမှာရပ်ပြီး-

“မင်း ပြောခဲ့တာတွေကို ငါ လက်ခံတယ်။ အဲဒီအရာတွေကတော့ ငါ နေချင်သလိုနေခွင့်ရှိတာကိုလေ။ မင်းကတော့ ဘယ်တော့မှ မင်းရဲ့သဘောအတိုင်း နေခွင့်မရှိဘူးဆိုတာပဲ။ မင်းမယုံရင် စမ်းကြည့်လိုက်လေ…ထွန့်ခေါင်ရိပ်က ရိုင်းတတ်တယ်နော်…ကြိုပြောထားတာ”

“ရှင်”

နွေမှာ ဘာမှပြန်လည်ချေပနိုင်စွမ်းမရှိတော့ဘဲ ခုတင်ပေါ်မှာ ခြေမနိုင်စွာ ထိုင်ကျသွားရတော့သည်။ သူဟာ နွေ စိတ်ဆင်းရဲဖို့ မဖြစ်ဖြစ်တဲ့နည်းနှင့် ရအောင်လုပ်မည့်သူပင်။



ရှင်ပဲ နှိပ်စက်နိုင်မလား။ ကျွန်မကပဲ ခံနိုင်ရည်ရှိမလား စောင့်ကြည့်ရသေးတာပေါ့လေ။

“ငါ့ရှေ့မှာ တခြားယောကျ်ားတစ်ယောက်ကို တမ်းတ လွမ်းဆွတ်နေတာကို ကြည့်နေဖို့ ငါ လူအ,မဟုတ်ဘူး နွေဥသြ”

“ပြင်ပအရာဝတ္ထုတွေနဲ့ပတ်သက်ပြီး ရှင် ကျွန်မကို အမိန့်ပေးချင်တာ ပေးလို့ရမယ်။ ခိုင်းချင်တာ ခိုင်းလို့ရမယ်။ ဒါပေမယ့် ကျွန်မရဲ့နှလုံးသားနဲ့ပတ်သက်ပြီးတော့ ရှင် ဘာမှအမိန့်ပေးစရာ မလိုပါဘူး။ ဒါနဲ့ နေစမ်းပါဦး…ရှင်က ဘာအငြိုးတွေနဲ့ ကျွန်မကို မုန်းတီးနေရတာလဲ။ ရှင့်အတွက် ပြောချိန်တန်ပြီလို့ ကျွန်မ ထင်တယ်။ ကျွန်မ သိပါရစေ။ ဘာအကြောင်းအရာမှ ရေရေရာရာမရှိဘဲ လူတစ်ယောက်ရဲ့အုပ်ချုပ်မှုအောက်မှာ ကျွန်မ မနေနိုင်ဘူး”

နွေ့စကားကြောင့် သူက ခပ်မဲ့မဲ့ပြုံးပြီး ခေါင်းညိတ်ကာ-

“မိုးရိပ်နွယ်ကို မင်း သိလား”

“ဟင့်အင်း…မသိဘူး”

“ကောင်းပြီလေ…မင်းသိအောင် ပြောရမယ်ဆိုရင်တော့…”

♥♥♥

# အခန်း (၇)

ဒေါ်လေးယန်းမွှန်နှင့်သူက အသက်သိပ်မကွာ။ သူ (၁၀)နှစ်သား အရွယ်မှာ ဒေါ်လေးက (၁၇)နှစ်။

သူတို့တူဝရီးက သူများတွေလို အရမ်းကြီး စိမ်းသက်မနေ။ သူငယ်စဉ်ကတည်းက ဒေါ်လေးရဲ့ထိန်းကျောင်းမှုအောက်တွင် ကြီးပြင်းလာရသဖြင့် ဒေါ်လေးကို ချစ်လည်းချစ်သည်။ ထို့ကြောင့် ဒေါ်လေးဟုတောင်မခေါ်ဘဲ "မွှန်မွှန်" ဟုသာ ခေါ်သည်။

သို့သော် ဒေါ်လေးက ဘဝပေးကံသိုလ်ကံဆိုးရှာသည်။ ငယ်စဉ်က သူတို့ရပ်ကွက် အကြီးအကျယ် မီးလောင်ခဲ့ဖူးသည်။ အားလုံး မီးလောင်နေသည့်ကြားမှ ပြေးကြလွှားကြဖြင့် ဘယ်သူကျန်ခဲ့လို့ကျန်ခဲ့မှန်းမသိ။ ဘိုးဘိုးကသာ သားသမီးတွေ စုံမစုံကြည့်တော့မှ အိပ်ပျော်နေသော သမီးငယ်ပါမလာမှန်း သိသဖြင့် မီးလောင်နေသော အိမ်ကြီးထဲသို့ သွေးရူးသွေးတန်းဖြင့် ဝင်ကယ်ခဲ့သည်။





ဒေါ်လေးကတော့ မျက်နှာနှင့်ကိုယ်တစ်ခြမ်း မီးတွေဟပ်သွားသဖြင့် သေရာပါအမှတ်အသားတစ်ခုလို ဖြစ်သွားခဲ့သည်။

ကိုယ်ပေါ်က ဒဏ်ရာအနာတရတွေကို ဖုံးအုပ်နိုင်သော်လည်း မျက်နှာပေါ်က ဒဏ်ရာများကိုတော့ ဖုံးအုပ်နိုင်ခြင်းမရှိချေ။

အတန်းကျောင်းတက်တော့လည်း မလှပသော သူ့ရုပ်ရည်ကို အားငယ်စွာ ကျောင်းသို့ ဘယ်လိုသွားနိုင်းနိုင်း သွားနိုင်း၍ မရတော့ချေ။ ထို့ကြောင့် ဒေါ်လေးသည် (၅)တန်းနှင့် ကျောင်းထွက်ကာ အိမ်မှာရှိသမျှအလုပ်တို့ကို တစ်ယောက်တည်း သိမ်းကျုံးလုပ်ရှာသည်။

သူတို့အခြေအနေက ငွေကြေးချမ်းသာကြွယ်ဝသူများဟု ပြော၍ရသောအခြေအနေ ဖြစ်ပါသည်။ အဘိုးတို့က ခေတ်အဆက်ဆက်ကတည်းက ဆန်စက်၊ ဆီစက်များပိုင်သော သူဌေးများ ဖြစ်ကြသည်။

ဒေါ်လေးရဲ့ဘဝကို လူသူ မကဲ့ရဲ့ခံရအောင် စောင့်ရှောက်နိုင်ခဲ့သည်။ ထို့ပြင် တစ်အိမ်သားလုံးက ဘာပဲဖြစ်ဖြစ် ဒေါ်လေးအပေါ် သူ့ာတာကြသည်။ ဘာလေးပဲဖြစ်ဖြစ် ဒေါ်လေးကိုပဲ ဦးစားပေးကြသည်။

ဒေါ်လေးက အစ်ကိုအကြီးဆုံးကမွေးသော တူလေးထွန်းခေါင်နိုင်ကို အတော်ချစ်ရှာသည်။ သူငယ်စဉ်ကတည်းက ချေးကလူ သေးကလူ အစစအရာရာ သွန်သင်၍ ထိန်းကျောင်းပေးလာသူမို့ ဒေါ်လေးက သူ့ရဲ့ဒုတိယအမေဆိုလျှင်လည်း မမှားချေ။

သို့သော် မမျှော်လင့်သော ပြဿနာရပ်တစ်ခုက သူတို့မိသားစုထဲသို့ ဖိတ်ခေါ်ထားခြင်းမရှိဘဲ ရောက်လာခဲ့သည်။ ထိုနေ့က အဘွားရဲ့ရင်ဘတ် စည်တီးပြောလိုက်သောစကားကြောင့် အိမ်အပေါ်ထပ်မှ

သူ အောက်ဘက်သို့ ချောင်းကြည့်မိသည်။

"အမလေး...ပန်းမွှန်ရယ်...ညည်းမှာ ကြိုက်စရာ ဒီလောက် တောင်ရှားရသလား"

"သူက ကျွန်မကို တကယ်ချစ်တာပါ အမေရယ်။ အမေတို့ သဘောတူရင် လက်ထပ်ဖို့တောင် ပြောနေပြီ"

"အဲဒါ ညည်းကိုကြိုက်တာ မဟုတ်ဘူးဟဲ့...ညည်းရမယ့် အမွေတွေ၊ ရွှေငွေတွေကိုမက်လို့ ကြိုက်တယ်ဆိုတာ ညည်း နည်းနည်းမှ မသိဘူးလား"

အဘွားဖြစ်သူရဲ့စိတ်ထဲ ညည်းရုပ်ညည်းရည်ကို သူက သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းပါ့မလားဟဲ့ဟု ပြောလိုက်ချင်သော်လည်း သမီးဖြစ်သူရဲ့အားနည်းချက်ကို ထုတ်ဖော်ရာကျမည်ဆိုးသဖြင့် ပြောမထွက်ရက်တော့ချေ။

ကြိုက်တဲ့လူကလည်း ဝေးဝေးလံလံက မဟုတ်ချေ။ သူတို့ဆန်စက်က အလုပ်သမား "ကျော်စံ" ဆိုသည့် အပွေအနှောင့်ကိုမှ ရှာရှာဖွေဖွေ ကြိုက်မိခြင်းပင် ဖြစ်သည်။

"ကျော်စံ" ဆိုသည့်ကောင်က ရုပ်ရည်ကလေးက မင်းသားတမျှ ချောပြီး လက်ကျောမတင်းသူ။ အပျော်အပါး၊ အသောက်အစား မက်မောသူ။ ဤရပ်ရွာ၌ သူနှင့် မကြိုက်ဖူးသူမရှိလောက်အောင် မိန်းမနှင့်ပတ်သက်၍ သတင်းမွှေးသူ။ ထိုကဲ့သို့သော လူမျိုးက ပညာ ကမတတ်၊ ရုပ်ရည်အားဖြင့် ကြည့်ပျော်ရှုပျော်မရှိသော သမီးဖြစ်သူကို လက်ထပ်ပါ့မည်ဆိုတာ တခြားကြောင့်တော့ မဖြစ်နိုင်။ ပန်းမွှန်ရမည့် အမွေများကို မက်၍သာ လက်ထပ်ဖို့ပြောခြင်း ဖြစ်မည်။





ပန်းမွှန်ရဲ့အစ်ကို၊ အမေတွေအားလုံးက အငယ်ဆုံးညီမဖြစ်သူကို အသနားပိုကာ သူတို့ရရှိမည့် အမွေအချို့ကိုတောင် ညီမဖြစ်သူကို ပေးဖို့အထိ ရက်ရောကြသည်။

"ဘာပဲဖြစ်ဖြစ် ညည်းကို အဲဒီကျော်စံဆိုတဲ့ကောင်နဲ့ လုံးဝ သဘောမတူဘူး မိပန်းမွှန်...မိဘမောင်နှမတွေက အလိုလိုက်တာကို အစိုက်စော်မကားနဲ့...ဒါပဲ"

ထိုနေ့ကလောက် ပြင်းထန်သောပြဿနာက သူ ဘယ်တော့မှ မမေ့ခဲ့ချေ။ အဘိုးနှင့်အဘွားက ဓားကျိုးကျိုးသလို မောင်နှမတွေက လည်း ဒေါ်လေးကို ဆူပေါက်၍မဆုံးတော့ချေ။

ဒေါ်လေးခမျာ သူ့ရုပ်ရည်အတွက် ဝမ်းနည်းအားငယ်နေရသူပီပီ ငိုရုံကလွဲ၍ ဘယ်တတ်နိုင်မည်နည်း။

ထိုစဉ်တုန်းကတော့ သူက ဒေါ်လေးကို အချစ်ဆုံး၊ အသနား ပိုဆုံးမို့ ဒေါ်လေးကို ဘာလုပ်ပေးရလုပ်ပေးရ လုပ်ပေးဖို့ အဆင်သင့် ရှိနေခဲ့သည်။

ဘွားဘွားတို့၊ မေမေတို့ပြောသကဲ့သို့ပင် "ဦးကျော်စံ" ဆိုသည့် လူသည် မင်းသားဝင်းဦးလို မှဲ့လေးပါ၍ မိန်းမချော အတော်ချောသူ ဖြစ်သည်။

ဒေါ်လေးကတော့ ဤမျှချောသော ယောကျ်ားတစ်ယောက်က သူ့လိုရုပ်ဆိုးသော မိန်းကလေးတစ်ယောက်ကို လက်ထပ်ပါမည်ဆို တော့ ဘယ်ဝမ်းမသာဘဲ ရှိလိမ့်မည်နည်း။

တစ်နေ့ကျတော့ အဲဒီဦးကျော်စံဆိုတဲ့လူက သူက ဘယ်သူမှ မသိမမြင်အောင် စာတစ်စောင်ပေးပြီး-

"မင်းအဒေါ် စိတ်ချမ်းသာတာကို မြင်စေချင်တယ်မဟုတ်လား ကလေး"

"မြင်ချင်တာပေါ့ဗျ"

"မြင်စေချင်ရင် ဒီစာ မင်းအဒေါ်ကို သွားပေးပေးစမ်းပါ… ဦး…မုန့်ဖိုးပေးမယ်"

"မုန့်ဖိုးပေးစရာ မလိုပါဘူးဗျာ…စိတ်ချ…ဒီစာ မှန်မှန်ဆီ ရောက်အောင် ပေးပေးမယ်"

အကာယ်၍သာ ထိုစာကြောင့် ဒေါ်လေး ဒုက္ခရောက်ရမည်မှန်း သိခဲ့ရင် သူ အဲဒီစာကို ပေးမှာမဟုတ်။ ယခုတော့ ဦးကျော်ဖံက ဒေါ်လေးကို နိုးပြေးကြဖို့ပြောသောစာကို သူက ဆတ်ဆတ်ဆော့ဆော့ဖြင့် ဘယ်သူမှမသိအောင် ဒေါ်လေးရဲ့လက်ထဲသို့ သွားထည့်ခဲ့မိသည်။

ဒေါ်လေးက သူပေးသောစာကို ဘယ်သူမှမမြင်အောင် ကမျာကယာ ဖွင့်ဖောက်လိုက်သည်။

"ပန်းမှုန် …

အစ်ကိုနဲ့ မခွဲနိုင်ဘူးဆိုရင် ဒီနေ့ည (၁၀)နာရီ အိမ်နောက်ဘက်မှာ စောင့်နေပေးပါ။ အစ်ကိုကတော့ ပန်းမှုန်ကို မစွန့်လွှတ်နိုင်ဘူး။"

ချစ်တဲ့အစ်ကို

* * *





"မောင်ထွဋ်ရဲ့ ဒီစာကိုပေးတော့ ဘယ်သူမြင်သေးလဲ။ ဘယ်လို ...သာတာလဲဟယ်"

ဒေါ်လေးခမျာ စာအတွက် ဝမ်းသာရသည်ကတစ်ဖက်၊ ဘယ်သူ တွေ့သွားမလဲ စိုးရိမ်ခြင်းတစ်ဖက်ဖြင့် မေးလေသည်။

"ဘယ်သူမှ မတွေ့ပါဘူး မှုန်မှုန်ရ"

"အမလေး…တော်ပါသေးရဲ့"

♥♥♥

# အခန်း (၈)

"အမလေး...မိပန်းမှုန်...အမိုက်မ...မိုက်ဓာတ်ခင်းသွားပြီ"

"ကောင်မကို အိမ်ရိပ်တောင်ပေးမနင်းနဲ့...ဟေ့...ဒီမှာ အားလုံးကို ပြောထားမယ်။ ငါမသိဘဲ မိပန်းမှုန်ကို သွားတွေ့ကြည့်.. ငါနဲ့အတွေ့ပဲ"

မမျှော်လင့်ဘဲ ပြဿနာက ထင်ထားတာထက် ပို၍ကြီးသွားခဲ့သည်။ ဒေါ်လေးက ဦးကျော်စံနောက်လိုက်ပြေး၍ အဘိုးအဘွားတို့၏ ရန်ပုံမီးကျသံကို သူ ကြားခဲ့ရသည်။ ဘယ်သူမှလည်း ဒေါ်လေးကို မဆက်သွယ်ရဲကြချေ။

ဒီကြားထဲ စိတ်ထက်လှသည့် အဘိုးကတော့-

"မိပန်းမှုန်ကို ဒီနေ့ကစပြီး အမွေစားအမွေခံသမီးအဖြစ်က စွန့်လွှတ်လိုက်ပြီ။ အဲဒီကောင်မကို အိမ်ရိပ်တောင် ပေးမနင်းစေနဲ့ အားလုံး ကြားကြရဲ့လား"





တကယ်ပဲ ဒေါ်လေးကို အဘွားမှစ၍ ဘယ်သူကမှ ဆက်သွယ်ဖို့ မကြိုးစားရဲကြချေ။

ထို့နောက်တော့ ဒေါ်လေးတို့ရဲ့သတင်းတွေက မကြားချင်မှ အဆုံး ကြားနေရသည်။ နယ်မြို့လေးဖြစ်တော့လည်း သတင်းတစ်ခု ဆိုတာ ပျံ့လွယ်လေသည်။

လူကြီးတွေ ခန့်မှန်းထားသည့်အတိုင်း ဦးကျော်စံဆိုသည့်လူက လူကောင်းသူကောင်း မဟုတ်ချေ။ ဒေါ်လေးကို အမွေမက်၍ လက်ထပ်ခဲ့ခြင်းဖြစ်ပြီး ဒေါ်လေးတို့ဘက်မှ အမွေပြတ်စွန့်လွှတ်သော အခါ ဒေါ်လေးကို နေ့စဉ်နှင့်အမျှ ရမယ်ရှာပြီး ရိုက်နှက်နေသည်။

ဒေါ်လေး နှိပ်စက်ခံနေရကြောင်း အိမ်တိုင်ရာရောက်လာပြော သူများရှိသကဲ့သို့ တစ်ဆင့်နားဖြင့် ပြန်ကြားရခြင်းများရှိသော်လည်း အဘိုးကြောင့် ဘယ်သူမှ ဒေါ်လေးကို သွားမကြည့်ရဲကြချေ။

အကျင့်စရိုက်မကောင်းလှသော ယောကျ်ားဖြစ်သူကြောင့် ဒေါ်လေးတစ်ယောက် ကြုံရာကျပန်း လုပ်ကိုင်စားသောက်နေရရှာ သည်။

ဤအိမ်မှာတုန်းကတောင် အားငယ်တတ်သူကို ဖေးမကာ ဘာမှမနိုင်းရက်ဘဲ ရှိနေသမျှ ယခုတော့ ယောကျ်ားကိုတောင် ရှာဖွေ ကျွေးမွေးနေရသည်ဆိုတာ ကြားရတော့ အဘိုးတို့ ဒေါသမဖြစ်ဘဲ နေမည်တဲ့လား။

သူမှာ ဦးကျော်စံပေးသောစာကို ဒေါ်လေးရဲ့လက်ထဲသို့ ထည့်ခဲ့ ပေးမိလို့ နောင်တရမဆုံး ဖြစ်နေမိတော့သည်။

တစ်နေ့ မမျှော်လင့်ဘဲ ဒေါ်လေး သူတို့အိမ်ရှေ့သို့ ရောက်လာခဲ့

သည်။

သူက ခြံထဲမှာ ဘောလုံးကန်နေချိန် နှမ်းဖတ်စွာ ဝတ်ဆင်ထားသော အမျိုးသမီးကို ခြံဝမှာ လှမ်းတွေ့လိုက်ရသည့်အခါ-

“မွှန်မွှန်”

“ထွင့်ခေါင်ရိပ်…အခုလာစမ်း”

အဘိုးရဲ့အော်သံကြီးကြောင့် သူ ကြောက်လန့်သွားပြီး ခြေလှမ်းတွေ ရပ်တန့်သွားခဲ့သည်။ အဘိုးက ခြေလှမ်းကျဲကြီးနှင့် ခြံဝသို့ လျှောက်သွားကာ တံခါး လုံးဝဖွင့်မပေးဘဲ-

“ဘာလာလုပ်တာလဲ အမိုက်မ”

“အဖေရယ်…ကျွန်မလေ…”

“ညည်းကို ဒီအိမ်ရိပ်တောင် မနင်းရဘူးလို့ ပြောထားခဲ့တာ နားမလည်ဘူးလား။ ညည်းဘာသာညည်း ဆင်းချင်ဆင်းသွား၊ တက်ချင်ပြန်တက်ရအောင် ဒါ…ဇရပ်မဟုတ်ဘူး၊ နားလည်လား…သွားစမ်း…ညည်းမျက်နှာကို မမြင်ချင်ဘူး”

“ကျွန်မကို သနားပါ အဖေရယ်”

“မသနားနိုင်ဘူး၊ ဘယ်တော့မှ မသနားဘူး။ ညည်းက ငါတို့ သနားတာနဲ့ မထိုက်တန်တဲ့ မိန်းမ”

“ကိုဖိုးအေး”

အဘွားရဲ့အသံကြားလိုက်ရသဖြင့် သူ ဝမ်းသာသွားကာ အဘွားကို ပြေးတွဲလိုက်သည်။ နှမ်းနှမ်းဖတ်ဖတ်နှင့် ငိုနေသော ဒေါ်လေးကို သူ မကြည့်ရက်ချေ။ အဘိုးကို ပြောနိုင်သူမှာလည်း အဘွား တစ်ယောက်သာ ရှိသည်လေ။ အဘွားကလည်း သူ့သမီး ယခုလို





နွမ်းဖတ်ချို့တဲ့နေတာကို ကြည့်ရက်နိုင်လိမ့်မည် မထင်ချေ။ အဘွားကို အမေကတစ်ဖက်၊ သူကတစ်ဖက် တွဲလာခဲ့ချိန်-

“မမကြီး…မင်း ပြန်ဝင်နေစမ်း”

“မဝင်နိုင်ဘူးတော်…ကျုပ်သမီး”

“အေး…အရင်တုန်းက ပန်းမွှန်ဟာ ငါတို့သမီး ဟုတ်ကောင်း ဟုတ်နိုင်မယ်။ အခုတော့ မဟုတ်တော့ဘူးကွ။ ဒီကောင်မ ဘာကြောင့် ငါတို့အိမ် ပြန်လာသလဲ ငါ ကောင်းကောင်းသိတယ်။ သူ့ကို ငါတို့က သနားပြီး အိမ်ခေါ်ထားရင် မကြာခင် သူ့ယောကျ်ားပါ ငါတို့အိမ်ပေါ် တက်လာလိမ့်မယ်။ ငါ ပင်ပင်ပန်းပန်းရှာထားတဲ့ပစ္စည်းဥစ္စာက ကလေကချေကောင်ဖြုန်းဖို့ မဟုတ်ဘူး။ မြဲမြဲမှတ်ထား…မိပန်းမွှန်”

အဘိုးရဲ့ခေါသသံအဆုံး ဒေါ်လေးက ရှိုက်ကြီးတငင်ငိုပြီး လူက မဟန်နိုင်တော့သည့်ဟန်နှင့် သံတန်းကို ဆုပ်ကိုင်ကာ-

“မဟုတ်ပါဘူး အဖေရဲ့…အဲဒီလူယုတ်မာက သမီး ဘာဖြစ်ဖြစ် ဂရုမစိုက်တော့ပါဘူး။ သူကိုယ်တိုင် နောက်မိန်းမတစ်ယောက် အိမ်ပေါ်ခေါ်တင်လာပြီး ကျွန်မကို အိမ်ပေါ်က မောင်းချခဲ့တာပါ”

“တောက်”

“ဒီကောင်က”

သူ့နောက်မှာ ရပ်နေသော အဖေက တောက်ခေါက်၍ ရှေ့သို့ တိုးလာစဉ် အဘိုးက အဖေ့ကို ဆွဲထားသည်။ သူတို့နောက်ဘက်မှာ ဒေါ်လေးငယ်တို့လင်မယားနှင့် ညီမလေးမိုးနိုင်နွယ်။ ညီမလေးကတော့ ငယ်သေးတာမို့ ဘာမှသိပ်မသိသေး။ ဒေါ်လေးနှင့်လည်း ညီမလေးက လက်ပွန်းတသီး သိပ်မနေခဲ့ရ။

ညီမလေးမွေးတော့ ဒေါ်လေးငယ်ကပဲ ထိန်းလာတာမို့ ညီမလေးက ဒေါ်လေးငယ်နှင့်ပဲ ပို၍ရင်းနှီးပါသည်။

"ကျွန်မကို မသနားရင်တောင် ကျွန်မရဲ့ရင်သွေးကိုတော့ သနားပါ အဖေရှည်"

"ဘာ"

"ညည်းမှာ ကလေးရှိနေပြီ...ဟုတ်လား"

"ဟုတ်ပါတယ် အဖေရယ်...ကျွန်မရဲ့ကလေးကိုတော့ ကျွန်မအဖေတို့အိမ်မှာ မွေးပါရစေ။ ကလေးမွေးပြီးမှ ကျွန်မကို နှင်ထုတ်ချင်ထုတ်ပါ"

"ကိုဖိုးအေး...ရှင် ဘာလုပ်နေတာလဲ၊ တံခါးဖွင့်ပေးလိုက်ပါ"

"နေစမ်း...မမကြီး၊ သူဟာ တစ်ချိန်က ငါ့ရဲ့သမီး ဟုတ်ကောင်းဟုတ်လိမ့်မယ်။ အခုတော့ အမျိုးယုတ်ကောင်ရဲ့သွေး ငါ့အိမ်ရိပ်မှာ ပေးမမွေးနိုင်ဘူး။ ဟော့...အားလုံး အထဲဝင်ကြစမ်း"

"အဖေ"

"မှန်မှန်"

ဒေါ်လေးသည် အဘိုးကိုခေါ်ရင်း ခြံဝ၌ လဲကျသွားရှာသည်။ အဘိုးက အဘွားကို အတင်းဆွဲခေါ်သွားပြီး ဒေါသကြီးလှသော အဘိုးကြောင့် ဘယ်သူမှ ဒေါ်လေးကို မခေါ်ရဲကြချေ။

ဝမ်းနှင့်လွယ်၍ မွေးလာရသော အဘွားကတော့ ယောကျ်ားကိုလည်း ကြောက်ရ၊ အိမ်ဝ၌ ခွေလဲကျသွားရှာသော ကိုယ်ဝန်သည်သမီးကို မကြည့်ရက်နိုင်စွာ သတိလစ်သွားရှာသည်။

ထိုနေ့က မိုးတွေက သည်းသည်းမည်းမည်း မရပ်မနား





ရွာနေတော့သည်။ ဒီဘက်မှာ အဘွားက သတိရပြီဖြစ်သော်လည်း ဆေးအရှိန်နှင့် မနိုးသေး။

မိုးတွေက ညနေစောင်းသည်အထိ မတိတ်သောအခါ ရုတ်တရက် အဘိုးသည် အိမ်ပေါ်မှ တဒုန်းဒုန်း ဆင်းသွားသောအခါ အဖေက-

"အဖေ...ဘယ်သွားမလို့လဲ"

"ငါ ပန်းမှုန်ကို သွားရှာမယ်။ မင်းအမေနားမှာ စောင့်ကြည့်နေသားကြီး"

"အဖေ မိုးဒီလောက်ထိရွာနေတာကို အဖေတစ်ယောက်တည်းကားမောင်းသွားလို့ ဘယ်ဖြစ်မလဲ"

"အကြီးကောင်၊ ငါ့စကားကို နားထောင်စမ်း"

စကားအတွန့်မတက်ရဲတော့သည့်အချိန် အဘိုးကတော့ အိမ်ရှေ့ဘွင်ရပ်ထားသော ဂျစ်ကားကို ခပ်ကြမ်းကြမ်း မောင်းထွက်သွားသည်။

နောက်ဆုံးတော့လည်း မိဘရဲ့မေတ္တာဆိုသည့်အတိုင်း မိုးသည်းသည်းမည်းမည်းကိုပင် အမှုမထားနိုင်လောက်အောင် သမီးကိုရှာဖို့ထွက်သွားရှာသော အဘိုးအပေါ် အားလုံး နားလည်သွားကြရှာသည်။

သို့သော် ထိုနားလည်မှုသည်ပင် ဝမ်းနည်းဖို့အကြောင်းတရားတစ်ခု ဖြစ်လို့သွားသည်။

ဒေါ်လေးတစ်ယောက် မိဘဆီက ခွင့်လွှတ်မှုကိုလည်းမရ၊ အားကိုးရပါသည်ဆိုသော ယောကျ်ားကလည်း အိမ်အပေါ်မှ ရင်သွေးရဲ့မျက်နှာကိုမှမထောက်၊ နှင်ချရက်လေခြင်း...ကုသိုလ်ကံဆိုးလေခြင်းဟူသော အကြောင်းတရားများစွာဖြင့် လောကကြီးကို အရှုံးပေးကာ

ရောဝတီမြစ်ကြီးအတွင်းသို့ ဆင်းသွားခဲ့သည်တဲ့။

ထိုစဉ်က မိုးသည်းသည်းမည်းမည်းရွာနေသဖြင့် ဘယ်သူမှ ဒေါ်လေးကို သတိမထားမိ။ နောက်တစ်ရက် သောင်တင်နေသော အလောင်းတစ်လောင်းကို တွေ့ရသည်ဟူသောအပြောကြောင့် အားလုံး သွားကြည့်သောအခါ ဒေါ်လေးပန်းမွှန် ဖြစ်နေလေသည်။

အဘိုးကလည်း ထိုနေ့ညက မိုးသည်းသည်းမည်းမည်းကြားမှာ ဘယ်တော့မှ ပြန်မလာနိုင်သောခရီးတစ်ခုကို နှင်သွားခဲ့သည်။ ကား စလစ်ဖြစ်ပြီး မီးလောင်သည့်အထဲ သူ့အဘိုး ပါသွားခဲ့သည်။

ထိုနေ့သည်ပင်သူတို့မိသားစု ကျိန်စာသင့်သောနေ့တစ်နေ့ ဖြစ်ခဲ့ သည်တကား။ အဘွားကတော့ ယောကျ်ားနှင့်သမီးဖြစ်သူရဲ့သတင်း ကို ကြားသောအခါ သွက်သွက်ခါအောင် ရူးသွားရှာလေသည်။

ငယ်ရွယ်နုနယ်သော သူ့ရဲ့အသိထဲ ဦးကျော်စံကို တစ်နေ့ လက်စားချေရမည်ဆိုသောအသိ ကိန်းအောင်းသွားခဲ့သည်။ ဦးကျော်စံ ကတော့ သူတို့မိသားစုရဲ့ သတင်းဆိုးကြီးကို ကြားသွားသောအခါ သူ့မိန်းမနှင့်အတူ သူတို့မြို့မှ ထွက်ပြေးပျောက်ကွယ်သွားခဲ့သည်။

"ကျွန်တော် ဒီလူကို ကလဲ့စားချေရမှ ကျေနပ်မယ် ဖေဖေ"

"သူ့ကံအကျိုးပေးတိုင်း သူ သွားပါလိမ့်မယ် လူလေးရယ်... ပြဿနာကို မရှည်ချင်ပါနဲ့"

ဖေဖေက မည်သို့ ဖျောင်းဖျဖျ သူ့ရဲ့အသိထဲ ဦးကျော်စံကိုလည်း တူသောအကျိုးပေးဖြင့် အသေဆိုးသေရမည်ဟု သန္နိဋ္ဌာန် ချလိုက် လေသည်။

♥♥♥





# အခန်း (၄)

သို့သော် ကံဆိုးခြင်းသည် သူတို့မိသားစုထံတွင်သာ ရှိနေခဲ့လေ သည်။

သူတို့မိသားစုရဲ့ အသိုက်အမြုံတို့သည် ဖရိုဖရဲ ဖြစ်ခဲ့သည်။ အဖေနှင့်အမေတို့သည် အချိန်မတိုင်ခင် သူတို့ကို စွန့်ခွာ၍ တမလွန် ခရီးသို့ နှင်သွားခဲ့သည်။

ဒေါ်လေးငယ်ရဲ့ခင်ပွန်းကလည်း ယူကောမှာ အခြေချသွားသဖြင့် ဒေါ်လေးမှာ ကျောင်းနောက်ဆုံးပါ ပါသွားခဲ့ပေမယ့် သူတို့ဆီတော့ တစ်နှစ်နေမှ တစ်ခေါက်ရောက်အောင် လာရှာသည်။

သူကတော့ လောကဓံရဲ့အထုအထောင်းကို ခံရသူပီပီ -

"ဒေါ်လေးငယ်...ကျွန်တော်တို့မောင်နှမအတွက် ဘာမှမပူပါ နဲ့...ကျွန်တော် ညီမလေးကို သေချာထိန်းကျောင်းပါ့မယ်"

"တစ်ခုခု တိုင်ပင်စရာရှိရင် ဒေါ်လေးငယ်ကို မမေ့နဲ့ကွယ်။ သားတို့နဲ့နေပြီး ဟိုမှာ မင်း…ဦးလေးကို တစ်ယောက်တည်းထားခဲ့ဖို့ ကလည်း အဆင်မပြေဘူးကွယ်"

"စိတ်ချပါ ဒေါ်လေး"

သူလည်း အသက်နှစ်ဆယ်ကျော် အစိတ်အရွယ်မို့ ကိုယ့်ဘဝ ကို ကျောင်းနိုင်ပြီဟု ယုံကြည်သည်။ ညီမလေးကတော့ ဆယ်တန်း ကျောင်းသူလေး ဖြစ်သည်။

ဘိုးဘွားမိဘလက်ထက်က စခဲ့သော ဆန်စက်၊ ဆီစက်လုပ်ငန်း က သူ မကျွမ်းကျင်သည့်လုပ်ငန်းမို့ ထိုလုပ်ငန်းတွေကို ဖျက်သိမ်းကာ ဆောက်လုပ်ရေးကို ခေါက်ချလုပ်ကိုင်သည်။ ကိုယ်တိုင်ကလည်း ME နှင့် ဘွဲ့ရထားသူမို့ ဆောက်လုပ်ရေးလုပ်ငန်းကိုတော့ အရမ်း ဝါသနာပါသည်။

ထိုကဲ့သို့ တစ်ဖက်မှာ စီးပွားရေးကို တိုးသထက်တိုးအောင် ဆောင်ရွက်နေချိန် ညီမလေးဘက်သို့ လစ်လျူရှုခဲ့မိသည်က သူ့ရဲ့ အမှားပင် ဖြစ်တော့သည်။

သူ သိရချိန် ညီမလေးရဲ့ အရွယ်မတိုင်သော နှလုံးသားထဲ၌ ယောကျ်ားလေးတစ်ယောက်ရှိနေကြောင်း သူ တုန်လှုပ်ကြီးစွာ သိခဲ့ လိုက်ရချိန်မှာတော့…

ရက်စွဲ၊ ၇-၈-၉၉

မိုးတွေ ဖွဲဖွဲလေး ရွာနေတယ်။ ကိုကိုကလည်း လာမကြိုသေး ပါလား။ မိုး စိတ်ညစ်ညစ်နဲ့ တံစက်မြိတ်အောက်မှာ ရပ်နေစဉ် ကောင်းကို တွေ့လိုက်ရတော့ ဝမ်းသာသွားတာ အရမ်းပါပဲ။ ဒါပေမဲ့





ကောင်းက မိုးနားကို ရောက်မလာဘူး။ ဟိုဘက်ခန်းက ကောင်မလေး ကို ထီးမိုးပေးပြီး ထွက်သွားတယ်။ ကောင်းရယ်…နင့်ဦးနှောက်ထဲမှာ ငါ ဘယ်တော့မှ မရှိတော့ဘူးလား။

ရက်စွဲ၊ ၁၀-၉-၉၉

သင်္ချာတစ်ပုဒ် မတွက်တတ်လို့ ကောင်းကို မေးမိပါတယ်။ အင်းအဲလေလုပ်လို့ မိုး စိတ်တိုတိုနဲ့ ဆွဲရုတ်ယစ်လိုက်တော့ ဘာဖြစ်နေတာ လဲလို့ မိုးကို အော်တယ်။ မိုးလေ ငိုချင်လိုက်တာ။ သင်္ချာစာအုပ်ကို ရှေ့မှာချပြီး ခုံပေါ်မှာ မျက်နှာမှောက်ပြီး တိတ်တိတ်ကလေး မျက်ရည် ကျမိချိန် ကောင်းကို အသင်းခေါင်းဆောင်က လာခေါ်သွားတယ်။ ကောင်းရယ်…နင်ဟာ ငါ့ကို အမြဲတမ်း ဥပေက္ခာပြုထားရက်တယ် နော်။

ရက်စွဲ၊ ၁၅-၉-၉၉

မိုးဟာ မိန်းကလေးတစ်ယောက်ဆိုတာကို ဘယ်တော့မှ မမေ့ ပါဘူး။ ဒါကြောင့် ကောင်းအပေါ် ယိမ်းနေတဲ့ မိုးရဲ့စိတ်ကို မိုး တတ် နိုင်သမျှ ထိန်းခဲ့ပါတယ်။ မိုးဘက်က ခပ်ကင်းကင်းနေပြန်တော့ ကောင်းက မိုး နေမကောင်းဘူးလားလို့ မေးနေပြန်တယ်။ ကောင်းရယ် နင့်ရဲ့စိတ်ကလည်း အသိရခက်လိုက်တာနော်။

ရက်စွဲ၊ ၄-၁၀-၉၉

အဲဒီနေ့က သူ မိုးအတွက် စံပယ်ပင်ပေါက်လေး ယူလာခဲ့ပေး တယ်။ "ငါ ခင်လို့ပေးတာ၊ လိုချင်ရင်ယူ၊ မလိုချင်ရင် ကျောင်းမှာ စိုက်ထားခဲ့"လို့ ဘုဆတ်ဆတ်နဲ့ ပြောပေမယ့် မိုး မြတ်မြတ်နိုးနိုး လက်ခံထားလိုက်တယ်။ အိမ်ရောက်တော့ လွယ်အိတ်ချပြီး ခြံထောင့်

လေးမှာ သွားစိုက်တယ်။ ကိုကိုက တောင်ဦးညှိစိုက်လိမ့်မယ်ပြောတာ တောင် မိုး လက်မခံခဲ့ဘဲ ကိုယ်တိုင် ရေလောင်းပေါင်းသင်ခဲ့ရတာကို ကြည်နူးမိခဲ့တယ်။

ရက်စွဲ၊ ၂၀-၁-၂၀၀၀

မိုး သေချာသိလိုက်ပြီ။ ကောင်းကို မိုး ချစ်တယ်။ ကိုကိုသိရင် မိုးကို ဆူမှာ။ ဒါ့အပြင် ရိုက်ရင်တောင် ရိုက်နေမှာ။ ကိုကိုက ရည်းစား မထား၊ ချစ်သူမရှာဘဲ မိုးကို စောင့်ရှောက်နေခဲ့တာလေ။

ထိုနေရာကို ဖတ်ပြီးသောအခါ သူ မျက်ရည်တွေကျလာကာ ဒါတွေကို သိနေရက်နဲ့ သူစိမ်းတစ်ယောက်ကို ချစ်ပစ်လိုက်ရသလား ညီမလေးရယ်…

ကိုကိုက ညီမလေးကို ချစ်လို့ ရည်းစားမထားရင် ညီမလေး ကလည်း အရွယ်မတိုင်ခင် ရည်းစားမထားပါနဲ့လားဟု ပြောချင်သည်။

ဒါပေမယ့် ကိုကိုရယ်…မိုးကသာ ကောင်းအပေါ်မှာ တစ်ဖက် သတ်ဖြစ်နေရတာပါ။ ကောင်းကတော့ မိုးကို ရှိတယ်လို့ထင်ခဲ့တာ မဟုတ်ပါဘူးလေ။ သူနဲ့ဝေးသွားရင်ဆိုတာကို မိုး မတွေးရဲဘူး။ စာမေးပွဲကလည်း နီးနေပြီ ကိုကို။ မိုး စာကျက်လို့မရဘဲ ကောင်းကိုပဲ သတိရနေတယ်။

ရက်စွဲ၊ ၁၃-၂-၂၀၀၀

ကောင်းကို မိန်းကလေးတစ်ယောက်နဲ့ တွေ့လိုက်တော့ မိုး ထူပူသွားတာပဲ။ ကောင်းက မိုးကို မတွေ့ဘူး။ အတန်းထဲရောက်တော့ မိုး ထိုင်နေတဲ့ခုံနားက ကောင်း ဖြတ်သွားတော့ "ခုနက ကောင်မလေး က ဘယ်သူလဲ" လို့ မိုး မေးပစ်လိုက်တယ်။ ကောင်းကတော့





ခပ်အေးအေးပဲ "ဘာလုပ်မလို့လဲ" တဲ့။ မိုးလေ ကောင်းလို သွေးမအေး နိုင်တော့ဘူး။ "အဲဒါ နင့်ရည်းစားမဟုတ်လား" လို့ မေးပစ်လိုက် တယ်။ ကောင်းက မိုးကို ဆောင့်တွန်းပစ်ပြီး "နင့်လိုများ ထင်နေ သလား" လို့ မေးတယ်။ ကောင်း ရက်စက်တယ်။ ရင်ဘတ်ထဲမှာ နာလည်းနာတယ်။

ရက်စွဲ၊ ၂၅-၂-၂၀၀၀

ကောင်းက မိုးကို လာမတောင်းပန်ဘူး။ စကားလည်းမပြော ဘူး။ မိုး ချစ်လည်းချစ်တယ်။ နာလည်းနာတတ်လို့ သူ့လိုပဲ နေနိုင် အောင် ကြိုးစားခဲ့တယ်။ အချစ်ဆိုတာ ပူလောင်ခြင်းမှန်း မိုး သိခဲ့တာ နောက်ကျပြီ ကိုကိုရယ်…

* * *

ကောင်းဆိုတာ ဘယ်သူလဲ…

ကောင်းဆိုတာ ဘယ်သူလဲ မသိရသေးဘဲ ဤကိစ္စကို ညီမလေးနှင့် ဖြေရှင်း၍ မဖြစ်သေး။ နောက်ပြီး ညီမလေးရဲ့ဒိုင်ယာရီ ကို သူဖတ်မိတာကို ညီမလေး သိ၍မဖြစ်သေး။ ထို့ကြောင့် ကောင်း ဆိုတာ ဘယ်သူလဲ စုံစမ်းလိုက်တဲ့အချိန်မှာ သူ့ခေါင်းကို မိုးကြိုးအစင်း ပေါင်းများစွာ ပစ်ချလိုက်သလို ဖြစ်သွားရသည်ကတော့ "ကောင်း ဆိုသည့်ကောင်လေးဟာ သူ လက်စားချေဖို့ လိုက်ရှာနေသည့် ဦးကျော်ဖ၏သား ဖြစ်နေသည်။

ဦးကျော်ဖသည် မယားကြီးကိုပစ်ပြီး ပျော်သလို အပျော်ရှာနေ သောလူဖြစ်ပြီး ဒေါ်လေးပန်းမှုန်သည် ဦးကျော်ဖ၏အပျော်ထဲက

အပျော်မယားတစ်ယောက်အဖြစ် နေခဲ့တာကိုတော့ ရင်နာစွာ သိလိုက်ရသည်။

ဦးကျော့်ဖ၏ မယားကြီး၌ သားနှင့်သမီး နှစ်ယောက်ရှိကြောင်းကို ယခုလို သေချာစုံစမ်းမှ သိခဲ့ရခြင်း ဖြစ်သည်။

ပတ်ဝန်းကျင်က ပြောတာကတော့ လွန်ခဲ့သော ဆယ့်ငါးနှစ်ကတည်းက ဦးကျော်ဖသည် သူ့မိန်းမနှင့် မွေးကင်းစကလေးနှစ်ယောက်ကို ထားခဲ့ပြီး ပြန်မလာတော့သည်မှာ ယခုထက်တိုင်တဲ့။ တချို့ကလည်း ဦးကျော်ဖသည် HIV ရောဂါနှင့် သေသွားတာလိုလို သူများတွေကပဲ သတ်လိုက်တာလိုလို ပြောနေကြသည်။

လူယုတ်မာရဲ့သွေးဆိုတဲ့အသိနှင့် သူ့သွေးတွေက ပွက်ပွက်ဆူနေသော်လည်း အရေးကြီးလှသော ညီမလေးရဲ့စာမေးပွဲကို အနှောင့်အယှက်မဖြစ်စေရေးအတွက် သူ ခဏယာယီတော့ အချိုသတ်ထားရပေဦးမည်။

♥♥♥



# အခန်း (၁၀)

ညီမလေး စာမေးပွဲပြီးတော့မှ…

"ညီမလေးကို ကိုကို ပြောစရာရှိသေးတယ်"

"ဘာပြောမှာလဲ ကိုကို…ကိုကို မိန်းမယူတော့မလို့လား။ ကိုကို မိန်းမမယူရသေးဘူးနော်"

ဟု ညီမလေးက ပြုံးစိစိနှင့် စသော်လည်း သူ မပြုံးဖြစ်။ ညီမလေး နားဝင်သဘောပေါက်စေမည့် စကားလုံးတွေကို သူ သေချာရွေးနေရခြင်းကြောင့် ဖြစ်သည်။

ညီမလေးကတော့ ငြိမ်သက်နေသောသူကို နားမလည်စွာ ကြည့်ရင်း-

"ကိုကို့ပုံစံကြည့်ရတာ နေမကောင်းဘူးလား။ ဘာဖြစ်လို့လဲ ကိုကိုရဲ့"

“ဘာမှမဖြစ်ပါဘူး ညီမလေး…အခု ကိုကိုပြောမယ့်စကားကို သာ ညီမလေး သေချာနားထောင်ပေးနော်”

“ဟုတ်”

ညီမလေး မမှတ်မိတော့သော သူငယ်ငယ်တုန်းက မိသားစုရဲ့ အတိတ်အကြောင်းကို စီကာပတ်ကုံး ပြောလိုက်မိသည်။ ပြောနေရင်း မှာလည်း ညီမလေးကို သေချာအကဲခတ်လိုက်မိသည်။ မျက်နှာ အမျိုးမျိုးပြောင်း၍ ခက်ထန်နေသော ညီမလေးကို ကြည့်ပြီး သူ ကျေနပ်သွားသည်။

“အဲဒါပဲ ညီမလေးရယ်”

“ညီမလေး အဲဒါတွေကို မသိခဲ့ဘူး ကိုကို။ အို…အဲဒီဦးကျော်စိုး ဆိုတဲ့လူက တော်တော်ယုတ်မာတာပဲနော်။ ဒေါ်လေးပန်းမှုန်၊ မမြင်ရ တဲ့ မိုးတို့ရဲ့မောင်လေး၊ ဘိုးဘိုးနဲ့ဘွားဘွား ဆုံးရတာဟာ အဲဒီလူယုတ် မာကြီးကြောင့်ဆိုတာ လုံးဝ သေချာတယ် ကိုကို”

“သိပ်သေချာတာပေါ့ ညီမလေးရယ်”

“ကိုကို အဲဒီလူယုတ်မာကြီးအကြောင်း မစုံစမ်းဘူးလား။ မိုးတို့ မိသားစုတွေ ခံစားရသလို သူတို့မိသားစုကိုလည်း ခံစားရစေချင် တယ်”

“သိပ်မကြာခင် ခံစားရတော့မှာပါ”

နောက်… သူ ညီမလေးရဲ့ဒိုင်ယာရီကို ဖတ်ခဲ့မိသည့်အကြောင်း ပြောလိုက်သောအခါ ညီမလေးရဲ့မျက်နှာဟာ နီရဲသွားကာ-

“ဘုရားရေ…ကိုကို ဒါတွေကို သိနေတယ်”

“သိတာပေါ့ ညီမလေးရယ်…ညီမလေးက ကိုကိုက စီးပွား





ရေးတစ်ခုလောက်ပဲ သိနေတဲ့လူများ မှတ်နေသလား။ ညီမလေးနဲ့ ပတ်သက်ပြီး ကိုကိုမသိတာ ဘာမှမရှိဘူး ညီမလေး”

“ကိုကိုရယ်…ကောင်းကလေး…”

“နေဦး…ညီမလေး ကောင်းတိဆိုတဲ့ ကောင်လေးဟာ ဘယ်သူလို့ ညီမလေး ထင်နေသလဲ”

“ကိုကို ဘာပြောနေတာလဲ၊ ညီမလေး နားမလည်တော့ဘူး”

သူ့ဆီက ထွက်ကျလာသောစကားကို ကြားပြီး ညီမလေး သွေးပျက်ထိတ်လန့်သွားမှာကို သူ လုံးဝ မကြည့်ရက်။

တစ်ချိန်က ဘိုးဘိုးရဲ့စကား ငှားသုံးရလျှင်တော့ လူယုတ်မာ တစ်ယောက်ရဲ့သွေးကို အနှောမခံနိုင်။

“ကောင်းက ဘယ်သူလဲ…ကိုကို…ကိုကို ကောင်းအကြောင်း သေသေချာချာ စုံစမ်းပြီးနေလောက်ပါပြီ”

“သေချာတာပေါ့ ညီမလေးရယ်…ကောင်းအကြောင်းကို စုံစမ်းမိခဲ့တာက ညီမလေး စာမေးပွဲမဖြေခင်ကတည်းကပါ။ ဒါပေမဲ့ ညီမလေးရဲ့စာမေးပွဲအနှောင့်အယှက်ဖြစ်မှာဆိုးလို့ ကိုကို ပြောမထွက် ခဲ့တာ။ ကောင်းတိဆိုတာ တခြားလူမဟုတ်ဘူး။ သူဟာ ဦးကျော်စိုး ရဲ့သားပဲ ညီမလေး”

“ရှင်”

ညီမလေးရဲ့မျက်လုံးတွေက ပြူးသွားကာ မယုံနိုင်သလို ကြည့် နေသည်။

“ညီမလေး စိတ်ကို လျှော့စမ်း…တင်းမထားနဲ့”

ကိုယ်ကြီးတောင့်နေကာ ငြိမ်သက်နေသော ညီမလေးကို သူ

ခပ်တင်းတင်းဖက်ပြီး သူပြောတော့ ညီမလေးက သူ့ကို အားရပါးရ ဖက်ကာ ငိုရှိုက်လိုက်သည်။

လူယုတ်မာတွေအတွက် ညီမလေး မျက်ရည်ကျစရာ မလိုဘူး ဟု ပြောချင်သော်လည်း ပထမဆုံးနဲ့ နောက်ဆုံးအခါကျသော မျက်ရည်တွေသာ ဖြစ်ပါစေဟု သူ ဆုတောင်းရင်း ညီမလေးရဲ့ကျောကို အသာ ပုတ်ပေးလိုက်သည်။

"ဒါ…ဒါ တကယ်ပဲလား ကိုကို…ဒါ တကယ်ပဲလား… မိုး မယုံပါရစေနဲ့၊ ကောင်းက လူယုတ်မာကြီးရဲ့သားဆိုတာ မဟုတ်ပါစေနဲ့ ကိုကိုရယ်"

ရှိုက်သံတွေ ဗလုံးဗထွေးနှင့် ပြောနေခြင်းမို့ သူ အံတင်းတင်း ကြိတ်ကာ-

"မယုံလို့ မရအောင် သေချာနေတာကို ညီမလေး ဘယ်လို ရှေ့ဆက်မလဲ"

ငိုရှိုက်သံများတန့်သွားကာ သူ့ကို ဖက်ထားသော ညီမလေးရဲ့ လက်တွေက တင်းခနဲဖြစ်သွားကာ ဖြုန်းခနဲ သူ့ရင်ခွင်မှခွာကာ-

"ဟုတ်တယ်…မိုး ဆုံးဖြတ်ရတော့မယ်"

"ညီမလေး ဘယ်လိုဆုံးဖြတ်မလဲ"

ညီမလေးက သူ့ကို တည်ငြိမ်စွာ ကြည့်သည်။ သူ့ရင်မှာတော့ စိုးထိတ်ခြင်းများစွာနှင့်ဖြစ်သည်။ ငယ်ရွယ်သေးသည့် ညီမလေး ဒေါ်လေးပန်းမွှန်ကဲ့သို့ အချစ်ကိုသာ ရှေ့တန်းတင်ခဲ့လျှင်တော့ အ ရင်ကွဲရချည်ရဲ့။

လူကြီးတွေရဲ့အတိတ်က အတိတ်ပဲ။ အနာဂတ်မှာတော့





ကောင်းကိုကို မေ့ပစ်လိုက်ပါဆိုတဲ့စကား မပြောပါနဲ့ ကိုကိုရယ်ဆိုလျှင် ... သူ ဘာတတ်နိုင်မည်နည်း။ ညီမလေးရဲ့ နှလုံးသားရေးထဲ သူမှ ...ပဲလေ။

"မိုးတို့ရဲ့မိသားစုတွေ သေကွဲကွဲအောင် လုပ်ခဲ့သူရဲ့သွေးကို ...မောနေတာကိုတော့ ကိုကို လိုလားမယ်မထင်ဘူး"

"ညီမလေး"

သူ ထိတ်လန့်စွာ ခေါ်လိုက်သောအခါ ညီမလေးက မျက်ရည် ...နှင့် လက်ခနဲ ပြုံးလိုက်ကာ-

"စိတ်ချပါ ကိုကို…မိုး…မိုး…ကောင်းနဲ့…"

ညီမလေး အသံတိုးတိတ်သွားကာ သူ့ရင်ခွင်ထဲ တိုးဝင်၍ ငိုရှိုက် ...သဖြင့် သူ မသေချာစွာ-

"ညီမလေး…ဘာပြောလိုက်တာလဲ၊ ကိုကို့ကို သေချာပြောစမ်း ...ပါ"

"ကောင်းကို မိုး မေ့ပစ်လိုက်ပါ့မယ် ကိုကိုရယ်"

"ညီမလေး"

"လိမ္မာလိုက်တာ ညီမလေးရယ်။ ဒေါ်လေးပန်းမွှန်ထက် ...လေးက ပိုပြီး လိမ္မာခဲ့လို့ အခု ကိုကို စိတ်ချမ်းသာခဲ့ရတာ ...ယ်"

"မိုး…မိုးကိုလေ…ဒေါ်လေးငယ်တို့ရှိတဲ့ ယူကေကို ပို့ပေးပါ ...ရယ်…မိုးလေ…မိုး…အခုချိန်မှာ ကောင်းကို မေ့ပစ်လိုက်ဖို့ ... မိုးအတွက် မလွယ်လွန်းလို့ပါ ကိုကို"

"ညီမလေးရယ်"

သိတတ်လွန်းလှသော ညီမလေးရဲ့ကိုယ်လေးကို သူ ခပ်တင်း
တင်းဖက်ထားမိစဉ် ကိုယ်တိုင်လည်း မျက်ရည်တွေကျလာခဲ့သည်။
ဘဝမှာ တွယ်တာစရာ ဒီမောင်နှမနှစ်ယောက်ပဲရှိခဲ့ပြီး ညီမလေးက
သူ့လက်ပေါ်မှာ ကြီးပြင်းလာခဲ့သူ။ ညီမလေးကိုယ်တိုင်က သူ့ကို
အဖေလိုတစ်မျိုး၊ အမေလိုတစ်မျိုး၊ အစ်မလိုတစ်မျိုး ချစ်ခင်တွယ်တာ
ခဲ့တာ သူအသိ။

အခု တစ်ဦးတည်းသော ညီမလေးကို ရေခြားမြေခြားမှာ ပို့ထား
ရမည်ဆိုတော့…

"အချိန်ဆိုတဲ့ သမားတော်ရဲ့ကုစားမှုကို မိုး ခံရဦးမှာဖို့ပါ
မဟုတ်ရင် ကောင်းနဲ့ တစ်မြို့တည်းဆိုတဲ့အသိနဲ့ မိုးရဲ့ဆုံးဖြတ်ချက်ေ
ယိမ်းယိုင်သွားမှာ မိုး စိုးထိတ်တယ်"

"ဒါပေမယ့် ကိုကိုတစ်ယောက်တည်း ညီမလေး ထားခဲ့ရေ
မလို့လားကွယ်"

သူ့ပါးပေါ်က မျက်ရည်တွေကို ညီမလေးက သုတ်ပေးပြီ
ပြုံးပြကာ-

"မထားခဲ့ပါဘူး ကိုကိုရယ်…မိုး ဟိုမှာ ကျောင်းတက်မယ်
ကောင်းကို မေ့နိုင်တဲ့တစ်နေ့ မိုး မြန်မာနိုင်ငံမြေကို ခြေပြန်ချမယ်
ဒေါ်လေးငယ်ကလည်း မိုးလာရင် ပျော်မှာပါ ကိုကို"

သူ့ရင်ဘတ်ထဲမှာ ခံစားကြေကွဲနေရသည်။ နှစ်ယောက်တည်
သာရှိသော ဒီဘဝထဲမှာ ညီမလေးက အဝေးသို့ထွက်သွားရင် ကို
တစ်ယောက်တည်း ဘယ်လိုနေခဲ့ရမလဲ ညီမလေးရယ်။

"ဒါပေမယ့် ကိုကို့ဆီက မိုး အခွင့်အရေးတစ်ခုတော့ တောင်း





ရစေ ကိုကို"

"ဘာတောင်းမှာလဲ…ကြိုက်တာတောင်း…မိုး ဘာတောင်း
တောင်း ကိုကို ပေးမယ်"

"ကတိပေးမစောပါနဲ့ ကိုကိုရယ်"

ညီမလေးက သူ့ဘေးမှထကာ သူ့ခြေရင်းမှာ ထိုင်ချလိုက်သည်။
သူ့ကို လုံးဝ မော့မကြည့်တော့ဘဲ-

"နောက်ဆုံးအခွင့်အရေးတစ်ခုပါ ကိုကိုရယ်…မိုးလေ
နောက်ဆုံးအချိန်အနေနဲ့ ကောင်းကို သွားတွေ့ပါရစေ"

"ဘာ"

"နေပါဦး ကိုကို၊ ဒေါသမထွက်ပါနဲ့ဦး…မိုး သူ့ကို မြင်အောင်
သွားတွေ့မှာ မဟုတ်ပါဘူး။ သူ မမြင်နိုင်တဲ့တစ်နေရာကနေ သူ့ကို
ကြည့်ရုံသက်သက်ပါပဲ။ ဒီရဲ့တောင်းဆိုချက်ကလေးပဲ မိုး တောင်းဆို
တာပါ။ ဒါပေမယ့် ကိုကိုက လုံးဝ မသွားရဘူးလို့ ပြောရင်လည်း
မိုး မသွားပါဘူး"

သူ့အပေါ် အရမ်းသိတတ်ရှာသော ညီမလေးမို့ သူ့မှာ နောက်ဆုံး
ပါလေဆိုသောအသိနှင့် မတားရက်ချေ။

သူ ဘာကြောင့် မသွားရဘူးဟု မတားခဲ့မိသနည်း။ သူသာ
ညီမလေး မသွားရဘူးဟုတားခဲ့လျှင် သူနှင့်ညီမလေးရဲ့ကြား ကံကြမ္မာ
က ဆိုးရွားစွာ ဝင်လာမည်မဟုတ်ပေ။

ထိုနေ့က ညီမလေးသည် ကောင်းတိကို မတွေ့မြင်လိုက်ရပါ။
ကောင်းတိဆီသို့အသွား ညီမလေး ကားအက်ဆီးဒန့်ဖြစ်ပြီး ညီမလေး
က ခြေထောက်တွေ လှုပ်၍မရတော့ဘဲ ကိုယ်တစ်ပိုင်းသေသွားခဲ့သည်။

ညီမလေးရဲ့ဆံပင်လေးတွေ သပ်လိုက်၊ လက်ကလေးကို ဆုပ်ကိုင်လိုက်နှင့် သူ့မှာ အရူးမီးဝိုင်း ဖြစ်ရတော့သည်။

ထိုအချိန်ကစ၍ ညီမလေးသည် ဘယ်သူ့ကိုမှ စကားဟက်ဟက် ပက်ပက် မပြောတော့ချေ။ တစ်ခါတစ်ရံ ညီမလေးရဲ့ရယ်သံလေးတွေ ကြားယောင်တိုင်း သူ လန့်နိုးခဲ့ရသည်။ အိပ်ပျော်နေသော ညီမလေးကို ကြည့်ပြီး သူ ငိုခဲ့ရသည်။

နိုင်ငံခြားသွားဖို့ကိုလည်း ဘယ်လိုမှ တိုက်တွန်း၍မရတော့ချေ။

"မသွားပါရစေနဲ့ ကိုကို"

"ညီမလေးရဲ့ခြေထောက်က ကုလို့ရပါတယ်။ သွားလိုက်ပါ ညီမလေးရယ်။ ကိုကိုလည်း လိုက်ခဲ့ပေးမယ်။ ဟိုမှာ ညီမလေး ဆေးကုပြီး သွားရင် ကိုကိုတို့မောင်နှမ အတူလျှောက်လည်ကြမယ်။ ညီမလေးပဲ ယူကေမှာ ကျောင်းတက်ချင်တယ်ဆို"

မျှော်လင့်ချက်တွေနှင့် သူ မေးသမျှ၊ ပြောသမျှကို ညီမလေးက ခေါင်းတယမ်းယမ်းဖြင့် -

"မိုးက ဒုက္ခိတဖြစ်နေပြီ၊ ဘာမှမလိုချင်တော့ပါဘူး ကိုကိုရယ်"

"ပြန်ကောင်းနိုင်တာ ဘာလို့ ဒုက္ခိတလို့ ပြောရတာလဲ"

"ဟင့်အင်း…ဒီခြေထောက်ကို ဘယ်တော့မှ မကုဘူး"

"အဓိပ္ပာယ်မရှိတာ မလုပ်နဲ့စမ်း…မိုးရိပ်နွယ် အစ်ကိုက ချစ်လို့ အလိုလိုက်တာကို ကမ်းတက်မလာနဲ့"

တစ်ခါမှ မအော်စဖူး အော်တော့ ညီမလေးက ငိုသည်။ တသိမ့်သိမ့် ရှိုက်ငိုနေသော ညီမလေးကို အသာဖက်ရင်း သူ စိတ်မကောင်း ဖြစ်နေသည်။





"လိမ္မာပါ ညီမလေးရယ်"

"မိုး…မိုး တောင်းပန်ပါရစေ။ ဟိုကိုလည်း မသွားချင်တော့ဘူး။ ကိုကို့ကိုလည်း မခွဲနိုင်ဘူး။ အခုချိန်မှာ မိုးရဲ့အနားတာကို အခံနိုင်ဆုံးလူက ကိုကိုပါ။ ကိုကိုကလည်း ညီမလေးကို အဝေးပို့ပစ်မယ် ဆိုရင်…"

"တော်ပါတော့ ညီမလေးရယ်…ကိုကို ရင်ကွဲရလိမ့်မယ်"

သူ့စိတ်ထဲ ကောင်းတိကို သတ်ပစ်ချင်စိတ်များ ပေါ်လာခဲ့သည်။ ထို့ကြောင့် ညီမလေး မသိအောင် ကောင်းတိရဲ့အိမ်သို့ရောက် သောအခါ ကောင်းတိကပဲ ကံကောင်းချင်တာလား၊ သူကပဲ ကံဆိုး ချင်တာလားမသိ ကောင်းတိတို့သည် တခြားသို့ ပြောင်းသွားပြီ။

သို့သော် စိတ်ထဲ၌ တေးထားမိသည်က ညီမလေး ခံစားရ သလို မင်းလည်း ခံစားရမယ်။

♥♥♥

# အခန်း (၁၁)

သူစကားသံအဆုံးမှာ နွေ ငြိမ်သက်နေခဲ့သည်။ နွေ စိတ်ဆင်းရဲအောင်လုပ်ခဲ့တဲ့သူ စိတ်သက်သာရာရအောင် နွေ မဖြေရှင်းမိအောင် ကြိုးစားခဲ့သည်။

စောစောကအတိုင်း နွေက ခုတင်စွန်းမှာထိုင်နေပြီး သူက ပြတင်းပေါက်ဘေးနားမှာပဲ ဖြစ်သည်။ နွေလက်တွေက အိပ်ရာခင်းကို ခပ်တင်းတင်း ဆုပ်ကိုင်နေရင်း နွေ ဒီရဲ့နေရာကနေ အခိုးအငွေ့ဖြစ်အောင် ပျောက်ကွယ်သွားချင်တော့သည်။

သူမရဲ့အဖေဆိုသူနှင့်ပတ်သက်၍ မောင်လေးကောင်းတိနှင့် ပတ်သက်၍ ဤယောက်ျားသည် သူမကို သက်ညှာစွာ ဆက်ဆံမှာ မဟုတ်တာကို သူမ ကောင်းကောင်းသိနေသည်။ ဟန်ကို[illegible]





မာန်တင်းထားရခြင်းဖြစ်ပြီး နွေသာ မတ်တတ်ရပ်နေသော အနေအထားဆိုလျှင် ခြေထောက်တွေ မခိုင်တာနှင့် ယိုင်လဲဖို့က သေချာသည်။

"အခု ကောင်းတိ ဘယ်မှာလဲ"

"ရှင်…သိစရာမလိုပါဘူး။ ရှင်ဟာ သိပ်အပြုံးအတေးကြီးတဲ့လူ။ ကိုယ်နဲ့ တိုက်ရိုက်ပတ်သက်ခဲ့ဖူးသူနဲ့ ပြဿနာမရှင်းဘဲ ကျွန်မတို့ကို ပြဿနာထဲ ဆွဲထည့်တယ်။ ဒီမှာ ကျွန်မတို့မောင်နှမတွေက ဖေဖေ မေမေလို့ ခေါ်တတ်ခါစကတည်းက "အဖေ"ဆိုတဲ့ နာမ်စားကို ခေါ်ခွင့်မရခဲ့တာ။ အဖေဆိုတာ ဘယ်လိုလူစားလို့ မသိခဲ့ရဘဲ မိခင်ရဲ့ အုပ်ထိန်းမှုအောက်မှာပဲ ကြီးပြင်းလာခဲ့ရတာ။ ရှင် ကိုယ်ချင်းစာဖို့ ကောင်းပါတယ်"

"ကိုယ်ချင်းစာရမယ်…ဟုတ်လား…ငါက ဘာကို ဘယ်သူ့ကို ကိုယ်ချင်းစာပေးရမလဲ။ နင်ဟာ ဦးကျော်ဇံရဲ့သားသမီးတွေဖြစ်ခဲ့မိတာနဲ့ နင့်အဖေရဲ့အကြွေးကို မင်းမှာ ဆက်ရဖို့တာဝန် ရှိကိုရှိရတယ်။ မိဘမကောင်း သားသမီးခေါင်းတဲ့။ ဟန်မူရာဘိ ကိုစ ဥပဒေထဲမှာတောင် မျက်လုံးတစ်လုံး ရှုံးရင် တစ်လုံး အစားပြန်ပေးရတယ်ဆိုတာတောင် ရှိသေးတာ။ ငါတို့မိသားစု ခံစားရသလို မင်းတို့မိသားစုလည်း ခံစားရမယ်…နွေဥဩ"

"ရှင်ဟာ သိပ်ယုတ်မာတဲ့လူ။ မသိဘဲနဲ့ ယုတ်မာတဲ့အဖြစ်က သိသိကြီးနဲ့ယုတ်မာတဲ့ ရှင့်လောက် မဆိုးသေးပါဘူး။ ရှင်က ပညာတတ်လူ့ဂုဏ်ထန်၊ ပိုက်ဆံရှိတဲ့လူ စတဲ့အရည်အသွေးတွေနဲ့ မလိုက်အောင် ကျွန်မဘဝကို ဖျက်ဆီးခဲ့တယ်။ ကျွန်မမောင်လေးကို ရှင်ထိဖို့

မကြိုးစားပါနဲ့”

“သတ္တိတွေ တော်တော်ရှိနေပါလား။ ဘာလဲ…စောစောတုန်းက မင်းလင်ကို မြင်လိုက်လို့လား”

“ရှင် မရိုက်ရိုင်းပါနဲ့၊ လူစကားပြောပါ”

“မရိုက်ရိုင်းဖို့ မပြောနဲ့ နားခါးတယ်။ ငါ့ဘာသာ အမြင်မှာ ပညာတတ်တဲ့ လူလိမ္မာလို့ လူတိုင်းပြောတာ ငါ ကျေနပ်တယ်။ ဒါပေမယ့် မင်းအမြင်မှာတော့ ငါဟာ အစွမ်းကုန် ရိုက်ရိုင်းပြချင်တယ်ကွ”

“ရှင်”

သူက နွေနှင့် ရင်ဘတ်ချင်းကပ်မတတ် နီးကပ်စွာ ရပ်လိုက်သဖြင့် ထိတ်လန့်သွားသည်။ သူ့ပုံစံက အမှန်တကယ်ပင် ရိုက်ရိုင်းဖို့ အဆင်သင့်ဖြစ်နေသည့် လူရမ်းကားတစ်ယောက်လို ဖြစ်နေသည်။

သူ့မျက်လုံးတွေထဲမှာ နာကြည်းမုန်းတီးမှုတွေ…နွေက အစကတည်းက ခုတင်ပေါ်ထိုင်နေသူမို့ နောက်ဆုတ်၍လည်း မရ။ သူက နွေ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ-

“ဟင့်အင်း…ရှင် လွှတ်နော်…နွေ ရှင့်ကို သိပ်မုန်းတယ်”

“ဖြန်း”

ပြောလည်းပြော၊ သူ့ပါးကိုလည်း ဖြန်းခနဲ မြည်အောင်ရိုက်ပြီး နွေ ထွက်ပြေးဖို့ ကြိုးစားသော်လည်း အချည်းနှီး။ အခုချိန်မှာ နွေက သားကောင်၊ သူက မုဆိုး။ သားကောင်ဆိုတာက မုဆိုးလစ်တာနဲ့ ထွက်ပြေးဖို့ချောင်းနေသူ။

“မင်း”





“ကျွန်မ တောင်းပန်ပါတယ်…ရှင်လည်း”

“နေချင်သလိုနေလို့ ပြောဦးမလို့လား။ မရဘူး…မင်းက ကျားကို ခေါင်းပုတ်လိုက်တာကိုး…လာခဲ့”

“လွှတ်နော်…ဖယ်”

နွေ ဘယ်လိုပဲတားဆီးတားဆီး သူကတော့ နွေ မုန်းတီးလှသော အနမ်းရိုင်းတွေနှင့်။ ငိုရှိုက်သံမထွက်နိုင်ဘဲ ပါးပေါ်သို့ မျက်ရည်တွေ တပေါက်ပေါက်နှင့် စီးကျနေသည်။

သူ နွေ့ဘဝကို ခြွေတော့မည်။ အတွေးနဲ့တင် ရှက်ရွံ့ထိတ်လန့်ပြီး နွေ နံရံကိုမှီကျလျက် ပျော့ခွေသွားတော့သည်။

သူ့ရဲ့အနမ်းတွေက နွေ့အတွက် ပူလောင်လွန်းပါတယ် ကိုလေးရယ်…နွေ့ကို လာကယ်လှည့်ပါဦး။

“ဟိတ်…နွေဥသြ”

“ဟိတ်”

သူက နွေ့ပါးတွေကို ပုတ်ပုတ်ပြီး ခေါ်နေပေမယ့် နွေ လောကကြီးနဲ့ လုံးဝ အဆက်အသွယ်ပြတ်သွားခဲ့တော့သည်။

သတိလစ်မေ့မြောသွားသည့်အချိန်ထိ နွေ သူ့ကိုမုန်းတယ်လို့ တတွတ်တွတ် ရေရွတ်နေဆဲ။

နွေ သတိရလာချိန်မှာ မျက်လုံးဖွင့်ကြည့်တော့ အပြာရောင် ညမီးသီး၊ နောက်…သူနဲ့တစ်ခုတင်တည်းဟူသောအသိနှင့် နွေ ထိတ်လန့်တုန်လှုပ်စွာ အိပ်ရာထက်မှ အတင်းကျုံးရုန်းထပြေးတော့-

“နွေဥသြ…မင်း ဘာဖြစ်နေတာလဲ။ ငါ စိတ်ရှည်နိုင်မှုတွေ ကုန်နေပြီ”

"ကျွန်မ တောင်းပန်ပါတယ်။ ရှင် နှိပ်စက်ချင်သလို နှိပ်စက်ပါ။ ဒါပေမယ့် ကျွန်မရဲ့ဘဝကိုတော့ ချမ်းသာပေးပါ"

သူက လဲနေရာကနေ ထထိုင်ပြီး ရယ်လေသည်။ တိတ်ဆိတ်ငြိမ်သက်နေသော အခန်းငယ်လေးထဲမှာ သူ့ရယ်သံက သူမကို ပို၍ ထိတ်လန့်တုန်လှုပ်စေသည်။ သူက ရယ်ပြီး နွေ့ကို အကြာကြီး စိုက်ကြည့်ကာ-

"ဘာလဲ...ချမ်းသာပေးပါ...ဟုတ်လား"

"ကျွန်မ..."

"မတောင်းပန်ပါနဲ့...မင်းရဲ့တောင်းပန်သံက ငါ့ကို လှောင်ပြောင်နေတာ။ ငါတို့မောင်နှမတွေရဲ့အရှုံးကို သရော်နေတာ။ အမှန်က ငါကပဲ မင်းကို လှောင်ပြောင်နေတဲ့သူဖြစ်ရမှာ"

"မဟုတ်ဘူး"

"ဒီလိုအဖြစ်ကို မင်း အရမ်းကြောက်တယ်ပေါ့...ဟုတ်လား။ ငါကတော့ မင်း စိတ်မချမ်းသာရင် ပျော်တယ်"

"ရှင်..."

နွေ ခုတင်ပေါ်ကဆင်းပြေးဖို့ ကြိုးစားသော်လည်း သူက လျင်မြန်စွာ နွေ့လက်ကို ဆောင့်ဆွဲကာ နွေ့ဘဝကို ခြေခဲ့သည်။

"ရှင့်ကို မုန်းတယ်။ ကျွန်မရဲ့အချစ်ကို ရှင် ဘယ်တော့မှ မရစေရဘူး"

♥♥♥





# အခန်း (၁၂)

"ကိုကို ဘာလို့ အဓိပ္ပာယ်မရှိတာတွေကို လုပ်နေရတာလဲ"

"ကိုကို ဘာလုပ်လို့လဲ ညီမလေးရဲ့"

"ညီမလေးက ဒုက္ခိတဖြစ်နေပေမယ့် အားလုံး သိနေတယ် ကိုကို။ ကိုကိုတို့ မော်တီအိမ်မှာ ဖြစ်ပျက်ခဲ့သမျှကို မိုး သိခဲ့ပြီးပြီ။ ဘာလို့ အဲဒီလိုလုပ်ရတာလဲ။ ကိုကိုဟာ မယုတ်မာတတ်ဘဲနဲ့ ဘာလို့ ယုတ်မာပြလိုက်ရတာလဲ။ မရိုင်းစိုင်းတတ်ဘဲနဲ့ ဘာလို့ ရိုင်းစိုင်းပြလိုက်ရတာလဲ"

ညီမလေး သူ့ကို မေးလည်းမေး၊ ပြောလည်းပြောပြီး ငိုလေသည်။ သူညီမလေးရဲ့ပခုံးနှစ်ဖက်ကို အသာဆုပ်ကိုင်ပြီး-

"ကိုကို့ကို ကြည့်စမ်း…ညီမလေး ဒီလို ဒုက္ခတဖြစ်ရတာ ဘယ်သူ့ကြောင့်လဲ။ (၆)နှစ်တောင်ရှိခဲ့ပြီ။ ကုရင်ပျောက်နိုင်ရက်သာနဲ့ ကုဖို့ ပြောမရခဲ့ဘူး။ အစ်ကိုတစ်ယောက်အနေနဲ့ ကိုကို ဘယ်လိုခံစား ရမလဲ။ ညီမလေး မသိခဲ့ဘူးမဟုတ်လား"

ညီမလေးက သူ့မေးခွန်းကြောင့် ခေါင်းငုံ့သွားကာ-

"အဲဒါတွေက မိုး ဆုံးဖြတ်ချက်နဲ့မိုးပါ ကိုကို။ ကောင်းတို့ မောင်နှမနဲ့လည်း ဘာမှမဆိုင်ပါဘူး။ နောက်ပြီး ပြီးခဲ့တာလည်း ပြီးပြီ ဖို့ ဦးကျော်စံနဲ့ပတ်သက်ပြီး ကိုကို မေ့သင့်တာတွေ မေ့လိုက်ပါလို့ မိုး ပြောပါရစေ။ မိုးတို့ဘဝရဲ့ ကံကြမ္မာက ဒီလိုဖြစ်ဖို့ ဖန်လာခဲ့တာကို မိုးတို့က ဘာလို့ ကိုယ့်ကံကြမ္မာကို ပြောင်းပြန်လှန်ဖို့ ကြိုးစားနေရမှာလဲ ကိုကို"

"ငါ့ညီမလေးကတော့ စကားတတ်တယ်ဟေ့"

"စကားမလွှဲလိုက်ပါနဲ့ ကိုကို…အခု ဒီကိစ္စမှာ လုံးဝ သက်ဆိုင်ခြင်းမရှိတဲ့ လူတစ်ယောက် သူ့အနာဂတ်နဲ့သူ ရှိနေတဲ့လူ တစ်ယောက်ကို ကိုကိုက ဖွတ်အတင်း အမွေယူခဲ့တော့ ကိုကိုပဲ အရှုံး ခံရတယ်မဟုတ်လား။ ပြီးတော့ ကိုကိုလည်း မချစ်၊ မနွေလည်း မချစ်တဲ့ ဒီအိမ်ထောင်ရေးက ဘယ်လိုလုပ် သာယာမလဲ"

မိုးရဲ့မေးခွန်းအဆုံး ကိုကိုက သူမ၏ပခုံးကို ဆုပ်ကိုင်ထား… နောက်ဘက်သို့သွားကာ ပိုးချဲလ်ကို ဆုပ်ကိုင်လိုက်ကာ-

"သာယာစရာမလိုဘူး။ သူ့ကို ကိုကို ဘယ်တော့မှ မကွာပေး ဘူး။ ကိုကိုတို့ခံစားရသလို သူလည်း တတိတိနဲ့ ခံစားစေရမယ်"

"ကိုကိုရယ်"





မိုးရိပ်နွယ် ကိုကို့ကို ဘယ်လိုဖျောင်းဖျရတော့မလဲ မသိတော့ ချေ။

ထွန့်ခေါင်ရိပ်ကတော့ အမြွာဖြစ်သော်လည်း သိပ်မဆင်လှသော နွေဉသြကို မြင်ယောင်ကြည့်လိုက်သည်။

သူ နွေဉသြကို ပထမဆုံး စမြင်ရတဲ့နေ့က သူမဟာ အဖြူ အစိမ်းဝတ်စုံနှင့် ဆံထုံးထုံးထားပြီး နှင်းဆီဖြူတစ်ပွင့်ကို ပန်ထားသည်။

ထိုအချိန်တုန်းက တစ်ယောက်ယောက်နှင့်တူတယ်ဟု ထင်သော် လည်း ကောင်းတိနှင့် မောင်နှမဖြစ်မှန်း မသိခဲ့။ နောက်မှ သူမဟာ သူ သိပ်မုန်းလှသော ဦးကျော်စံနဲ့ ကောင်းတိတို့ရဲ့အမျိုးမှန်း သိသော အခါ…။

နွေ မီးဖိုချောင်ထဲဝင်နေချိန် သူ့ကို မတွေ့ရသဖြင့် စိတ်အနည်းငယ် ချမ်းသာရသည်။

သူနှင့် မျက်နှာချင်းဆိုင်ရလျှင် ရန်ဖြစ်လျှင်ဖြစ်၊ ရန်မဖြစ်လျှင် သူက သူမကို အနိုင်ပိုင်းသွားတာမို့ မျက်နှာချင်း မဆိုင်ရလေ ကောင်းလေ။ မနက်က ထထချင်း ဘာမဆိုင်ညာမဆိုင်နဲ့…

"မင်း အလုပ်ထွက်ပစ်လိုက်တော့"

"အို…မဖြစ်နိုင်ပါဘူး။ ဘာလို့ထွက်ရမှာလဲ။ ကျွန်မဘဝကို ရှင်မဟုတ်ဘူး…ကျွန်မရဲ့အလုပ်ထိ လိုက်မချုပ်ချယ်ပါနဲ့"

နွေ ခါးခါးသီးသီး အော်ပစ်လိုက်သည်။ စိတ်ထဲတွင်လည်း ဒီလူ ရန်ဖြစ်စရာအကြောင်း ရှာပြန်ပြီဟု တွေးလိုက်မိသေးသည်။

"အေး…အေး…မထွက်ချင်လည်း မင်းသဘောပါပဲ။ ဒီအိမ် က အလုပ်သမားတွေ ထုတ်ပစ်လိုက်ပြီ။ ထမင်းဟင်းချက်ဖို့၊ အဝတ်

လျှော်ဖို့၊ အိမ်သန့်ရှင်းရေးလုပ်ဖို့…အို…အလုပ်တွေကတော့ အများကြီးပါပဲလေ။ ပြီးတော့ ငါ့ရဲ့ဝေယျာဝစ္စတွေကလည်း ရှိသေးတော့"

နွေ မထိတတိနှင့် ပြောနေသော သူ့ရဲ့မျက်နှာကို ဆွဲကုတ်ပစ်လိုက်ချင်သည်။ သူ ချောသလား၊ မချောသလား မတွေးချင်။ မြင်နေရတာကတော့ သူ့ကို သွားဖြဲပြနေသော ဘီလူးတစ်ကောင်လို မြင်မိသည်။

"ရှင် ဒီလောက်တောင် နိုင်းချင်နေရင်လည်း အခိုင်းအစေတစ်ယောက်ယောက်ကိုပဲ ယူခဲ့လိုက်ပါလား"

"ယူခဲ့တာပဲလေ…မင်းက ငါ့ရဲ့အခိုင်းအစေပဲ"

"လူယုတ်မာ"

နွေ သက်ပြင်းချမိသည်။

သူသည် နွေ ဒေါသမဖြစ်ဖြစ်အောင် စကားစ၍ နွေက ဒေါသဖြစ်လျှင် ရန်ဖြစ်ဖို့ အဆင်သင့်ဖြစ်နေသော ယောကျ်ားမို့ နွေ့ဘက်ကသည်းခံတာမဟုတ်သော်လည်း တတ်နိုင်သမျှ စကားနည်းရန်စဲတော့နေရမည်။

နွေကိုယ်တိုင်ကလည်း ကိုယ့်ဘာသာ ခပ်အေးအေးနေတတ်သူဖြစ်ပြီး အော်ကြီးဟစ်ကျယ် ရန်ဖြစ်နေရသည့်အဖြစ်ကိုလည်း စက်ဆုပ်မိပါသည်။

တကယ်ဆို သူပြောသလို မိဘမကောင်း သားသမီးခေါင်းပဲကိုး။

အဖေဆိုတာ ဘယ်လိုရုပ်ရည်ရှိပါတယ်ဆိုတာ မှတ်မိသိရှိခြင်းမရှိခဲ့သည့်အချိန်က အဖေဆိုတဲ့လူက လသားအရွယ် ကလေးနှစ်ယောက်





မိန်းမသားတစ်ယောက်တည်း ဘယ်လိုလုပ်ကိုင်စားသောက်ရမှာလဲ မတွေးပေးဘဲ ပျော်ရာရှာ ကိုယ်လွတ်ရုန်း ပြေးသွားသူအနေနှင့် နွေတို့က ရင်းနှီးနေခဲ့သည်။

အကြော်ရောင်းသော အမေ့နားမှာ ကူရင်း အမေသာ အမေ၊ အမေသာ အဖေ မှတ်ထင်ခဲ့ရသည့်ဘဝ။ နှစ်ဆယ့်ငါးနှစ်လုံးလုံး အဖေဆိုတာ မမြင်ခဲ့ရဖူးဘဲ လူတစ်ယောက်က အဖေ့ကို လက်စားချေဖို့ သူမတို့မောင်နှမတွေကို စောင့်မျှော်နေသတဲ့။

ကံကြမ္မာက လုပ်ရက်လွန်းသည်။ အဖေဆိုတဲ့လူ ကောင်းစားသမျှ သားသမီးတွေဖြစ်တဲ့ သူမတို့တတွေက မခံစားခဲ့ရဘဲ မကောင်းသမျှကိုတော့ သူမတို့တတွေက အကြွေးဆပ်ပေးရသတဲ့။ လောကကြီးက မတရားလိုက်တာ။

"ဒီမှာ ထွန်းခေါင်ရိပ်…ကျွန်မ ပေးထားတဲ့အနိုင်ဟာ တစ်နေ့ကျရင် ရှင့်အတွက် အရှုံးဖြစ်လာစေရမယ်"

မီးဖိုချောင်ထဲသို့မဝင်ခင် နွေ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး သနပ်ခါးလိမ်းလိုက်သည်။

နွေက သူတစ်ပါးအကျင့်ယုတ်တာနဲ့ လိုက်အကျင့်ယုတ်ဖို့ ဝန်မလေးသော မိန်းမတစ်ယောက်မို့ ဝတ္တရားကလည်း ရှိသေးတာမို့ သူ့အတွက် သွားတိုက်တံ၊ တဘက်၊ အဝတ်အစားအားလုံးကို ပြင်ပေးခဲ့ပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။

ပထမဦးစွာ သူ ဘာပြောပြော မခံစားတတ်အောင် နွေ လေ့ကျင့်ထားရမည်။

တစ်ခါမှ မသိမမြင်ဖူးသော လူတွေအတွက် ချက်ပြုတ်ပေးရ

သည်မှာ နွေ့အတွက် ချက်ခဲ့လှသည်။

ရေခဲသေတ္တာထဲသို့ ဖွင့်ကြည့်တော့ အချိုရည်ဗူးအချို့နှင့် အသားခြောက်အချို့သာ တွေ့ရသည်။

ဒီဘက်နံရံကပ်ဗီရိုကို ဖွင့်ကြည့်တော့ ပေါင်မုန့်ထုပ်ကို တွေ့ရသဖြင့် နွေ့ နှာခေါင်းရှုံ့ကာ ထမင်းအိုးတည်လိုက်သည်။

ပဲပြုတ်သည်ရဲ့အော်သံကြားရသဖြင့် နွေ့ ဝမ်းသာသွားရသည်။ အပေါ်ထပ်သို့တက်ခဲ့ပြီး ပိုက်ဆံအိတ်ယူကာ ပဲပြုတ်ဝယ်လိုက်သည်။ အိမ်ထဲသို့ရောက်တော့ ထမင်းပေါင်းအိုးက ကျက်နေပြီ။

သူတို့မောင်နှမအတွက်ကတော့ ပေါင်မုန့်ထောပတ်သုတ်ပဲ လုပ်ပေးလိုက်သည်။ နွေ့က ထမင်းကလွဲ၍ သားရေစာ သိပ်မမက်လှ။ မနက်ဆို အစာခံသည့် ထမင်းကြော်ကို စားလိုက်ရမှ ကျေနပ်သည်။

လက်ဖက်ခြောက်အိုးနှပ်ပြီး ဆွမ်းတော်ပွဲ ပြင်လိုက်သည်။ ဘုရားခန်းထဲရောက်တော့ ဘုရားစင်က ကြည်ညိုဖွယ်ကောင်းလှသည်။ နွေ့ ဆွမ်းတော်ကပ်ပြီး ပြန်ဆင်းလာတော့ ထွင့်ခေါင်ရိပ်က အောက်ဘက်ရှိ အခန်းတစ်ခန်းထဲသို့ ဝင်သွားသည်။

နွေ့ စားပွဲပေါ်မှာ စားသောက်စရာတွေ ပြင်နေစဉ်မှာ သူတို့ မောင်နှမနှစ်ယောက် ဝင်လာသည်။ နွေ့က ဘီးတပ်ကုလားထိုင်ပေါ်မှာထိုင်နေသည့် မိုးကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိပါသည်။

ငယ်ငယ်ရွယ်ရွယ်နှင့် ဒုက္ခိတဖြစ်ရကာ (၈)နှစ်နီးပါး။ ဤကုလားထိုင်ပေါ်မှာ ထိုင်နေရရှာသည့်ဘဝက သနားစရာ။

မိုးကတော့ သူမကို မကြည့်ဘဲ ကုလားထိုင်မှာ ပြောင်းထိုင်





သည်။ သူမအပေါ် ယုတ်မာရိုင်းစိုင်းဖို့ ဝန်မလေးသော ထွင့်ခေါင်ရိပ်ရဲ့ပုံစံပျောက်ကာ သူ့ညီမလေးကို ထိုင်ခုံပေါ်သို့ တယုတယ ပြောင်းပေးနေသော ထွင့်ခေါင်ရိပ်ပုံစံကလည်း အံ့သြစရာကောင်းပါသည်။

“ကိုကို”

“ဘာလဲ ညီမလေး”

“မိုးက ဒါတွေကို ဘယ်တုန်းက စားခဲ့လို့လဲ”

“ဆောရီး…တို့က မင်းတို့ ဘာကြိုက်တတ်မှန်းမသိလို့။ ပြန်ပြင်ပေးမယ်”

“မုန့်ဟင်းခါး စားမလား ညီမလေး”

သူတို့နှစ်ယောက်က နွေ့ကို ရှိသည်ဟုမထင်ချေ။ နွေလည်း ဘာမှဝင်ပြောဖို့ မကြိုးစားတော့ဘဲ ထမင်းကြော်ကို ငုံ့စားနေလိုက်သည်။ ပဲပြုတ်နှင့်ထမင်းကို ကြော်ထားပြီး အသားခြောက်ဖုတ်ကို မွထားသဖြင့် ဟင်းက ထူးပြီးမလိုချေ။

“ကိုကို မိုးလည်း ထမင်းကြော်စားချင်တယ်”

နွေ့ ပြုံးလိုက်သည်။ သူက နွေ့ကို တစ်ချက်သာကြည့်ပြီး-

“ထမင်းကြော်စားရင် ရင်ပြည့်မှာပေါ့ ညီမလေးရဲ့”

“ဟင့်အင်း…မိုး စားချင်တယ်။ မနွေ…မိုးကို ထမင်းကြော်ပဲ ပြင်ပေးပါ”

နွေ့ ဘာမှမပြောဘဲ ထမင်းကြော်ခူးပြီး မိုးရဲ့ရှေ့သို့ ချပေးလိုက်စဉ်-

“ကလင်…ကလင်”

ဖုန်းမြည်သံကြောင့် နွေ့ သူ့ကိုကြည့်လိုက်သည်။ သူက နွေ့ကို

မော့မကြည့်တဲ့ သူ့ညီမလေးအတွက်ကိုသာ ဂရုတစိုက် လုပ်ပေးနေရင်း

"ဖုန်းသွားနားထောင်လိုက်ပါ နွေဥသြ"

နွေ ဘာမှမပြောဘဲ ဧည့်ခန်းထဲမှာရှိသည့် ဖုန်းဆီသို့ လျှောက်သွားခဲ့သည်။

"ဟယ်လို"

"ရိပ်လား"

အမျိုးသမီးတစ်ယောက်အသံကြောင့် နွေ သူ့ကို လှမ်းကြည့်သည်။ သူက နွေ့ကို ကြည့်မနေပါ။

"မဟုတ်ပါဘူး၊ ဘယ်သူလို့ ပြောပေးရမလဲ"

"မြတ်နိုးလို့...ဒါနဲ့ မင်းက အိမ်ဖော်အသစ်လား...မိဘုတ်လား"

"ခဏကိုင်ထားပါနော်"

ထိုမိန်းကလေးရဲ့မေးခွန်းကို မဖြေဘဲ-

"ထွန်းခေါင်ရိပ်...မြတ်နိုးတဲ့"

နွေ ထမင်းကို ငုံ့စားနေရပေမယ့် စိတ်ကို အတော်ထိန်းချုပ်ထားရပါသည်။ လှကိုများ အိမ်ဖော်လားတဲ့။

နားထောင်နေခြင်းမရှိဘဲနဲ့ကို သူ့ရဲ့စကားသံတွေ၊ သူ့ရဲ့ရယ်သံတွေကို ကြားနေရသည်။

"မဟုတ်ပါဘူး"

"..............."

"ကိုယ့်အတွက် သိပ်အရေးမကြီးတဲ့ကိစ္စမို့ပါ"

"..................."





"လာခဲ့ပေါ့...လေဆိပ်မှာ လာကြိုမယ်လေ။ ပြီးမှ ဟိုတယ် င်ပေါ့"

"..............."

"အိုကေ...ဆီးယူ"

သူ ဖုန်းချပြီး လျှောက်လာတော့ နွေ မတ်တတ်ထရပ်ပြီး ဆောင်ဘက်သို့ ပန်းကန်ဆေးနေလိုက်သည်။

"ချလှမ်"

စားပွဲပေါ်သို့ သော့တွေပစ်ချလိုက်သည့်အသံနှင့်အတူ-

"ဒီမှာ ဗီရိုသော့တွေ။ မင်း ချက်ချင်တာဝယ်ချက်။ ဒါပေမယ့် ညီမလေးက ခြေလေးချောင်းသား မစားဘူး။ ငါကတော့ ဘာစားစား တယ်"

နွေ လှည့်မကြည့်ဘဲ နှုတ်ခမ်းကိုသာ ခပ်ဖိဖိ ကိုက်ထားမိသည်။

♥♥♥

# အခန်း (၁၃)

“ကိုလေး”

စာသင်နေရာမှ ကျောင်းရှေ့ ပိတောက်ပင်အောက်သို့ အကြည့်က အလိုလိုရောက်သွားတော့ မမျှော်လင့်ဘဲ ကိုလေးကို တွေ့လိုက်ရသည်။

သမီးရည်းစားဘဝကတည်းက ကိုလေး နွေ့ကို လာကြိုလျှင် ထိုပိတောက်ပင်အောက်မှာပင် စောင့်နေကျမို့ နွေ့တို့အကြောင်း ပိတောက်ပင်လေးကသာ ပို၍ သိပေလိမ့်မည်။

ကိုလေးရယ်…

နွေ့ ကိုလေးကို ရင်မဆိုင်ရဲဘူး။

စာသင်နေရတာကိုလည်း စိတ်မပါတော့ချေ။ ကိုလေးကတော့ နွေ့ကို လှမ်းမကြည့်ဘဲ ဖြတ်သွားဖြတ်လာ ကားတွေကိုသာ ငေးကြည့်နေရှာသည်။





ကိုလေး ဘာတွေတွေးနေမလဲ…ဒီလအတွင်းမှာ မဖြစ်မြောက်လိုက်ရသော နွေ့နှင့်ကိုလေးတို့ရဲ့မင်္ဂလာပွဲအတွက် ဝမ်းနည်းခြင်းတွေ ဖြစ်နေမလား။ ကိုလေးကို သနားလိုက်တာ။

“ကလောင်…ကလောင်”

ကျောင်းဆင်းခေါင်းလောင်းထိုးသံကြောင့် နွေ့ ကတုန်ကယင် မတ်တတ်ထရပ်မိသည်။

“မင်္ဂလာပါ ဆရာမ”

“မင်္ဂလာပါ”

ကျောင်းသားတွေအားလုံး ထွက်သွားပေမယ့် နွေ့ မထွက်မိ။ နွေ့ ရင်တွေ တထိတ်ထိတ် ခုန်နေသည်။

နွေ့ကို စိတ်မကုန်သေးဘူးလား။ နွေ့ချစ်တဲ့ ကိုလေးရဲ့ရှေ့မှာ ဒီလိုပုံစံနဲ့ နွေ့ မရပ်တည်ပါရစေနဲ့။ နွေ့ သေသွားတာက ကောင်းဦးမယ် ကိုလေး။

“နွေ့”

“ကိုလေး”

ကိုလေးက ကျောင်းခန်းဝဆီသို့ ရောက်လာသည်။ နွေ့ ခေါင်းကို ငုံ့လိုက်စဉ် မျက်ရည်တွေ တဖြောက်ဖြောက် ကျလျက် နွေ့ ခြင်းတောင်းလေးကိုဆွဲပြီး ခေါင်းငုံ့ကာ ကိုလေးရှေ့မှ ခပ်မြန်မြန် ဖြတ်လျှောက်မိသည်။

ကိုလေးက နွေ့ရဲ့လက်တစ်ဖက်ကို မရဲတရဲ ဆွဲကာ-

“နွေ့ ကိုလေးနဲ့တောင် စကားမပြောချင်တော့ဘူးလားကွယ်”

“မဟုတ်ပါဘူး ကိုလေးရယ်…နွေ့က အပြစ်ကျူးလွန်ခဲ့သူ

ဆိုတော့ ကိုလေးရဲ့မျက်နှာကို ဘယ်လိုလုပ်ပြီး ကြည့်ရက်ပါ့မလဲ''

''နွေ့အပြစ်တွေမှ မဟုတ်ဘဲကွယ်…ခဏလေး ကိုလေးတို့ စကားပြောကြရအောင်နော်''

ကိုလေးရဲ့ဆန္ဒကို အမြဲတမ်း အလေးပေးခဲ့သူမို့ မငြင်းဆန်ရက်စွာ ဝိတောက်ပင်အောက်သို့ ပြန်ရောက်ရပြန်သည်။ ကိုလေးက နွေ့ လက်ကို လွှတ်ပေးကာ-

''နွေ့ အရမ်းခံစားနေရမယ်ဆိုတာ ကိုလေး သိတယ်။ သူ ဘာကြောင့် ဒီလိုလုပ်ရသလဲ ကိုယ် လုံးဝကို မစဉ်းစားတတ်တော့ဘူး''

''နွေ့ သိပါပြီ''

''ဟင်…နွေ့ သိတယ်ဟုတ်လား''

ကိုလေးရဲ့အမေးစကားကို ခေါင်းညိတ်ပြီး အတိတ်ကအကြောင်းအရာအချို့တို့ကို အတိုချုံ့ပြောပြလိုက်သည်။

''နွေ့ရယ်''

''ဘယ်လိုပဲဖြစ်ဖြစ် နွေ့…နွေ့လေ ကိုလေးတစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာပါ''

''ကိုလေး နားလည်ပါတယ်ကွယ်။ ကိုလေးလည်း အင်း…မပြောသင့်တော့ပါဘူးလေ''

ကိုလေးက အံကြိတ်ပြီး စကားစ ဖြတ်လိုက်သည်။ နွေ့လည်း ဘာစကားမှမပြောဖြစ်ဘဲ ကိုလေးရဲ့မျက်နှာကိုသာ တစ်ဝကြီး ငေးမိသည်။

ကိုလေးမျက်နှာက အတော်ချောင်ကျသွားသည်။





''ဒေါ်လေးက နွေ့ကို မုန်းသွားလောက်ပြီ ကိုလေးရယ်''

''မမုန်းပါဘူး နွေ့…မေမေကသာ ကိုယ့်ကိုဆူတာလေ''

''ကိုလေးနဲ့ ဘာဆိုင်လို့လဲ''

''ကိုယ်သာ ထွန်းခေါင်ရိပ်နဲ့ မပတ်သက်ခဲ့ရင် နွေ့ ဒီလို သူ့လက်ထဲ ကျရောက်စရာမလိုဘူးလေ။ မေမေကတော့ နွေ့ သည်းမခံနိုင်လောက်အောင် စိတ်ဆင်းရဲရင်လည်း သမီးအဖြစ်နဲ့ အိမ်ပေါ်တက်လာခဲ့ပါတဲ့။ ကိုယ့်ရဲ့သဘောကတော့ ဘာပဲဖြစ်ဖြစ် တည်ပြီးတဲ့အိမ်ထောင်တစ်ခုကို ဘာအတွက်နဲ့မှ မပျက်စီးစေချင်ဘူးကွယ်''

''ကိုလေးရယ်''

သဘောထားပြည့်လှသည့် ကိုလေး…ဒီလို ဆုံးဖြတ်ချက်ချရဖို့ ဘယ်လောက်ထိ ကြိုးစားရမှာလဲ နွေ့ သိပါတယ်။ နွေ့ ရင်ကွဲရပြီ ကိုလေးရယ်…

''သူ နွေ့ကို နှိပ်စက်သလား''

သူ…

နွေ့ ဘာပြောရမှန်းမသိချေ။ နွေ့ဟာ အိမ်ဖော်တစ်ယောက်လိုပဲလို့ ပြောလိုက်လျှင်…ဟင့်အင်း…ကိုလေးကို ဘာမှမပြောရက်တော့။ ကိုလေး ခံစားနေရမှာကို နွေ့ မကြည့်ရက်တော့။

''မနှိပ်စက်ဘူးမဟုတ်လား''

ကိုလေး စိတ်ချမ်းသာအောင် နွေ့ ခေါင်းအသာညိတ်ပြလိုက်သည်။ နွေ့ မျက်ရည်တွေ မထိန်းနိုင်တော့ချေ။ လက်ကိုင်ပဝါနှင့် ဘယ်လိုပဲ တားဆီးသုတ်သုတ် မရချေ။

''ဘာလို့ငိုတာလဲ နွေ့ရယ်…အခုဆို ကိုလေး ညီမလေးဟာ

ပြည့်စုံတဲ့ သူဌေးကတော်တစ်ယောက် ဖြစ်နေပြီပဲ။ ကိုလေး ဝမ်းသာသင့်တာပေါ့"

"ဟုတ်တယ်၊ ခင်ဗျား ဝမ်းသာသင့်တယ်"

"ဟင်"

"ထွန်းခေါင်ရိပ်"

နွေတို့အနားသို့ လျှောက်လာသော သူ့ကို နွေ မုန်းတီးစွာ ကြည့်မိသည်။ သူကတော့ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ ထည့်ကာ အေးအေးဆေးဆေး လျှောက်လာသည်။

"နွေ…နွေ သွားတော့မယ် ကိုလေး"

ကိုလေးက ခေါင်းညိတ်ပြသည်။ နွေ ခေါင်းငုံ့လျက် ထွန်းခေါင်ရိပ်ဘေးက ဖြတ်လာတော့ သူက နွေလက်ကို ဆွဲထားသည်။ ဘယ်လိုမှ ရုန်းထွက်မရအောင် တင်းကျပ်လွန်းတာမို့ ကိုလေးက မျက်စိမျက်နှာပျက်စွာ-

"အေးဆေးပြောကြတာပေါ့ ထွန်းခေါင်ရိပ်…နွေကိုတော့ လွှတ်လိုက်ပါ။ နွေ့လက်တွေ နာနေလိမ့်မယ်"

"အမလေး…နွေက ကျုပ်မိန်းမပါ ကိုမိုးသောက်"

"ကိုယ် နားလည်ပါတယ်"

"ခင်ဗျား နားလည်တယ်ဆိုတာ ဘာလဲ။ ခင်ဗျားကို ကျွန်တော့်မိန်းမနဲ့ မပတ်သက်ပါနဲ့လို့ ကျုပ်ပြောတာ ခင်ဗျား နားမလည်ဘူးလား"

"ကိုယ်…"

"ထွန်းခေါင်ရိပ် ရှင် ဘာမှ ကိုလေးကို အော်စရာမလိုဘူး။ ကိုလေးကို ကျွန်မ ခေါ်ထားတာပါ"





နွေ မခံမရပ်နိုင်စွာဖြင့် ကိုလေးဘက်က ဝင်ပါတော့ သူက နွေ့ကို ခပ်ထေ့ထေ့ပြုံးပြီး စိုက်ကြည့်သည်။

"အရမ်းကို ချစ်နေကြတယ်ပေါ့…ဟုတ်လား"

"နွေ့ကို မဆူပါနဲ့၊ တကယ်တမ်း ကိုယ့်အပြစ်ပါ။ ဟုတ်တယ် ကိုယ် နွေ့ကို လာမတွေ့သင့်ပါဘူးလေ။ နွေဟာ အိမ်ထောင်သည်မှန်း ကိုယ် မေ့သွားတယ် ဆောရီး"

"ကိုလေး"

"ဟုတ်တယ်…အဲဒါကို ခင်ဗျား ဘယ်တော့မှ မမေ့သင့်ဘူး။ ခင်ဗျား နောက်ထပ် နွေဥဩနဲ့ပတ်သက်ဖို့ ကြိုးစားမယ်ဆို ကျုပ် ခင်ဗျားကို မယားခိုးမှုနဲ့ တရားစွဲရလိမ့်မယ်"

"ရှင်"

ပတ်ဝန်းကျင်မှာ လူတွေရှိနေတာမို့ သူ့ရဲ့စကားကြောင့် နွေ ရှက်လည်းရှက်၊ ကိုလေးကိုလည်း သနားစွာ ဘာလုပ်ရှဲဘာလုပ်ရမှန်း မသိဖြစ်နေသည်။

"နွေ… ကိုလေး သွားမယ်၊ ပျော်အောင်နေပါကွယ်"

"ကိုလေး"

နွေ ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ချေ။ မျက်စိမျက်နှာပျက်စွာ ထွက်သွားသည့် ကိုလေးရဲ့ကျောပြင်ကို ကြည့်ပြီး ထွန်းခေါင်ရိပ် လက်ထဲက သူမရဲ့လက်ကို အတင်းရုန်းမိသည်။

သူကလည်း မလွှတ်ဘဲ သူမနှင့်အပြိုင် တင်းမာသောမျက်နှာဖြင့် သူမရဲ့လက်ကို အတင်းဆောင့်ဆွဲခေါ်ခဲ့သည်။

"ကိုလေးရေ…"

"မင်းကို ငါ သတ်ပစ်ချင်လာပြီ နွေဥသြ"

"သတ်ပစ်လိုက်စမ်းပါ...ရှင့်လက်ထဲမှာ နေရတာထက် အသက်သေရတာကမှ မြတ်ပါသေးတယ်။ မုန်းတယ်...ရှင့်ကို မုန်းတယ်။ ကျွန်မကို ကွာပေးပါ။ ရှင့်ကို ကျွန်မ မပေါင်းနိုင်တော့ဘူး"

"ဟာကွာ..."

သူက စိတ်မရှည်စွာ ရေရွတ်ပြီး နွေ့ကိုယ်ကို ကားထဲသို့ ဆောင့်တွန်းထည့်သည်။ နွေ သူ့ကို တဖုန်းဖုန်းမြည်အောင် ထုရိုက်ပြီး တံခါးဖွင့်နိုင်အောင် ကြိုးစားပေမယ့် အလကားပင်။

အိမ်ရောက်တော့ သူက နွေ့လက်ကို အတင်းဆွဲပြီး အပေါ်ထပ်သို့တက်ခဲ့သည်။ အိပ်ခန်းတံခါးကိုဖွင့်ကာ နွေ့ကို တွန်းထည့်ပြီး တံခါးပြန်ပိတ်သွားသည်။

နွေ အိပ်ယာပေါ်မှာ ကြေကွဲစွာ ငိုနေမိတော့သည်။ နွေ့ကို စော်ကားရုံမက ကိုလေးရဲ့သိက္ခာကိုပါ စော်ကားသည့် ထိုလူကို နွေ မုန်းသည်။

ထိုစဉ် အိပ်ခန်းတံခါး ပွင့်သွားပြီး သူ ဝင်လာသည်။ တံခါးကို နောက်ပြန်ပိတ်ပြီး ခုတင်ပေါ်သို့ စာရွက်တစ်ရွက် ပစ်တင်လိုက်ကာ

"ဖတ်ကြည့်"

နွေ ဘာမှမပြောဘဲ စာရွက်ကို ငုံ့ကြည့်မိတော့ နုတ်ထွက်စာ တင်ခြင်း...

"ဟင့်အင်း...မထွက်နိုင်ဘူး။ ရှင် ဘာတွေလုပ်နေတာလဲ"

"မနက်ဖြန်က ငါကိုယ်တိုင် ဒီထွက်စာသွားတင်မယ်။ မင်းလည်း ကျောင်းသွားစရာ ဘာမှမလိုတော့ဘူး။ ငါလည်း စိတ်ရှုပ်မခံ





နိုင်ဘူး"

နွေ သူ့ကို ပြေးရိုက်ရင်း ထုလည်းထုကာ-

"မထွက်နိုင်ဘူး...ရှင် ကျွန်မရဲ့အလုပ်အထိ လိုက်မနှောင့်ယှက်ပါနဲ့"

"သွားလေ...မနက်ဖြန်မနက် မင်း ကျောင်းရောက်တာနဲ့ ငါ့ကိုခတ်ပုံတွေ ထက်မိုးသောက်ဆီ ပို့လိုက်မယ်"

"ရှင့်ကို မုန်းတယ်"

နွေ့ရဲ့လုပ်ပိုင်ခွင့်အားလုံးကို ဘာလို့ ချုပ်ချယ်ရတာလဲ။ အော်ဟစ်မေးပစ်ရင်တောင် သူက သူ့ညီမအတွက် လက်စားချေတာဟု ပြောဦးမည်။

နွေ တံခါးပေါက်ဝမှာ တစ်ယောက်တည်း ထိုင်ပြီး ငိုနေစဉ် သူကတော့ ခပ်အေးအေးပုံစံဖြင့် လေတောင်ချွန်နေလိုက်သေးသည်။ အဝတ်အစားလဲပြီး စာအုပ်တစ်အုပ်ကို ဖတ်နေသည်။

နွေ သူ့မျက်နှာကို မမြင်ချင်လွန်းလို့ အဝတ်အစားပင် မလဲနိုင်ဘဲ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ခြံထဲရောက်တော့မှ စိတ်ကို ထိန်းချုပ်ရသည်။

ယခုတော့ နွေ မက်မောတဲ့အရာတွေ ဘာမှမရှိတော့ချေ။ သူဟာ နွေ့ခံစားချက်များကို ဥပေက္ခာပြုကာ နွေ့ကို အရုပ်တစ်ရုပ်ကဲ့သို့ သဘောထားနေလေသည်။

ဤဝဋ်ကြွေးတွေကြေအောင် နွေ မည်သည့်အချိန်ကာလထိ ပေးဆပ်နေရဦးမည်နည်း။

♥♥♥

# အခန်း (၁၄)

နွေ ထမင်းပိုင်းကို ပြင်ပြီးတာကြာနေပေမယ့် မိုးကို သွားမခေါ်ရဲချေ။ သူက ကောင်းကို စိတ်နာသလို နွေကိုလည်း မုန်းနေနိုင်သည်။

ခါတိုင်းဆို ထွင့်ခေါင်ရိပ်က သွားခေါ်နေကျပေမယ့် ဒီနေ့ သူက အစည်းအဝေးရှိ၍ နေ့ခင်းပြန်လာမည်မဟုတ်ချေ။

မိုးရဲ့အခန်းရှေ့သို့ရောက်တော့ နွေ ငိုင်နေမိသည်။ အတန်ကြာမှ

"ခေါက်…ခေါက်"

"ဘယ်သူလဲ"

"မိုး…မမနွေပါ"

"……………"

"ထမင်းစားကြရအောင်နော်"





"……………………"

နွေ့ဥညြဆိုတာနဲ့ ဘာစကားမှ ပြောစရာမရှိတော့ဘူးလားမိုးရယ်။ တို့မောင်နှမတွေက တို့အမေမကောင်းတာနဲ့ပဲ မုန်းတီးစရာကောင်းတဲ့လူတွေ ဖြစ်နေရသလားကွယ်။

"ဆယ့်နှစ်နာရီထိုးတော့မယ်…ဗိုက်မဆာသေးဘူးလား"

"ကိုကိုကော"

မိုးရိပ်နွယ်က နွေ မေးခွန်းကိုမဖြေဘဲ သူမေးချင်တာ မေးလေသည်။

"သူ အလုပ်များနေလို့တဲ့…ညီမလေး ထမင်းစားပြီးရင် ဖုန်းပြန်ဆက်ပါတဲ့။ ထမင်းစားရအောင်လေ"

အတော်ကြာသည်အထိ ဘာသံမှမကြားရတော့။ ထို့နောက် ဘီးလှိမ့်သံတိုးတိုးကို ကြားရသဖြင့် နွေ အနည်းငယ် ဝမ်းသာသွားသည်။

"ကျွီ"

တံခါးဖွင့်ပြီး မိုးလေးက ရှေ့ဆက်ထွက်မလာချေ။ ဂါဝန်ပန်းနုရောင်လေးနှင့် ချစ်စရာကောင်းသော မျက်နှာလေးက ဘယ်လိုမှ ချစ်ဘဲ မနေနိုင်ချေ။

သူက နွေ့ရဲ့မျက်နှာကို အကြာကြီး ငေးကြည့်ရင်း ငြိမ်နေသည်။ နွေ မိုးရဲ့နောက်သို့ လျှောက်သွားပြီး တွန်းလှည်းလေးကို ကိုင်လိုက်ပြီ-

"ကျေးဇူးပြုပြီး မနွေ့ရဲ့လက်ကို ဖယ်လိုက်ပါ"

"အို"

နွေ့ အေးစက်စွာ ထွက်ပေါ်လာသောလေသံကြောင့် မွေ့ ယိုင်ခနဲ ဖြစ်သွားသည်။

"မိုးဘာသာ သွားပါ့မယ်"

"ကောင်းပါပြီကွယ်"

နွေ့ ဘာတတ်နိုင်မည်နည်း။ ဒုက္ခိတတစ်ယောက်ဖြစ်နေတာ့ အရာရာ စိတ်မရှည်သည်းမခံနိုင်တာကို နွေ့ နားလည်ပေးနိုင်ပါသည်။

ထမင်းဝိုင်းရှေ့သို့ရောက်တော့ နွေ့ ဗိုးချဲလ်ပေါ်မှ ကုလားထိုင်ပေါ်သို့ ပြောင်းတင်ပေးတော့ နွေ့မျက်နှာကိုမကြည့်ဘဲ-

"ကျေးဇူး"

"ရပါတယ် ညီမလေးရယ်...မမတို့တစ်တွေက သူစိမ်းတွေ မဟုတ်ဘဲ။ ဘာမှအားနာစရာ မလိုပါဘူး"

သူလေးက နွေ့ကို အကြာကြီး ငေးနေပြီး ထမင်းကို တို့ကနန်း ဆိတ်ကနန်း စားနေသဖြင့်-

"ထမင်းစားလို့ မကောင်းဘူးလား...မိုး"

"ကောင်းပါတယ်"

"ချက်ရတဲ့ မမ စိတ်ချမ်းသာအောင် စားပါ ညီမလေးရယ်... ဘာစားချင်လဲ...မုန့်ဟင်းခါး စားချင်သလား၊ ကြာဇံစားချင်သလား ကြိုက်တာပြော...မမ ချက်ကျွေးမယ်။ ဒီအိမ်မှာ လူလေးနှစ်ယောက် တစ်ပိုင်းရှိတာ တစ်ယောက်နဲ့တစ်ယောက် စကားမပြောဘဲ နေရတော့ တစ်ခုခု လိုနေသလိုပါပဲကွယ်"

နွေ့က စကားမရှိစကားရှာပြောပေမယ့် မိုးက ဘာတစ်ခွန်းမှ ဝင်ပြောခြင်းမရှိပေ။





"မမတို့မောင်နှမတွေကို မုန်းနေသလား မိုးရယ်"

နွေ့က မအောင့်နိုင်စွာ မေးလိုက်တော့ သူလေးက ဆတ်ခနဲ တုန်ကာ ဖျတ်ခနဲ မော့ကြည့်လေသည်။ တော်တော်ကြာမှ အကြည့် လွှဲကာ-

"ကိုကို့ကို ချစ်လား" တဲ့။

နွေ့ အံ့သြတုန်လှုပ်စွာ မိုးကို ကြည့်လိုက်ပေမယ့် မိုးက နွေ့ရဲ့ အကြည့်ကို ရှောင်လွှဲနေသည်။ နွေ့ သက်ပြင်းချလိုက်သည်။ ဘာ ကြောင့် ဒီရဲ့မေးခွန်းကို မေးသလဲ၊ စဉ်းစား၍မရချေ။

"မိုးကို မမ ချစ်တယ်"

မမျှော်လင့်သောအဖြေစကားကြောင့် မိုးက ဆတ်ခနဲ တုန်သွား ကာ မျက်နှာငံ့သွားသည်။

နွေ့တို့နှစ်ယောက်ပုံစံက စကားစစ်ထိုးနေသလို ဖြစ်နေသည်။ နွေ့က ထမင်းဆက်စားချင်စိတ် မရှိတော့သော်လည်း ထိုင်ရာမှ မထဖြစ်။ မိုးကလည်း ထမင်းမစားတော့ပေမယ့် ဇွန်းကို ကိုင်ထားဆဲ ပင် ဖြစ်သည်။

နွေ့စိတ်ထဲမှာ ရှုပ်ထွေးနေတာက ထွန်းခေါင်ရိပ်ကို နွေ့ ဘာလို့ လက်ထပ်ခဲ့ရသလဲ မိုးက မသိလို့ ဤမေးခွန်းကို မေးတာလား။ သိရက်နှင့် မေးနေတာလား။

တကယ်ဆို နွေ့နှလုံးသားထဲမှာ သိတတ်စအရွယ်ကတည်းက နေရာယူနေခဲ့သူမှာ ကိုလေး ဖြစ်သည်။ ကိုလေးကလွဲ၍လည်း အခြား ယောကျ်ားတစ်ယောက်ကို ကြိုက်ရကောင်း၊ စိတ်ဝင်စားရကောင်းမှန်း မသိပါ။

သို့သော် အိမ်ထောင်သည်တစ်ယောက်ဖြစ်သော နှေ့က ကိုလေးကို တမ်းတခြင်းသည် မသင့်တော်တော့ချေ။ ထွဋ်ခေါင်ရိပ်ကို နှေ့က ဘယ်တော့မှ ချစ်လာမှာမဟုတ်သလို ထွဋ်ခေါင်ရိပ်ကိုယ်တိုင်က နှေ့ကို ကြေညာခဲ့သည်။ နှေ့ဆိုသောမိန်းမတစ်ယောက်ကို ဘယ်တော့မှ ချစ်မှာမဟုတ်တဲ့။

သူနဲ့နှေ့ကြားမှာ ချည်နှောင်ထားသည့်အရာ ဘာမှမရှိ။ သူကသာ နှေ့ရဲ့လွတ်လပ်ခွင့်၊ နှေ့ရဲ့ဘဝကို သွန်လိုသွန် မှောက်လိုမှောက် လုပ်လိုသော်လည်း နှေ့ဘက်က သူ့လုပ်ရပ်အတွက် ဘာမှ စောဒက တက်ခွင့်မရှိပေ။

"မနှေ့မှာ ချစ်သူရှိခဲ့တယ်ဆို"

"ဟင်…မိုး ဘာမေးတာလဲ"

"ကိုကိုက ပြောတာပါ။ မနှေ့မှာ လက်ထပ်ဖို့ရည်စူးထားတဲ့ ချစ်သူရှိတယ်တဲ့။ အဲဒါ ဟုတ်လား"

နှေ့ မိုးကို ကြည့်လိုက်သည်။ ဖြူစင်သောမျက်ဝန်းတွေရဲ့ အကြည့်တွေထဲမှာ သူ့အစ်ကိုလို ဒေါသတွေ၊ အာဃာတတွေ ရှိမနေချေ။

ဖြူစင်ရိုးသားသော ရုပ်သွင်လေးကို နှေ့ ငေးရင်း–

"ဒါတွေက ဒီအချိန်မှာ ပြောသင့်တဲ့စကားတွေ မဟုတ်တော့ပါဘူး မိုး…မြန်မာမိန်းမတစ်ယောက်အနေနဲ့လည်း ရည်းစားဦးအကြောင်းကို အိမ်ထောင်သည်မိန်းမတစ်ယောက်က နှစ်နှစ်သက်သက်ပြောနေတာကလည်း ကာမသုမိစ္ဆာကံ ကျူးလွန်ရာကျပါတယ်"

"သြော်…ဒါဆို တကယ်ရှိခဲ့တာပေါ့"





နှေ့ ဘာမှမပြောတော့ဘဲ ခေါင်းညိတ်ပြလိုက်သည်။ သူလေးက နှေ့အဖြစ်ကို ကရုဏာသက်သလိုကြည့်ပြီး သက်ပြင်းချလေသည်။

နှေ့က မိုး လွှတ်ချလိုက်သောဇွန်းနှင့်ပန်းကန်ကို ယူပြီး သူမရဲ့ ပန်းကန်တွေနှင့် ပေါင်းဆေးလိုက်သည်။ နောက်ဘက်ဆီမှာ ထွက်သွားသံလည်း မကြားရသေး။ ဆေးပြီးသော ပန်းကန်များကို ရေစင်အောင်ခါပြီး ပန်းကန်စင်မှာ မှောက်လိုက်သည်။ ဟင်းတွေကို သေချာသပ်ရပ်အောင်ခပ်ပြီး အုပ်ဆောင်းအုပ်လိုက်သည်။

"ကိုကို့ကို စိတ်မဆိုးပါနဲ့။ ကိုကိုက မိသားစုကို အရမ်းခင်တွယ်တဲ့သူလေ။ ဦးကျော်စံဆိုတဲ့လူကလည်း မိုးတို့ရဲ့မိသားစုကို သေကွဲကွဲအောင် လုပ်ပစ်ခဲ့တာကိုး…အဲဒီလူကြီးရဲ့လုပ်ရပ်ကို ဘယ်သူက ခွင့်လွှတ်ပေးနိုင်မှာတဲ့လဲ"

ကိုယ်မမြင်ဖူးလိုက်သော ကိုယ့်အဖေရဲ့အကြောင်းကို ပြောနေသဖြင့် သူမ ဘာဝင်ပြောရမှန်းမသိ။ မဟုတ်ပါဘူးဟု ငြင်းရလောက်အောင်လည်း ကိုယ့်အဖေက သူတော်စင်တစ်ယောက်မဟုတ်ခဲ့တာကို သူမ သိသည်လေ။

"နောက်ပြီး ကိုကိုက မိုးကိုလည်း အရမ်းချစ်တယ်လေ။ လောကကြီးထဲမှာလည်း တွယ်တာစရာဆိုလို့ ဒီမောင်နှမနှစ်ယောက်ပဲရှိတာမဟုတ်လား။ မိုးပျော်ရင် ကိုကို ပျော်တယ်။ မိုး ဝမ်းနည်းရင် ကိုကို ဝမ်းနည်းတယ်။ ဒါကြောင့်လည်း အခုလို မဖြစ်သင့်တာတွေ ဖြစ်လာရတာလေ။ ဒါကြောင့် အပြစ်တင်ချင်တယ်ဆိုရင် မိုးကိုလည်း ရောပြီး အပြစ်တင်လိုက်ပါ။ ကိုကို့မှာရှိတဲ့အပြစ်ဟာ ညီမတစ်ယောက်ကို ချစ်လွန်းလို့ ကျူးလွန်မိတဲ့အပြစ်ပါပဲ မနှေ့"

"ကောင်းကိုကော ကောင်းအကြောင်းကိုကော မမနွေ့ကို မေးဖို့ ဆန္ဒမရှိဘူးလား မိုးရယ်"

"ကောင်း" ဆိုတဲ့နာမည်ကြားတော့ မိုးက ဆက်မဆွေးနွေးချင်တော့သည့်ပုံစံနှင့် ဗိုးချဲလ်ပေါ် တွဲတင်ပေးစေသည်။ ဗိုးချဲလ်ပေါ် ရောက်တော့ ဘီးတွေကို ကိုယ့်ဘာသာ ဆွဲလှည့်ပြီး နွေ့ကို မော့မကြည့်တော့ဘဲ -

"ကောင်းအကြောင်း ပြောလည်းမပြောနဲ့၊ ကြားလည်းမကြားချင်ဘူး။ ကောင်းနဲ့ပတ်သက်ခဲ့တဲ့ အရာအားလုံးကို မိုး မေ့ပစ်ခဲ့တာ ကြာပါပြီ"

နွေ့ကို လှည့်မကြည့်တော့ဘဲ ဗိုးချဲလ်ကို တွန်း၍ မိုးသည် သူ့ အခန်းထဲသို့ ဝင်သွားလေသည်။

နွေ့ကိုယ်တိုင် အပေါ်ထပ်သို့ အပြေးတစ်ပိုင်း တက်ခဲ့သည်။ နွေ့ရဲ့အဝတ်ဗီရိုထဲတွင် သိမ်းထားသော ဇလာစာအုပ်ကလေးကို တုန်ယင်နေသောလက်ကလေးနှင့် ကိုင်လိုက်သည်။ ဆယ်ကျော်သက် လူငယ်လေးတစ်ယောက်ရဲ့ ရင်ဖွင့်သံများ ဤစာအုပ်ထဲတွင် ရှိနေခဲ့သည်။

ဤစာအုပ်ကို ဖတ်ပြီး မိုးရဲ့စိတ်တွေ အနည်းငယ် ငြိမ်းအေးသွားလျှင် နွေ့ ကျေနပ်သည်။

နွေ့ ဇလာစာအုပ်လေးကို ဆုပ်ကိုင်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့ကာ မိုးရဲ့အခန်းရှေ့သို့ ရပ်လိုက်သည်။

"ဒေါက်...ဒေါက်"

"................"



"မိုး...မမနွေ့ပါ"

"မိုးတစ်ယောက်တည်းပဲ အေးအေးဆေးဆေး နေချင်ပါတယ်။ မနွေ့ ကျေးဇူးပြုပြီး နောက်မှပြောပါ"

"အရေးကြီးလို့ပါ မိုးရယ်"

"......................."

"မမ တောင်းပန်နေတာပါကွယ်...ခဏလေးပဲ ဖွင့်ပါ"

"ကျွိ"

မိုးရဲ့ပုံစံသည် ငိုထားသည့်ဟန်။ သူမ တံခါးခေါက်လိုက်သဖြင့် မျက်ရည်များကို ဖြစ်သလိုသုတ်ထားသော်လည်း ပါးပြင်ထက်၌ ရွှန်းထင်းနေသော မျက်ရည်အချို့ကို မြင်ဖြစ်အောင်မြင်ပါသည်။

"ဘာပြောစရာရှိသလဲ မနွေ့"

"ကောင်း"

"ကောင်းအကြောင်းဆိုရင် မပြောပါနဲ့ မနွေ့၊ မိုး မရိုင်းပါရစေနဲ့"

"ဒီတစ်ခါ ကောင်းနဲ့ပတ်သက်ပြီး ပြောတာ နောက်ဆုံးပါပဲကွယ်...မိုးက ကောင်းကို ရှိနေသေးတယ်လို့ ဒီနေ့အချိန်ထိ ထင်နေတုန်းကိုး"

"...................."

"မောင်လေး လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက မရှိတော့တာပါကွယ်"

"မရှိတော့တာ...မရှိတော့တာဆိုတော့ ဘယ်သွားလို့လဲ"

မိုးရဲ့မေးခွန်းကြောင့် နွေ့ ပို၍ငိုချင်လာသည်။

"မောင်လေးက မိုးကို ချစ်ခဲ့ပါတယ်ကွယ်။ မိုး သူ့အပေါ် စိတ်ယိုင်နေမှန်းသိရက်နဲ့ ဥပေက္ခာပြုနေတာက အခြေအနေအဆင့်အတန်း ခြင်း မတူလို့ပါ။ ဒါကြောင့် ဆယ်တန်းအောင်စာရင်းထွက်တော့ ဘယ်သူ့ကိုမှ မပြောမဆို မတိုင်ပင်ဘဲ ယိုးဒယားကို ထွက်သွားတယ်လေ။ လူငယ်ဆိုတော့ ဖြစ်နိုင်တာမဖြစ်နိုင်တာ မစဉ်းစားဘူး။ သိပ် စိတ်ကူးယဉ်ဆန်ခဲ့တယ်လေ။ သူ့ရည်ရွယ်ချက်ကတော့ တစ်ရပ်တစ်ရွာမှာ ပိုက်ဆံတွေရှာ၊ သူဌေးဖြစ်လောက်အောင် ရှာမယ်။ ပြီးမှ ညီမလေးဆီကို လာမယ်ဆိုပြီးတော့လေ..."

"ဟင်...အဲဒါတွေက တကယ်ပဲလား...မိုး ယုံအောင်ပြောနေတာ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးကွယ်...မယုံရင် အဲဒီစာအုပ်ကို ဖတ်ကြည့်ပါကွယ်။ မောင်လေးမသွားခင် ရေးခဲ့တဲ့စာတွေ အဲဒီထဲမှာ ရှိပါတယ်။ ဟိုရောက်တော့ ရသမျှအလုပ်တွေကိုလုပ်၊ ပိုက်ဆံတွေကို မစားရက်မသောက်ရက် စုထားသမျှ မောင်လေး အသတ်ခံရတယ်"

"ရှင်"

မိုးသည် ပိုးချဲလ်ပေါ်မှာ ထိုင်နေ၍သာ တော်တော့သည်။ လက်နှစ်ဖက်က တန်းတွေကို တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး နွေ့ကို မြူးကြောင်စွာ ကြည့်နေသည်။

"ဘယ်သူသတ်မှန်းလည်း မသိရဘူး။ စုဆောင်းထားသမျှ ပိုက်ဆံလည်း ယူစ်ရဲ့ မမတို့အတွက် အစစအရာရာ နာစရာတွေကြည့်ပါပဲ။ အဲဒါက ဘာသင်ခန်းစာရသွားခဲ့သလဲဆိုတော့ တရားမဝင်သွားခဲ့တဲ့အလုပ်သမားတစ်ယောက်ရဲ့ အမှုလုပ်မယ်ဆိုရင်လည်း ကိုယ့်





ဘက်ပဲ တရားခံဖြစ်မှာပဲဆိုတော့ ဒီတိုင်းပဲ ပြီးလိုက်ရတယ်လေ"

"ဖြစ်မှဖြစ်ရလေ ကောင်းရယ်"

နွေ့ တံခါးလေးကို အသာပိတ်ပေးလိုက်သည်။ ကျန်တာတော့ မိုး စာအုပ်ကို ဖတ်ခြင်းဖြင့် သိနိုင်ပေမည်။

နွေ့တို့မောင်နှမနှစ်ယောက်စလုံးက ဖေဖေ့ကိုတူ၍ ချောခဲ့ခြင်းဖြစ်ကောင်းဖြစ်မည်။ ကံကောင်းတာက တစ်ခုက မေမေကဲ့သို့ ရိုးသားဖြူစင်သော စိတ်နေစိတ်ထားကို ပိုင်ဆိုင်ခဲ့ရသဖြင့် နွေ့တို့မောင်နှမနှင့် ပတ်သက်၍ မေမေ ဘယ်တော့မှ မျက်နှာမငယ်ခဲ့ရချေ။

အဲဒီနေ့က ထွန်းခေါင်ရိပ် ပြန်လာသည့်အချိန်ထိ ပြဿနာမဖြစ်သေး။

"ညီမလေး ထမင်းထွက်စားရဲ့လား"

"စားပါတယ်"

ညနေ ထမင်းစားဖို့ ထမင်းဝိုင်းပြင်သည့်အချိန်မှ ပြဿနာက စလေသည်။ မိုးကိုသွားခေါ်သည့်လူက မိုးမပါဘဲ ပြေးထွက်လာကာ

"နွေ့ညီ မြန်မြန်လာစမ်း"

အလောတကြီးခေါ်သံကြောင့် နွေ့ ခေါင်းနပန်းကြီးသွားသည်။ မိုး ပြောပြလိုက်သလား...ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ရတော့မှာပေါ့။

မိုးအခန်းထဲရောက်တော့ ထွန်းခေါင်ရိပ်က မိုးကို ပွေ့ထားရင်း-

"ညီမလေး သတိလစ်နေတာ မင်း မသိဘူးလား"

"ဟင့်အင်း...ထမင်းစားပြီး အခန်းထဲဝင်သွားတာ အကောင်းပါပဲ"

နွေ့မှာ ရေရာသေချာအောင်လည်း ဖြေလို့မရတော့ သူဆက်နိုင်း

သည့်ဖုန်းနံပါတ်သို့ ဆက်လိုက်ရသည်။

မိုးလေးကို ကုနေကျဆရာဝန်က ချက်ချင်းရောက်လာခဲ့သည်။ ထွဋ်ခေါင်ရိုပ်က နွေ့ သူ့ညီမကို သေချာဂရုမစိုက်ဘူးဟုဆိုကာ ဘောက်တခေါက်ခေါက်နှင့် ဖြစ်နေသည်။

မိုး တစ်ခုခုဖြစ်သွားလျှင် သူမရဲ့ပယောဂ မကင်းတာကိုတော့ နွေ့ လက်ခံပါသည်။

ပုလင်းကြီးချိတ်၊ ပလက်ရှာတိုင်းပြီးမှ ဆရာဝန်က-

"သွေးခုန်နှုန်းတွေ မြန်သွားတာပါ ကိုရိုပ်…ဒီလို ခဏခဏ ဖြစ်တာတော့ မကောင်းဘူး။ နောက်ဆို အသက်အန္တရာယ်တောင် ထိခိုက်စေနိုင်ပါတယ်"

"ကျွန်တော် စိတ်အရမ်းပူသွားတာပဲ အန်ကယ်…အခုကော ညီမလေး စိတ်ချရပြီလား။ ညီမလေး သတိရတော့မလား"

"စိတ်အရမ်းကြီး မပူပါနဲ့…မကြာခင် သတိရလာပါလိမ့်မယ်။ လိုအပ်ရင် ဖုန်းဆက်ပါ…အားမနာပါနဲ့"

"ကျေးဇူးပါပဲ အန်ကယ်ရာ"

"ရပါတယ်ကွာ…ပြောရမယ့်လူတွေလား"

ဆရာဝန်ကို လိုက်ပို့ပြီးသောအခါ သူက နွေ့ဆီသို့ လျှောက်လာသည်။ ပြီးတော့ နွေ့ ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး-

"မင်း မုန်းတီးအောင်လုပ်ခဲ့တာက ငါပါ။ အပြစ်မရှိတဲ့ ငါ့ ညီမလေးကို ပြန်ပြီး လက်စားချေဖို့ မကြိုးစားပါနဲ့ နွေဥသြ"

"ရှင်ဟာ အရူးပဲ"





နွေ့ သူ့မျက်နှာတည်တည်ကို စိုက်ကြည့်ကာ အရူးပဲဟု ချစ်ပျစ် နှစ်နှစ် ပြောကာ သူ့ကို ဆောင့်တွန်းပြီး ထွက်လာခဲ့သည်။

သူများသားသမီးကိုကျတော့ ကလဲ့စားချေဖို့ လက်ထပ်ခဲ့ပြီး ကိုယ့်ညီမလေးကိုတော့ သိတတ်လိုက်တာ။ တရားကျစရာကောင်း ကြိုက်တာ ထွဋ်ခေါင်ရိုပ်ရယ်…။

♥♥♥

# အခန်း (၁၅)

နောက်ဆုံးရလဒ်တစ်ခုကတော့ သူ ဘယ်ဆီကိုပို့ထားမှန်းမသိသော ဦးညို၊ မိဘုတ်နှင့် နောက်ထပ် အဒေါ်ကြီးတစ်ယောက် ပြန်ရောက်လာခဲ့သည်။

သူကတော့ နွေကို သူညီမလေး လုပ်ကြံမည့်သူအဖြစ် စွပ်စွဲလေသည်။

ဒီနေ့ကျတော့ တနင်္ဂနွေနေ့မို့ သူ ဘယ်မှမသွားချေ။ နွေကလည်း မေ့မနေပါ။

သူနှင့်နွေကြားမှာ ပြောစရာ ပတ်သက်စရာ ဘာမှမရှိသဖြင့် သူလည်း သူ့ဘာသာသူနေ၊ နွေလည်း နွေဘာသာနွေနေသည်။ ယခုလည်း အလုပ်တစ်ခုမရှိလျှင် မနေတတ်သော နွေက အပေါ်ထပ်တစ်ခုလုံးကို တိုက်ချွတ်သန့်ရှင်းရေးလုပ်နေပါသည်။





သူကတော့ အားလျှင် မိုးရဲ့အခန်းဆီသို့ ရောက်ကာ မိုး မပျင်းရအောင် ရယ်မောစရာများ ပြောပြနေတတ်သည်။ နွေအပေါ် ခက်ထန်ပသောသူက မိုးအတွက်တော့ အစ်ကိုကောင်းတစ်ယောက်ဆိုလျှင်ပည်း မမှားချေ။

"ဒီဘက်ကို ပြောင်အောင်တိုက် မိဘုတ်"

"မမက အလုပ်အရှမ်းလုပ်တာပဲ"

"ကိုယ့်အိမ်အလုပ်ပဲ မိဘုတ်ရယ်...ကိုယ်မှမလုပ်ရင် ဘယ်သူလုပ်မလဲ"

"ဒေါ်ကြီးကတော့ မမကိုကြည့်ပြီး မိဘုတ်ကို ဆူတယ် မမရဲ့"

"ဟင်...ဘာဖြစ်လို့လဲကွဲ့"

"အစားများများစားပြီး အလုပ်နည်းနည်းပဲလုပ်လို့တဲ့"

"သြော်...ဟင်း...ဟင်း"

ဝတုတ်တုတ်နှင့် လုံးလုံးလေးဖြစ်နေသည့် မိဘုတ်ကိုကြည့်ပြီးနွေ ရယ်မိသည်။ ဒါပေမယ့် မိဘုတ်က စိတ်ဆိုးပုံလည်းမရချေ။

"မိဘုတ်...မိဘုတ်"

"ဟော...ခေါ်နေပြီ...သွားလိုက်ဦး"

"ဟုတ်ကဲ့"

ပြေးထွက်သွားသော မိဘုတ်ကို ကြည့်ရင်း နွေ ရယ်မိသည်။ မိဘုတ်က ပျင်းတာမဟုတ်ပေမယ့် မနိုင်းရင်တော့ မလုပ်ချေ။ နိုင်းလျှင်တော့ ဘာနိုင်းနိုင်း ဖင်ပေါ့ပေါ့နှင့် လုပ်တတ်သည်။ တစ်ခါတစ်ရံ အလွဲလွဲအချော်ချော် ဖြစ်တတ်တာကလွဲလို့ပေါ့။ ဆယ့်သုံးနှစ်အရွယ်မို့ ကလေးစိတ်ကလည်း မပျောက်သေးချေ။

နွေ ရေချိုး၊ သနပ်ခါးလိမ်းနေတဲ့အခါတွေမှာ သူ့ကိုလည်း သနပ်ခါးလိမ်းပေးဖို့ တောင်းဆိုတတ်သည်။

ဘာပဲဖြစ်ဖြစ် ထွန့်ခေါင်ရိပ်အပေါ် မုန်းတီးနေတာကလွဲ၍ ဤအိမ်၌ နွေအတွက် အသားကျပြီဟု ပြောနိုင်သည်။

ကြမ်းတိုက်ဝတ်ကို ရေပုံးထဲထည့်ပြီး ရေညှစ်နေစဉ် မိဘုတ်က အပေါ်ထပ်သို့ တက်လာကာ-

''မမ…မမ''

''ဟော…လာပါ…အမောတကောနဲ့''

''အစ်ကိုလေးက ခေါ်နိုင်းလို့ မမရဲ့''

မိဘုတ်စကားကြောင့် နွေ မျက်မှောင်ကုတ်သွားရသည်။

''ဟဲ့…ဘာကိစ္စရှိလို့လဲ''

''ညှိသည်ရောက်နေလို့''

''ငါရှိမှဖြစ်မှာမို့လား…မိဘုတ်ရဲ့…ညှိသည်က ဘယ်သူမလို့လဲ''

''မမြတ်နိုးလေ''

ဟိုတစ်ခါ ဖုန်းထဲကနေ သူမကို အိမ်ဖော်လားဟုမေးသော အမျိုးသမီးကို နွေ သတိရလိုက်သည်။ လူတော့ မမြင်ဖူးသေးပေမယ့် ဖုန်းထဲမှာတော့ သင်းနေသည်။

''အရင်တုန်းကတော့ အစ်ကိုလေးဆီကို နေ့တိုင်း လာနေကျ''

''ကဲ…တို့သွားလိုက်မယ်၊ ညည်း ဆက်တိုက်ထားလိုက်နော်''

မိဘုတ်ရဲ့စကားကို နားဆက်မထောင်တော့ဘဲ ထွက်လာခဲ့သည်။ သူတို့ဘာသာ ဟိုးအရင်ကတည်းက ချစ်သူဖြစ်ဖြစ်၊ ဒီနေ့အချိန်ထိ ချစ်နေသေးသူဖြစ်ဖြစ် နွေ ဂရုမစိုက်ပါ။ သက်ဆိုင်သည်ဟုလည်း နွေ ဘယ်သူမှမမှတ်ပါ။





နွေ အောက်ထပ်သို့ဆင်းလာတော့ ညှိခန်းမှာ စကားပြောနေသည့် နှစ်ယောက်စလုံး လှည့်ကြည့်လာသည်။

''ကျွန်မကို ခေါ်တယ်ဆို''

''ဒီမှာ ညှိသည်အတွက် အအေးတစ်ခုခု လုပ်ပေးပါ။ နောက်ပြီး မြတ်နိုးက ဒီမှာ နေ့ခင်း ထမင်းစားလိမ့်မယ်''

နွေ ဘာမှမပြောဘဲ မီးဖိုချောင်ထဲသို့ ဝင်လာသည်။ နောက်ဘက်မှ စကားသံကို ကြားဖြစ်အောင် ကြားလိုက်ပါသေးသည်။

''ရိပ် အမျိုးသမီးကလည်း ဘယ်လိုလဲ၊ ဆက်ဆံရေး ကျဲလှချည်လား။ တို့က နှုတ်ဆက်ဖို့ဟာ နည်းနည်းလေးမှ လှည့်မကြည့်ဘူး…ရိုင်းလိုက်တာ''

''ဆောရီးပဲ မြတ်နိုး…သူက ဒီလိုပဲ''

ထွန့်ခေါင်ရိပ်ရဲ့စကားကြောင့် နွေ နှုတ်ခမ်းကို လှပစွာ မဲ့လိုက်သည်။ 'သူက ဒီလိုပဲ' တဲ့။ ဘယ်လိုပါလိမ့်။ ကိုယ့်ကိုယ်ကိုတောင် မဝေဖန်တတ်ချေ။

''ပေး…မနွေ ကျွန်မ သွားပို့လိုက်ပါ့မယ်''

''ကျေးဇူးပဲ''

အလိုက်တသိ ပြောလာသော ဒေါ်ကြီးရဲ့လက်ထဲ အအေးဗန်း ထည့်ပေးပြီး နွေ သက်ပြင်းချလိုက်သည်။ သူတို့နှင့်နွေ ရင်မဆိုင်ချင်ပါ။

''နွေဦးသြက ဘာလို့ လာမပေးတာလဲ''

ထွဋ်ခေါင်ရိပ်ရဲ့မေးသံကြောင့် နွေ ခေါင်းထောင်သွားစဉ်-

"မနွေက ဟင်းချက်ဖို့ ပြင်နေပါတယ် အစ်ကိုလေး"

ဒေါ်နုရဲ့စကားကြောင့် နွေ စိတ်သက်သာရာရသွားသည်။ ဟင်းချက်တော့ မိဘုတ်ကလည်း လာကူသည်။ ဝက်သားနှင့်ပုန်းရည်ကြီးချက်၊ ခြေလေးချောင်းသားမစားသော မိုးအတွက်က ငါးကြင်းဆီပြန်၊ သီးစုံချဉ်ရည်ဟင်းတစ်ခွက်၊ အစိမ်းကြော်၊ ငါးပိရည်၊ တို့စရာအစုံအလင်နှင့် အားလုံး ချက်ပြုတ်ပြီးသောအခါ နွေ တစ်ကိုယ်လုံး ချွေးတွေ ရွှဲနေတော့သည်။

သူတို့စားသောက်ဖို့အတွက် အားလုံး သေချာပြင်ဆင်ပြီးမှ-

"နင်တို့ အစ်ကိုလေးကို သုံးဆောင်လို့ရပြီဆိုတာ သွားပြောလိုက်တော့ မိဘုတ်"

"ဟုတ်ကဲ့ မမ"

နွေ ထမင်းပန်းကန်တွေထဲ ထမင်းတွေ လိုက်ထည့်နေစဉ် ဝင်လာကြသည်။ မြတ်နိုးရဲ့နောက်မှာ ထွဋ်ခေါင်ရိပ်က မိုးကို ပိုးချိလ်နှင့်အတူ တွန်းလာသည်။

"ဟ…မင်းကော မစားသေးဘူးလား"

"ဟင့်အင်း…ကျွန်မ မစားသေးဘူး"

ထုံးစံအတိုင်း နွေရဲ့ဆန္ဒမှန်သမျှကို ဆန့်ကျင်ပစ်ဖို့ ဝန်မလေးသော ထွဋ်ခေါင်ရိပ်က နွေက မစားချင်ဘူးဟုဆိုသောအခါ-

"မရဘူး…စားရမယ်။ ဟော…မိဘုတ်၊ ဟင်းဖြည့်တာ ညည်းဆက်လုပ်လိုက်တော့…နွေဦးသြ ဝင်ထိုင်ပါ"

ထပ်ပြောနေလျှင် ခွဲသည်ရှေ့မှာ စကားများရဖို့ပဲ ရှိနေတော့ကြောင့် နွေ ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်ရသည်။



ထမင်းစားချိန်မှာလည်း နွေမှာ မျက်စိနောက်နေသည်။ ထမင်းဝိုင်းမှာ နွေ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေသလားဟု ထင်ရသည်။

"ထည့်စားလေ…မြတ်နိုး၊ နင်ပဲ ဝက်သားနဲ့ပုန်းရည်ကြီးဟင်းစားချင်တယ်ဆို…ရော့"

"စားပါတယ် ရိပ်ရဲ့…ဟင်း…ဟင်း"

တစ်ယောက်နှင့်တစ်ယောက် သူစားပါ၊ ငါစားပါနှင့် ဖြစ်နေ၍ မိုးက နွေမျက်နှာကို လှမ်းကြည့်သည်။ နွေ မသိချင်ယောင်ဆောင်ပြီး နေလိုက်သည်။

နေပေါ့…ရှင့်လုပ်ရပ်တွေကို ကျွန်မက မခံမရပ်ဖြစ်ပြီး သဝန်တိုပြမယ်လို့ ရှင် ထင်ရင်မှားသွားမယ် ထွဋ်ခေါင်ရိပ်။ ရှင်နဲ့ပတ်သက်ရင် ကျွန်မ နှလုံးသားဟာ မာဆဲပဲ။

"ဟိတ်…ရိပ် မှတ်မိသေးလား"

"ဘာလဲ"

"ငါတို့အိမ်မှာ ထမင်းစားတော့လေ ဒီဝက်သားဟင်းကြောင့်နဲ့ဖြစ်ကြတာလေ"

"မှတ်သိသားပဲ…အဲဒီတုန်းက နင် တော်တော်ဆိုးတယ်"

နွေ မတ်တတ်ထရပ်ပြီး ထမင်းဝိုင်းမှ ထွက်လိုက်သည်။ ဘေစင်မှာ လက်ဆေးပြီး-

"မိဘုတ်…ရေခဲသေတ္တာထဲမှာ အချိုပွဲပြင်ပြီးသားရှိတယ်။ ရေင်းဖွန်း တပ်ပေးလိုက်"

"ဟုတ်ကဲ့ မမ"

ထမင်းစားခန်းထဲက ထွက်လာပြီး ခြံထဲသို့ ဆင်းလာခဲ့လိုက်သည်။ အစော်စုံလင်လှသည့် ပန်းပင်တွေကြားမှာ ပေါင်းမြက်အချို့ ရှိနေလေသည်။ မိုးကလည်း ခပ်အုံ့အုံ့မို့ နွေ ဆောင့်ကြောင့်ထိုင်ပြီး ပေါင်းမြက်အချို့ကို နုတ်နေလိုက်သည်။

နွေ ဒီကိုရောက်တာ (၆)လနီးပါးရှိခဲ့ပြီ။ မြို့ပြင်သို့လှမ်းငေးရင်း ကိုလေးကို သတိရမိသည်။ ကိုလေးကော အခုချိန် ဘယ်ကိုရောက်နေမလဲ မသိ။ ကိုလေးက ယောကျ်ားကောင်း ပီသသူမို့ နွေကို လွမ်းဆွေးခြင်းဖြင့် သူ့ရဲ့အချိန်တွေကို အကုန်ခံလိမ့်မည်မဟုတ်။

နွေကကော ဒီလို တစ်နေကုန် အိမ်ထဲမှာ ချက်လိုက်ပြုတ်လိုက်ဖြင့် အချိန်ကုန်ခံနေရမည်နည်း။ နွေ တစ်ခုခုတော့ လုပ်ဖို့သင့်သည်။ ဘာလုပ်ရမှန်းလည်းမသိ။ လုပ်ဖို့ဆိုလျှင်လည်း ထွန်းခေါင်ရိပ်က ခွင့်မပြုဘဲ ရန်ဖြစ်ရခြင်းနှင့်သာ အဆုံးသတ်ရလိမ့်မည်။

"ဟင်း"

"ဘာတွေများ သက်ပြင်းချနေရသလဲ"

နွေ ထိုင်နေရင်း မျက်လုံးစွေကြည့်တော့ ရှူးဖိနပ်အနက်ရောင်ကို မြင်ရသည်။ ပြီးတော့ ခရမ်းပုတ်ရောင် စတိုင်လ်ပန်။ နွေ ဆက်ပြီး မော့မကြည့်တော့ပါ။ သူ့ကို ကျောခိုင်းပြီး မတ်တတ်ထရပ်လိုက်တော့

"အဲဒီလို မထုံတက်တေး မျက်နှာလေးကို ကြည့်မရတာ"

"အို…ဘာလုပ်တာလဲ"

သူက နွေလက်မောင်းကို ဆွဲလိုက်သဖြင့် နွေ ယိုင်သွားသော သူ့လက်ကို ပုတ်ထုတ်လိုက်ပေမယ့် မရ။ သူကလည်း တင်းတင်း





ကျပ်ကျပ် ဆုပ်ကိုင်ထားသည်ကို နည်းနည်းမှ မလွှတ်ပေးချေ။

"ငါ မင်းယောကျ်ားနော် နွေဥသြ"

"မင်္ဂလာပ်တိုင်တက်ပြမနေနဲ့၊ အများအမြင်မှာ ရှင်က ကျွန်မ ယောကျ်ား ဟုတ်တယ်။ ဒါပေမယ့် ကျွန်မနှလုံးသားကတော့ ရှင့်ကို ယောကျ်ားတစ်ယောက်အဖြစ် အသိအမှတ်မပြုဘူး ထွန်းခေါင်ရိပ်ရဲ့"

နွေ သူ့မျက်နှာကို တည်ငြိမ်စွာ စိုက်ကြည့်ပြီး ပြောလိုက်သည်။ သူက နွေလက်မောင်းနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ-

"သြော်…ခုထက်ထိ အသိအမှတ်မပြုသေးဘူးတဲ့…ဟုတ်လား။ ဘာလဲ…အခုလက်တွေ့ပြရမလား"

နွေ ထိတ်လန့်သွားရသော်လည်း သူ့ကို အရှုံးပေးရသောသူ မဖြစ်ချင်တာမို့-

"တစ်ခုပဲ ရှင်းရှင်းလင်းလင်း ပြောလိုက်မယ် ထွန်းခေါင်ရိပ်၊ ကျွန်မကို ပက်ချွဲနက်ချွဲ လာမလုပ်နဲ့။ ကျွန်မ အပျက်မ မဟုတ်ဘူး။ ရှင် နေရာမှားနေပြီ"

"ဘာ"

"ရှင်ကြိုက်တဲ့နေရာမှာ ကြိုက်တဲ့မိန်းမကို ကြိုက်သလိုပြော၊ ကျွန်မကို အဲဒီလို လာမပြောနဲ့…ရှုံတယ်"

"မင်း…"

သူ့လက်တွေ ဖြေလျော့သွားစဉ် နွေ လှည့်ထွက်လာခဲ့သည်။ သူ နောက်ဘက်မှာ ဘယ်လိုကျန်ခဲ့မလဲ မစဉ်းစားချင်တော့။

♥♥♥

# အခန်း (၁၆)

"ဟိတ်…ဒီမှာ ညနေညှိခံပွဲတစ်ခု သွားစရာရှိတယ်။ အဆ
သင့်ပြင်ထားပါ"

"ကျွန်မ မလိုက်နိုင်ဘူး"

သူ့စကားသံအဆုံးမှာ နွေ့ရဲ့တုံ့ပြန်သံကလည်း ချက်ချင်
ထွက်လာလေသည်။

ရင်ထဲမှာတော့ သူနဲ့အတူ သွားဖို့ကို ခါးသည်းမိသည်။ နွေညြ
ဆိုသည့်မိန်းမက သူလက်စားချေဖို့ ရယူထားသည့် မိန်းမတစ်ယော
ပါ။





ချစ်ခင်ယုယမှုတွေမပါဘဲ စတင်ခဲ့ရတဲ့ ဤအိမ်ထောင်ရေးမှာ
ဟာ သူထားရာမှာနေရတဲ့ မိန်းမတစ်ယောက်ဖြစ်ပေမယ့် သူနဲ့အတူ
ျှင်ကြည်နူးရမယ်၊ ဘယ်လိုအဖြစ်မျိုးကိုမှ နွေ့ဘက်က မျှော်လင့်
ာင့်တတာမျိုး ရှိမနေပါ။

အများအမြင်မှာ ဝက်ဖြစ်မှတော့ မစင်ကြောက်မနေပါနဲ့ဟု
ကို ခနဲ့ကောင်း ခနဲ့မည်။ နွေ့အတွက်တော့ ကိုယ့်ယူဆချက်နှင့်
ယ်မှန်သည်။

"ဟာ…မင်းက ငါ့မိန်းမလေ၊ ငါ ဘယ်သွားသွား မင်း
ိက်ရမှာပေါ့"

"ရှင့်စကားကို အသားယူမပြောပါနဲ့ ထွင့်ခေါင်ရိပ်"

"အေး…နေဦး…မင်းကို ငါ ပြောရဦးမယ်၊ ငါ မင်းထက်
သက်အများကြီး ကြီးတယ်။ ငါ့ကို ထွင့်ခေါင်ရိပ်လို့ မခေါ်နဲ့။ မင်း
ဘတွေက မင်းကို ယဉ်ကျေးဖို့ မသင်ပေးဘူးလား"

မင်းမိဘတွေက မသင်ပေးဘူးလားဟု မေးလိုက်သောစကားကို
ဆတ်ဆတ်ထိ မခံနိုင်အောင် နာသွားရသည်။ သူ့အတွက်တော့
ကျော်ဖံဆိုတဲ့ နွေ့ဖခင်ကို မုန်းတီးခြင်းတွေ ဘယ်တော့မှ ပျောက်
းပုံရမည်မထင်။ နွေ့အတွက် ပညာမတတ်သော်လည်း သမီးသား
ကို လိမ္မာယဉ်ကျေးဖို့ တသွင်သွင် ဆုံးမနေခဲ့သော မိခင်ကြောင့်-

"ရှင် မမိုက်ရိုင်းပါနဲ့"

"အေး…အဲဒီလိုပြောတာ မခံချင်ရင် မင်းဘက်က အရင်ပြင်
ညနေပွဲကတော့ မလိုက်လို့မရဘူး…ဒါပဲ"

နွေ့ ဘယ်လိုပဲငြင်းငြင်း မရချေ။ ဤလူသည် သူဖြစ်ချင်တာကို

မရရအောင် လုပ်တတ်သည့်လူတစ်ယောက်ဆိုတာ နွေ သိခဲ့ဖို့ကောင်းသည်။

"ရော့…မီးခံသေတ္တာသော့…ကိုယ့်ဘာသာ လိုက်ဖက်မယ့် လက်ဝတ်လက်စားကြည့်"

"ဒီမှာ ကျွန်မ မလိုက်ပါရစေနဲ့။ ကျွန်မဟာ လူတောတိုးတဲ့ မိန်းမ မဟုတ်ပါဘူး။ ကျွန်မကြောင့် ရှင်ပဲ အရှက်ရမှာပါ။ ကျွန်မ မလိုက်ပါရစေနဲ့"

"ဒီလောက်တောင် တော်တော်ကို လက်ပေါက်ကပ်တဲ့မိန်းမ… မီးဖိုချောင်ကနေ ဧည့်ခန်းထဲဆွဲထုတ်တာတောင် မီးဖိုခန်းမှာပျော်တဲ့ မိန်းမ…အေး…နောက်ထပ် မင်းကို ဘယ်ဧည့်ခံပွဲမှ ငါ မခေါ်ဘူး"

"ကျေးဇူးအရမ်းတင်ပါတယ်ရှင်"

"တောက်…ငါ"

နွေရဲ့ကျေးဇူးတင်စကားက သူ့ကို အတော်ထိသွားစေပုံရ၏။ ရှူးရှူးရှဲရှဲ တောက်ခေါက်ကာ ရေချိုးခန်းတံခါးကို ဆောင့်ပိတ်သွားသဖြင့် နွေ အမှန်တကယ် ပျော်သွားရသည်။

နွေ့အပေါ် အစွမ်းကုန်ရက်စက်ဖို့ လေးတင်ခဲ့သော သူ့အတွက် သူ့ရက်စက်မှုနှင့်စာလျှင် နွေ့ရဲ့စကားတွေက မပြောပလောက်ပါ။

ကျွန်မကို အိမ်ဖော်လို့ ရှင့်နှုတ်က ထွက်ခဲ့ပြီးမှ ဘာလို့ ပွဲတက်မယားအဖြစ် ဖန်ဆင်းချင်ရတာလဲ ထွင့်ခေါင်ရိပ်။

နွေ ထမင်းစားခန်းထဲဝင်ကာ ဟင်းအိုးနူးမနူး ကြည့်လိုက်သည်။ နောက် ဧည့်ခန်းထဲသို့ရောက်တော့ အလှပန်းအိုးထိုးဖို့ စောစောတုန်းက ပန်းတွေခူးပြီး စားပွဲပေါ်မှာ တင်ခဲ့တာ သတိရ၍ ပန်းအိုးထိုးဖို့ပြင်နေစဉ်





သူ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

နွေ့အကြည့်တွေကို ပန်းတွေဆီမှာပဲ ပို့ထားလိုက်သည်။ သူက ခိုးရဲ့အခန်းထဲသို့ ဝင်သွားသည်။ တံခါးဖွင့်ထားတာမို့ အထဲကစကားသံတွေ ကြားရသည်။

"ညီမလေး…ကိုကို အပြင်သွားမယ်၊ ဘာဝယ်ခဲ့ရမလဲ"

"ရပါတယ် ကိုကိုရဲ့…နေ့ခင်းတုန်းက မနွေက မုန့်လုပ်ကျွေးထားသားပဲ"

"သြော်…အေး…အေး"

သူ ထွက်လာတော့ နွေ မီးဖိုချောင်ဘက်ဝင်လာသဖြင့် သူ့ထံ လှမ်းတားလိုက်သံကြားရသည်။ နွေ နောက်သို့လှည့်မကြည့်ဘဲ ရပ်လိုက်သည်။ သူက နွေ့အနီးသို့ လျှောက်လာရင်း-

"မင်း…ဒီအလုပ်တွေ မလုပ်ရရင် သေသွားမှာလား"

"သေတော့ ဘယ်သေမလဲ။ ဒီအလုပ်တွေကို ကျွန်မမှမလုပ်ရင် ဘယ်သူလုပ်မလဲ"

"အိမ်က အိမ်ဖော်တွေကို ဘာလုပ်ဖို့ထားတာလဲ"

နွေက နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြီး သူ့ကို လှည့်ကြည့်ကာ-

"ဒါကတော့ ရှင့်သဘောပဲလေ။ ရှင်ပဲ ဒီရဲ့အိမ်အလုပ်တွေအားလုံး ကျွန်မတစ်ယောက်တည်းပဲ လုပ်ရမယ်ဆို။ ရှင့်ရဲ့ဝေယျာဝစ္စတွေ လုပ်ရမယ်ဆို…အဲဒီထဲမှာ ရှင် သွားလေရာနောက်လိုက်ရမယ်ဆိုတဲ့စကား မပါခဲ့ဘူးရှင့်"

"မင်း"

"ချွမ်း"

"ဒေါက်"

နွေစကားကြောင့် သူ အတော်ဒေါသထွက်သွားဟန်တူသည်။ ကားသော့ကို လွှင့်ပစ်လိုက်သည်။ ပြီးတော့ ဘေးနားမှာရပ်နေသည့် နွေကို ဆောင့်တွန်းပစ်ကာ-

"နေခဲ့...မင်းရဲ့အလုပ်တွေနဲ့ပဲ နေခဲ့"

"ရှူး"

"ဝရော"

ကားသော့ကို သွားမကောက်ဘဲ နောက်ထပ်ကားသော့တစ်ခုကို ဆွဲယူ၍ ကားကို ဒလကြမ်းမောင်း၍ ထွက်သွားလေသည်။

သူ ဆောင့်တွန်းလိုက်သဖြင့် နွေ အုတ်နံရံမှာ တိုက်မိသဖြင့် ခေါင်းတွေတောင် မူးနောက်နောက် ဖြစ်သွားသည်။ နွေ အားတင်းပြီး မတ်တတ်ထရပ်လိုက်စဉ် ယိုင်ခနဲ ဖြစ်သွားသည်။

"မမ"

"ရတယ် မိဘုတ်...လုပ်စရာရှိတာ သွားလုပ်...ဪ...မီဖိုပေါ်က ဟင်းအိုးချလို့ရပြီနော်...မေ့နေဦးမယ်"

"ဟုတ်...ဟို...မမနားထင်မှာ သွေးတွေ"

နွေ နားသင်ကို စမ်းမိတော့ သွေးအနည်းငယ် စိမ့်ထွက်နေသည်။ တစ်ခုနှင့် ထိုးမိခြင်းဖြစ်မည်။

"ရတယ်...ပွန်းသွားရုံပါ။ ဘယ်သူ့ကိုမှ မပြောမနေနဲ့"

နွေ ခေါင်းတွေ အရမ်းမူးလာသည်။ လှေကားကို အားပြုပြီး အပေါ်ထပ်သို့ တက်လာသည်။ ခုတင်ပေါ်သို့ရောက်တော့ ခြေပစ်လက်ပစ်ကိုကျသည်။





ထွင့်ခေါင်ရိပ်...နွေ သေချင်သေသွားပါစေ၊ ဘယ်တော့မှ ရှင့်အလိုကိုမလိုက်ဘူး။ ရှင့်ကို သွေးထဲထိတောင် မုန်းတယ်။

"မမ...မမ"

"မနွေ"

ခေါ်သံတွေကို ကြားနေရသည်။ အဝေးက ခေါ်တာလိုလို၊ အနီးကခေါ်တာလိုလိုနှင့် မျက်လုံးတွေကို ဖွင့်ကြည့်ဖို့ ကြိုးစားသော်လည်း မှုထူနေသဖြင့် ဘယ်သူတွေမှန်းမသိချေ။

"မနွေ ဖျားနေပြီ"

ဒေါ်နုရဲ့အသံ ဖြစ်မည်။

"ဟုတ်တယ်...မမရဲ့ညည်းသံကြားလို့ ဦးညို ဆရာဝန်သွားခေါ်ပြီ"

မျက်လုံးမဖွင့်နိုင်သော်လည်း နွေနှုတ်မှ လွှတ်ခနဲ ညည်းသံနှင့်အတူ-

"ဟော...ဘာလို့ အလုပ်ရှုပ်ခံတာလဲ မိဘုတ်ရယ်။ မမမနက်ကျရင် နေကောင်းသွားမှာပါ"

နွေ အိပ်ချင်သလို ဖြစ်လာသည်။ နောက်ဆုံး ပြောလိုက်တာကတော့-

"ညဘက် တစ်ရေးနိုးတိုင်း မိုးလေးအခန်းမှာ နားစွင့်နေနော်။ မိုး ကြောက်နေလိမ့်မယ်"

"နားစွင့်နေပါတယ် မမရဲ့"

ဒီနောက်တော့ ဆရာဝန် ရောက်လာတာလည်း နွေ မသိတော့။ ...ုက နှံ့ခွေကာ အိပ်ချင်တာမဟုတ်ဘဲနှင့် အိပ်ရာမှာ ပျော့ခွေနေသည်။

"ဟော...ကိုလေး"

ဘုရားရေ...ကိုလေး နွေဘေးကို ရောက်နေပါလား။ ဒုက္ခပဲ ကိုလေးရယ်...ခဏနေ ထွန့်ခေါင်ရိုပ် လာတော့မှာ။ ပြန်ပါတော့ ကိုလေး။

နွေ ကိုလေးကိုပြန်ဖို့ ပြောတာ အသံမထွက်ဘဲ ဘီလူးစီးသလို တအင့်အင့်ဖြစ်နေသည်။ ထိုနေ့တစ်ညလုံး နွေ အဖျားကြီးနေခဲ့သည်။

အဲဒီညက ထွန့်ခေါင်ရိုပ် အိမ်ပြန်မအိပ်တာလည်း နွေ မသိပါ။

♥♥♥





# အခန်း (၁၇)

အိမ်ဆိုတာ လူတိုင်းအတွက် နားခိုရာနေရာတစ်ခုပါ။ ဘဝ အမောတွေ ဘယ်လောက်များများ အိမ်သို့ရောက်လျှင် လူတွေရဲ့အမော သည် အလိုလို ပြေပျောက်သွားခဲ့ရသည်ချည်း။

သူ့အတွက်တော့ အိမ်သို့ရောက်လျှင် ကသိကအောက်ဖြစ်အောင် တစ်ခုမဟုတ်တစ်ခု လုပ်တတ်ပြောတတ်သော နွေညြရှိသည့်အိမ်သို့ မပြန်ချင်ပါ။ သို့သော်လည်း ညီမလေးရှိနေသည့်အတွက် သူ အိမ်သို့ ပြန်ခဲ့ရသည်။

ခြံရှေ့ကားရပ်တော့ ဦးညိုက တံခါးလာဖွင့်ပေးသည်။ တစ်ခုခု ပြောမလို့ မပြောဘဲ ငြိမ်သွားသည်။ ဘယ်တော့မှ အပြင်မှာမအိပ် တတ်သောသူ မနေ့ညက ဘယ်ရောက်နေသလဲမေးဖို့ ဖြစ်မည်။ သူ မျက်နှာမသာသည်နှင့် မမေးတော့ချေ။

ပေါ်တီကို အောက်သို့ ကားရပ်တော့ နွေဦးသြ ထွက်လာမကြို့ သဖြင့် သူ ဒေါသဖြစ်သွားသည်။ ဒီမိန်းမ သူ့ကို တစ်မျိုးမဟုတ် တစ်မျိုး စိတ်ကသိကအောက်ဖြစ်အောင်လုပ်သည်။ သူ ဒေါသဖြစ်ဖြစ် နှင့် ကားတံခါးကို ဆောင့်ပိတ်လိုက်သည်။

"ဒိုင်း"

"ဟော့…ဘယ်သူမှ မရှိကြဘူးလား"

"လာပါပြီ အစ်ကိုလေး"

"အသံလာမနေနဲ့…လူ အရင်လာစမ်း"

မမြင်ရသည့် မိဘုတ်ကို သူ လှမ်းဟောက်ပစ်လိုက်သည်။ မိဘုတ်က အပြေးရောက်လာပြီး-

"ဘာလုပ်ပေးရမလဲ အစ်ကိုလေး"

"နင်တို့အစ်မကော"

"မမနွေ…ဟို…"

"ဟိုဟိုဒီဒီ လုပ်မနေနဲ့…သွားခေါ်စမ်း၊ တောက်…ဒီမိန်းမ တော့"

မိဘုတ်က ခေါင်းငုံ့ပြီး ကုတ်နေသည်။ စိတ်အလိုမကျ၍ ဒေါသဖြစ် နေပါတယ်ဆိုမှ ဒီကောင်မလေးက အူကြောင်ကြောင်နှင့်။

"ဟော့…ဘာဖြစ်နေတာလဲ၊ ငါ ထရိုက်မိတော့မယ်။ သွားခေါ် ဆိုတာ အခုထက်ထိ မသွားသေးဘူးလား"

"ဟုတ်"

မိဘုတ်က လှစ်ခနဲနေပြီး အပေါ်ထပ်သို့ တက်ပြေးသွားသည်။ သိပ်မကြာခင် အပေါ်ထပ်မှာ ပေါ်လာသည့်အရိပ်ကြောင့် သူ မော့





ကြည့်လိုက်သည်။ သူကတော့ ခုထက်ထိ ဖိနပ်ချွတ်မှ မတက်သေး ချေ။

သူ့ကိုမကြည့်ဘဲ လျှောက်လာသော နွေဦးသြကို မျက်နှာမလွှဲဘဲ ကြည့်နေမိသည်။ ထက်မိုးသောက်နှင့်ဆိုလျှင် တီတီတာတာ စကားဆို ၍ ချွဲနွဲ့တတ်သော သူမသည် ယခုတော့ ထိုသို့သော အမူအရာများ လုံးဝ ပျောက်ကွယ်ကာ သံပတ်ပေးထားသော စက်ရုပ်ပမာ။

သူ့အကြည့်လွှဲလိုက်ချိန်မှာ အိမ်နေရင်းဝတ်စုံနှင့် ဆံပင်တွေ ကပိုကရိုဖြစ်နေသော်လည်း လှပနေဆဲ။ ဒါကြောင့်လည်း တောက်။

"ခေါ်တယ်ဆို"

"ဟုတ်တယ်…ငါလာရင် ကြိုရမယ်ဆိုတာ သိရက်နဲ့ ဘာလို့ လာမကြိုတာလဲ"

"ဆောရီး…ကျွန်မ ကားသံမကြားလိုက်ဘူး"

"ဖိနပ်ချွတ်ပေးဦး"

"ရှင်"

ယခုမှ ကားပေါ်ကဆင်းပြီး ဘာလို့အိမ်ပေါ်မတက်ရသလဲဆို သည့်အကြောင်းရင်းကို သိလိုက်ရပေတော့သည်။

အမြဲတမ်း နှုတ်သီးကောင်းနေသည့် သူမကတော့ 'ရှင်'တစ်လုံး ပဲ ထွက်လာသည်။ နောက် ဘာမှထပ်မပြောတော့ဘဲ ခေါင်းငုံ့လျက် နှုတ်ခမ်းကို ခပ်ဖိဖိကိုက်ကာ ဒူးထောက်ပြီး သူ့ရှေ့မှာ ထိုင်လိုက်သဖြင့် သူ ကျေနပ်သွားသည်။

အမြဲတမ်း မင်းကသာ ကိုယ့်ကို စကားလုံးတွေနဲ့ အနိုင်ယူသွား ပြီး ကျန်ခဲ့တဲ့ ကိုယ့်ရင်မှာ ဒေါသတွေနဲ့ လုံးထွေးနေရတာ။ အဲဒီလို

တူသော ခံစားချက်များ မင်း ခံစားကြည့်လိုက်စမ်းပါ။

တကယ်ဆိုရင် သူလုပ်ရပ်အချို့သည် မိန်းမတစ်ယောက်အပေါ် နိုင်ထက်စီးနင်းပြုမူသည့် အပြုအမူတွေဖြစ်ကာ ယောကျ်ားမဆန်မှန်း သိပါသည်။

သို့သော် ဦးကျော်ခံ၏ယုတ်မာမှုများကို ပြန်မြင်ယောင်သတိရတိုင်း ငါလုပ်သမျှ သူ့အဖေရဲ့ ယုတ်မာမှုနဲ့စာရင် မပြောပလောက်ပါဘူးဟု ကိုယ့်ကိုယ်ကို ပြန်ဖြေသိမ့်လိုက်သည်။

ရန်သူ့သမီးရဲ့ရှေ့မှာ ကျရှုံးတဲ့လူ သူ ဘယ်တော့မှ မဖြစ်စေရ။

သူမက သူ့ကို ဘာဆိုဘာမှ မပြောဘဲ ဗီနပ်ကို ဗီနပ်စင်ပေါ်မှာ သွားထားသည်။ သူမသည် မကျေနပ်ဘဲ လုပ်ပေးရသော်လည်း ဘယ်တော့မှ ဆောင့်အောင့်မလုပ်တာတစ်ခုတော့ ကျေနပ်စရာ။

မီးဖိုချောင်ဘက်သို့ ထွက်သွားသော သူမကို တစ်ချက်ကြည့်ပြီး သူ ညီမလေးရဲ့အခန်းသို့ ဝင်လာခဲ့သည်။

တံခါးကို တွန်းဖွင့်ဝင်လိုက်စဉ် ပြတင်းပေါက်ဘက်သို့ မျက်နှာမူထိုင်နေသည့် ညီမလေးကို တွေ့ရသည်။

"ညီမလေး"

ညီမလေးရဲ့ပခုံးကို ဖက်ကိုင်ပြီးခေါ်တော့ ညီမလေးက သူ့ကို လှည့်မကြည့်ဘဲ-

"ကိုကို့ကို မိုး မေးစရာရှိလို့"

"မေးလေ…ဘာမေးမလို့လဲ"

သူ ညီမလေးရဲ့ဦးချဲလ်ကို သူနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်လိုက်သည်။ ညီမလေးက သူ့မျက်နှာကိုကြည့်ကာ-





"ကိုကို…မနွေကို နှိပ်စက်ဖို့ လက်ထပ်ခဲ့တာလား"

မမျှော်လင့်ထားသော မေးခွန်းကြောင့် သူ ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။

"ဘာလို့ အားနွဲ့တဲ့မိန်းမကို ကိုယ်ထိလက်ရောက် နှိပ်စက်နေရတာလဲ။ အဲဒါတွေက ယောကျ်ားကောင်းတစ်ယောက်ရဲ့အလုပ် မဟုတ်ဘူး ကိုကိုရဲ့…မိုး ကိုကို့ကို အောက်တန်းကျတဲ့ ယောကျ်ားအဖြစ် မမြင်ပါရစေနဲ့"

"ညီမလေး"

"ကိုကို အဲဒီလိုလုပ်ပြနေလို့ မိုးပါ လိုက်ပျော်နေမယ်များ ထင်နေသလား။ မိုးတို့မောင်နှမတွေက မနွေကို ဝိုင်းနှိပ်စက်နေကြပါတယ်ဆိုတဲ့အဖြစ်မျိုး ကိုကိုက လိုလားနေတာလား"

ညီမလေးက ဘယ်တုန်းက နွေညသြရဲ့ဘက်တော်သား ဖြစ်သွားရတာလဲ။ ဟင့်အင်း…ရန်သူ့သမီးရဲ့ဘက်က မိုး ဘာမှကာဆီးပြောစရာမလိုဘူး။

ဟုတ်ပါတယ် မိုးရယ်။ ကိုကိုက အောက်တန်းကျတဲ့ယောကျ်ား မဟုတ်ပါဘူး။ ဒါပေမယ့် နွေညသြကိုတော့ ဒီထက် ခံစားသွားရအောင် လုပ်စေချင်တယ်။ ကိုကိုတို့ တစ်သက်လုံး ခံစားလာတာနဲ့စာရင် သူ ခံစားရတယ်ဆိုတာ တဒင်္ဂမှာ ခဏလေးပါ။

"ကဲပါ ညီမလေးရယ်…ကိုကိုတို့မောင်နှမတွေ စကားပြောတဲ့အခါ သူ့အကြောင်း ကိုကိုတို့ ပြောမနေချင်ဘူး"

"မပြောလို့မရဘူး ကိုကို…ဘာကြောင့်ပဲဖြစ်ဖြစ် ကိုယ်လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ကို အနိုင်ကျင့်နေတာ မိန်းမ

တစ်ယောက်ဖြစ်တဲ့ မိုးလည်း ကြည့်မနေချင်ဘူး။ မနေ့ကလည်း မနွေ့ကို ကိုကို ဆောင့်တွန်းခဲ့တယ်"

မနေ့က နွေဥသြကို ဒေါသဖြစ်၍ ဆောင့်တွန်းပြီး သူ ထွက်သွားတာ သတိရမိသည်။

"ဟုတ်တယ်…ကိုကို ဒေါသထွက်လို့"

"ထားပါတော့…ဒါဆို အခု ဘာလို့ မမနွေ့ကို ဖိနပ်ချွတ်နိုင်းတာလဲ။ ကိုကို့လုပ်ရပ်က အရမ်းမှားနေပြီ။ ကိုကိုပဲ ပြောခဲ့တယ်မဟုတ်လား။ ဆင်းရဲတာတွေမှာ ပိုင်ဆိုင်တာဆိုလို့ မာနပဲဆို။ ကိုကို့လုပ်ရပ်က မမရဲ့မာနကို ဘယ်လောက်ထိခိုက်စေနိုင်သလဲ သိလား"

"သူက ကောင်းတိရဲ့အစ်မ…ဦးကျော်စံရဲ့သမီးလေ မိုး"

သူကလည်း ညီမလေးပြောတာထက် သူပြောချင်တာပဲ ပြောလိုက်သည်။

"အခု မနွေ့ ဖျားနေတယ်"

"ဟင်"

နွေဥသြ ဖျားနေတာကို သူ သတိမထားမိလိုက်ချေ။ သူမကို မြင်လိုက်လျှင် ဒေါသနှင့် လုံးထွေးကျန်ခဲ့တာမို့ ဒီလိုဖြစ်လိမ့်မည်ဟု မတွေးမိပါ။

"ဆောရီးပဲ ညီမလေး…ကိုကို သတိမထားမိလိုက်ဘူး"

ထပ်ပြီး မပြောချင်တော့တာမို့ ညီမလေးရဲ့နဖူးကို အသာနမ်းပြီး ထွက်လာခဲ့သည်။

ဧည့်ခန်းထဲမှာ ဖုန်သုတ်နေသော ဒေါ်နုကိုမြင်တော့-

"ဒေါ်နု နွေဥသြကော"





"မနွေ့ အပေါ်ထပ်တက်သွားတယ်။ အစ်ကိုလေး ခေါ်ပေးရမလား"

"ရတယ်"

သူ ဘာမှထပ်မပြောတော့ဘဲ အပေါ်ထပ်သို့ တက်လာခဲ့သည်။ အခန်းတံခါးကို တွန်းဖွင့်ပြီးဝင်လိုက်တော့ အဝတ်တွေ မီးပူတိုက်နေသော နွေဥသြကို မြင်လိုက်သည်။

သူ မှန်ရှေ့မှာသွားရပ်ပြီး ကုတ်အင်္ကျီချွတ်ရင်း-

"မင်း နေမကောင်းဘူးဆို"

သူ့အမေးကို သူမက မဖြေ။ သူ အဝတ်အစားလဲပြီးတဲ့အထိ သူမထံမှ ဘာစကားမှမကြားရချေ။ ခေါင်းငုံ့ပြီး မီးပူကိုသာ သဲသဲမဲမဲ တိုက်နေသည်။

"နွေဥသြ"

"အခု သက်သာပါပြီ"

"အဲဒီအလုပ်တွေကို ထားစမ်းပါ။ ဘယ်အချိန်လုပ်လုပ် ကိုယ့်ကျန်းမာရေးက ပိုအရေးကြီးတယ်"

"ဘယ်အချိန်လုပ်လုပ်ဆိုပြီး ထားလို့မရဘူး။ မဟုတ်ရင် နောက်တစ်ရက် အဝတ်တွေ စုပုံသွားလိမ့်မယ်"

သူမ မော့မကြည့်ဘဲ ဖြေသည်။ ညီမလေးရဲ့ရှေ့မှာ ဒီမိန်းမ သနားစရာမလိုဘူး ဘယ်လောက်ပဲပြောပြော ယုတ်မာဖို့ ကြိုးစားနေတဲ့ သူက နဂိုကတည်းက လူဆိုးမှမဟုတ်ဘဲ။ သူထိုင်ရာမှထပြီး မီးပလပ်ပေါက်ကို ဖြုတ်လိုက်သည်။

"ရှင် ဘာလုပ်တာလဲ၊ ဒီမှာ အလုပ်လုပ်နေတယ်လေ"

"အဲဒီအလုပ်နဲ့ ကျန်းမာရေး ဘယ်ဟာက ပိုအရေးကြီးသလဲ"

"အလုပ်က အရေးကြီးတယ်"

"နေ့ဥသြ"

သူ သူမနားသို့ ချက်ချင်း ရောက်သွားသည်။

"ခုတော့ သူက ခံစစ်ဖြစ်နေရပြီ။ သူမကတော့ တိုက်ဖို့ လက်နက်အားလုံး စုဆောင်းနေပြီ။ သူ ခံရဖို့ လက်နက်တွေ တစ်ခု ပြီးတစ်ခု ထုတ်သုံးနေတော့သည်။

စိတ်ထဲမှာ မချင့်မရဲနှင့်အတူ သူမပခုံးနှစ်ဖက်ကို ဆွဲ၍ကိုင်လိုက်ပေမယ့် သူမကတော့ သူ့ကို လုံးဝမကြည့်ချေ။

"မင်း ဘာဖြစ်နေတာလဲ"

"ရှင် သိစရာမလိုပါဘူး"

"ငါ့မျက်နှာကို တည့်တည့်ကြည့်စမ်း…မင်း ငါ့ကို မကျေနပ်ဘူးမဟုတ်လား"

သူမက မော့လာပေမယ့် သူ့ကိုမကြည့်ဘဲ လည်ပင်းလိမ်မတတ် တစ်ဖက်သို့ လှည့်နေသည်။

"မင်း ငါ့ကို အရမ်းမုန်းနေသလား"

"ပြောနေစရာလိုသေးလို့လား"

"ဟင်"

သူမက ရုတ်တရက် သူ့ဘက်လှည့်ပြီးဖြေတော့ သူ အံ့သြသွားရသည်။ လက်စသွတ်တော့ သူမက ငိုနေတာကိုး။ သူ ဘာပြောရမှန်း မသိဖြစ်နေစဉ် သူမက သူ့လက်ထဲမှ ရုန်းထွက်သွားကာ-.





"ရှင် သိပ်လုပ်စေချင်တဲ့အလုပ်တွေလေ ကျွန်မ အိပ်ယာပေါ် လှဲခင်အထိ လုပ်ပေးမှာပါ။ ဒါမှ ရှင်တို့မိသားစုအပေါ် တင်နေတဲ့ ကျွန်မတို့မိသားစုရဲ့အကြွေး ကျေမှာပါ"

"တော်ပါတော့ နေ့ဥသြ"

သူ ရုတ်တရက် သူမကို ခပ်တင်းတင်း ဖက်လိုက်မိသည်။

"အို….လွှတ်စမ်းပါ"

♥♥♥

# အခန်း (၁၈)

ပန်းပင်လေးတွေ ရေလောင်းနေရင်း နွေ စိတ်ချမ်းသာရပါသည်။ တစ်ခါတစ်ရံ တိုက်ဆိုင်မှုတွေရှိတဲ့အခါ ကိုလေးကို ပြင်းပြင်းပြပြ သတိရမိတာလည်း ရှိသည်။

မိုးဝင်လာပြီမို့ စံပယ်ပန်းလေးတွေ ဖူးပွင့်နေသည်။ ခြံထဲမှာ စံပယ်၊ နှင်းဆီ အတော်စုံသည်။ ကိုလေးကို သတိရတော့ မောင်လေးကိုပါ သတိရလာသည်။

မေမေရှိစဉ်တုန်းက နွေတို့ဘဝက မချမ်းသာပေမယ့် စိတ်ချမ်းသာခဲ့ရပါသည်။ မေမေက ဖေဖေထားပစ်ခဲ့တဲ့ဘဝမှာ လောကကြီးကို အရှုံးမပေးဘဲ နွေတို့မောင်နှမကို ပညာတတ်ဖြစ်စေခဲ့သည်။

သို့သော် နွေတို့ ကိုးတန်းရောက်တော့ မေမေက လောကဓံရဲ့ အထုအထောင်း အရိုက်အပုတ်များကို မတွန်းလှန်နိုင်တော့ဘဲ မရဏမင်းကို အရှုံးပေးလက်မြှောက်ခဲ့သည်။





မသေခင်မှာ မေမေရဲ့သူငယ်ချင်း ကိုလေးရဲ့မိခင်ကို-

"ညီမရယ်…တို့သားသမီးကို ဆက်ပြီး ပေးမစောင့်ရှောက်ပေးပါနော်"

ဟု တဖွဖွမှာကာ ဆုံးသွားခဲ့ရှာသည်။

ဒေါ်လေးသည် နွေတို့ရဲ့ ဒုတိယမိခင်ဆိုလျှင်လည်း မမှားချေ။ နွေတို့ အလုပ်လုပ်နေသမျှ ပိုက်ဆံတွေကိုလည်း စုဆောင်းပေးကာ ပညာရေးအတွက်လည်း ထောက်ပံ့ပေးသည်။

ကိုလေးက အလုပ်တစ်ဖက်နှင့်မို့ ဒေါ်လေးတို့က ပြေလည်ပြီဟု ပြောရမည်သာ။ အိမ်ချင်းကပ်လျက်ဆိုတော့ အိမ်တာကလွဲ၍ နွေတို့မောင်နှမ ဒေါ်လေးတို့အိမ်မှာချည်း။ နောက်တော့ နွေ ပညာရေးကောလိပ်တက်ရ၍ ခြံပိုင်းရှောင်းရသည့်အဖြစ် ဖြစ်သွားခဲ့သည်။ ထိုအချိန် မောင်လေးမရှိတော့။ ဘယ်လောက်ပဲ ဒုက္ခရောက်ရောက် ထိုဘဝကို နွေ မက်မောပါသည်။

စိန်ရွှေရတနာ၊ တိုက်တာတွေနဲ့နေပြီး 'ငါ မပိုင်တဲ့အရာတွေပါလား' ဆိုသည့်အသိနှင့် နွေ မပျော်ခဲ့ပါ။ ဖြစ်နိုင်လျှင် ထွန်းခေါင်ရိပ်ရဲ့ အငြိုးအတေးတွေ ပြေပျောက်သွားတဲ့အချိန် နွေလည်း လွတ်ရာကျွတ်ရာဘဝတွင် နေထိုင်ချင်ပါတော့သည်။

ဘယ်လောက်ပဲ ကိုလေးကို တမ်းတပါတယ်ဆိုသော် သူမနှင့်ကိုလေးက မတန်တော့ပါ။

"မမနွေ"

မိုးရဲ့ခေါ်သံကြောင့် ကျလုလုနီးပါးဖြစ်နေသော မျက်ရည်တွေကို ဖြစ်သလိုပွတ်ကာ လှည့်ကြည့်လိုက်သည်။ မိုးက ပိုးချပ်လိုက်တွန်းပြီး

နွေ့နားသို့ ရောက်လာသည်။

''ဘာလိုချင်လို့လဲ မိုး…မမ ဘာလုပ်ပေးရမလဲ''

''ဟင့်အင်း''

မိုးက ခေါင်းယမ်းပြီး စံပယ်ပင်လေးကို ငေးနေသည်။ နွေ့ အမြဲတမ်း မြင်နေရသည့် မိုးရဲ့မျက်နှာလေးသည် ပြုံးခြင်းရယ်ခြင်း သိပ်မရှိချေ။

နွေ့ အကဲခတ်မိသလောက် လောကကြီးကို လုံးဝ စိတ်ကုန်နေသည့်ပုံ။ ကံတရားက မိုးရဲ့ နုငယ်ပျိုမျစ်သောအရွယ်နှင့် လှပဆန်းသစ်သော အတွေးတွေကို ဝါးမျိုသွားခဲ့သည်။

''ညီမလေး…တစ်ခါမှ လမ်းပြန်လျှောက်ဖို့ မကြိုးစားခဲ့ဘူးလား''

''မိုး ဘာမှကို လိုချင်စိတ်မရှိတော့ပါဘူး မမရယ်''

''မောင်လေးက ပြောဖူးတယ် သိလား''

''ရှင်''

ကောင်းဆိုသည့် နာမ်စားကိုကြားလိုက်သည့် မိုးခမျာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ သြော်…မိုးသည် ကောင်းကို တစ်ရေးတစ်ရက်မှ မေ့ခဲ့ဟန်မတူချေ။

''မောင်လေးက ပြောတယ်။ မိုးက ကလေးဆန်ပြီး သွက်လက်တယ်၊ အရမ်းချစ်ဖို့ကောင်းတယ်တဲ့''

မိုးရဲ့မျက်လုံးတွေက တဖျတ်ဖျတ် တောက်ပလာပြီး-

''သူ…သူက အဲဒီလို ပြောခဲ့တာပေါ့''

''အင်းပေါ့…အခုလို လောကကြီးကို လုံးဝ စိတ်ပျက်နေတာ





…ကို သူသာရှိရင် လုံးဝ ကြည့်ရက်မှာမဟုတ်ပါဘူးလေ''

''မိုး…ကိုကို့ကို ဒုက္ခမပေးရက်တော့ပါဘူး မမနွေ့…ကိုကိုက …ည်း မိုးကြောင့် မိုး ငယ်ငယ်တုန်းက မိဘတွေမရှိတော့ ကိုကိုပဲ …ကို စောင့်ရှောက်ခဲ့တာ။ အခုထက်ထိလည်း မိုးက ကိုကို့ကို ဒုက္ခ …းတုန်းပဲလေ''

မျက်ရည်တွေနှင့် တုန်ယင်စွာ ပြောလာသော မိုးကိုကြည့်ပြီး …နွေ့ စိတ်မကောင်းဖြစ်မိသွားသည်။ သူ မိုးရှေ့မှ ဒူးတစ်ဘက်ထောက် …ိုင်ကာ-

''သူက ညီမလေးကို အရမ်းချစ်ပါတယ်။ ညီမလေး ဆေး …သမှုမခံယူဘဲနေတာ သူ ဘယ်စိတ်ကောင်းမလဲ။ အဲဒါဟာ ဒုက္ခ …ဟုတ်ပါဘူးကွယ်။ အခုဆို မမလည်း ရှိနေပြီ။ မိုး ခြေထောက်တွေ …ပြန်ကောင်းလာအောင် မမလည်း ကူမှာပေါ့ကွယ်''

''မမရယ်…မိုး ကျေးဇူးတင်လိုက်တာ''

နွေ့ မိုးရဲ့ပါးပြင်လေးကို ခပ်ဖွဖွနမ်းတော့ မိုးမျက်နှာလေး နီရဲ …သွားကာ မျက်လွှာလေးချပြီး-

''မမကိုမြင်တော့ ကောင်း…မိုးအနားမှာရှိနေသလို ခံစားရ …ယ်။ မိုးတို့မောင်နှမကို ပစ်မထားခဲ့ပါနဲ့နော်''

နွေ့ ဘာပြောရမှန်းမသိစွာ စံပယ်ပင်လေးကိုသာ ငေးနေမိသည်။ …ကြာသေးမီအချိန် အတောအတွင်းကပင် နွေ့သည် သူတို့အရိပ်က …ွက်ပြေးလိုက်ဖို့ အတွေးရှိခဲ့သည်။ ယခုတော့…

''နေလည်းမြင့်နေပြီ၊ အိမ်ထဲဝင်ကြရအောင်နော် မိုး''

''ဒါနဲ့ ကိုကိုကော မမ''

မိုးရဲ့ဝိုးချဲလ်လေးကို တွန်းရင်း နွေ နှုတ်ခမ်းလေးကို ကိုက်ထား မိသည်။ နွေနှင့်သူ စကားမပြောဖြစ်။ မနက်က သူ ဘာမှမပြောဘဲ အဝတ်အစား ၃-၄ စုံထည့်၍ သွားသည်။ ခရီးထွက်သွားခြင်း ဖြစ်မည်။

အိမ်ထဲရောက်တော့ မိုး အခန်းထဲသို့ ဝင်ဖို့ဟာ-

“ကလင်…ကလင်”

“ခဏနော်”

မိုးရဲ့ဝီးချဲလ်ကို ထားခဲ့ပြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။

“ဟယ်လို”

“နွေ”

“ကိုလေး”

နွေ အံ့သြသွားသည်။ ကိုလေးသည် နွေဆီ တစ်ခါမှဖုန်းမဆက် ဖူးခဲ့ချေ။ ကိုလေးအသံကလည်း အရေးတကြီးနိုင်လှသဖြင့် မျက်စိထဲ ဒေါ်လေးကို ပြေးမြင်ယောင်လိုက်ကာ-

“ကိုလေး…ဒေါ်လေး ဘာဖြစ်လို့လဲ”

ဟု အမောတကော မေးလိုက်မိသည်။

“မေမေ ဘာမှမဖြစ်ပါဘူး နွေရဲ့…ကိုလေး ဖုန်းဆက်တာက တခြားကိစ္စရှိလို့ပါ။ ကိုလေးဖုန်းသံက နွေကို အနှောင့်အယှက်ဖြစ်သွား စေတယ်ထင်တယ်”

“မေးရက်လိုက်တာ ကိုလေးရယ်”

“ဆောရီး…ဒါနဲ့ နွေတို့အိမ်ထောင်ရေးကော အဆင်ပြေရဲ့လား”

နွေ ဘယ်လိုဖြေရမှန်းမသိ။ ကိုလေး စိတ်ချမ်းသာအောင်ဖြေ လိုက်ချင်ပေမယ့် ကိုယ်တောင် စိတ်မချမ်းသာသည့်အချိန် ဘယ်သူ့ကို





မှလည်း စိတ်ချမ်းသာပါတယ်ဟု လိမ်ညာမနေချင်။

“နွေ”

“ကိုလေး”

“အဆင်မပြေဘူး မဟုတ်လား ညီမလေးရယ်”

“ဟုတ်”

“ဒီလိုမနေသင့်ဘူး နွေ…ကိုယ်ဟာ မိန်းကလေးပါ။ ဘာပဲ ဖြစ်ဖြစ် ပြီးခဲ့တာတွေလည်းပြီးပြီ။ အခုဆို ထွဋ်ခေါင်ရိပ်က ညီမရဲ့ ခင်ပွန်းဖြစ်နေပါပြီ။ ကိုယ့်ခင်ပွန်း ကိုယ့်ဘက်ပါအောင် ဆွဲဆောင်ရမှာ ကိုယ့်တာဝန်ပဲ”

ထူးဆန်းလှန်းသောစကားကြောင့်-

“ကိုလေး ဘာကိုဆိုလိုနေတာလဲ နွေ နားမလည်ဘူး။ ဘာလဲ ကိုလေး တစ်ခုခုသိနေသလား”

“အင်း ပြောလည်းပြောမထွက်ရက်ပါဘူး။ ဒါပေမယ့် ထွဋ်ခေါင်ရိပ်ကို မိန်းကလေးတစ်ယောက်နဲ့ ခဏခဏ တွေ့နေရတယ်”

နွေ မျက်လုံးထဲမှာ မိန်းကလေးဆိုတာနှင့် မြတ်နိုးကို တန်းခနဲ မြင်ယောင်လိုက်သည်။

“နွေ သိပါတယ် ကိုလေး”

“အဲဒီလို အေးတိအေးစက် မလုပ်ပါနဲ့ ညီမရယ်…တားသင့်ရင် တားရမှာပေါ့”

“ဟင့်အင်း နွေ မတားဘူး”

နွေ စားပွဲကို ခပ်တင်းတင်း ဆုပ်ကာ အံကြိတ်ပြီး ပြောလိုက် သည်။ တစ်ဦးအပေါ်တစ်ဦး မေတ္တာစေတနာမရှိကြဘဲ ဒီအိမ်ထောင်

ရေးမြဲအောင် ဘာလို့လုပ်ရမည်နည်း။ ကိုယ်က မတားခဲ့လည်း သူက တားခဲ့မှာပဲလေ။

"နွေရယ်...ခေါင်းမမာပါနဲ့။ အခုလည်း သူတို့ (၂)ယောက်ကို အတူတူတွေ့နေရတယ်။ ကိုလေးက အဲဒါ နွေ မသိဘူးထင်လို့ ဖုန်းဆက်ပြောတာ။ နွေတို့အိမ်ထောင်ရေး ပျက်ပြားအောင် အတို့အထောင်လုပ်နေတာ မဟုတ်ဘူး။ ကိုလေး ဆန္ဒအရဆိုရင် တည်မိတဲ့ အိမ်ထောင်ရေးတစ်ခုကို သာယာစေချင်တာ အမှန်ပဲ။ နွေရဲ့အိမ်ထောင်ရေးကို အကောင်းဆုံးနဲ့ အသာယာဆုံး ဖြစ်စေချင်တယ်"

"ကျေးဇူးတင်ပါတယ် ကိုလေး။ နွေ ဖုန်းချလိုက်တော့မယ်"

"နွေ"

ကိုလေးရဲ့ခေါ်သံကို ဥပေက္ခာပြုပြီး ဖုန်းချလိုက်သည်။ နွေ လှည့်ထွက်လိုက်တော့ မိုးက နွေကို စူးစူးစိုက်စိုက် ကြည့်နေသည်။ နွေ မိုးရဲ့ပွင့်းချပ်ကို အခန်းထဲသို့ သွင်းလိုက်စဉ်-

"ကိုကို့ကို ပစ်မသွားပါနဲ့နော်"

နွေ မိုးကို လှည့်မကြည့်ဘဲ အသံတိတ်ရယ်လိုက်သည်။ မိုးရယ် မင်းအစ်ကိုကသာ ကို့ကိုထားပစ်ဖို့ ကြိုးစားနေတာ။ ကို့ကိုသာ သူ့အနားက ထွက်မသွားအောင် နည်းအမျိုးမျိုးနဲ့ တားဆီးနေတာလေ။

"မမ"

"ကို့ ကတိမပေးပါရစေနဲ့ မိုးရယ်...အဲဒီအရာတွေကို ဆုံးဖြတ်ရမှာ မင်းရဲ့အစ်ကိုပါ"

♥♥♥





# အခန်း (၁၉)

တစ်ခါကပေါ့...ရပ်ကွက်တစ်ခုမှာ အရက်သမားတစ်ယောက် ရှိတယ်။ သူ့နာမည်က ဆိုးပေတဲ့။ ဆိုးလည်းဆိုး၊ ပေလည်းပေလို့ ဆိုးပေဆိုတဲ့နာမည် ပေးထားတာနေမှာပေါ့လေ။

အဲဒီကိုဆိုးပေက အရက်မသောက်ရင် အရမ်းအေးတယ်။ ကောင်းတောင် လေးလုံးကွဲအောင် ပြောတာမဟုတ်ဘူးတဲ့။ အလုပ်ဆိုရင်လည်း ဘယ်အလုပ်ကိုမဆို သိမ်းကျုံးလုပ်တယ်လေ။

အယ်...အရက်သောက်ပြီးပြီဆိုရင်တော့ ရပ်ကွက်လမ်းပြည့်အောင် သိုင်းနင်းကွက်ကျနင်းပြီး အော်ဟစ်ဆဲဆိုတော့တာပဲ။

"မိုက်တဲ့ကောင်ထွက်ခဲ့" တဲ့။ အဲဒီတော့ အလကားနေရင်းဆဲဆိုခံရတဲ့ လူတွေက စိမ်လည်းခေါ်ခံရတော့ ဘယ်သူက သည်းခံနိုင်မလဲ။ တုတ်ဓားဆွဲပြီး ထွက်လာကြတာပေါ့။

"ဒါဆို အဲဒီလူကတော့ သေတော့မှာပဲ"

"မသေဘူး မိုးရဲ့"

နွေ့စကားကြောင့် မိုးက အံ့ဩသလို ကြည့်သည်။

"ဟင်…ဒါဆို သူက အဲဒီလူတွေကို နိုင်လိုက်လို့လား"

"မဟုတ်ဘူး"

"ဟင်…ဘာကြောင့်လဲ မမနွေ့ရဲ့"

ခါးလေးကိုင်း၍ စိတ်ဝင်တစားမေးလာသော မိုးပုံစံကြောင့် နွေ့ သဘောကျစွာ ရယ်လိုက်သည်။

"သူက ဒီလိုပြောတာ မိုးရဲ့…မိုက်တဲ့ကောင်ထွက်ခဲ့၊ ကျန့်တဲ့ ကောင်နဲ့ချမယ်လို့ ပြောတာကိုး"

"ဩော်…ဟင်း…ဟင်း…ကျန့်တဲ့ကောင် ကယ်ပေလို့သာ ပဲနော်…ဟင်း…ဟင်း"

"ဒါပေါ့"

သဘောကျစွာ ရယ်နေသော မိုးရဲ့ပုံစံကို ကြည့်ပြီး နွေ့လည်း ပျော်ပါသည်။ ဘာပဲဖြစ်ဖြစ် စိတ်ဆင်းရဲနေရသော ဘဝတစ်ခုမှ ပျော်စရာအချို့ရှိနေခြင်းကလည်း လောကတရားရဲ့ လှည့်စားချက်တစ်ခု သာ. ဖြစ်သည်။

"မမနွေ့…ရပြီ၊ အရမ်းအားနာတယ်။ မနှိပ်ပေးပါနဲ့ဆိုတာကို"

"မနှိပ်လို့မရဘူး ညီမလေးရဲ့…အခုချက်ချင်း လမ်းစမ်း လျှောက်လို့ရတာ မဟုတ်ဘူး။ ကုရင်ပျောက်တဲ့အရာကို မကုဘဲထား တော့ အဲဒါအန္တရာယ်ပဲ သိလား။ ဒီလိုနှိပ်ပေးတော့ သွေးကြောလှည့် ပတ်မှု ပုံမှန်ဖြစ်သွားတာပေါ့။ ပြီးတော့ ညီမလေးက လှေကျင့်ခန်း





လုပ်တာလည်း ကြာပြီမဟုတ်လား"

"မမရှိတော့ မိုး ပျော်တယ်သိလား"

"မိုးရယ်"

"တို့ကတော့ ဒီအိမ်မှာနေရတာ မပျော်ပါဘူးကွယ်"

မျက်နှာပျက်သွားသော နွေ့ကြောင့်-

"တောင်းပန်ပါတယ် မမရယ်…မမက ကိုကို့ကို မုန်းနေတာ မိုး မေ့သွားတယ်"

"အဲဒီအကြောင်းတွေ မပြောပါနဲ့တော့ မိုးရယ်"

"မမရဲ့ချစ်သူနာမည်က ဘယ်သူလဲ"

မိုးစကားကြောင့် နွေ့ မော့ကြည့်မိသည်။ တမင် အတိတ်ကို သတိရအောင် မေးလိုက်တာလား မိုးရယ်…

နွေ့ မိုးရဲ့ပိုးချယ်ဘေးမှာ ဘေးချင်းယှဉ်ထိုင်ပြီး ဒူးနှစ်ဖက်ကို သက်နှင့်ပိုက်မွေ့ကာ ငေးငိုင်နေမိသည်။

"မဖြေချင်လို့လား မမ"

"မဟုတ်ပါဘူးကွယ်…သူ…ကိုလေးရဲ့နာမည်က ထက်မိုး သောက်တဲ့"

"ကိုလေးတဲ့လား"

မိုးက သူမရဲ့ခေါ်သံကို သံယောင်လိုက်ပြီးပြောတော့ မိုး ခေါင်းညိတ်ကာ-

"မမတို့မောင်နှမတွေကို ငယ်ငယ်လေးကတည်းက ကြည့်ရှု လာတာလေ။ နှစ်အိမ်တစ်အိမ်လို ဖြစ်နေကြတာ။ ကိုလေးက မောင်နှမ ရှိတော့ မမတို့မောင်နှမကို အရမ်းချစ်တာ"

“ကိုကိုကတော့ ဒီဇာတ်လမ်းမှာ လူဆိုးပဲနော်”

နွေ မတ်တတ်ထရပ်လိုက်တော့ မိုးက နွေလက်ကိုဆွဲကာ စကားဆက်ပြောချင်နေသည့်ဟန်။ နွေကတော့ ခံစားချက်အဟောင်းကို ရင်မှာ အသစ်ပြန်ဖြစ်လာကာ ငိုချင်တာပဲသိသည်။

နွေဟာ အဲဒီလောက်ထိ အသည်းနုတဲ့မိန်းမတစ်ယောက်မဟုတ်ပေမယ့် အခုတလော အတိတ်ကိုတွေးကာ ဝမ်းနည်းအားငယ်တတ်လာတာက မကြာခဏ။

မမျှော်လင့်သောဘဝမှာ မရင်းနှီးသောလူတစ်ယောက်ရဲ့ဇနီးမယားတစ်ယောက် ဖြစ်ခဲ့ရသည်။ တွေးကြည့်တိုင်း ဒါဟာ အိပ်မက်ဖြစ်ပါစေ အခါခါဆုတောင်းရင်း ညညထထိုင်လိုက်တဲ့အခါ ဘေးနားမှာ အိပ်နေတဲ့ လူတစ်ယောက်ကြောင့် ဒါဟာ အိပ်မက်မဟုတ်ကြောင်း သက်သေပြနေသလိုလို…

မိန်းမတစ်ယောက်ရဲ့ နောက်ဆုံးသောပန်းတိုင်ဟာ သာယာသောအိမ်ထောင်တစ်ခု တည်ထောင်ရေးဆိုလျှင် နွေရဲ့နောက်ဆုံးသောပန်းတိုင်က ဘယ်သောအခါမှ ရောက်နိုင်တော့မည်မထင်။

“မိုးကို စိတ်မဆိုးပါနဲ့နော်”

မိုးရဲ့စကားသံကိုကြားတော့ လက်ရှိကာလကို သတိရလိုက်သည်။ ရင်ဘတ်ကြီးတင်းနေအောင် ခံစားနေရသမျှ သက်ပြင်းမောကို မှုတ်ထုတ်လိုက်သောအခါ အနည်းငယ်တော့ သက်သာသလို ရှိလာသည်။

“မဆိုးပါဘူး…အိပ်တော့နော်”

မိုးရဲ့ကိုယ်လေးကို အိပ်ရာပေါ်ပြောင်းတင်ပေးပြီး စောင်လုံအောင်





ပေးလိုက်သည်။ ညအိပ်မီးသီးလေးကို ဖွင့်ပေးပြီး အခန်းတံခါးကို သောပိတ်လိုက်သည်။

ယခုချိန်ဆို ထွဋ်ခေါင်ရိပ်က သူ့အလုပ်နှင့်သူ ရှုပ်နေလိမ့်မည်။ နွေကတော့ အိပ်ချင်စိတ်မရှိ။ တွေးချင်စိတ်တွေပဲ ရှိသေးသဖြင့် ဒရင်းဘတ်(ဒ်)ကို လသာဆောင်ဘက်သို့ထုတ်ပြီး ထိုင်လိုက်သည်။

မိုးရာသီမို့ တိမ်တွေက အထပ်လိုက်အထပ်လိုက် ပြေးလွှားနေသည်။ လကလေးက ဆန်းသစ်စ။ ပြေးလွှားနေကြသည့် တိမ်များကြောင့် လကလေးမှာ ထွက်ပေါ်ခွင့်မရရှာ။ ထိုတိမ်တိုက်တွေကြားမှာ လေးရဲ့မျက်နှာက ပေါ်လာသည်။

“နွေရဲ့အိမ်ထောင်ရေးကို အကောင်းဆုံးနဲ့ အသာယာဆုံးဖြစ်စေချင်တာ ကိုလေးရဲ့ဆန္ဒပါ”

ကိုလေးရယ်…

ရှိုက်သံမဲ့ မျက်ရည်တွေက ခေါ်ယူခြင်းမရှိဘဲ ရောက်လာခဲ့သည်။

ကိုလေးက သာယာအောင် ဘယ်လောက်ဆုတောင်းတောင်း နွေကတော့ သူတုပ်နှောင်ထားတဲ့ကြိုးတွေထဲက အမြန်ဆုံး ရုန်းထွက်နိုင်စေလို့ ဆုတောင်းနေတာ ကိုလေး သိရဲ့လား။

“မင်း ဘာလုပ်နေတာလဲ”

သူ ရောက်လာသဖြင့် နွေ မျက်ရည်သုတ်ဖို့ အချိန်မရတော့။ သူကလည်း နွေ မျက်ရည်တွေကို မြင်သွားခဲ့ပြီမို့-

“အနှောင့်အယှက်ဖြစ်သွားလား”

တဲ့။ နွေ ဖျတ်ခနဲ မတ်တတ်ရပ်ပြီး သူနှင့် မျက်နှာချင်းဆိုင်

ရပ်ကာ-

"ရှင်သိရင် ပြီးတာပဲ"

နွေ့စကားကြောင့် သူက နွေနှင့်အပြိုင် ဒေါသဖြစ်ကာ ပခုံးကို ဆောင့်ဆွဲသည်။

မိန်းကလေးတစ်ယောက်အပေါ် ကိုယ်ချင်းစာတရားမရှိ၊ အဖြတမ်း ကြမ်းတမ်းစွာ ဆက်ဆံတတ်သောသူ့ကို နွေ မုန်းတီးပါသည်။

"အား…ရှင် လွှတ်ပါ။ စကားကို အေးအေးဆေးဆေး ပြော"

"အေးအေးဆေးဆေး ပြောနေတာကို မင်းပဲ ငါ့ဒေါသကို ဆွနေတာမဟုတ်လား။ အေး…မင်းသာ ငါ့လက်က အတင်းထွက်ဖို့ ကြိုးစားနေရင် ငါ ခါတ်ပုံတွေ ပို့လိုက်မှာနော်"

"ရှင်…လူကို အနိုင်ကျင့်တယ်"

နွေ ဘယ်လိုမှ ထိန်းချုပ်၍မရတော့ဘဲ သူ့ကို ပြေး၍ထုရိုက်မိတော့သည်။ ဘာမှမဖြစ်ခဲ့ပါဘဲ သတိလစ်နေသည့် မိန်းမတစ်ယောက်အပေါ် အခွင့်ကောင်းယူပြီး ဓာတ်ပုံရိုက်ထားကာ တစ်ခါလာလည်း ဒီဓာတ်ပုံနှင့် ခြိမ်းခြောက်၊ တစ်ခါလာလည်း ဒီဓာတ်ပုံနှင့်ခြိမ်းခြောက် ရှင် နိုင်ပါတယ် ထွင့်ခေါင်ရိုပ်။

"ရပါတယ်…အသက်ကိုပဲလိုချင်ချင်၊ အရှက်ကိုပဲ လိုချင်ချင် ရှင့်သဘောပဲကိုး။ ကျွန်မကတော့ ဝဋ်ရှိရင်လည်း ဒီဘဝ ဒီမျှနဲ့ အကြေဆပ်သွားမှာပါ"

နွေ သူ့ကို အော်ဟစ်ပြောကာ လှည့်ထွက်လိုက်စဉ် သူက ရုတ်တရက် နွေ့ကို ပွေ့လိုက်သည်။

"ရှင် ဘာလုပ်တာလဲ…ချပေး…ရှင့်ကို မုန်းတယ်"





ထုရိုက်ကုတ်ဖဲ့နေသည့်ကြားမှ နွေ မုန်းတီးလွန်းသော အနမ်းင်းတွေ။ အိပ်ယာပေါ်ဆိုတဲ့အသိနှင့် လောကကြီးက မှောင်မိုက်သွားသည်။ ကျဆင်းနေသည့် မျက်ရည်တွေကလည်း သူ့ရဲ့အနမ်းတွေအောက်မှာ ပျောက်ပျက်လျက်။

ခဏကလေး လွှတ်ထွက်သွားသည့်အချိန် နွေ သူ့ကိုယ်ကို ဆောင့်တွန်းပစ်လိုက်တာ ကံကောင်း၍ အိပ်ယာပေါ်ကမကျ။

"ရှင် ကျွန်မကို နောက်ထပ် ထိရဲထိကြည့်စမ်းပါ။ ကျွန်မကိုယ့်အသက်ကို နှမြောမယ့်မိန်းမ မဟုတ်ဘူး။ ရှင်နဲ့ထိရတာ ကျွန်မကိုယ်ကျွန်မ ရွံတယ်။ ငါလက်ထပ်ထားတဲ့ မိန်းမ၊ ငါ လုပ်ချင်သလိုလုပ်မှာပဲ ဆန္ဒရှိရင် ရှင့်ကိုယ်ရှင် သတ်သေလိုက်ပါ။ တဏှာစိတ်ကြီးမားနေရင်လည်း ကြိုက်တဲ့နေရာသွားလိုက်ပါ။ ကျွန်မကတော့ ရှင်နဲ့ စိတ်တူကိုယ်တူဖြစ်မယ့် မိန်းမ မဟုတ်ဘူး"

"မင်း ငါ့ကို စော်ကားတယ်"

"ဖြန်း"

သူ့လက်တစ်ဖက်ကို ရိုပ်ခနဲ မြှောက်တက်သွားခြင်းနှင့်အတူ ပါးပြင်ထက်၌ ထူပူကျိန်းစက်ခြင်းကို ခံစားလိုက်ရသည်။

နာကျင်စပ်ဖျဉ်းနေသော်လည်း နွေ မျက်ရည်ကြားမှ ရဲဆောင်ပြုးကာ သူ့ကို ကြည့်လိုက်သည်။ သူ့မျက်နှာထက်၌ နွေ အဓိပ္ပာယ်ဖော်ဆောင်နိုင်သော အရိပ်များရှိသော်လည်း ဒေါသပဲ ဖြစ်ရမည်။

မျက်နှာပေါ်အုပ်ကျလာသည့် ဆံပင်တွေကို ဖြစ်သလို ဖယ်ပစ်ကာ-

"ရိုက်စမ်းပါ…တစ်ဖက်အားမရသေးရင် နောက်တစ်ဖက် ကျန်သေးတယ်။ ရှင့်ဆီက တဏှာရမ္မက်ပါတဲ့ အထိအတွေ့တွေ လွဲရင် ကြိုက်သလိုလုပ်လိုက်စမ်းပါ။ သတ်ချင်လည်း သတ်လိုက်စမ်း ပါ။ ရှင့်ရဲ့အပျော်ဖြေခံမိန်းမ မဟုတ်ရင် ကျေနပ်ပြီ"

"တော်တော့ နွေဥသြ…မင်းထင်သလို ယုတ်မာတဲ့ မဟုတ်ဘူး။ ငါ့ရင်ထဲမှာ ကိုယ်လက်ထပ်ထားတဲ့ မိန်းမတစ်ယောက် ကို ငါကတော ယုယခွင့်မရှိဘူးလား"

"ဟင့်အင်း…ရှင် မပြောနဲ့၊ အဲဒီစကားလုံးတွေက ရှင်နဲ့မတော် ဘူး။ ရှင် ဘာကြောင့် ကျွန်မကို လက်ထပ်ခဲ့သလဲ၊ ရှင့်ကိုယ်ရှင် အသိဆုံးပါ"

"မင်း တော်တော့၊ ပြောရက်တယ်နော်"

ခုတင်ရဲ့ ဟိုဘက်ထိပ်၊ ဒီဘက်ထိပ်မှာရှိတဲ့ လူသားနှစ်ယောက် တစ်ယောက်က ပါးတစ်ဖက်ကို အုပ်ကိုင်ရင်း မျက်ရည်လည် တစ်ယောက်ကတော့ နီရဲတင်းမာသောမျက်နှာနှင့် အံတကြိတ်ကြိတ်

တိတ်ဆိတ်နေသော ညအချိန်ပင်ဖြစ်သော်လည်း သူတို့အခန်း ထဲမှာတော့ တိတ်ဆိတ်ခြင်းအလျှဉ်းမရှိ။

ထွင့်ခေါင်ရိပ် အိပ်ယာပေါ်မှ ဆင်းလိုက်သည်။ နွေကတော့ သူ့ကို အလစ်မပေးပါ။ စိုက်ကြည့်နေသည်။ သူက ခုတင် ကျွေ့ဝိုက်ကာ နွေဘေး၌ ရပ်၍ ကိုယ်ကိုကိုင်းကာ-

"ယောက်ျားတစ်ယောက်ရဲ့သိက္ခာကို အကြိမ်ကြိမ် ထိပါး ပုတ်ခတ်တာက မင်း"





နွေ ပြူးကျယ်ဝိုင်းစက်သော မျက်ဝန်းတွေနှင့် သူ့ကို စိုးရွံ့စွာ ကြည့်နေသလို သူကလည်း နွေ့ထံမှ လုံးဝ အကြည့်မလွှဲဘဲ-

"မင်းအမေကို မုန်းတီးတာကသက်သက်၊ အဲဒါကို ခုတုံးလုပ် ပြီး မင်းဘဝကို ရယူပါတယ်ဆိုတာက မင်း အတွေးအခေါ် တစ်ဖက် စွန်းရောက်တာ။ ကိုယ့်ရှေ့မှာ ခွေးကလေးတစ်ကောင်၊ ကြောင်ကလေး တစ်ကောင် ချစ်စဖွယ်အမူအရာရှိရင် အသည်းယားမိတာမျိုးရှိရင် ကိုယ်လက်ထပ်ယူထားတဲ့မိန်းမ နမ်းမိထိမိတာ ကျူးလွန်မိတာရှိရင် ပေါ့ယ်။ အဲဒါကို နှာဘူးကောင်၊ တဏှာကောင်လို့ မင်း ထင်ချင်ထင်၊ သိန်းထောင်ရှင်ယောက်ျားတိုင်းကတော့ သူတို့မိန်းမတွေကို ယုယခဲ့တာ ကတော့အဆက်ဆက်ပဲ"

"အို"

ဒီတစ်ခါ သူ မွှေ့ဖက်လိုက်တာကို နွေ ငြင်းဆန်ချိန်မရလိုက်။ သူကတော့ စောစောတုန်းကလို အကြမ်းမဖက်တော့ဘဲ နွေ့ကိုယ်လုံး ကို ခပ်တင်းတင်းဖက်ကာ သူ ရိုက်ခဲ့သည့်ပါးပြင်ကို အညင်သာဆုံး နမ်းရှိုက်လိုက်လေသည်။

နွေ ဒီရဲ့ဝဲဂယက်ထဲကနေ ဘယ်တော့မှ လွတ်မြောက်တော့မှာ မဟုတ်။ သူက ရက်စက်တတ်သူ၊ ယုယတတ်သူ အစွန်းနှစ်ဖက်ကို ပိုင်ဆိုင်ထားသူဆိုလျှင် နွေက ဘာလဲ…ဟင့်အင်း…သူ့အထိအတွေ့ အောက်မှာ နွေ မသာယာပါရစေနဲ့။

♥♥♥

# အခန်း (၂၀)

နောက်နေ့မှစ၍ သူ နွေ့အပေါ် ဆက်ဆံရေး အနည်းငေ
ပြောင်းလာသည်။ နွေ မုန်းတီးသော ကြမ်းတမ်းသည့်အပြုအမ
များ သူ့ဆီမှရောက်လာသဖြင့် နွေ ကျေနပ်သွားပါသည်။

သူကတော...သူကတော့ ထိုနေ့က နွေစကားအတွက် အရ
လည်းရပေမည်။ နွေကိုယ်တိုင် ထိုသို့ပြောဖို့ မရည်ရွယ်သော်လည်
နှုတ်က ထွက်သွားမိခဲ့သည်။

ဘာပဲဖြစ်ဖြစ် နောက်နေ့မနက်မှာ မနေ့ညကကိစ္စကို သူ
နွေပါ မေ့ထားလိုက်ကြသည်။ သူကလည်း သူ့တစ်နေ့တာလုပ်ဆော
စရာတွေလုပ်ပြီး မိုးအခန်းထဲသို့ ရောက်သွားသည်။ နွေကိုယ်တိုင်
လည်း ချက်ရေးပြုတ်ရေးနှင့် ရှုပ်သွားခဲ့သည်။





"ဟာ...ဒီနေ့ ထူးထူးခြားခြားပါလား။ ဘာနေ့မို့ ခေါက်ဆွဲ
ပ်စားတာလဲ"

သူက မိုးရဲ့ပိုးချည်လ်ကို တွန်းလာရင်း မေးလေသည်။ နွေ မဖြေမီ
ကော-

"ညီမလေး စားချင်လို့ပါ ကိုကို"

သူက မိုးကို ထိုင်ခုံပေါ်သို့ တွဲတင်ပေးသည်။ နွေကတော့
သူတို့နှစ်ယောက်အတွက် အရင်ဆုံး ခေါက်ဆွဲပြင်ပေးလိုက်သည်။

သူကတော့ နွေ လုပ်နေသမျှကို လိုက်ကြည့်နေသဖြင့် မိုးက
သိချင်ယောင်ဆောင်နေရပါသည်။

နွေက ကော်လံပါသော ရှပ်ကွက်လက်စကကို ဝတ်ဆင်ထား
း မိတ်ကပ်ရောင်လုံချည်ကို ဝတ်ဆင်ထားသည်။ မနက်လင်း
ဘည်းက ချက်ရေးပြုတ်ရေးနှင့် အလုပ်ရှုပ်နေသဖြင့် ရှည်လျား
သော ဆံပင်များကို ခေါင်းစည်းကြိုးဖြင့် ခပ်လျော့လျော့ စည်းထား
င်း ဖြစ်သည်။

"ဒီနေ့ မြို့ထဲသွားမယ်ဆိုတာ ဘာမှမပြင်သေးပါလား
ညီမလေး"

မိုးရဲ့ခြေထောက်ကို ပြန်လည်ကုသဖို့အတွက် အရိုးအကြော
ဆရာဝန်နှင့် သွားတွေ့ဖို့ ဖြစ်သည်။ သူ့ကိုတော့ နွေက ဘာမှပြော
သေးပေမယ့် မိုးကတော့ သူ့ကို ပြောပြလိုက်ပုံရသည်။

သူနှင့်နွေ့ရဲ့ကြားမှာ ဘာပဲရှိရှိ မိုးနှင့်ပတ်သက်လျှင်တော့ နွေ့ရဲ့
ဆန္ဒက ဖြူစင်သည်။ ဤအိမ်မှာနေသည့်အတောအတွင်း မိုးရဲ့
ခြေထောက်တွေ အကောင်းပကတိ ပြန်ရှိစေချင်တာကတော့ နွေ့

စေတနာ…

နှစ်ပေါင်းများစွာ မကုဘဲထားသည့် ခြေထောက်မို့ လွယ်တော့ မလွယ်။ သို့သော် နွေတို့ဘက်မှ တတ်နိုင်သမျှ ကြိုးစားကြည့်ချင်သည်။

"နွေ…ဗိုက်ဆံ ပိုပိုသာသာ ယူသွားနော်။ ဖြစ်နိုင်ရင် ကိုယ်လည်း လိုက်ချင်ပါတယ်။ ဒါပေမယ့် ညီမလေးလိုချင်တာလည်း ဝယ်ပေးလိုက်လေ။ မင်းလည်း ဝယ်ချင်တာဝယ်ပေါ့"

ငါလည်း လိုက်ချင်တယ်။ ဒါပေမယ့်ရဲ့နောက်မှာ သူသာလိုက်ခဲ့လျှင် နွေထံမှ ပြေပြေလည်လည်ဆက်ဆံရေးကို မရမှာသေချာသဖြင့် သူ မလိုက်ခြင်းဖြစ်မည်။

"ဟင့်အင်း…ကျွန်မအတွက် ဘာမှမလိုပါဘူး"

"ဘယ်မလိုပဲရှိမလဲ…အဝတ်အစားသစ်ကလေးဘာလေး ချုပ်ပေါ့"

"ကျွန်မက အပြင်ထွက်နေရတဲ့လူမှ မဟုတ်တာ။ မလိုပါဘူး"

ထပ်တိုက်တွန်း၍လည်း ရမည်မထင်သဖြင့် သူ ဘာမှဆက်မပြောဖြစ်တော့ချေ။

တတ်နိုင်သမျှ နွေအပေါ် တင်းမာမှုများကို လျှော့ချဖို့ ကြိုးစားနေသော်လည်း သူမအဖေရဲ့ယုတ်မာမှုများကို ပြန်သတိရမိသည့်အခါ သူ့ရဲ့စိတ်တွေ ကြမ်းတမ်းလာတတ်သည်။

တစ်ခါတစ်ရံမှာ သူတို့နှစ်ယောက်ကြား အတိတ်ဆိုးတစ်ခုမရှိခဲ့လျှင် ကောင်းမှာဟု စဉ်းစားသော်လည်း ထိုသို့သော အတိတ်ဆိုးမရှိခဲ့လျှင် နွေဥသြဆိုသော သူမက ထွဋ်ခေါင်ရိပ်ရဲ့ဇနီးတစ်ယောက်





ဖြစ်မလာဘဲ ထက်မိုးသောက်ရဲ့ဇနီးအဖြစ် ရှိနေတော့မည်။

သူမကလည်း သူ့အပေါ် မုန်းမပြယ်နိုင်စွာ ရှိနေခြင်းမှာလည်း သူနှင့်ထက်မိုးသောက်ကြား ဒဿဂီရိဘီလူး ဝင်လုပ်ခဲ့ခြင်းကြောင့်ဖြစ်မည်။

သူ တွေးရင်း စားရင်း ခေါက်ဆွဲတစ်ပွဲ ပြိုက်ခနဲ ကုန်သွားသော်သည်း နွေရဲ့ပန်းကန်ထဲ ခေါက်ဆွဲကား အရာမသွင်းသေး။

"စားကောင်းရဲ့လား မိုးလေး…ဘာလိုသေးလဲ"

"ဘာမှမလိုတော့ပါဘူး မမရဲ့…မမလည်း စားလေ။ မနက်ဖြန်ကျရင် တစ်မျိုးလုပ်ကျွေးနော်"

"ညီမလေး"

သူ ဟန့်တားမိသည်။ သူ နွေ့အပေါ် အနိုင်ယူတယ်ဟု နွေက ထင်ကာ ကိစ္စမရှိပေမယ့် ညီမလေးကတော့ နွေ့အပေါ် နိုင်းစားတာမျိုး သူ မလုပ်စေချင်။

"လုပ်ကျွေးမှာပေါ့…ဘာစားချင်လို့လဲ ပြောလေ"

"ကြာစံဟင်းခါးနဲ့ ရှောက်သီးသုပ်"

"ညီမလေးကလည်း ကြာစံစားချင်တာများ မနက်ဖြန် ညီမလေးမထခင် ကိုကို အဆင်သင့်သွားဝယ်မှာပေါ့။ နွေမှာ အိမ်အတွက်ချက်ပြုတ်ရ၊ မနက်စာ တကူးတက ချက်ပြုတ်ရနဲ့ ပင်ပန်းပါတယ်…နော်"

"ဟင့်အင်း…မမချက်တာပဲ စားချင်တယ်"

"ခက်ပါ့"

သူ ဘာတတ်နိုင်မည်နည်း။ သူကပြောလျှင် သူမက ဝင်တား

မည်။ ဒီတော့ သူမှာ သူမတို့နှစ်ယောက်ကို လက်ပိုက်ကြည့်နေရုံမှ လွဲ၍ ဘာတတ်နိုင်မည်နည်း။ သူမတို့နှစ်ယောက် ပြေလည်တာလည်း ကောင်းသည်။ ပြေလည်တာလည်း မကောင်း။

ပြေလည်တာလည်း ကောင်းသည်ဆိုမှာ သမီးယောက်မနှစ်ယောက် ပြေလည်နေတော့ သူ နောက်ဆံမတင်းဘဲ အလုပ်ဖြောင့်ဖြောင့် လုပ်နိုင်သည်။ ပြေလည်တာ မကောင်းဆိုသည်မှာ သူနှင့်သူမကြား နွေးထွေးစေဖို့ သူမဘက်က အချိန်မပေးနိုင်ချေ။

ဘုရားရေ...သူက ရန်သူရဲ့သမီးတစ်ယောက်နဲ့ အိမ်ထောင်ရေး ပြေလည်ဖို့ ဆန္ဒရှိနေသတဲ့လား။

"အစ်ကိုလေး"

မိဘုတ်ရဲ့ခေါ်သံကြောင့် သူ လှည့်ကြည့်လိုက်သည်။

"မမြတ်နိုး ရောက်နေပါတယ်ရှင့်"

နွေက သူ့ကို ဖြတ်ခနဲ လှည့်ကြည့်သည်။ သို့သော် သူ့မျက်နှာဆီသို့ အကြည့်မရောက်ခင် သူ့ရင်ဘတ်မှာ အကြည့်ရပ်သွားကာ တစ်ဖက်သို့ လှည့်သွားလေသည်။ သူ ဘာလုပ်၍ ဘာလုပ်ရမှန်းမသိဖြစ်နေစဉ်-

"ဟိတ်...ရပ်"

မြတ်နိုးက ထမင်းစားခန်းထဲ ဝင်လာသည်။

"အံမယ်...အစားကောင်းတွေပါလား။ မြတ်နိုး Breakfast မစားလာခဲ့ဘူး။ မြတ်နိုးလည်း စားချင်တယ်...ပြင်ပေး"

သူ နွေ့ကို အားနာမိသည်။ နွေ ခုထက်ထိ ဘာမှဟုတ်တိပတ်တိ မစားရသေးတာ သူ မြင်သည်လေ။ အခုလည်း ညီမလေးအတွက်





ပြင်ပေးနေတာမို့ သူ မနေသာတော့ဘဲ-

"ဟော့...မိဘုတ်၊ ဒီမှာ နှင့်အစ်မကို လာကူပေးလိုက်ပါ"

"ဟင့်အင်း...မိဘုတ်ပြင်တာ မစားချင်ဘူး။ နွေညြီ ပြင်ပေးပါ"

ဒီတစ်ခါတော့ အလိုက်မသိလှသော မြတ်နိုးကို သူ အတော်စိတ်ဆိုးရပါသည်။

နွေကိုလည်း အားနာစွာ လှမ်းကြည့်တော့ နွေက ဘယ်သူ့ကိုမှ မကြည့်ဘဲ မြတ်နိုးအတွက် ဆက်ပြင်နေသည်။

"လိုတာရှိရင် ပြောနော်"

မြတ်နိုးရှေ့သို့ ခေါက်ဆွဲပန်းကန်ချပေးပြီး သုံးလေးလုတ်မျှ စားရသေးသော ခေါက်ဆွဲပန်းကန်ကို ဘေစင်ဘက်ယူသွားသဖြင့် သူမ ဆက်မစားတော့ဘူးဆိုတာ သူ သိနေသည်။

"ဒါနဲ့ ရိပ်"ဒီနေ့ ဘယ်သွားစရာရှိသေးလဲ"

"ကိုယ် meeting ရှိတယ်။ အခုနောက်ပိုင်း..."

"ဪ...ဒါဆို နေ့ခင်းဘက် အားပြီပေါ့ဟုတ်လား"

"ကိုကို နေ့ခင်းမအားဘူး။ မမြတ်နိုး...မိုးတို့ကို ဆေးရုံလိုက်ပို့ပေးဖို့ရှိသေးတယ်။ ဘယ်အချိန်ပြန်လာရမလဲ မသိဘူး"

ညီမလေးရဲ့စကားကြောင့် သူ အတော်လေး ကျေးဇူးတင်သွားသည်။ မြတ်နိုးက မျက်နှာရှုံ့မဲ့သွားပြီး နှုတ်ခမ်းတစ်ပိုက် တစ်ရှူးနှင့် သုလုပပ သုတ်ရင်း-

"အဲဒါဆို တို့က ဘယ်လိုလုပ်ရမလဲ...တို့က ယူ..အားပြီဆိုပြီး ရောက်လာခဲ့တာ"

သူ ဘာမှရှေ့ဆက်မပြောဖြစ်တော့ချေ။ ယခုတလော မြတ်နိုး သူ့ရဲ့ရုံးခန်းသို့ နေ့စဉ်လိုလို ရောက်လာတတ်ပြီး ဟိုလိုက်ပို့နိုင်၊ ဒီလိုက်ပို့နိုင်းနှင့် သူ အတော်လေး စိတ်ရှုပ်မိသည်။

မြတ်နိုးဟာ တစ်ချိန်တုန်းက သူ့ရဲ့ချစ်သူဖြစ်ခဲ့ပြီး တစ်နေ့ လက်ထပ်ဖို့အထိ ရည်စူးခဲ့သည်။ သို့သော် ညီမလေး အက်ဆီးဒင့်ဖြစ်တော့ မြတ်နိုးရဲ့အချိုးတွေ ပြောင်းလာခဲ့သည်။

သူနှင့် လက်ထပ်လျှင် မိုးရဲ့တာဝန်ဝတ္တရားတို့သည် သူ့ခေါင်းပေါ်ပုံကျလာမှာကို မြင်ယောင်မိရသည်။ ဘာမပြော ညာမပြောနှင့် အစိမ်းဖြတ်ဖြတ်ကာ နိုင်ငံခြားသို့ ထွက်သွားသည်။

နိုင်ငံခြားရောက်ပြီး သိပ်မကြာခင် အိမ်ထောင်ကျလိုက်သေးသည်။ ထိုအိမ်ထောင်နှင့်ကလည်း မမြဲ။ တစ်နှစ်လောက်ပေါင်းပြီး ကွာရှင်းလိုက်သည်။

ယခု မြန်မာနိုင်ငံသို့ ပြန်ရောက်လာတော့လည်း သူ့နားမှာ တကပ်ကပ်။ အစပိုင်း သူ့အလိုက်အထိုက် နေဖြစ်တာက နွေညသြကို ဝိုး၍ ခံစားရအောင်သာဖြစ်ပြီး ယခုတော့ သူမက ဘာမှမခံစားရဘဲ သူပဲ အရှုပ်ထုပ်နှင့် ကြိုးရှုပ်နေတော့သည်။

"ဩော်...နွေ...ကိုယ့်ရဲ့ဖိုင် အပေါ်ထပ်မှာ ကျန်ခဲ့ပြီ။ သွားယူပေးပါဦး"

နွေက အပေါ်ထပ်သို့တက်သွားသည်။ သူ ညှိခန်းဘက်သို့ ထွက်လာတော့ မြတ်နိုးလည်း လိုက်လာသည်။ သူ အပေါ်ထပ်သို့ တက်ဖို့ပြင်တော့-





"ရိုဝ်...ယူက တို့ကို တစ်ယောက်တည်းထားပြီး ဘယ်သွားမလို့လဲ"

"ကိုယ် အဝတ်အစားမလဲရသေးဘူး"

သူ ပြောလည်းပြော၊ အပေါ်ထပ်သို့ တက်ခဲ့သည်။ မြတ်နိုး ဘာရည်ရွယ်ချက်နှင့် သူ့ဘေး ပြန်ကပ်နေသလဲသိရတော့ ကျောချမ်းသွားသည်။ တတ်နိုင်သမျှ သူမနှင့်ကင်းအောင် နေရမည်။

အိပ်ခန်းထဲမှာ နွေကို တွေ့သောအခါ-

"ကိုယ့်ကို နားလည်ပေးပါ နွေ"

ဘာကြောင့်မှန်းမသိ သူမနှင့် ပြေလည်ချင်စွာ တောင်းပန်လိုက်တော့ နွေရဲ့အကြည့်တွေက သူ့အပေါ် အထင်သေးစွာ ရောက်လာကာ

"ဘာအတွက်လဲ...မြတ်နိုးနဲ့ပတ်သက်လို့လား။ ရပါတယ်... ကျွန်မ အစွမ်းကုန် နားလည်ပေးထားပြီးသားပဲ။ တကယ်ဆို ခွင့်တောင်းနေရာတောင် မလိုပါဘူးလေ။ ရှင်က ဒီအိမ်မှာ အိမ်ထောင်ဦးစီးပဲဟာ။ ရှင့်မှာ လုပ်ပိုင်ခွင့်အားလုံး ရှိပါတယ်"

သူက နွေ့လက်တစ်ဖက်ကို လှမ်းဆွဲလိုက်ပြီး-

"ကိုယ့်ကို မခံနဲ့ပါနဲ့"

နွေက ရုန်းဖယ်ခြင်းမပြုဘဲ မျက်နှာလွှဲထားကာ-

"မခံနဲ့ရဲပါဘူး။ ရှင် ပြောဖူးသားပဲ။ ရှင် နေချင်သလိုနေခွင့်ရှိတယ်ဆိုမှတော့ ကျွန်မက ဘာကြောင့် ခံနဲ့ရမှာလဲ"

"နွေရယ်"

♥♥♥

# အခန်း (၂၁)

"ရှော့"

"ဘာလဲ"

သူက နွေ့လက်ထဲသို့ ဘာတွေထည့်ထားမှန်းမသိတဲ့ဘူးတွေ၊ အထုပ်တွေ ထည့်ပေးသဖြင့် နွေ လှမ်းယူရင်း မေးလိုက်ခြင်းဖြစ်သည်။

အခုတော့ သူနှင့်နွေကြားမှာ တင်းမာအေးစက်ခြင်း အနည်းငယ် လျော့သွားသဖြင့် နွေလည်း အရမ်းကြီး ဘက်ကပ်ပြောမနေတော့ပါ။ ခံစားရတဲ့သူက တသသနှင့် မမေ့နိုင်ဖြစ်နေတာကိုလည်း နွေ တတ်နိုင် သမျှ နားလည်ပေးဖို့ ကြိုးစားနေရပါသည်။ သိပ်တော့ မလွယ်လှ။ သူ့ကို နားလည်ပေးကာမှ နွေ့နှလုံးသားက သွေးစိမ်းရှင်ရှင် ထွက်ခဲ့ ဖူးတာကို နွေက သတိပြုရမိသည်ကိုး။





"အဝတ်အစားတွေနဲ့ ဖိနပ်လေ"

"ဘာလုပ်ဖို့လဲ"

"ဒီနေ့ ခြောက်နာရီ ညစာစားပွဲတစ်ခု သွားစရာရှိတယ်။ အရင် တုန်းက မလိုက်ဘူး ဘယ်လိုပဲ သန္နိဋ္ဌာန်ချထားထား အခုပွဲတော့ မင်း လိုက်ပေးပါ နွေ…အဲဒီလူနဲ့ ကိုယ်တို့က ရှယ်ယာလုပ်ထားတဲ့ လုပ်ငန်းတွေ တော်တော်များတယ်"

သူက နက်ခ်တိုင်ကို ဖြုတ်ပြီး ရေချိုးခန်းဘက်သို့ ဝင်သွား သည်။ သူ့စကားက တောင်းပန်ခြင်း၊ မေတ္တာရပ်ခံခြင်းသဘော သက်ရောက်နေတာမို့ နွေ သက်ပြင်းချကာ အထုပ်ထဲက ပစ္စည်းတွေ ကို ယူကြည့်လိုက်သည်။

ပွဲတက်ဂါဝန် ပန်းခရမ်းရောင်လေးကလှတော့ တော်တော်လှ သည်။

ဂါဝန်က ခါးထိကပ်နေပြီး အောက်ပိုင်းကားသွားသည့်ပုံစံက အရမ်းကားသွားတာမျိုးမဟုတ်ဘဲ ပျော့အိကျသွားခြင်း ဖြစ်သည်။

လည်ပင်းက လေးထောင့်ဖြစ်ပြီး ရင်ဘတ်မှာတော့ အဖြူရောင် ဖဲပွင့်ကြီးနှင့် အရောင်တွေ တလက်လက် တောက်ပနေသည့် စီးကွင်း တွေ၊ ကျောက်တွေ စီထားသည်။

အောက်ပိုင်း ဂါဝန်စမှာ ပုလဲသီးလေးတွေ တန်းလန်းလေး ချိတ်ဆွဲထား၏။ နောက်ထပ် ဘူးကိုဖွင့်ကြည့်တော့ ငွေရောင် တောက်ပနေသည့် လက်တစ်ဝါးစာ ခပ်ရှည်ရှည် လက်ကိုင်အိတ်လေး။ အနီရောင်နှင်းဆီပွင့်လေးက ထောင့်စွန်းမှာ လှပစွာ။

"ဘယ်လိုလဲ…သဘောကျလား"

သူက ရေချိုးခန်းထဲက ထွက်လာရင်း နွေ့ကို မေးလေသည်။ နွေက ဘာမှမဖြစ်သလိုနှင့် ဂါဝန်ကို ချိတ်ရင်း-

"လှပါတယ်၊ ဒါပေမယ့် ကျွန်မက ဂါဝန်တွေ ဝတ်လေ့ဝတ်ထ မရှိဘူး။ အဆင်ပြေမှာ မဟုတ်ဘူး"

"ဘာမှမဖြစ်ပါဘူး...ဝတ်ပေါ့။ သိပ်ပြီး သိသာတာမှ မဟုတ်တာ။ ဒါနဲ့ အဲဒီအင်္ကျီက မင်းနဲ့တော်ပါ့မလား။ မတော်ရင် သူငယ်ချင်း ဆိုင်ဆိုတော့ မျက်နှာပူပူနဲ့ သွားလဲရတော့မှာပဲ။ အစကတည်းက ဝတ်မယ့်သူမပါဘဲ လာဝယ်တဲ့ကိုယ့်ကို သူငယ်ချင်းက ဟားနေတာလေ"

နွေက ဂါဝန်ရဲ့ခါးပိုင်းတွေ၊ လက်တွေကိုကြည့်ပြီး-

"မလဲပါနဲ့တော့"

"ခဏနော်"

သူက နွေ့လက်ကို လွှတ်ပြီး အိတ်ထဲက မထုတ်ရသေးသော ဗူးကိုယူပြီး နွေ့ရှေ့မှာ ထိုင်ချလိုက်သဖြင့် နွေ မတ်တတ်ထရပ်ကာ

"ဘာလုပ်မလို့လဲ"

"ဖိနပ်လေ"

နွေက ဗူးထဲလှမ်းကြည့်လိုက်တော့ ငွေရောင်တလက်လက် တောက်ပနေသည့် ဒေါက်ဖိနပ်ချွန်ချွန်လေးကို တွေ့ရသည်။ ဒေါက်ဖိနပ် အရမ်းအမြင့်ကြီးမဟုတ်ချေ။ ခြေချင်းဝတ်နားမှာ နှိပ်သီးလေးနဲ့။

"ဝတ်ကြည့်လေ"

သူက နွေ့ခြေထောက်ကို အတင်းဆွဲပြီး စီးစေတာမို့-





"ရတယ်...နွေဘာသာ စီးမယ်။ ကျွန်မ ငရဲကြီးအောင် မလုပ်ပါနဲ့"

နွေက ပြောလည်းပြော၊ သူ့ရဲ့လက်ကိုလည်း အတင်းဆွဲဖယ်မိသည်။ ဖိနပ်လေးက နည်းနည်းလေးပဲ ချောင်သည်။ ဒါပေမယ့် ကြိုးပါတာမို့ ချောင်မှန်းမသိသာပေ။

"ကဲ...ကိုယ့်ညီမလေးအခန်းထဲ သွားတော့မယ်။ မင်း ပြင်တော့လေ"

သူက ပြောပြီး အပြင်ဘက်ထွက်သွားသည်။ နွေကလည်း သူ ပြောထားသဖြင့် ငြင်းဖို့ကလည်း အဆင်မပြေချေ။

သူနှင့်နွေ အဆင်ပြေနေတာတစ်ခုတော့ ကောင်းပါသည်။ ဟိုး အရင်တုန်းကဆို နွေ စိတ်တိုအောင်လုပ်နေရရင် သူက ပျော်နေသည်။ နွေကိုယ်တိုင်ကတော့...

သူ့မျက်နှာကို မြင်လိုက်ရတာနှင့် အမုန်းတွေက ဝင်ရောက်လာသည်။ သူက နွေနှင့်တွေ့ခါစကလို မခက်ထန်တော့ချေ။ တစ်ခါ တစ်ရံ နွေ အလုပ်လုပ်နေပြီး လှည့်ကြည့်မိလျှင် သူက နွေ့ကို ငေး ကြည့်နေတတ်သည်။ ပြီးတော့ အကြည့်လူမိသွားလျှင် သူ မဟုတ် သလို ခပ်တည်တည်နှင့် မျက်နှာလွှဲသွားတတ်သည်။

ကိုလေးနှင့်ပတ်သက်သည့် နွေ့နှလုံးသားရဲ့အနာကတော့ ခုထက်ထိ အကင်းမသေသေး။

'ကိုလေး' ဟု တွေးမိတော့မှ ကိုလေးတစ်ယောက် နေကော ကောင်းရဲ့လား။ နွေ့အတွက် စိုးရိမ်စိတ်တွေ ဖြစ်နေမှာတော့ အသေ အချာပင်။

အိမ်ထောင်သည်တစ်ယောက်ဖြစ်နေပြီမို့ ကိုလေးကို ထောင့်ငါးရာနှင့် မချစ်သင့်တော့ပေမယ့် ငါးရာနှစ်ဆယ့်ရှစ်မဂ္ဂါ ဖြင့်တော့ ကိုလေးကို ချစ်နေဆဲ။ အားကိုးရသော အစ်ကိုတစ်ယောက် လို အခက်အခဲ အကျပ်အတည်းတွေ များလာတဲ့အခါ သတိရမိတာ ကလည်း အခါခါ။

ဧည့်ခံပွဲသို့ရောက်တော့ ည (၇)နာရီထိုးတော့မည်။ သူက ကားပေါ်က အရင်ဆင်းပြီး နွေဘေးက တံခါးကို လာဖွင့်ပေးသဖြင့် နွေ အံ့ညြသွားကာ-

"ရပါတယ်"

"လာလေ"

သူက နွေ့လက်ကို ဆုပ်ကိုင်ပြီး သူ့လက်မှာ ဗိုင်ဗိုင်နိုင်နိုင် တွဲထားလေသည်။

ရောင်စုံမီးရောင်များကြားမှာ စိမ်း၊ ရွှေ၊ ငွေရောင်တွေက ပြိုးပြိုး ပြက်ပြက်။ ဧည့်ခံပွဲက အကျယ်ချဲ့ထားသည်။ နာမည်ကြီး တေးဂီတ ဝိုင်းကိုလည်း ငှားထားသေးသည်။ စတိတ်စင်လေးထက်၌ နာမည် ကြီးအဆိုတော်တစ်ယောက် သီချင်းဆိုနေတာကို လှမ်းမြင်ရသည်။

လူတွေကလည်း တော်တော်များများ ရောက်နှင့်နေပြီဖြစ်သဖြင့် သူက နွေ့လက်ဖဝါးလေးကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး လေသံနှင့်

"ကိုယ့်နားမှာနေနော်"

"ဟာ…ကျိုရိပ်…လာဗျာ…နောက်ကျတယ်နော်။ ဘာလဲ အမျိုးသမီးကို စောင့်နေရလို့လား"

ဧည့်ခံပွဲတွင် ဧည့်ခံနေသူက သူ့လက်ကို တရင်းတနှီး ဆွဲကိုင်





ကာ ပြုံးရယ်၍ စကားဆိုလေသည်။ နွေ ပြုံးပြကာ မျက်နှာလွှဲမိ သည်။

"ဒီတစ်ခေါက်တော့ မဟေသီကို ပွဲထုတ်လာပြီပေါ့… မိတ်ဆက်ပေးပါဦးဗျ"

"နွေ…သူက ကိုယ်တို့ကုမ္ပဏီက ရှယ်ယာမန်ဘာ ကိုတေဇ ဘဲ။ ကိုတေဇ…ကျွန်တော့်အမျိုးသမီး နွေဉညြပါ"

"တွေ့ရတာ ဝမ်းသာပါတယ်"

ထိုလူက လက်ကမ်းလာသဖြင့် နွေ သူ့ကို စောင့်ကြည့်မိသည်။ သူက ခေါင်းဆတ်ပြသဖြင့် နွေ လက်ပြန်ကမ်းပေးလိုက်သည်။ နွေ့ အတွက်တော့ ဤလောကကြီးက ခပ်ဆန်းဆန်း။ နွေက ဒီလို လူ့ဂုဏ် သန်အသိုင်းအဝိုင်းကလုပ်သည့် ဧည့်ခံပွဲများကို တစ်ခါမှမတက်ခဲ့ဖူး သဖြင့် ကြောင်နေမိသည်။

သူက နွေ့လက်ကို ဆုပ်ကာ-

"နွေ့လက်တွေ အေးနေတယ်နော်"

"လူတွေကလည်း များလိုက်တာနော်"

သူလည်း သူပြောချင်တာပြော၍ နွေကလည်း ကိုယ်ပြောချင် တာ ပြောလိုက်သည်။

"ဧည့်ခံပွဲပြီးရင် အစည်းအဝေးရှိသေးတယ်လေ"

"ဟင်…အစည်းအဝေးက ဘာလို့ သပ်သပ်မလုပ်တာလဲ"

သူက နွေ နားလည်အောင် မရှင်းပြတတ်သလိုပုံစံနှင့် နွေက လည်း ထပ်မေးဖို့ ဒါမှမဟုတ် သူ့ထံမှ အဖြေတစ်ခုရဖို့ အသည်းအသန် ဦးတော့ မဟုတ်ပါ။

"လာ…လာ…ကိုယ့်လူ ဒီမှာထိုင်…ကြိုက်တာယူစားနော်။ ကိုယ် ဟိုဘက်သွားလိုက်ဦးမယ်"

ထိုလူ ထွက်သွားတော့ သူက-

"နွေ ဘာစားမလဲ"

"ဟင့်အင်း…ဘာမှမစားချင်ပါဘူး"

ဘူဖေးစနစ်မို့ သူက မေးခြင်းဖြစ်သည်။ နွေက ခေါင်းယမ်းတော့ သူ့ဘာသာသူ သွားယူသည်။

နွေကတော့ ဤဘူဖေးစနစ်ကို လုံးဝ မကြိုက်ပါ။ ညစ်ခံပွဲသို့ လာသော ဧည့်သည်က ကိုယ်တိုင်သွားယူရသည့်အဖြစ်က တော်တော် ကြောင်တောင်တောင်နိုင်ပေမယ့် သူမတို့မြန်မာနိုင်ငံရှိ အသိုင်းအဝိုင်းကြီး တော်တော်များများရဲ့ ဧည့်ခံပွဲများတွင် ဘူဖေးယဉ်ကျေးမှုက စိမ့်ဝင်မှုအားကောင်းနေပြီ။

ဤဘူဖေးစနစ်ကိုလည်း သူတို့က မြတ်မြတ်နိုးနိုးကြီးကို လက်ခံထားကြပြီ။

ဘယ်သူ့ကိုပဲကြည့်ကြည့် အားလုံး အနောက်တိုင်းဝတ်စုံတွေ ဝတ်ဆင်ထားကြသည်။ အင်းလေ…အခုနေသာ ဒီထဲမှာ တိုက်ပုံနှင့် ရင်ဖုံးဝတ်သူရှိလျှင်လည်း အားလုံးက အထူးဆန်းသဖွယ် ကြည့်ကြလိမ့်မည်။

ကိုယ့်မြန်မာအမျိုးသားဝတ်စုံဖြစ်သော်လည်း ဝတ်လာလျှင် တောဂိုက်ကြီး ဖိုနေရာမှာ လာပြီလို့ ပြောကြမှာ အသေအချာ။ နွေကတော့ အပေါ်ယံ ဟန်ဆောင်အပြုံးများဖြင့် လွှမ်းခြုံထားသော ဤကဲ့သို့သော ဧည့်ခံပွဲများကို စိတ်မဝင်စားပါ။





"ပျင်းနေပြီလား"

သူက နွေ့ရှေ့မှာ အစားအသောက်များ ထည့်လာသည့်ဇွန်းလေးကို ချပေးရင်း မေးလေသည်။

"စိတ်ကျဉ်းကျပ်စရာ အတော်ကောင်းတာပဲ"

"ဒီလိုပဲပေါ့ နွေရယ်…စီးပွားရေးလုပ်လာပြီဆိုရင် ဒီလိုပွဲတွေက မသွားချင်လည်းသွားရမှာပဲ။ အများအမြင်မှာ ပိုက်ဆံကုန်အောင် အပိုအလုပ်တွေ လုပ်ကြတယ်ဆိုဆို အမှန်တော့ ဒါက လုပ်ငန်းတစ်ခုနဲ့ တစ်ခုကြားမှာ ပိုပြီး ရင်းနှီးမှုလင်းလာအောင် လုပ်ကြတယ်ဆိုရင် လည်း မမှားဘူးလေ"

"ရှိပ်"

နွေတို့နား လူရိပ်ကျလာသဖြင့် နွေတို့နှစ်ယောက် မော့ကြည့်လိုက်တော့ နွေ ဘယ်လိုမှ ဟန်ဆောင်ပြုံး၍မရ။

မြတ်နိုး…

အနက်ရောင် ရင်ပြတ်တစ်ဆက်တည်း ဂါဝန်ပေါ်မှာ ငွေရောင် သက်လက်ထနေသော ပဝါခြုံထားသဖြင့် ရိုင်းသလိုလိုနှင့် လှသည်။

လည်ပင်းမှာလည်း ရင်ညွှန့်အထိ အိကျနေသော ဆွဲကြိုးကို ဆွဲထားပြီး နားကွင်းဝိုင်းကြီးများက ခေါင်းလေးယမ်းတိုင်း လိုက်ယမ်းနေသည်။

မျက်လုံးနှင့်မျက်ခုံးတစ်ဝိုက် ငွေရောင်တောက်ပနေသည်။ နှုတ်ခမ်းသား၌ စိုရွှဲသော ပန်းနုရောင် နှုတ်ခမ်းနီကို ဆိုးထားသည်။

သူမကတော့ နွေကို ဂရုမစိုက်ဘဲ ထွင့်ခေါင်ရိပ်ဘေးနားမှာ ထိုင်ခုံကို ဆွဲ၍ ကပ်ထိုင်လိုက်ကာ-

"လာလေ…ဟိုမှာ တို့ဘော်ဒါတွေ ရှိတယ်"

"ရပါတယ်၊ မြတ်နိုး ဒီမှာ နွေလည်းပါတော့ သူတစ်ယောက်တည်း ကြောင်နေလိမ့်မယ်"

မြတ်နိုးက နွေကို မကြည့်သလို တစ်ချက်ကြည့်ကာ-

"ကျွတ်…တို့ စိတ်သိပ်မရှည်ဘူး။ ယူ မလိုက်ဘူးလား"

"နွေ…ကိုယ် ခဏလိုက်သွားဦးမယ်"

နွေ ပြုံးပြလိုက်ကာ ခေါင်းညိတ်လိုက်သည်။ ထိုအပြုံးသည် သရော်ပြုံး၊ ခနဲ့ပြုံး ဖြစ်သည်။ ကိုယ် လက်ထပ်ထားသည့် မိန်းမ တစ်ယောက်ရဲ့ရှေ့မှာ အခြားမိန်းမတစ်ယောက်ကို မငြင်းဆန်ရဲသော ယောကျ်ားတစ်ယောက်ကို သရော်လိုက်ခြင်း ဖြစ်သည်။

တကယ်ဆို ဒီပတ်ဝန်းကျင်နှင့် လုံးဝ စိမ်းသက်နေသော နွေ အနားမှာ သူရှိနေရမည်။ နွေကိုခေါ်သွားတော့ကော ဘာဖြစ်မှာမို့လဲ။ ခပ်လှမ်းလှမ်းရောက်တော့ မြတ်နိုးက သူ့ရဲ့လက်ကို ချိတ်တွဲလိုက် သဖြင့် ရင်ထဲထိတ်ခနဲ ဖြစ်သွားသည်။

အို…ဘာဖြစ်လဲ။ တစ်ချိန်ချိန်မှာ မြတ်နိုးနဲ့ပတ်သက်ပြီး ငါ့ဆီမှာ သူ တစ်ခုခုတောင်းဆိုလာရင်တောင် ခွင့်ပေးရဦးမှာပဲကိုး။ နွေရယ် ဘာအတွက်နဲ့မှ နင် မတုန်လှုပ်စေဖို့ လေ့ကျင့်ထားလေ။

အတော်ကြာသည့်အချိန်ထိ ရောက်မလာသဖြင့် နွေ သူတို့ရှိရာ သို့ လှမ်းကြည့်လိုက်သောအခါ-

"ဟင်"

မြတ်နိုးကိုကော သူ့ကိုပါ မတွေ့ရသဖြင့် နွေ လန့်သွားသည်။ မျက်လုံးတွေကို နေရာအနှံ့ ကစားမိပေမယ့် သူတို့ကို မတွေ့ရ။ နွေ





က်လုံးပြူးကာ ထရပ်လိုက်စဉ်-

"အစ်မက ကိုရိပ်ရဲ့ဇနီး မဟုတ်လား"

ချိုသာသော အမေးစကားကြောင့် နွေ လှည့်ကြည့်လိုက်သည်။ န်ပိန်ရှည်ရှည်နှင့် သားနားရည်မွန်သည့် ရုပ်ရည်ရှိသော လူ စ်ယောက်။

နွေက နှုတ်မှမဖြေဘဲ ခေါင်းညိတ်ပြလိုက်သည်။

"အစ်မတစ်ယောက်တည်း ကြောင်နေမလားဆိုပြီး ကျွန်တော် လာတာ။ ကိုရိပ်တို့ အိမ်ထဲမှာ ရောက်နေကြတယ်"

"အိမ်ထဲမှာ ဘာရှိလို့လဲ"

"အစည်းအဝေးရှိတယ်လေ။ ကျွန်တော်က ကိုတေဇရဲ့ညီပါ။ စ်မနာမည်က"

"နွေဥသြပါ"

"နွေ…ဥ…သြ…ဟုတ်လား"

သူက နွေရဲ့နာမည်ကို တစ်လုံးချင်း ရေရွတ်သဖြင့် နွေက ခေါင်းယမ်းကာ-

"ဥသြ မဟုတ်ဘူး၊ နွေဥသြပါ…ဥနဲ့သြကို ရှင် ခွဲလိုက်ရင် ဓိပ္ပာယ်ပြောင်းသွားပြီ"

"ဟုတ်တယ်နော်…နွေဥသြဆိုတော့ အစ်မနာမည်ရဲ့ တင်စား က်က လှတယ်ဗျာ။ ဥသြဆိုတာကလည်း နွေကို ကိုယ်စားပြုတဲ့ က်နာမည်လေ"

"သြော်…ရှင်က သိလှချည်လား"

"သိဆို ကျွန်တော်က စာအရမ်းဖတ်တယ်လေ။ ကျွန်တော်က

တော့ အစ်မကို မနှေလို့ ခေါ်မယ်နော်။ မနှေကို ကျွန်တော် သတိထားမိတာ တော်တော်ကြာပြီ။ မနှေက ဒီလိုပွဲလမ်းသဘင်နဲ့ စိမ်းသက်ပုံရတယ်"

နှေက ခေါင်းညိတ်ပြလိုက်သည်။ သူစိမ်းယောကျ်ားတစ်ယောက်ကို နှေ ရင်းရင်းနှီးနှီး စကားမပြောတတ်ပေ။ ထို့ကြောင့် ငြိမ်သက်စွာ ထိုင်နေမိခြင်း ဖြစ်သည်။

"မနှေဥသြ"

"ရှင်"

ခေါ်သံကြောင့် နှေ လှည့်ကြည့်မိတော့ ကိုတေဇကို မြင်ရသည်။ ကိုတေဇက မျက်စိမျက်နှာပျက်နှင့်-

"ကိုရိပ်တော့ ခေါင်းနေပြီဗျာ"

ခေါင်းနေပြီဆိုသောစကားကြောင့် နှေ မျက်စိမျက်နှာပျက်သွားလေသည်။

"အိမ်ထဲမှာလားရှင်"

"ဟုတ်တယ်...သူတစ်ယောက်တည်း တော်တော်မူးနေပြီ။ ဘယ်လိုမှ တားလို့လည်းမရဘူး။ အဲဒီ မင်း လိုက်သွားပေးလိုက်ပါ။ တကယ်လို့ ကားမမောင်းနိုင်ရင် ကျွန်တော့်အရိုင်ဘာနဲ့ ပို့ခိုင်းပါ့မယ်"

နှေ ဘာမှမပြောနိုင်ဘဲ အိမ်ထဲသို့ ရောက်လာခဲ့သည်။ စားပွဲပေါ်မှာမှောက်ပြီး ငြိမ်သက်နေသောသူ့ကို ဒေါသဖြစ်မိသည်။ လူလယ်ခေါင်မှာ တော်တော်အရှက်ခွဲတဲ့လူ။

"ကိုထွဋ်ခေါင်ရိပ်"

"ဟော့...ဘယ်သူလဲ"





"ဒီလောက်ထိ မူးပြနေတာ...ထ...ပြန်မယ်"

"ပြန်ဘူး...ပြန်ဘူး"

ခေါင်းတယမ်းယမ်းဖြစ်နေသဖြင့် နှေ ကိုတေဇရဲ့ညီကို မကြည့်ချေ။

"မောင်လေးရယ်...သူ့ကို ကျေးဇူးပြုပြီး ကားထဲလိုက်ပို့ပေးပါနော်"

"ဒီလောက်ထိမူးနေတာ မောင်းလို့ဖြစ်ပါ့မလား အစ်မ...ဟုတ်ရင် ကျွန်တော် လိုက်ပို့ပါ့မယ်"

"ဟိတ်...ဘယ်ကောင်မှ ပို့စရာမလိုဘူး။ ဘယ်ကောင်မှ ငါ့နားမှာ လိုက်စရာမလိုဘူး။ သွားမယ်...ငါ မောင်းနိုင်ပါတယ်ကွ"

မူးမူးရူးရူးနှင့် ပြောနေသဖြင့် နှေ မျက်နှာတွေ ထူပူသွားကာ ကောင်လေးကို ဘယ်လိုကြည့်ရမှန်းတောင် မသိတော့ချေ။ ထို့ကြောင့် ယိုင်နဲ့နဲ့ဖြစ်နေသော သူ့ကိုယ်ကို ဝင်တွဲကာ ထိန်းထားရသည်။ နှေ တောင် သူယိုင်တိုင်း လိုက်ယိုင်နေရသည်။

နောက်တော့ နှေ တွဲထားသောလက်များထဲမှ ရုန်းထွက်ပြီး စားပွဲပေါ်မှာရှိသော ရေသန့်ပုလင်းထဲက ရေကို လက်ဖဝါးထဲ လောင်းသည့်ကာ ဂုတ်ကို တဖတ်ဖတ်နှင့် ရိုက်သည်။ နှေကတော့ စိတ်ပျက်လက်ပျက်နှင့်သာ ကြည့်နေမိတော့သည်။

"လာ...ပြန်မယ်"

သူ မူးတဲ့လူကလည်း မမူမလျော့ နှေလက်ကို လှမ်းဆွဲကာ ထွက်လာသည်။

♥♥♥

# အခန်း (၂၂)

"အင်း…အင်း"

အိပ်နေရင်း တစ်ဖက်သို့ စောင်းလိုက်စဉ် ညည်းသံသဲ့သဲ့ကြောင့် နွေ မျက်လုံးပွင့်သွားသည်။

စောင်ကို ရင်ဘတ်ထိဆွဲကာ ထွန်းခေါင်ရိပ်တစ်ယောက် ညည်းညူနေသည်။ နွေ အိပ်ရာမှကျိုးထကာ ဆံပင်တွေကို ဖြစ်သလို ထုံးပြီး သူ့နဖူးကို စမ်းကြည့်တော့-

"အို"

ကိုယ်တွေက ခြစ်ခြစ်တောက်ပူနေသည်။ သူ ဖျားနေသည်။

ဖျားမှာပေါ့။ ဒီလောက်ထိ အရက်တွေကို လူမှန်းသူမှန်းမသိအောင် သောက်နေတာကိုး…စဉ်းစားရင်း စေတနာက ကုန်ခမ်းသွားရသည်။





နာရီကိုကြည့်လိုက်တော့ ည တစ်နာရီခွဲ။ ဒီအချိန်ကမှ ဆေးခန်း ပင့်ရလျှင်လည်း အားနာစရာ။

နွေ မီးဖိုဘက်သို့ ဆင်းကာ ရေခဲသေတ္တာထဲမှ ရေခဲရေကို ဇလုံထဲသွန်ထည့်ကာ ရေနွေးဓာတ်ဘူးကိုမ၍ အပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။

သူကတော့ ညည်းတစ်ချက်၊ ငြိမ်တစ်ချက်။

"ထွန်းခေါင်ရိပ်"

"အင်း"

"ထ…ဆေးသောက်ရအောင်၊ ရှင် ဖျားနေတယ်။ ကျွန်မ ပြောတာ ကြားလား"

"အင်း"

သူက မျက်လုံးကို တင်းနေအောင်မှိတ်ရင်း နွေ ပြောသမျှကို ကြားဟန်မတူ။ စောင်ကို လုံးထွေးသွားအောင် ဟိုဘက်သို့ လှိမ့်ပြီး ဆက်အိပ်နေသည်။ နွေလည်း ဘာလုပ်ရမှန်းမသိတော့။

ဗီရိုထဲမှာ ထည့်ထားသည့် ဆေးသေတ္တာကို သွားယူကာ စာကြည့်စားပွဲပေါ်ချပြီး သူ့နဖူးကို စမ်းကြည့်ရပြန်သည်။

ဘိုင်အိုဂျက်စစ်ရယ်၊ ကိုယ်ပူကျဆေးရယ်ကို ဖန်းကန်ထဲထည့်ပြီး ရေနွေးကို ဖန်ခွက်ထဲထည့်ပြီး အဆေးခံလိုက်သည်။

"ထွန်းခေါင်ရိပ်…ထွန်းခေါင်ရိပ်"

"ဟင်"

သူ့ကိုယ်ကို အတင်းလှုပ်ခေါ်တော့ သူ့ထံမှ ဟင်ခနဲ ထူးသံ ကြားရသည်။ ဒီတစ်ခါတော့ နွေခေါ်သံကို သူ ကြားသွားပုံရသည်။

နွေ့ကိုလည်း အိပ်ရာထဲမှာရှိတယ်ထင်ပြီး ကျောခိုင်းနေရာမှ နွေ့ အိပ်တဲ့ဘက်ကို ကယောင်ကတန်း လှည့်သွားသည်။

"ဒီမှာ…ရှင် ဖျားနေတယ်။ ဆေးသောက်ရအောင်…ခဏ ထပါဦး"

နွေ့ သူ့ပခုံးကိုလှုပ်တော့ သူက မျက်လုံးကို အားယူဖွင့်ပြီး ပက်လက်လန်လိုက်သည်။ သူ့ဘေးနားမှာ ထိုင်နေသည့် နွေ့ကို မြင်တော့ သူ ထဖို့ကြိုးစား၏။

"ရှင် ဖျားနေတယ်"

"အင်း…ဟုတ်တယ်၊ ခေါင်းအရမ်းကိုက်တာပဲ"

"ကိုက်မှာပေါ့…ဒီလောက်တောင် သောက်နေတာ။ နောက် တစ်ခေါက် ဘယ်ပွဲသွားသွား ကျွန်မကို မခေါ်ပါနဲ့။ ရှင့်ကို အဲဒီ လောက်ထိ သောက်တတ်လိမ့်မယ်လို့ မထင်ဘူး။ ကိုယ့်အကြောင်းကို သိရင် မသောက်နဲ့ပေါ့"

"ဆောရီး…ကိုယ့်ကြောင့် မင်း အိပ်ရေးပျက်သွားရတယ်"

သူက နွေ့ကို မျက်နှာငယ်စွာ တောင်းပန်၏။ နွေ့က မျက်နှာ ကို ခပ်တင်းတင်းလေး လုပ်ထားပြီး-

"ဟုတ်တယ်…အစကတည်းက ဒီလိုတွေးရင် ရှင် သောက် လာစရာအကြောင်းကို မရှိဘူး။ အခု ရှင့်ကြောင့် ကျွန်မ အိပ်ရေးပျက် ရပြီ။ ညှိခံပွဲမှာ ဘယ်လောက်ထိ သရုပ်ပျက်တယ်ထင်လဲ။ ကျွန်မ ပြန်တောင်မတွေးချင်ဘူး။ ကိုယ့်ဘာသာ ဘာအတွက်ပဲဖြစ်ဖြစ်၊ ဘယ်သူ့အတွက်ဖြစ်ဖြစ် သောက်ချင်ရင် အိမ်မှာသောက်၊ မထနိုင် အောင်သောက်သောက် မှောက်အောင်သောက်သောက် ရှင်ဘာသာ





သောက်တာ ကျွန်မနဲ့ မဆိုင်ပါဘူး။ ဒါပေမယ့် ကျွန်မလိုက်တဲ့ ပထမ ဆုံးပွဲမှာ ရှင် ဒီလိုမူးပြဲအောင် သောက်တော့ ကျွန်မကြောင့်လို့ လုံးဝ အထင်မခံနိုင်ဘူး သိလား"

"ကိုယ် ဘယ်သူ့အတွက်နဲ့မှ သောက်တာမဟုတ်ပါဘူး"

"ဒါကတော့ ကိုယ့်ကိုယ်ကိုယ် သိပေါ့"

သူက နွေ့ ကမ်းပေးသောဆေးကို ယူသောက်ပြီး ရေခွက်ကို စားပွဲပေါ် လှမ်းတင်သည်။ မမှီမကမ်း ဖြစ်သွားသဖြင့် ယိုင်ကျသွား သည်။ နွေ့က သူ့ပခုံးတစ်ဖက်ကို လှမ်းဆွဲထိန်းကာ-

"ကျွန်မ လုပ်ပေးနေတာကို ဘာအတွက်နဲ့တက်တာလဲ"

သူ့ကိုယ်ကိုထိန်းပြီး ရေခွက်ကို စားပွဲပေါ် မိမိရရ လှမ်းတင် တော့ နီးကပ်လွန်းသောအနေအထား ဖြစ်သွားလေသည်။

သူက နွေ့ထံမှ လုံးဝ အကြည့်မလွဲချေ။ နွေ့ကိုယ်တိုင် ထူထူပူပူ ဖြစ်လာကာ သွေးကြောလေးတွေ ခုန်ပေါက်နေတယ်ဟု ထင်၏။ နွေ့က ငုံ့ကြည့်နေရပြီး သူက မော့ကြည့်ရသည့်အနေအထား။ သူ့ရဲ့ အသက်ရှူသော လေငွေ့တို့က နွေ့လည်တိုင်ကို လာရိုက်ခတ်သည်။ နွေ့ မျက်နှာကို တစ်ဖက်သို့ လွှဲထားပြီး-

"အေးအေးသက်သာ လှဲနေစမ်းပါ။ တော်ကြာ အဖျားတွေ ကူးနေဦးမယ်"

အဘွားကြီးတစ်ယောက်လို ပစိပစပ်နှင့်ပြောတော့ သူ့ထံမှ ရယ်သံကို ကြားရသည်။ ဒီတစ်ခါတော့ ပို၍နီးကပ်သွားသည်။ သူက လက်တစ်ဖက်နှင့် နွေ့ခါးကို လှမ်းဖက်ကာ-

"ကူးတော့ဘာဖြစ်လဲ၊ မင်းယောကျ်ားပဲ"

နွေ့ချက်နှာ နီရဲသွားကာ သူ့ပခုံးကို ထုပစ်ကာ-

“အကူးမခံနိုင်ပါဘူး။ ကိုယ်ဖြစ်ကိုယ်ခံပေါ့။ ကျွန်မက ဘာလို့ အကူးခံရမှာလဲ…ဖယ်စမ်းပါ”

ပြောလည်းပြော နွေ့ သူ့လက်ထဲမှ ရွတ်ရုန်းထွက်ပစ်လိုက်၏။ လူက သူ့လက်ထဲက လွတ်ထွက်သွားသော်လည်း လည်တိုင်မှာ နွေးခနဲ ဖြစ်သွား၏။ တစ်ကိုယ်လုံး ထူထူပူပူဖြစ်သွားကာ သူနှင့်ဝေးရာမှာ ရပ်လိုက်သည်။ သူက နွေ့ဖြစ်နေပုံကိုကြည့်ပြီး ခပ်ဟက်ဟက် ရယ်လေသည်။

“အ…”

“ရှင် ဘာဖြစ်တာလဲ”

“ခေါင်းကကိုက်တယ်”

“ကိုက်မှာပေါ့…ငြိမ်ငြိမ်လေး လှဲနေပါလား။ ကျွန်မ ရေပတ် တင်ပေးမယ်”

နွေ့က ပြောလည်းပြော၊ ရေဇလုံထဲ အဝတ်စပိုင်းလေးကို ရေထဲ ထည့်ပြီး ရေညှစ်ကာ သူ့နဖူးပေါ် တင်ပေးသည်။

“ကိုယ့်ခြေထောက်တွေ အရမ်းအေးတယ်”

“ဟုတ်လား”

နွေ့ မေးလည်းမေး၊ သူ့ရဲ့ခြေထောက်ကို စမ်းကြည့်တော့ ရေခဲ တုံးပမာ အေးစက်နေသည်။ နွေ့ဘက်က စောင်ကိုပါ သူ့ကို ယူခြုံ ပေးရင်း-

“သက်သာလား”

“ဟင့်အင်း…ချမ်းတုန်းပဲ”





“ခဏနေတော့ နွေးသွားမှာပါ”

“အခုနေ ကိုယ်လေဖြတ်သွားရင် ဘယ်လိုလုပ်မလဲ”

“ဟာ…မပြောကောင်းပြောကောင်း ဘာလို့ လေဖြတ်ရ မှာလဲ”

“နွေ့ ကိုယ့်ကို စိုးရိမ်လား”

သူ့မေးခွန်းကို မဖြေဘဲ နွေ့ ရေခဲပတ်ကိုသာ သဲသဲမဲမဲ သူ့နဖူး ပေါ်တင်ပေးနေမိသည်။

သူက ငုံနေသည့် နွေ့မျက်နှာကိုသာ ပျောက်သွားမည့်သူလို အရိပ်တကြည့်ကြည့်။ ရင်ထဲမှာ ဘာကို အလိုမကျမှန်းမသိစွာ မျက်နှာ ကို တင်းထားမိသည်။ တိတ်ဆိတ်ငြိမ်သက်လွန်းသော ညမှာ သူ့ အသက်ရှူသံ၊ ကိုယ်အသက်ရှူသံက တစ်သားတည်း ထွက်ပေါ်လာ သည်။

“ဟင်…ကိုယ့်ကို စိုးရိမ်လား နွေ့”

နွေ့ ဘာမှမဖြေဘဲ ရေဇလုံကို မ,ယူလိုက်တော့ သူ့ထံမှ “နွေ့” ရယ်ဟု ခပ်ညည်းညည်း ခေါ်လိုက်သံကြားရသည်။

နွေ့ ရေဇလုံနှင့်ဓာတ်ဘူးကို သွားထားပြီး အိပ်ခန်းသို့ ပြန်ရောက် တော့ သူက မျက်လုံးမှိတ်၍ ငြိမ်သက်နေသည်။

နွေ့ ဒရင်းဘတ်ပေါ်မှာလှဲရင်း သူ့ကို စောင့်ကြည့်မိ၏။ တဖြည်းဖြည်း ကြာလာသောအခါ နွေ့ အိပ်ပျော်သွားခဲ့၏။

♥♥♥

# အခန်း (၂၃)

နွေ ဆန်ပြုတ်ပန်းကန်သယ်ပြီး အိပ်ခန်းထဲသို့ရောက်တော့ သူက ဖုန်းပြောနေ၏။ နွေကို ကျောခိုင်းထားတာမို့ ဝင်လာတာကို မမြင်ချေ။ နွေ အိပ်ယာခေါက်နေရင်း သူ့ပြောသမျှ ကြားနေရသည်။

“အစကတည်းက ငါ့ကို ဘာလို့ မပြောထားတာလဲ”

“.................”

“တောက်...ကိုယ့်အလုပ်မဟုတ်ဘူးဆိုပြီး တော်တော် ပေါ့လျော့ကြပါလား။ အခု မလာတာ ဘယ်နှရက်ရှိပြီလဲ”

“.....................”

“အဲဒါဆို ငါ အခုလာခဲ့မယ်...စောင့်နေ”





သူက လူလေးချောသလောက် ဒေါသအတော်ကြီးသူ ဖြစ် သည်။ တောက်တခေါက်ခေါက်နှင့် ဖုန်းကိုပိတ်ပြီး လှည့်လိုက်တော့မှ မတ်တတ်ရပ်နေသော နွေ့ကို မြင်လေသည်။

“ဆန်ပြုတ်သောက်လိုက်ပါဦး။ မနက်က ဆရာပြောသွားတယ် မဟုတ်လား။ ထမင်းစားလို့ မရသေးဘူးတဲ့”

“ရတယ်...ကိုယ် အောက်ထပ်မှာပဲ ဆင်းသောက်တော့မယ်”

“ရှင် ဘယ်လိုဖြစ်နေတာလဲ။ အခု အဖျားကဖြင့် မပျောက် သေးဘူး။ အလုပ်ထဲသွားဖို့က မြင်နေပြီ။ တစ်ခါတလေလည်း နားနား နေနေပေါ့”

“ကိုယ် မသွားလို့မဖြစ်ဘူး။ ငွေစာရင်းက အရှုပ်ကြွာနေတာ။ အလုပ်မလာတာတောင် နှစ်ပတ်ရှိပြီ။ အခု အဲဒီကောင်အိမ်ကို သွားမလို့။ ပြောမရရင်တော့ တရားစွဲသင့်စွဲရမှာ”

“ဒါပေမယ့် ကိုယ့်ကျန်းမာရေးထက် ဘာကအရေးကြီးလို့လဲ”

သူက နွေပြောသမျှကို မတုံ့ပြန်ဘဲ နွေဘေးမှာ လာရပ်သည်။ တော်တော်လေးကြာမှ နွေ့ပခုံးကို ခပ်ဖွဖွ ဖက်လိုက်သဖြင့် နွေ နောက်သို့ မြန်မြန်ဆုတ်လိုက်သည်။ သို့သော် သူက လက်တစ်ဖက် ကိုတော့ မိမိရရ ဖမ်းဆုပ်ထားလေသည်။ စူးလှဲ့သော သူ့ရဲ့အကြည့် ကို ရင်မဆိုင်ရဲစွာ လက်ကို အသာရုန်းပြီး လှည့်ထွက်ဖို့ ကြိုးစားသော် လည်း-

“ကိုယ့်ကို စိုးရိမ်နေသလား”

သူ ဘာလို့ အခုကျမှ အဲဒီမေးခွန်းကို ထပ်ခါထပ်ခါ မေးနေရ တာလဲ။

နွေ မျက်နှာကို တည်တည်လေးလုပ်ပြီး သူ့ကို မော့ကြည့်လိုက်သည်။ သူက နွေမျက်နှာကို ငုံ့ကြည့်ပြီး နွေဖြေမည့်အဖြေကို စောင့်နေဟန်…

"ရှင်က ကိုယ့်ကိုယ်ကိုယ် တမင် သူများစိုးရိမ်အောင် အသနားခံနေတာကိုး"

"အသနားခံတာ လိုချင်ရအောင် ကိုယ်က ကျိုးကန်းနေတာမှ မဟုတ်တာ"

သူက မမျှော်လင့်ထားသော နွေစကားကြောင့် အတော်ဒေါသထွက်သွားပုံရသည်။ သူ့လက်ထဲမှ လွတ်သွားသည်နှင့် နွေ အောက်ထပ်သို့ ဆင်းဖို့လှည့်လိုက်စဉ်-

"နေဦး…ကိုယ်နဲ့ပတ်သက်ပြီး မင်း ဘယ်လိုမှ မခံစားရဘူးလား"

"သိပ်ခံစားရတာပေါ့ရှင်"

နွေက ခပ်ထေ့ထေ့ပြုံးပြီး သူ့ဘက်လှည့်ပြောလိုက်သည်။

"ရှင် ပေးခဲ့သမျှရဲ့ တူညီတဲ့ရလဒ်တွေလေ။ ရှင့်ရဲ့ အဓိကရည်ရွယ်ချက်က နွေဥသြ ဒူးထောက်လက်မြှောက် အရှုံးပေးအောင် မဟုတ်လား။ ဒူးတစ်ဖက်ထောက်နိုင်းတယ်။ အရှုံးပေးပြီလားမေးမယ်။ နွေဥသြက ခံစားတတ်တယ်။ နာကြည်းတတ်တဲ့လူတစ်ယောက်ပါ။ သူများရဲ့ရင်ဘတ်ထဲကိုတော့ ရှင်က ဖတ်ကြည့်ပြီး အောင်သေအောင်သား စားချင်တယ်။ ကျွန်မရဲ့ဖခင်အတွက်၊ ကျွန်မရဲ့မောင်လေးအတွက် ရှင် ကျွန်မဘဝကို ယူခဲ့ပေမယ့် ရှင်နဲ့ကျွန်မက တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် မေတ္တာရှိလို့မှမဟုတ်တာ"





သူက နွေကို အံ့သြမင်သက်စွာ ကြည့်နေသည်။ နွေလည်း သိန်းချန်ထားရတာ ကြာပြီမို့ အပြီးတိုင် ပြောဖို့ ဆုံးဖြတ်ထားခဲ့သည်။

"ရှင် ပြောခဲ့တယ်မဟုတ်လား။ ဒီအိမ်ထောင်ရေးဟာ သာယာဖို့ မလိုဘူး၊ ကျွန်မ တတိတ်နဲ့ ခံစားစေဖို့ဆို…။ ဒီတော့ ကျွန်မအတွက် ရှင် မစဉ်းစားပါနဲ့။ ကျွန်မ ခံစားချက်ကိုလည်း ရှင် မမေးပါနဲ့"

နွေ ပြောရင်းပြောရင်း အသံတွေတုန်၊ မျက်ရည်တွေ ကျလာသည်။ ကိုယ့်ကိုယ်ကိုယ်တောင် မျက်ရည်ကျနေမှန်း နွေ မသိ။ ရင်ဘတ်ထဲမှာ နာကျင်နေသည်။ ကိုလေးနဲ့ပတ်သက်၍လည်း ခံစားရသည်။

အကယ်၍ သူသာ နွေကို တစ်ဖက်သက်ချစ်၍ ရယူခဲ့သည်ဆိုလျှင်တောင် ခံသာသေးသည်။ သြော်…သူ ကိုယ့်ကိုချစ်လို့ဆိုပြီး ဖြေနိုင်ဦးမည်။ ယခုကျတော့ လက်စားချေဖို့ တစ်ခုတည်းနှင့် မိန်းမသားတစ်ယောက်ကို ရအောင်ယူခဲ့သည့်ယောက်ျား ဘာအထင်ကြီးစရာရှိသနည်း။

နွေ ပါးပြင်ပေါ်က မျက်ရည်စတွေကို လက်ဖမိုးနှင့် ဖြစ်သလိုသုတ်ပြီး သူ့ကို မော့ကြည့်လိုက်သည်။ သူက ရှေ့တိုးလာသည်။

"ကိုယ်…"

"ဟင့်အင်း…ကျွန်မ စကားမဆုံးသေးဘူး။ ရှင့်စည်းစိမ်တွေပေါ်မှာ ကျွန်မ သာယာနေတယ်လို့ ရှင်ထင်ရင် မှားမယ်"

"မင်း ထင်နေတာမဟုတ်ဘူး။ နွေ ကိုယ်ဟာ အဲဒီလောက်ထိအောက်တန်းကျတဲ့ကောင် မဟုတ်ဘူး"

နွေ ဟက်ဟက်ပက်ပက် ရယ်မောပစ်လိုက်သည်။

“အောက်တန်းမကျဘူးဆိုတာ ဘာကိုပြောတာလဲ။ သူများ ရည်းစားကို ကြောင်တောင်နိုက်ရဲတာလား။ ရှင်လည်း မချစ်မနှစ်သက် တဲ့ မိန်းမတစ်ယောက်ကို နေ့စဉ် မြင်နေတွေ့နေရတာ ပင်ပန်းပါတယ် လေ။ အခုချိန်ဆို ဘာပဲပြောပြော ကျွန်မတို့မိသားစုနဲ့ပတ်သက်တဲ့ ရှင် အငြိုးတွေလည်း ပြေချိန်ကျေချိန်တန်ပါပြီ။ ရှင် ကွာရှင်းချင်တဲ့ အချိန် ပြောပါ။ ကျွန်မဘက်ကတော့ လက်မှတ်ထိုးဖို့အဆင်သင့်ပါ”

“တော်တော့”

သူက ခါးခါးသီးသီး အော်ဟစ်ပြီး နွေ့ရဲ့ပခုံးနှစ်ဖက်ကို ရှေ့တိုး နောက်ငင်ပြုပြီး-

“အနိုင်ကျင့်တယ်လို့ ထင်ချင်ထင်၊ ကိုယ် မင်းကို လုံး ကွာမပေးနိုင်ဘူး။ လက်ထပ်ခဲ့တာဟာ ချစ်လို့ဖြစ်စေ၊ မုန်းလို့ဖြစ်စေ ကွာရှင်းဖို့မဟုတ်ဘူး။ ဘယ်တော့မှ မင်း ဖြစ်ချင်သလို ဖြစ်ခွင့်မရစေ ရဘူး”

“ရှင့်ကို မုန်းတယ်”

နွေ့ သူ့ရင်ဘတ်ကို ထုလည်းထု၊ ရိုက်လည်းရိုက်ကာ ငိုချ လိုက်သည်။ သူက ငိုနေသော နွေ့ကို တွန်းထုတ်ပြီး ပြတင်းပေါက် နားမှာ သွားရပ်၍ ရုတ်တရက်-

“မင်းရဲ့အမုန်း ဘယ်တော့မှ ပျောက်မှာလဲ”

လို့ အော်ဟစ်မေးလေသည်။ ပြီးတော့ စာကြည့်စားပွဲပေါ်မှာ တင်ထားသည့် အလှပန်းအိုးကို ဆွဲယူပြီး နံရံမှာ ပစ်ခွဲပစ်လိုက်သည်။ ထို့နောက် ထိုင်ခုံကိုလည်း ဆွဲလှဲပစ်လိုက်သည်။

“မင်း…မင်း…ငါ့ကို နောက်တစ်ခါ ကွာရှင်းဖို့ မပြောနဲ့





ငါ လူသတ်မိလိမ့်မယ်။ နားလည်လား…နေပါဦး…မင်း ငါ့ကို ဒီလောက် မုန်းတီးနေတာ ထက်မိုးသောက်နဲ့ မပေါင်းရလို့လား”

“ရှင် ကိုလေးကို ဆွဲထည့်စရာမလိုဘူး”

“ထည့်တယ်ကွာ…ထည့်တော့ ဘာလုပ်ချင်လို့လဲ။ ဒီကောင့် မှာ ဘာဆေးစွမ်းကောင်းတွေရှိလို့ မင်းက ငါ့ရင်ခွင်ထဲကနေ တမ်းတ နေရတာလဲ။ ကျွတ်…တကယ်စိတ်ကုန်ဖို့ကောင်းတဲ့ မိန်းမ… တောက်”

သူက တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ မြင်တွေ့သမျှ ပစ္စည်းတို့ကို ဆွဲယမ်းလွှင့်ပစ်နေလေသည်။

“ခွမ်း”

“ကလင်…ကလင်”

“တောက်…အရေးဆို အဲဒီဖုန်းကတစ်မျောက်”

သူက နွေ့ကို ကျောခိုင်းပြီး ဖုန်းပြောနေတော့သည်။ နွေ့ အောက်ထပ်ဆင်းခဲ့စဉ် ရင်ဘတ်ထဲမှာ တစ်လှပ်လှပ်နှင့် ခေါင်းတွေ တဒိတ်ဒိတ် ဖြစ်လာသည်။

ထမင်းစားပွဲရှေ့မှာ ကိုယ်ကို မှီကပ်ထားရင်း ယိုင်တိုင်တိုင် ဖြစ်နေသည်။

နွေ့ အခုတလော ဘာဖြစ်နေသလဲမသိ။ ထမင်းလည်း စား၍ မဝင်။ မူးပြီး ရင်ထဲမှာ ဟာတာတာနှင့် ဒီကြားထဲ မနေ့ညက တစ်ည လုံး သူ့အနားမှာ မအိပ်ဘဲ စောင့်နေခဲ့၍ထင်သည်။ ခေါင်းတွေ ဘာဆစ်ဆစ် ကိုက်နေသည်။

တဒုန်းဒုန်းအသံတွေကြောင့် နွေ့ လှေကားဘက်သို့ မော့ကြည့်မိ

သည်။ သူက ကုတ်အင်္ကျီခဲရောင်ကို ဝတ်နေရင်း ခပ်မြန်မြန်ဆင်းလာသည်။ ရှပ်အင်္ကျီကြယ်သီးက တပ်လက်စ၊ မျက်နှာကလည်း မှုန်ကုတ်နေသည်။ နွေ ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်စဉ် လဲကျချင်သလိုဖြစ်လာသည်။

“ငါ နေပြည်တော်သွားရမယ်၊ တစ်ပတ်ကြာမယ်”

ဒါပဲပြောပြီး ကားသော့ကိုယူ၍ ထွက်သွားသည်။

“ဒုန်း”

“ဒိုင်း”

“ဝူး”

ကားတံခါးဖွင့်တာ၊ ပိတ်တာ၊ မောင်းတာ တစ်စက်မှ ညင်သာမှုမရှိချေ။ နွေ ပေါ်တီကို အောက်က လှေကားထစ်လေးမှာ ငြိမ်ပြီး ထိုင်နေမိ၏။ မထိုင်လို့လည်း မရ။ လှုပ်ရှားမှုပြုလေ မိုပြီး ခေါင်းမူးလေ ဖြစ်နေသည်။

“မမနွေ”

ခေါ်သံကြောင့် နွေ လှည့်ကြည့်မလိုဖြစ်ပြီးမှ ကျဆင်းနေသည့် မျက်ရည်တွေကို ကမန်းကတန်း သုတ်လိုက်သည်။ မိုးက နွေရှေ့ဘက်သို့ ရောက်မလာနိုင်သဖြင့် ကျောဘက်မှာ ပိုးချဲလ်ကို ရပ်လိုက်ကာ

“ငိုနေတာလား မမရယ်”

ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် မိုး ကြားသွားတာတော့ သေချာသည်။ နွေ မဖြေဖြစ်ဘဲ ခြံဝန်းတံခါးဘက်ဆီသို့ အဓိပ္ပာယ်မဲ့စွာ ငေးနေမိသည်။





“မမက ကိုကို့ကို ကွာရှင်းပြီး မိုးကို ထားခဲ့တော့မလို့လား။ မမပြောတော့ မိုးအနားမှာ အမြဲရှိနေမယ်ဆို…မိုး လူကောင်းပကတိဖြစ်အောင် ကူညီပေးမယ်ဆို”

“မိုးရယ်”

အားငယ်သလို မေးလိုက်သည့် မိုးရဲ့စကားတွေက နွေ့နှလုံးသားကို ဖျစ်ညှစ်သွားသည်။ နွေ လှည့်ကြည့်ပြီး မိုးရဲ့ခန္ဓာကိုယ်သေးသေးလေးကို ဖက်ပြီး ငိုနေမိသည်။

“ညီမလေးရယ်…ဒီလောကကြီးဟာ မိုးထင်သလောက်မရိုးသားဘူး။ ဘယ်အရာကိုမှ ပုံသေကားချပ်လို့ သတ်မှတ်ထားလို့မရပါဘူးကွယ်။ တို့က တို့ဘဝကို မှန်းတီးခဲ့တာ ကြာခဲ့ပါပြီ”

“ကိုကို့နဲ့ လက်ထပ်ခဲ့တဲ့အချိန်ကစလို့ဆိုပါတော့ ဟုတ်တယ်မဟုတ်လား”

မိုးရဲ့စကားကို နွေ ခေါင်းမညိတ်ဘဲ-

“အဲဒီထဲမှာ မိုးနဲ့ပတ်သက်လို့ စိတ်ညစ်ခဲ့ရတာ၊ စိတ်ပျက်ခဲ့ရတာ ဘာမှမရှိပါဘူး။ အဲဒါကို မမ ဝန်ခံပါတယ်။ ဒါပေမဲ့ သူနဲ့မမက ဘယ်လိုမှ ပေါင်းစပ်လို့မရတာ ကြာလေ ပိုသိလေ ဖြစ်လာတယ်။ သူထင်သလို ကိုလေးအပေါ်မှာ ချစ်နေဆဲဆိုတာ ကိုလေးနဲ့လွဲရလို့ ယူကျုံးမရဖြစ်တာတွေ တစ်ခုမှမဟုတ်ဘူး။ အချစ်တစ်ခု တည်ဆောက်ဖို့ဆိုတာ အနေနီးစပ်ရုံ၊ စည်းစိမ်ဥစ္စာရှိနေရုံနဲ့ မလုံလောက်ပါဘူး”

“မမစိတ်ထဲမှာ ဘာတွေပဲ ဘယ်လိုရှိခဲ့ရှိခဲ့ အရာရာကို မေ့ပစ်ပြီး ကိုကို့အပေါ်မှာ အကောင်းမြင်နိုင်အောင် ကြိုးစားပါလား မမရယ်။

မိုးရဲ့ယောက်မဟာ မမကလွဲရင် ဘယ်သူမှ မဖြစ်နိုင်ပါဘူး။ နောက်တစ်ခါ ကွဲဖို့ကွာဖို့စကားတွေ မပြောပါနဲ့လား မမရယ်။ မိုးတောင် မမစကားကို ဒီလောက် ခံစားနေရရင် ကိုကိုဆို ဖြေနိုင်မှာမဟုတ်ဘူး။ ကိုကို့ရဲ့စိတ်ကူးတွေ မမအပေါ်မှာ ပြောင်းလဲနေတာ မိုး သိနေတယ်"

"မဖြစ်နိုင်တာ"

နွေ ခါးခါးသီးသီး ခေါင်းယမ်းပစ်လိုက်သည်။ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေနှင့် လုံးထွေးနေသော အနီးယောကျ်ားသားသည် နွေ့အပေါ်မှာတဲ့…။ ဘုရားရေ…အိပ်မက်ထဲတောင် ထည့်မမက်ခဲ့ဖူးပါ။ အိပ်မက်ဆိုလျှင်တောင် သူမကို ခြောက်လန့်နေသော အိပ်မက်ဆိုးတစ်ခုသာ ဖြစ်ပေလိမ့်မည်။

♥♥♥





# အခန်း (၂၄)

"နာတယ် မမရဲ့"

"သည်းခံ…သည်းခံ…ညီမလေး"

ရှုံ့မဲ့နေသော မိုးကို ကြည့်ပြီး နွေ သက်ပြင်းချလိုက်မိသည်။ [illegible]…သူ့ခမျာ ပြန်ကောင်းချင်လို့သာ လုပ်နေရသည်။ ချွေးတွေ [illegible]ည်းရှဲ့လို့။ နွေ ပဝါဖြူလေးနှင့် ချွေးတွေကို သုတ်ပေးပြီး-

"အရင်နေ့တွေကလောက်တော့ မနာခံတော့ဘူး မဟုတ်လား"

"ဟုတ်…နည်းနည်းတော့ နာသေးတယ် မမ"

"အင်းပေါ့…အစမို့ပါ၊ နောက် အသားကျသွားမှာပါ"

"မိုး ခြေထောက်တွေ ပြန်မကောင်းချင်တော့ဘူး"

"ဟင်…ဘာဖြစ်လို့လဲ"

ရုတ်တရက် လှေကျင့်ခန်းလုပ်နေရာမှ ရပ်ပစ်လိုက်သော မိုးနိုင်နွယ်ရဲ့စကားကြောင့် နွေ အလန့်တကြား မေးမိသည်။ မိုးက နွေကို ခပ်ငေးငေးလေး ကြည့်ရင်းနှင့်–

“မိုး ခြေထောက်ကောင်းသွားရင် မမက ကိုကို့နားက ထွက်သွားတော့မှာ”

“ကွယ်…မိုးကို ဘယ်သူပြောတာလဲ”

“ပြောတဲ့သူတော့ ဘယ်ရှိမလဲ။ ဒါပေမယ့် မိုး သိနေတယ်။ မမ အခုလို သည်းခံနေရတာက မိုးကြောင့်ဆိုတာ။”

“သိလည်း မမ စိတ်ချမ်းသာအောင် အားကြိုးမာန်တက် ကြိုးစားစမ်းပါလားကွယ်”

နွေတို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်သွားသည်။ နွေလည်း မိုးဘေးမှာထိုင်ပြီး ပန်းအိုးလေးထဲက မြက်နုတွေကို နုတ်ရင်း ငြိမ်သက်နေမိသည်။

မိုးရယ်…မမကသာ မိန်းမသားတစ်ယောက်မို့…သြော်…တည်ပြီးတဲ့ဘုရား ငြင်းတနားနားဆိုပြီး နေလို့ရပေမယ့် သူ ဆုံးဖြတ်တဲ့အတိုင်း လိုက်နာရမှာလေ။ ကိုယ့်ပေါ်မှာ အလိုမရှိပါဘူးလို့ ပြောလာရင် မမက ဘယ်လိုမျက်နှာနဲ့ တွယ်ကပ်နေရမှာလဲ။

တစ်ခါတစ်ရံမှာ သူဟာ အသိရခက်တဲ့လူတစ်ယောက်ပါ။ ရွှန်းလဲ့ပြီး ညို့ရီတဲ့အကြည့်တွေနဲ့ ကြည့်တဲ့အခါရှိသလို နွေ့အပေ အရှမ်းမှန်းတီးနေတဲ့ ထွန့်ခေါင်ရိပ်အဖြစ်လည်း ရှိနေပြန်ရော။ မိန်း တိုင်းဟာ ပြီးပြည့်စုံတဲ့ဘဝကို ပိုင်ဆိုင်ချင်ကြတာ မမှားပင်။ သို့သော် ထင်သလိုတွေ ဖြစ်မလာတဲ့အခါကျတော့လည်း ကိုယ့်ကံပဲလေ





ဖြေသိမ့်နေရသည်။

ထို့ကြောင့်လည်း ရှေးလူကြီးတွေက အိမ်ထောင်ပြုတာဟာ ထီထိုးသလိုပဲဟု ဆိုကြခြင်းဖြစ်သည်။ ပေါက်ချင်လို့ ထီထိုးတာမှန်ပေမယ့် မပေါက်တော့ကော အလျော်ပြန်တောင်းလို့ရလို့လား။ အချို့ဆို မိဘက သဘောတူလို့ တစ်ယောက်နှင့်တစ်ယောက် မမြင်ဖူး၊ မတွေ့ဖူးဘဲ လက်ထပ်ခဲ့ကြသည်။ ထိုသူတွေ ကွဲကြကွာကြတာ သိပ်မဆန်း။ သုံးနှစ်သုံးမိုး ချစ်ကြိုက်စောင့်ကြည့်ပြီး ယူလာတဲ့လူတွေတောင် ကွဲကြကွာကြသေးတာ မဟုတ်လား။

“မမနွေ”

မိဘုတ်က အပြေးတစ်ပိုင်း လျှောက်လာပြီး ခေါ်လိုက်သဖြင့် နွေရဲ့အတွေးစတွေ ပြတ်သွားရ၏။

“ဘာလဲ မိဘုတ်”

“အစ်ကိုလေးဆီက ဖုန်းလာတယ်”

“သြော်…အေး…လာခဲ့မယ်”

“ဟုတ်ကဲ့”

“မိုး မမ ဖုန်းသွားကိုင်လိုက်ဦးမယ်။ နားရင် နားတော့လေ”

“ဟုတ်…ခဏလောက် လုပ်လိုက်ဦးမယ်လေ”

“အေး…အေး…မမ မိဘုတ်ကို လွှတ်လိုက်မယ်နော်”

နွေ မိုးဘေးမှ မတ်တတ်ထရပ်ကာ အိမ်ဘက်ဆီသို့ လျှောက်လာခဲ့သည်။ ဖုန်းခုံဘေးတွင် ချထားသော ဖုန်းခွက်ကို ကောက်ကိုင်ကာ–

“ဟယ်လို”

"မနွေဥညလား"

"ဘယ်သူလဲ"

နွေနှင့် မရင်းနှီးသောအသံမို့ မေးလိုက်၏။

"ကျွန်တော် ကိုရိပ်ရဲ့အတွင်းရေးမှူးပါ"

"ဟုတ်ပါပြီ၊ အခု သူက ဘာမှာလို့လဲ"

"အစ်ကိုရိပ် အများအရမ်းကြီးနေပါတယ်။ ကျွန်တော်လည်း ဆေးခန်းသွားဖို့ပြောတာ မရဘူး။ ဆရာဝန်ခေါ်မယ်ဆိုတော့လည်း မဟုတ်ဘူး။ အဲဒါကြောင့် အစ်မဆီ ဖုန်းလှမ်းဆက်တာ။ ကျွန်တော် ဘာဆက်လုပ်ရမလဲမသိလို့"

နေချင်သလို နေပလေစေဟု ပြောပစ်လိုက်ချင်သော်လည်း ကိုယ့်အိမ်တွင်းရေး မပြေလည်မှုကို လူတကာသိအောင် ကြေညာရဲတဲ့ သတ္တိ နွေ၌ မရှိချေ။

"အလုပ်တွေကို ကျွန်တော်နဲ့ထားခဲ့ပြီး ပြန်ဖို့ပြောတာကိုလည်း လက်မခံဘူး။ ဒီက ပြဿနာတွေလည်း ရှင်းသင့်သလောက်ရှင်းပြီး နေပါပြီ။ အဲဒါ မပြန်ဘူးလုပ်နေလို့ အစ်မ လိုက်လာနိုင်မလား"

"ဩော်…ဩော်…လာမှဖြစ်မယ်မဟုတ်လား။ လာရတော့မှာပေါ့"

နွေ ဖုန်းချရင်း မျက်မှောင်ကုတ်လိုက်မိသည်။ ဒီလူတော့ မသွားနဲ့လို့ တားထားလည်း ရန်ဖြစ်နေရသည်။ အခု သူဖြစ်တော့လည်း ဘေးလူတွေ အေးအေးသက်သာ မနေရပါလား။ ကောင်းတယ်၊ နည်းတောင်နည်းသေးတယ်ဟု ပြောပစ်လိုက်ချင်သည်။

ဒီနေ့အတွက် ကားလက်မှတ်မရနိုင်တော့တာမို့ မနက်ဖြန်





အတွက် ကားလက်မှတ်ကို ဖုန်းနှင့်လှမ်းဖြတ်လိုက်သည်။ သွားဖို့ လာဖို့ ပြင်ဆင်ရသည်။ ပြီးတော့ သူ့အတွက် လိုအပ်မည့် အဝတ်အစားတွေ၊ မိုးကိုတော့ အလုပ်ကိစ္စ အရေးကြီးလို့ခေါ်တာဟု မုသားသုံးလိုက်ရသည်။

မသုံး၍ကလည်း မဖြစ်။ တော်ကြာ သူပါ လဲနေမှ ဟုတ်မှ ဖြစ်နေသည်။

နောက်ရက် express ကားဖြင့် နေပြည်တော်သို့ရောက်တော့ သူ့ရဲ့အတွင်းရေးမှူးကောင်လေးက လာကြိုပေးသည်။ တည်းခိုတဲ့ ဟိုတယ်ရောက်သည်အထိ ဘာမှမပြောဖြစ်ကြဘဲ သူ့အခန်းရှေ့ရောက်တော့-

"ကိုရိပ် အထဲမှာရှိတယ် အစ်မ..ကျွန်တော် သူခိုင်းထားတာလေးရှိလို့ သွားလိုက်ပါဦးမယ်"

"ကောင်းပြီ"

နွေ ခေါင်းညိတ်ပြလိုက်တော့ သူက ထွက်သွားသည်။ တံခါးဘက်သို့ ပြန်လှည့်ပေမယ့် တံခါးတော့ မခေါက်ဖြစ်သေး။ သူ့ကို စိုးရိမ်၍ လိုက်လာရသူအဖြစ် နွေ ဘယ်သောအခါမှ အထင်မခံနိုင်ချေ။

နွေဟာ သူ့လိုပဲ တန်ပြန်တုံ့ပြန်လိုက်ချင်ပေမယ့် နွေဆိုတာ မိန်းမသားတစ်ယောက်။ ကိုယ်နှင့် ဘာမှမတော်စပ်သော သူစိမ်းတစ်ယောက်ကိုတောင် အမြင်မတော်လျှင် ကူညီနေရသေးတာ။ သူက နွေ့ရဲ့ခင်ပွန်းတစ်ယောက်။ ဤအကြောင်းတရားသည် အမှန်တရားတစ်ခုဖြစ်နေလေတော့ နွေ မည်ကဲ့သို့ ရှောင်လွှဲရမည်နည်း။

"ဒေါက်…ဒေါက်"

စိတ်ဆန္ဒနှင့် ဆန့်ကျင်စွာ တံခါးကို ခေါက်လိုက်သည်။ အခန်းထဲမှ မည်သည့်တုံ့ပြန်မှုကိုမှ မကြားရချေ။

"ခေါက်...ခေါက်"

"မင်းထက်လား...ဝင်ခဲ့လေ"

သူ့ရဲ့အသံကို ကြားရသဖြင့် နွေ့ သက်ပြင်းအသာချကာ တံခါးကို တွန်းဖွင့်ဝင်ပြီး တံခါးကို နောက်ပြန်ပိတ်လိုက်သည်။ သူက တံခါးပေါက်ကို ကျောခိုင်းပြီး နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် လှဲနေသည်။

နွေ့ရောက်နေမှန်းလည်း သိပုံမရသဖြင့် နွေ့ မည်ကဲ့သို့ ပြောရမှန်းမသိသဖြင့် ငြိမ်နေမိပါသည်။ သူနှင့်ကိုယ်က ရန်ဖြစ်ထားခဲ့သေးသည်မဟုတ်လား။

"အဟမ်း"

လည်ချောင်းကို တစ်ချက် ရှင်းလိုက်မိသည်။

"ဘာလဲ...အကြောင်းထူးပြီလား။ ဟိုကောင်နဲ့ကော တွေ့ခဲ့ရဲ့လား"

နွေ့ သူ့ရဲ့မေးခွန်းတွေ မပြောတတ်သဖြင့် ဘာပြောရမှန်းမသိ။

"..............."

"မင်း ဘာဖြစ်နေတာလဲ။ အဖြေတစ်ခုပေး...ဟင်"

သူက စိတ်မရှည်သည့်ဟန်ဖြင့် အော်ရင်း ရုတ်တရက် ဒီဘက်သို့ လှည့်လိုက်တော့ နွေ့ကို တွေ့သွားသည်။ အံ့ဩနေရာကနေ ထရပ်တဲ့အထိ ဖြစ်သွားသည်။

"ဘယ်လိုဖြစ်ပြီး ရောက်လာတာလဲ"





"ရှင် နေမကောင်းဘူးဆို"

နွေ့က သူ့မေးခွန်းကို မဖြေဘဲ ကိုယ်ပြောချင်တာပဲ ပြောလိုက်သည်။ သူ့ရဲ့မျက်နှာက ရှုံ့မဲ့သွားကာ-

"ဟာ...ဟိုကောင်...ကျွတ်...ဘာတွေလျှောက်ပြောပြီး ခေါ်လိုက်တာလဲ"

သူက စိတ်ရှုပ်သလိုနှင့် ဆံပင်တွေ ဆွဲဖွသည်။ ပြီးတော့ ရှေ့ဘက်သို့ ပြန်လှည့်သွားကာ-

"လာလေ...မင်းက ရပ်နေပြီး ဘာလုပ်နေတာလဲ"

နွေ့ကိုလည်း လှမ်းပြီး ငေါက်ဆတ်ဆတ် ပြော၏။ နွေ့ သူ့ကို မျက်စောင်းထိုးပြီး အဝတ်အစားအိတ်ကို ခုံပေါ်တင်ပြီး ဆိုဖာမှာ ဝင်ထိုင်သည်။ သူက နှစ်ယောက်ထိုင် ထိုင်ခုံမှာ ထိုင်နေရာမှ နွေ့နှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ပြောင်းထိုင်လေသည်။

နွေ့ သူနှင့်မျက်လုံးချင်းဆုံမည်စိုး၍ မျက်နှာကို ခပ်လွဲလွဲပြုထားရင်း ငြိမ်နေမိစဉ် သူက နွေ့ဘေးသို့ ရောက်လာကာ ဆိုဖာလက်ရန်းမှာ ထိုင်ချလိုက်သည်။

နွေ့ မျက်လုံးပြူးသွားကာ အလန့်တကြားကြည့်တော့ သူက နွေ့ရဲ့ပခုံးကို ပိုင်ပိုင်နိုင်နိုင်ဖတ်ထားတော့ နွေ့ ကိုယ်လေးရုန်းရင်း-

"ဖယ်ပါ...တစ်ယောက်ယောက် မြင်သွားမှဖြင့်"

"ဘယ်သူမြင်မှာလဲ...မြင်တော့ ဘာလုပ်ရမှာလဲ။ ကိုယ့်မိန်းမ ကိုယ်ဖက်တာ ပြောရဲပြောကြည့်ပါလား"

နွေ့ ဘာမှမပြောသာတော့ဘဲ နှုတ်ခမ်းကိုက်ကာ ငြိမ်နေတော့ သူက ငုံ့ထားသော နွေ့မျက်နှာကို မြင်အောင်လိုက်ကြည့်ပြီး-

"ကိုယ့်ကို စိတ်ဆိုးနေသလား"

"ဆိုးတယ်"

"ဆိုးလည်း ဂရုမစိုက်ပါဘူး"

"သိပါတယ်၊ ရှင့်အကြောင်း ရှင်က နွေ စိတ်ဆိုးဒေါသဖြစ်အောင် ပြောကိုပြောမယ်ဆိုတာ"

"ဟော့…ဟော့…မဆိုင်တာတွေ လျှောက်မပြောနဲ့ကွာ… ဒီလိုအချိန်မှာ မင်းနဲ့ကိုယ် ရန်မဖြစ်ချင်ဘူး။ please ကိုယ် မေတ္တာရပ်ခံတယ်ကွာ"

နွေကိုယ်တိုင်လည်း တစ်ရပ်တစ်ကျေးမှာ ရန်လိုက်ဖြစ်နေသည့် မိန်းမတစ်ယောက် မဖြစ်ချင်တာမို့ သူ့ကို ဘာမှမပြောဘဲ မျက်လုံးလှန်ကြည့်လိုက်သည်။

သူ့မျက်နှာက အပျားသွေးတို့ရှိနေသေးသည့်ဟန်။ ဆံပင်အချို့ ဖြိုလဲရင်း မျက်နှာ၌ ချွေးပြန်နေသည်။ နွေ သက်ပြင်းအသာချကာ သူ့လက်ကို မသိမသာ ဖယ်ရင်း-

"နေကောင်းကောင်း…မကောင်းကောင်း ရှင် အိမ်ပြန်လိုက်ခဲ့ပါတော့"

"ဆောရီး…ဒီမှာ ကိစ္စတွေ မပြတ်သေးဘူး"

"ပြောရရင်လည်း ရန်ဖြစ်ရမယ်သိလား။ အလုပ်က အဲဒီလောက်ထိ အရေးကြီးလို့လား"

"ကိုယ့်ကို နားလည်ပေးစမ်းပါ နွေရယ်…ဒီလို ရှာဖွေနေတယ်ဆိုတာ မင်းတို့အတွက်ပါ။ လူဆိုတာ ပြောလို့ရတာ မဟုတ်ဘူးလေ။ ဒီနေ့ အောင်မြင်ပေမယ့် နောက်နေ့ အောင်မြင်ချင်မှ အောင်မြင်မှာ။





မင်း နားမလည်ပါဘူး"

မင်းအတွက်တဲ့။ သူက နွေနှင့် သေတူရှင်မကွာ လက်တွဲဖို့ ဆုံးဖြတ်ထားတာလား။ ဒါမှမဟုတ် စကားအဖြစ် ပြောရင်း ပါသွားတာလား။ ဘာပဲပြောပြော နွေ ရင်တွေခုန်နေပါသည်။

♥♥♥

# အခန်း (၂၅)

“နွေ”

“ကိုလေး”

နွေ မင်သက်အံ့သြမိသွားသည်။ ခြေလှမ်းတွေလည်း ရှေ့ဆက်မရတော့ဘဲ တန့်သွားသည်။ တိုက်တိုက်ဆိုင်ဆိုင် ဒီလိုနေရာမှာ ကိုလေးနှင့် လာဆုံတွေ့ရလိမ့်မည်ဟု နွေ မမျှော်လင့်ခဲ့ပါ။

ဘာလိုလိုနှင့် ကိုလေးနဲ့ မဆုံဖြစ်တာ (၇)လနီးပါး။ ကိုလေးကတော့ တည်ငြိမ်လျက်။ နွေ စကားတွေ ပြောမထွက်ဘဲ ကိုလေးကိုငေးမိတော့ ကိုလေးက ပြုံးပြပြီး နွေ့ဘေးသို့ လျှောက်လာသည်။

“တစ်ယောက်တည်းလား”

နွေ ခေါင်းယမ်းပြတော့ ကိုလေးက သဘောကျစွာ ရယ်ပြီး-

“လာ…ဟိုမှာ ကိုလေး ထိုင်နေတာ…သူကော”





“သူ အပေါ်မှာ ကျန်ခဲ့တယ်”

နွေက ကိုလေးရဲ့အမေးကိုဖြေပြီး စားပွဲရှေ့ကခုံမှာ ဝင်ထိုင်လိုက်သည်။ ကိုလေးက-

“တစ်ခုခုသောက်ဦးလေ”

“ရပါတယ်”

“ရပါတယ် လုပ်မနေနဲ့၊ ကိုလေး မှာလိုက်မယ်”

နွေ တားမနေတော့ဘဲ ငြိမ်နေမိသည်။ အခုလို နွေနှင့်ကိုလေး အတူတွဲထိုင်နေတာ သူမြင်လျှင် ကျိန်းသေ စိတ်ဆိုးတော့မည်။

သူ အိပ်နေတုန်း နွေကလည်း ပျင်းပျင်းရှိတာနှင့် အောက်ထပ်သို့ ဆင်းလာခဲ့ခြင်း ဖြစ်သည်။ စားသောက်ခန်းဘက်သို့ လျှောက်လာတော့ ကိုလေးနှင့်ဆုံခြင်း ဖြစ်သည်။

ကိုလေးက နွေ့ကို ခပ်ငေးငေး ကြည့်ပြီး-

“နွေလေးတို့ကော အဆင်ပြေရဲ့လား”

“အင်း…ဒီလိုပါပဲ”

နွေ မျက်နှာကိုငေးပြီး ကိုလေးက မချိပြုံးပြုံးနေသည်။ နွေလည်း ရုတ်တရက် ဘာပြောရမှန်းမသိ ငြိမ်သက်စွာ ထိုင်နေပြီးမှ-

“ကိုလေးကော အလုပ်နဲ့လား”

“ဆိုပါတော့…သစ်ပါမစ် လာထုတ်တာလေ။ မနက်ဖြန်ပြန်တော့မှာ။ ကံကောင်းလို့ နွေနဲ့တွေ့တာ”

“ဒေါ်လေးကော နေကောင်းရဲ့လား”

“ကောင်းပါတယ်။ အမေကတောင် ဘာပဲပြောပြော ဟိုကိစ္စမဖြစ်မြောက်ခဲ့ပေမယ့် တကယ့်အဒေါ်ရင်းလို သဘောထားပြီး

လာလည်စေချင်နေတာ။ စိတ်တော့မကောင်းဘူးလေ။ နွေလေးတော့ အဆင်ပြေပါ့ ပြေမှမလားဆိုပြီး ညည်းညူနေလေရဲ့။ ကိုလေးတောင် သူ့အိမ်ထောင်နဲ့သူ အဆင်ပြေသွားမှာပါလို့"

ဟိုကိစ္စဆိုတာကြောင့် နွေ အနေရခက်ကာ မျက်နှာငုံ့ထားမိသည်။ ကိုလေးပြောသမျှ ဘာမှအမှားမပါဘူးဆိုတာ နွေ ယုံပါသည်။ ဘာလို့လဲဆိုတော့ ဒေါ်လေးဟာ သွေးသားမတော်စပ်ပေမယ့် နွေတို့မောင်နှမနှစ်ယောက်စလုံးကို တကယ့်သွေးသားရင်းပမာ စောင့်ရှောက်ခဲ့ခြင်း ဖြစ်ပါသည်။

ဘယ်လိုအခြေအနေတွေပဲဖြစ်ဖြစ် ဒေါ်လေးက နွေတို့ရှေ့က မားမားမတ်မတ် ရပ်တည်ပေးခဲ့သည်။

"နွေ"

"ဟင်…ရှင်"

ရုတ်တရက် ကိုလေးရဲ့ခေါ်သံကြောင့် နွေ လန့်ထူးထူးမိသည်။ နွေက အတိတ်ကို တွေးနေခဲ့တာကိုး။

"ဘာလဲ ကိုလေး"

"ဘာတွေ တွေးနေတာလဲ"

"ဟင်း…ဒေါ်လေးရဲ့အကြောင်းတွေပေါ့။ နွေအဖြစ် မကောင်းဘူးထင်တယ်။ ဒေါ်လေးကို မျက်နှာလည်းပူတယ်။ အားလည်းနာတယ်"

"နွေရယ်…ဒါကတော့ ကိုယ့်မှာ ဘယ်လောက်ပဲ သွားချင်လာချင်စိတ်တွေ ပြင်းပြပြ ကိုယ့်အိမ်ထောင်ဦးစီးက သဘောတူမှကိုး။ အမေ့အတွက် မပူနဲ့။ ကိုယ့်အိမ်ထောင်ရေးပြေလည်ဖို့သာ အဓိက





ဦးနှောက်ထဲထည့်ထား…ကြားလား"

"နွေ နားလည်ပါတယ် ကိုလေးရယ်။ နွေလည်း အမှန်ဘကယ် ပြောရရင် ဒေါ်လေးဆီ အလည်လာချင်ပါတယ်။ သူလည်းမအားတာနဲ့…ပြီးတော့ သူ့ဆီလည်း ခွင့်မတောင်းချင်တာလည်းပါတော့"

"မတောင်းပါနဲ့ နွေရယ်…ကိုလေးတို့ကြောင့် နွေ အနေကျဉ်းကျပ်ရရင် ကိုလေးတို့ ဘယ်လိုမှ စိတ်ကောင်းမှာမဟုတ်ဘူး"

နွေ ခေါင်းညိတ်ပြီး စတော်ဗယ်ရီမစ်ရှိတ်ကို သောက်လိုက်သည်။ စားသောက်ခန်းထဲက နာရီဆီမှာ (၁)နာရီထိုးသံကို ကြားရသည်။

"ကဲ…ကဲ…သွားတော့ နွေ၊ သူ ဆင်းလာရင် တစ်မျိုးထင်စရာဖြစ်နေမှာ။ ဘာတွေပဲဖြစ်ဖြစ် ကိုယ်တစ်ယောက်တည်း ကျိတ်မဆုံးဖြတ်နဲ့။ ကိုလေးတို့ကို တိုင်ပင်…ဟုတ်လား"

"ဟင်"

နွေ ခေါင်းညိတ်ပြီးလှည့်လိုက်တော့ သူက နွေတို့နှစ်ယောက်ကို တင်းမာစွာ စိုက်ကြည့်နေသည်။ ကိုလေးကလည်း နွေ လှည့်ကြည့်ရာသို့ ကြည့်လိုက်သည်။

"ကိုလေး"

"နွေ ဘာမှစိတ်မပူနဲ့၊ ကိုလေးရှိတယ် ကြားလား"

ပြောပြီး ကိုလေးက နွေရှေ့ရာနေ သူ့ဘေးသို့ လျှောက်သွားသည်။ သူကတော့ လာနေသည့် ကိုလေးကို မကြည့်ဘဲ နွေကိုသာ ဒေါသတကြီး ကြည့်နေသည်။ နွေ့လက်ဖျားတွေ အေးစက်လာကာ

ေးကြည့်နေစဉ် ကိုလေးက သူ့အနားသို့ ရောက်သွားသည်။ ထိုစဉ်

"ဖောင်း"

"မလုပ်နဲ့"

ကိုလေးမျက်နှာ လည်ထွက်သွားတော့ နွေ ကိုလေးနားသို့ ရုတ်တရက် ရောက်သွားသည်။ ကိုလေးက ခေါင်းပြန်မတ်ကာ-

"ကိုလေး"

"ရတယ်၊ ကိုယ် ဘာမှမဖြစ်ဘူး။ နွေ ထွန့်ခေါင်ရိပ်...ငါ့နွေ"

"တော်တော့ ဘာမှမကြားချင်ဘူး"

"ငါတို့..."

"ခင်ဗျားကို မကြားချင်ဘူးလို့ ကျုပ် ဘယ်နှခါပြောရမလဲ"

သူက အော်ပြောကာ နွေ့လက်ထဲကနေ ကိုလေးရဲ့အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲကာ တစ်ချက်ပြီးတစ်ချက် ထိုးနေသည်။

"ကိုလေးကို မလုပ်ပါနဲ့"

"မင်းပါးစပ် ပိတ်ထားလိုက်စမ်း နွေဉသြ"

"ကိုလေးကို မလုပ်ပါနဲ့"

နွေ သူ့ကို အနောက်ကနေ သိုင်းဖက်ပြီး ကိုလေးကို မထိုးနိုင်အောင် တားဆီးမိ၏။ ကိုလေး ပါးစပ်၊ နှာခေါင်းတွေဆီကနေ သွေးတွေထွက်လာသည်။ နွေ မျက်ရည်တွေ တပေါက်ပေါက်ကျလာပြီး

"ကိုလေး...နွေ တောင်းပန်ပါတယ်။ သွားပါတော့"

"မင်း...သူ့ကို ဘာမှတောင်းပန်စရာ မလိုဘူး။ လာခဲ့စမ်း"

"ဟင့်အင်း...လွှတ်ပါ...ကိုလေး"





သူက နွေ့လက်ကို ဖွတ်ဆွဲသည်။ နွေ အတင်းရုန်းကန်မိ၏။ သူ ဒေါသဖြစ်နေတာကို နွေ ဂရုမစိုက်နိုင်။ သွေးအလူးလူးနှင့် ဖြစ်နေသည့် ကိုလေးကို နွေ မထားခဲ့ရက်နိုင်။

"နွေဉသြ"

"ကိုလေး"

နွေက ခေါင်းမာစွာ သူ့လက်ထဲက ဖွတ်ရုန်းထွက်တော့ ကိုလေးက နွေတို့ဘေး ရောက်လာသည်။

"နွေနဲ့ကိုယ် ရိုးရိုးမိတ်ဆွေတွေလိုတောင် စကားပြောခွင့်မရှိဘူးလား"

"ပြောစရာမလိုပါဘူး...နွေက ငါ့မိန်းမ"

"ဟား...ဒါဆို နွေက ငါ့ရည်စားလေ။ ဆောရီး...နွေ ကိုလေးကို ခွင့်လွှတ်ပါ"

"ခင်ဗျား...တောက်"

ကိုလေးရဲ့စကားကြောင့် သူ့မျက်နှာ ရဲသွားသည်။ စားသောက်နေသူအချို့ကလည်း နွေတို့ကို သိသိသာသာ ကြည့်နေကြ၏။

ကောင်တာမှ မန်နေဂျာနှင့်ဝန်ထမ်းတွေကလည်း ဝင်ဆွဲရန်းနိုးလှမ်းကြည့်နေကြသည်။ နွေ မျက်ရည်ကိုသုတ်ပြီး သူ့ရဲ့လက်ကိုဆွဲထားမိတော့ သူက ရုန်းဖယ်ပစ်ကာ ကိုလေးနားသို့ တိုးကပ်သွားသည်။ သို့သော် စောစောတုန်းကလို ထိုးနက်ဖို့ မဟုတ်တော့ချေ။ ကိုလေးမျက်နှာနှင့် နီးကပ်စွာရပ်ပြီး လေသံတိုးနှင့်-

"မင်းရည်စား...ဟုတ်လား၊ ဘာဖြစ်လဲ ရည်းစားဖြစ်တာပိုင်ရှင်ရှိတဲ့ မိန်းမကို ကြာကူလီလုပ်တာမှ မဟုတ်တာ။ မင်းကသာ

သူများသားမယားကို ပြစ်မှားနေတဲ့ ကြာကူလီ"
"မင်းပြောပုံက ငါက နွေ့ကို ပြစ်မှားနေတယ်…ဟုတ်လား။ ထိန်းစမ်းပါ ထွဋ်ခေါင်ရိပ်ရာ…ငါ့အတွက် မိန်းမက အဲဒီလောက် မရှားပါဘူး။ နွေ့က ငါ့အမေက မွေးပေမယ့် ငါ့ညီမပဲ"
"တော်တော့…နောက်တစ်ခါ ငါ့မိန်းမနဲ့ မင်းကို တွဲတွေ့ရင် မင်းအသက်အသေပဲ"
သူက ပြောလည်းပြော၊ ငေးကြည့်နေသည့် နွေ့လက်ကို ဆောင့်ဆွဲကာ အပေါ်ထပ်သို့ လျှင်မြန်စွာ တက်ခဲ့သည်။ အခန်းထဲ ရောက်တော့ နွေ့ကို ဆောင့်တွန်းပစ်ကာ-
"မင်း အဲဒီကောင်ကို လုံးဝ သံယောဇဉ် မပြတ်နိုင်ဘူးလား"
"ရှင်ထင်နေတာ မဟုတ်ဘူး ကိုထွဋ်ခေါင်ရိပ်၊ ကိုလေးနဲ့ကျွန်မ အဲဒီစားသောက်ခန်းထဲမှာတွေ့တာဟာ တကူးတက ချိန်းကြတာ မဟုတ်ဘူး။ ကျွန်မ အဲဒီလောက်ထိ အောက်တန်းမကျဘူး။ ဒီကို ရောက်ခဲ့ရတာလည်း ကိုယ့်သဘောနဲ့ကိုယ် လာချင်လွန်းလှချည်ရဲ့ ဆိုပြီး လိုက်လာခဲ့တာမဟုတ်ဘူး"
"တမင်ချိန်းထားတာ မဟုတ်ဘဲ ဘာလို့လာတွေ့နေရတာလဲ။ သူနဲ့တွဲတာ မကြိုက်ပါဘူးလို့ ငါ အတန်တန်ပြောထားတာ မင်း သဘောပေါက်သင့်တယ်။ သူ့ကို တွေ့တာနဲ့ မင်းအပေါ်ကို ပြန်တက်ခဲ့ပါလား"
"အဲဒီလိုပြန်ရှာက်ခဲ့ရအောင် နွေ့တို့က သာမန်မိတ်ဆွေတွေမှ မဟုတ်တာ"
"မင်း"





သူက နွေ့စကားကြောင့် အတော်ဒေါသဖြစ်သွားကာ နွေ့ကို ဆောင့်တွန်းပစ်ပြီး-
"ပြန်မယ်…အခုပြန်မယ်"
ပြောလည်းပြော ဆိုဖာကို လက်သီးနှင့် ဆောင့်ထိုးပြီး တောက်ခေါက်သည်။ ပြီးတော့-
"ဟော့…ပြောနေတာ မကြားဘူးလား။ ပြန်ဖို့ပြင်နိုင်းနေတာ လေ။ ဘယ်လိုလဲ…ပြန်လို့မရအောင် ဆွဲဆောင်ထားတဲ့သူ ရှိနေလို့ လား"
"ယောကျ်ားတန်မယ့် ခနိုးခနဲ့ မပြောပါနဲ့"
သူခိုင်းသည့်အတိုင်း နွေလည်း သိမ်းစရာရှိတာတွေ သိမ်းနေစဉ် တံခါးခေါက်သံကို ကြားရသည်။ သူက မတ်တတ်ရပ် ခါးထောက်၍ တံခါးပေါက်ကို လှမ်းကြည့်ကာ-
"မင်းထက်လား"
"ဟုတ်ကဲ့ ကိုရိပ်"
"ဝင်ခဲ့"
မင်းထက်ရဲ့စကားကို အဆုံးမခံဘဲ သူက သံပြတ်နှင့်ပြောလိုက်သည်။ မင်းထက် အထဲသို့ရောက်တော့ ပစ္စည်းတွေသိမ်းဆည်းနေသည့် နွေ့ညြသနှင့် မျက်နှာကြီးသုန်မှုန်နေသည့် ထွဋ်ခေါင်ရိပ်တို့ကြောင့် သူ့ကိုများ စိတ်ဆိုးနေသလားဟု စိတ်လေသွားရသည်။
"ဘာလဲပြော"
"ဟိုကောင်နဲ့ သွားတွေ့ဖို့"

"ပြောမနေနဲ့ တွေ့လည်းမတွေ့ချင်တော့ဘူး။ အခုပဲ ပြန်မယ်။ မင်း သိမ်းစရာရှိတာတွေသွားသိမ်းပြီး ကောင်တာမှာ ငွေရှင်းလိုက်တော့"

"ဟုတ်ကဲ့"

ဟိုတယ်ပေါ်က ဆင်းလာတော့ အားလုံးက ကွက်ကြည့်ကွက်ကြည့်နှင့် နွေလည်း ရှက်လွန်းသဖြင့် မျက်နှာကို ငွင်တွင်ငုံ့ထားမိသည်။ ဤလောကတွင် ဒီလောက်ထိ သဘောထားသေးသိမ်သော ယောကျ်ားတစ်ယောက်ကို ယခုမှပဲ တွေ့ဖူးတော့သည်။

♥♥♥





# အခန်း (၂၆)

"အစ်ကိုလေး…မမက ထမင်းစားလို့ရပြီတဲ့ရှင်"

"မစားသေးဘူး"

မိဘုတ်က သူ့မျက်နှာကို လှည့်ကြည့်လှည့်ကြည့်နှင့် ထွက်သွားသည်။

နေပြည်တော်က ပြန်လာကတည်းက သူ့ရင်ဘတ်ထဲမှာ ပူလောင်နေရသည်။

'နွေက ငါ့ချစ်သူ' ဟုဆိုပြီး ရပိုင်ခွင့်တောင်းဆိုနေတာ ဘယ်သူလဲ။ တစ်ချိန်ချိန်မှာ သူ့လက်ထဲမှ နွေကို ဆွဲခေါ်သွားလျှင် ...ရှုံ့စိုးထိတ်လာရသည်။

သူ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ဆွဲထုတ်လိုက်သည်။ နှုတ်ခမ်းမှာတေ့ပြီး မီးညှိကာ ဖွာရှိုက်လိုက်စဉ် ဆေးလိပ်ငွေ့ဖြူဖြူက ပေါ်ထွက်လာသည်။ မျက်လုံးမှိတ်ပြီး ငြိမ်သက်နေရင်း အတွေးက နွေ့ဆီမှာ။

ကြည့်သလို မကြည့်သလိုရှိသော နွေ့ရဲ့အကဲကို သူ အမှန်တကယ် အကဲမခတ်တတ်ပါ။ ညီမလေးအပေါ် တာဝန်ဝတ္တရားတွေကျေပွန်ရုံမက တကယ့်ညီမရင်းတစ်ယောက်ကဲ့သို့ ချစ်ခင်သော်လည်း သူ့အပေါ်တွင်မူ တစ်ခုမဟုတ်တစ်ခု တုံ့ပြန်ဖို့ အဆင်သင့်ဖြစ်နေတတ်ခဲ့သည်။

ပြီးသူ့ရဲ့ရင်မှာ ယိုင်လုလုဖြစ်နေချိန် သူမက သူ့ရဲ့ဘေးက ထွက်သွားဖို့ အဆင်သင့်ဖြစ်နေသည်တဲ့လား။

သူကတော့ သူမရဲ့အဖေအကြောင်း တွေးလိုက်မိလျှင် စိတ်တွေ အလိုလို ခက်ထန်ကြမ်းတမ်းလာကာ ပေါက်ကွဲနေခဲ့သည်။ သတိနှင့် မည်ကဲ့သို့ပင် ထိန်းချုပ်ချုပ် ဒေါ်လေးရဲ့အငိုမျက်နှာကို မြင်ယောင်တိုင်း နွေ့မျက်ရည်တွေကို မြင်တွေ့ချင်နေမိတာ ဘာကြောင့်မှန်းမသိ။

သူ့ကိုယ်သူ မတရားမှန်းသိပါသည်။ သို့သော်…

အတွေးများဖြင့် ငြိမ်သက်နေစဉ် လှုပ်ရှားသံကြောင့် သူ့မျက်လုံးတွေ ဖျတ်ခနဲ ပွင့်သွားသည်။

"ဪ…အိပ်နေတာမှတ်လို့"

သူမစကားကြောင့် သူ့မျက်နှာ သုန်မှုန်သွားရသည်။ နွေ့မုန်ကတော့ သူ့ရဲ့စိတ်ခံစားချက်ဆိုတာ သူမအတွက် နည်းနည်းမှ ထည့်တွက်စရာမလိုသည့်ဟန်။





သူ ကွန်ပျူတာကိုပိတ်ပြီး မတ်တတ်ထရပ်ပစ်လိုက်သည်။ အခုချိန်မှာ နွေပြောသမျှ စကားတို့သည် သူ့အတွက် မခံချင်စရာကောင်းသောစကားများသာ ဖြစ်နေပေလိမ့်မည်။ သူကိုယ်တိုင်ကလည်း မပြေပြစ်နိုင်သည့်အချိန်မို့ ပြောဖြစ်ကြလျှင် နွေ့က ရန်စကားတွေပဲ ပြောတတ်လိုက်တာဟု ဖြစ်တင်ပေဦးမည်။

နွေဥသြရယ်…မုန်းတီးမှုတွေနဲ့ စတင်ခဲ့တဲ့ ငါ့ရင်မှာ အခု ငါ မင်းကို ပစ်ခွာလို့မရအောင် တစ်စထက်တစ်စ တွယ်ငြိနေခဲ့တယ်ဆိုရင် မင်း ငါ့ကို…

တဖြည်းဖြည်း ရင်ဘတ်ကလာသည့် သံယောဇဉ်တွေကြောင့် သူ တုန်လှုပ်မိသည်။

သူမကို စိတ်ဆိုးဒေါသဖြစ်မိသည့်အခါ ထက်မိုးသောက်ဆီ ဟိုတေတ်ပုံတွေ ပို့ပစ်လိုက်ရမလားဟု မည်သို့ပင် ခြိမ်းခြောက်ခြောက် တကယ်ထွက်သွားလျှင် ဓာတ်ပုံမပြောနှင့်။ စာချုပ်တောင် မတားနိုင်။ ပြီးတော့ ဆင်ဖမ်းမယ် ကျားဖမ်းမယ်ဆိုခဲ့တဲ့သူ နွေ့အပေါ် ထိုသို့ မလုပ်ရက်ပါ။

ထို့ပြင် ရှင့်ပါးစပ်က ကွာရှင်းဖို့ပြောတဲ့တစ်နေ့ကို ကျွန်မက လက်ချိုးရေ ထိုင်စောင့်နေရတာပါလို့ ပြောထွက်ရက်သော နွေ့အပေါ်လည်း ခွင့်မလွှတ်ချင်…

ရန်သူတော်ဦးကျော်ဖံရဲ့သမီးအဖြစ်နှင့် နွေ့က သူ့ရဲ့ပစ်မှတ်ဖြစ်ခဲ့ရသည်။ သူတို့နှစ်ယောက်ရဲ့ကြားမှာ ဦးကျော်ဖံဆိုသည့်လူသာ မရှိခဲ့လျှင် သူနှင့်နွေ့ရဲ့ တွေ့ဆုံခြင်းက အမုန်းနှင့် စတင်ခဲ့လိမ့်မည်မဟုတ်။

သူ့ဘက်မှာ နွေ့အပေါ် အမုန်းတွေ၊ အချစ်တွေနှင့် လွန်ဆွဲနေ

သလောက် နွေ့ကတော့ သူနှင့်ပတ်သက်လျှင် မတုန်မလှုပ် ကျောက်ဆစ်ရုပ်ပမာ အေးတိအေးစက်နှင့် ဘာခံစားချက်မှ မရှိ။ နွေ့ရဲ့ အမုန်းတွေကကော သူ့အပေါ် ဘယ်သောအခါမှ အဆုံးသတ်မည် နည်း။

“အစ်ကိုလေး ဖုန်းလာနေပါတယ်ရှင်”

မိဘုတ်က သူ့လက်ထဲ ဖုန်းထည့်ပေးပြီး ပြန်လှည့်ထွက်သွား သည်။ သူ့ဖုန်းကို ငုံ့ကြည့်ရင်း ပြတင်းပေါက်ဘက် လှမ်းကြည့်မိတော့ အကြည့်မလွှဲနိုင်။ နွေ့ကို လှမ်းမြင်နေရသည်မဟုတ်လား။

သူ့အပေါ် အေးစက်သလောက် ညီမလေးနှင့်ပတ်သက်လျှင် အိမ်မှုကိစ္စတွေနှင့်ပတ်သက်လျှင် သူမသည် အမြဲတစေ တကုတ်ကုတ် နှင့် အလုပ်လုပ်လျက်ရှိသည်။

“ဟယ်လို”

“ရိုပ်”

မြတ်နိုးရဲ့ခေါ်သံကြောင့် ဝိုး၍ စိတ်ညစ်သွားရသည်။

ညီမလေးကိုယ်တိုင်က မြတ်နိုးနှင့် အဆက်အသွယ်ဖြတ်ဖို့ အတိအလင်း ကြေညာဖူးသည်။ သူမှာလည်း တော်စပ်ခဲ့ဖူးသည့် ရည်းစားဟောင်းမို့ မတိုးသာမဆုတ်သာ။

“ပြော”

“ဟင်…ဘယ်လိုလေသံကြီးလဲလို့”

ဟိုးအရင်တုန်းကတော့ ဤကဲ့သို့သော စွဲ့စွဲ့စကားတွေအပေါ် သာယာကျေနပ်ကာ ထပ်ခါထပ်ခါ ပြန်တောင်ကြားချင်နေသည့် အဖြစ်။ အခုကျတော့ တူမှမတူတော့ပဲလေ။ သူက အခု အိမ်ထောင်





သည်တစ်ယောက်။

“ကိစ္စရှိလို့လား မြတ်နိုး”

“ကိစ္စရှိမှ ဆက်ရမှာလား ရိုပ်ရယ်…ရိုပ် မြတ်နိုးအပေါ် တကယ်စိမ်းကားတာပဲကွာ။ ရိုပ် အရင်နေ့တွေတုန်းက ဒီလိုလေသံ တွေ မဟုတ်ပါဘူး။ ဘာတွေ လေစိမ်းတိုက်နေတာလဲ”

“………………”

သူ ဘာမှမတုံ့ပြန်မိချေ။ အရင့်အရင်နေ့တွေတုန်းက မြတ်နိုးကို သူ လိုက်လိုက်လျောလျော ဆက်ဆံမိခြင်းက နွေ့ကို တမင်ခံစားစေ ချင်လို့။ အခုကျတော့ သူ့ရဲ့ရိုက်ချက်က နွေ့ကို မနာကျင်စေဘဲ သူ့ ကိုယ်သူသာ ပြန်၍နာကျင်နေပါပေါ့လား။

“ဒါနဲ့ ရိုပ် နေပြည်တော် သွားသေးတယ်ဆို”

“ဟုတ်တယ်၊ သိပ်မကြာပါဘူး”

“တို့က နေပြည်တော်ကို နိုင်ငံခြားမထွက်ခင်ကပဲ ရောက်ဖူး တာ။ အခုပြန်လာတော့ တစ်ခါမှ မရောက်ဖြစ်သေးတော့ ရိုပ်နဲ့ ကပ်လိုက်မလားလို့ စဉ်းစားနေတာ။ ရိုပ်က ခေါ်တောင်မခေါ်ဘူး”

“နောက်ကြုံရင်တော့ ရောက်မှာပေါ့”

“ရိုပ်…ယူ တစ်ခုခုဖြစ်နေသလား”

နွေ့ရယ်…သက်ဆိုင်သူမရှိတဲ့လူတစ်ယောက်ကတောင် ကိုယ် ဘာဖြစ်နေသလဲဆိုတာ အကဲခတ်နိုင်ရင် မင်းက ပိုပြီးသိရမှာပေါ့။

“ယူ မဖြေလည်း တို့သိပြီ။ စောင့်နေ…တို့ လာခေါ်မယ်”

“ဟာ…မြတ်နိုး”

သူ ငြင်းဆန်ဖို့အချိန် မရလောက်အောင် မြတ်နိုးက ပြောပြီး

ဖုန်းချသွားသည်။ သူ စိတ်ညစ်ညစ်နှင့် ဖုန်းကို ပိတ်ပြီး မတ်တတ်ထရပ်လိုက်စဉ် ညီမလေးရဲ့ပိုးချဲ့လက သူ့ဘေးသို့ ရောက်လာသည်။

ညီမလေးအပေါ် ဦးစားပေး နံပါတ်တစ်အစဉ်ဖြစ်ခဲ့ရသော်လည်း ယခု သူက စိတ်ခံစားချက်တွေကြားမှာ ထွက်ပေါက်မဲ့နေရသူဆိုတော့ ညီမလေးဘေးမှာ တိတိတာတာ ဘာမှမပြောနိုင်။

နောက်ပြီး ညီမလေးအပေါ် နွေက ဂရုတစိုက်ရှိခြင်းကြောင့်လည်း သူ့ရဲ့စိတ်တွေ ပေါ့နေရခြင်း ဖြစ်မည်။ အခုတောင် နွေက ညီမလေးခြေထောက် ပြန်ကောင်းလာဖို့ သူမရဲ့ စိတ်ကောခန္ဓာပါ ညီမလေးဆီမှာ ပုံမြှုပ်ထားသဖြင့် သူ့ကို မကြင်နာသော်လည်း ဖြေသာသလိုတော့ ရှိရမည်။

"ကိုကို"

"ညီမလေး"

ညီမလေးရဲ့ပိုးချဲ့လက သူ့အနားရောက်လာပြီး သူ့ကိုခေါ်သည်။

"မြတ်နိုးမဟုတ်လား။ သူ့ကို မဆက်သွယ်ပါနဲ့တော့လို့ ပြောတာကို မရပါလား ကိုကိုရယ်"

"သူက ဖုန်းဆက်လာတော့ ပြန်မဖြေရင် ရိုင်းရာကျမယ်လေ ညီမလေးရယ်…သူ မသိတတ်တိုင်း ကိုယ်မသိတတ်ရဘူးဆိုရင် ဘယ်ဟုတ်မလဲ။ ပြီးတော့ မိန်းကလေးတစ်ယောက်ကို ဖုန်းမဆက်ပါနဲ့တော့လို့လည်း ပြောမထွက်ဘူး၊ သူ ရှက်သွားမှာပေါ့"

"အားနာရမှာကနေ ခါးပါပါလာမှာနော် ကိုကို"

ညီမလေးက လူကြီးတစ်ယောက်လို ဗျစ်တောက်ဗျစ်တောက်ဆိုနေသည်။ သူ ညီမလေးရဲ့မျက်နှာကို ပြုံးကြည့်ရင်း စိတ်ထဲမှာ





တော့ ကိုကိုရဲ့ခံစားချက်တွေ မြတ်နိုးအပေါ်မှာ ဘာမှမရှိတော့ဘူးဟု ပြောနေမိသည်။

"ဒါနဲ့ မမနဲ့ ဘာဖြစ်ကြပြန်တာလဲ၊ မခေါ်ကြဘူးလား"

"ညီမလေး သိလို့လည်း ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး"

သူ စိတ်ပျက်လက်ပျက် ပြောလိုက်သည်။ ကျောက်စရစ်ခဲလေးတွေကောက်ပြီး အဝေးမှာရှိသော သစ်ရွက်ကို ထိအောင် လှမ်းပစ်လိုက်သည်။ ကျောက်ခဲထိမှန်သွားသော သစ်ရွက်သည် လွှပ်ခတ်၍ ကျန်ခဲ့သည်။

"ကိုကို စိတ်ထဲမှာ မမနဲ့ မကြာခင်မှာ ကွဲကွာရဖို့ ဆုံးဖြတ်ထားသလား…ဟင်"

"ဘာ…ဘာလို့ အဲဒီလိုမေးတာလဲ ညီမလေး"

သူ ဘုန်လှုပ်စွာ မေးလိုက်တော့ ညီမလေးက ဘာမှမဖြေတော့ဘဲ မျက်နှာကို မော့၍ရယ်လိုက်သည်။ ရယ်ရင်း တဖြည်းဖြည်းမျက်နှာမဲ့လာသဖြင့် သူ ညီမလေးအတွက် စိုးရိမ်စိတ်တွေ ဖြစ်ကာ-

"ညီမလေး"

"ကိုကို့ကြောင့် မမနဲ့မိုး ဆုံခဲ့ရတယ်။ ကိုကို့ကြောင့် မမနဲ့မိုး ကွဲရမယ်ဆိုရင် မိုး သေလိမ့်မယ်"

"ကိုကို့ကြောင့် ဟုတ်လား"

သူ ကယောင်ကတန်းမေးတော့-

"ကိုကိုက ချစ်နေရဲ့သားနဲ့ ချစ်တာကို မဖော်ပြဘဲ မမ စိတ်ဆိုးအောင်၊ စိတ်နာအောင်ပြောတဲ့အခါလည်း ရှိတယ်။ ကိုယ်ထိလက်ရောက် ရိုက်နှက်တဲ့အခါလည်း ရှိတယ်။ မမရင်ထဲမှာ ကိုကို့ကို

မလိုလားခြင်းတွေ၊ ရှုံရှာစက်ဆုပ်ခြင်းတွေ အုံဖွဲ့နေပြီ"

"ကိုကို မရှုံးချင်ဘူး"

"လူတစ်ဦးတစ်ယောက်ကို ချစ်တာ အနိုင်အရှုံးလို့ တွက်နေကတည်းက အဲဒါ စစ်မှန်တဲ့ ခံစားချက်မဟုတ်ဘူး ကိုကို။ အချစ်ဆိုတာ အရှုံးအနိုင်တွက်ရမယ့် ပုဒ်စာတစ်ပုဒ် မဟုတ်ဘူး။ အဲဒီလို ရှုံးမှာကြောက်တယ်ဆိုရင် ဘယ်သူကမှ ဘယ်သူ့အပေါ် ချစ်ရေးဆိုကြမှာ မဟုတ်ဘူး။ ကိုကို အခုလိုသာ မမြတ်နိုးနဲ့တွဲနေဦးမယ်ဆိုရင်တော့ မမနဲ့ နီးလာမယ့်လမ်းတော့ မမြင်ဘူး။ တဖြည်းဖြည်း ဝေးသွားကြဖို့ ရှိတော့တယ်"

"သူ့ဘက်က ဘယ်လိုပဲရှိရှိ ကိုကိုကတော့ မြတ်နိုးအပေါ် ရိုးသားတယ်"

"ကိုကို့ကို မိုး ယုံပါတယ်။ ဒါပေမယ့် ကံကို မယုံရဲဘူး ကိုကို"

♥♥♥





# အခန်း (၂၇)

"ဟင်း"

နာရီကိုကြည့်ပြီး နွေ သက်ပြင်းချလိုက်မိသည်။ ည (၁၀)နာရီ တောင်ရှိနေပြီ။ သူ…ဘာဖြစ်လို့ ရောက်မလာရသေးတာလဲ။ ညနေ တုန်းက မြတ်နိုး သူ့ကို လာခေါ်သွားသည်။ နွေ့ရင်ထဲမှာ စိုးထိတ် တတ်လာတာက သူနဲ့နွေ ခွဲကြရဖို့ တဖြည်းဖြည်း နီးလာလေပြီလား။

ဟုတ်ပါတယ်။ တဖြည်းဖြည်း နီးလာခဲ့ပါပြီ ကိုထွဋ်ခေါင်ရိပ် ရယ်…အဲဒီအဖြစ်ကို ကျွန်မ မိန်းမသား ဘယ်လိုတားဆီးရမလဲ။

အိမ်တွင်းတံခါးကို ဖွင့်ပြီး သံတံခါးကိုပဲ ပိတ်ထားသဖြင့် မှောင်မည်းနေသော ပတ်ဝန်းကျင်ကို မြင်နေရသည်။ စာအုပ်ဖတ်နေ ပေမယ့် အဲဒီစာအုပ်ထဲ စိတ်လုံးဝမရှိဘဲ ဟိုအကြောင်းတွေးလိုက်၊ ဒီအကြောင်းတွေးလိုက်နှင့် နွေ သက်ပြင်းအခါခါ ချနေရသည်။

ထိုစဉ် ခြံထဲသို့ မောင်းဝင်လာသောကားကြောင့် တဒင်္ဂ ဝမ်းသာသွားသောစိတ်ကို နွေ မတားလိုက်မိ။ နွေ သံတံခါးကို ဖွင့်ပြီးချိန် ကားက ပေါ်တီကို အောက်သို့ ရောက်လေပြီ။

ရှေ့ဆက်တိုး၍မရလောက်အောင် နွေ ခြေလှမ်းတွေ ရပ်တန့်သွားခဲ့သည်။ သူက လူမှန်းမသိအောင် မှုးလာသည်။ သူဟာ ဒီလိုပဲ မှုးမှုးရူးရူး သောက်စားတတ်သည့်အကျင့်ရှိသတဲ့လား။ နွေနှင့် စေ့စပ်ပွဲမှာ တစ်ခေါက်၊ အခု နွေမဟုတ်တဲ့ မိန်းမတစ်ယောက်ရဲ့ရင်ခွင်ထဲမှာ…မြတ်နိုးက ထွင့်ခေါင်ရိပ်ကို သေချာထိန်းဖက်ပြီး အိမ်ထဲသို့ ဝင်လာသည်။ ကားနားမှာ ရပ်နေသည့် ဦးညိုကို လှည့်မကြည့်ဘဲ နွေ မြတ်နိုးကို တည့်တည့်စိုက်ကြည့်ကာ-

“ဦးညို သူ့ကို အခန်းထဲသွားပို့လိုက်ပါ”

“ဟုတ်ကဲ့”

ဦးညိုက သူ့ကို မြတ်နိုးလက်ထဲမှ ဝင်တွဲတော့-

“အေး…ဘယ်သူလဲ၊ မြတ်နိုး ငါ့ကို လိုက်ပို့စမ်း”

သူ့နှုတ်က ထွက်လာတဲ့စကားသံက နွေ့နှလုံးသားကို အပ်နှင့် စွလိုက်သကဲ့သို့ ခံစားလိုက်ရသည်။ မြတ်နိုးက လှောင်ပြုံးနှင့် နွေကို စိုက်ကြည့်နေခဲ့သည်။

နွေတို့ဘေးက သူ အပေါ်ထပ်သို့ ဖြတ်သွားစဉ် အရက်နံ့ တထောင်းထောင်းထလျှက်။ နွေ သူနှင့်ဦးညို အပေါ်ထပ်သို့ ရောက်သွားသည်အထိ ငေးမေးစွာကြည့်ပြီး မြတ်နိုးဘက်သို့ လှည့်လိုက်သည်။

မြတ်နိုးက မျက်နှာကို ခပ်ပြုံးပြုံးလုပ်ထားကာ ကားသော့လေး





ကို တယမ်းယမ်း လှုပ်၍ကစားကာ-

“နင် ဘာကြောင့် ရိပ်ကို ရအောင်ယူခဲ့သလဲ နွေဥဩ”

“ဘာ…အဟင်း…ကျွန်မက သူ့ကို ရအောင်ယူခဲ့တာ ဟုတ်လား…ရှင့်ကို သူက အဲဒီလိုပဲ ပြောခဲ့သလား မမြတ်နိုး”

နွေ အသံထွက်အောင်ရယ်၍ ပြောလိုက်ပေမယ့် ရယ်သံနှင့် မတူ။ ကျွဲနွားတစ်ကောင်ရဲ့ ညည်းတွားသံနှင့်တောင် ဆင်တူနေသေးသည်။

နွေ ရင်ထဲမှာတော့ တထိတ်ထိတ်နှင့်ဖြစ်လာကာ သူက နွေနှင့် မပေါင်းချင်ဘူးဟု မြတ်နိုးရှေ့မှာ ရင်ဖွင့်ခဲ့သလား။

“ရိပ်နဲ့ငါက ငယ်ငယ်လေးကတည်းက ချစ်ခဲ့တာ။ နင် သိပါတယ်။ ဘာတဲ့…ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ကောင်းတဲ့။ အဟင်း…ဟင်း…ဟင်း”

“အရင်တုန်းက ရှင်တို့ အတိတ်မှာ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ အခုချိန်မှာ အဲဒါကို စားမြုံ့ပြန်ပြောနေရမယ့်အချိန်မှ မဟုတ်တာ။ အခု ထွင့်ခေါင်ရိပ်က ကျွန်မရဲ့ခင်ပွန်း ဖြစ်နေပြီ။ ဒီအတွက် ဗုဒ္ဓဘာသာ ဗမာမိန်းကလေးတစ်ယောက်ဖြစ်တဲ့ ရှင်က ဒုသနသောလောက်တော့ သိဦးမှာပေါ့”

နွေ စကားရှည်ကြီးအဆုံး၌ မြတ်နိုးထံမှ တဒင်္ဂမျက်နှာပျက်ခြင်းလောက်သာ ရခဲ့ပြီး-

“ရိပ်ရယ်…ငါ နင့်ကို သနားလိုက်တာ”

မျက်နှာကိုမော့၊ လက်ဖဝါးနှစ်ဖက်ကို ရင်ဘတ်မှာကပ်ပြီး ရေရွတ်လိုက်သော မြတ်နိုးကြောင့် နွေ ဒေါသတွေ ထိန်းချုပ်ဖို့ရာ

ခက်ခဲသွားလေပြီ။

"သနားစရာ မလိုပါဘူး"

"သနားတာပေါ့ဟယ်…ကိုယ့်ချစ်သူ ဒီလောက်ထိ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေတာကို ကြည့်နေရလောက်အောင် တို့က အသည်း မမာဘူးဟဲ့"

"အခုချိန်မှာ အားလုံးဟာ သူနေရာနဲ့သူ အံဝင်ခွင်ကျဖြစ်နေပြီ။ ရှင်လည်း လက်ထပ်ခဲ့ဖူးသူရှိသလို သူဟာလည်း ကျွန်မရဲ့ခင်ပွန်း ဖြစ်နေပြီမို့ ရှင် သူနဲ့ပတ်သက်လို့ မသင့်ဘူးဆိုတာ ဦးနှောက်ထဲထည့်ထားစမ်းပါ"

"ငါ့အတွက် မလိုအပ်ပေမယ့် သူ့အတွက် လိုအပ်နေတယ်လေ"

မြတ်နိုးစကားကြောင့် နွေ့ရင်ဘတ် အောင့်ခနဲ ဖြစ်သွားသည်။ သူဟာ နွေနှင့် လက်ထပ်ခဲ့ပေမယ့် မြတ်နိုးကိုပဲ လိုအပ်နေတယ်ဆိုတာ တကယ်လား။ စကားကို မယုံသင့်ဘဲ နွေ ယုံပစ်လိုက်သည်။

ဟုတ်တယ်လေ။ သူ နွေ့ကို မချစ်မနှစ်သက်ဘဲ မုန်းတီးစိတ် တစ်ခုနှင့်သာ လက်ထပ်ခဲ့တာကို စဉ်းစားလိုက်တော့ ပိုပြီး ငိုချင်လာသလိုလို…

မြတ်နိုးက နွေ့ကို တစ်ချက်ကြည့်ပြီး ကားထဲဝင်သွားသည်။ နွေ တံခါးဘောင်ကို မှီရင်းလျှောကျကာ လှေကားထစ်မှာ အရုပ်ကြိုး ပျက် ထိုင်ချလိုက်သည်။ မြတ်နိုးက ကားကို နောက်ဆုတ်ရင်း ကား ပြတင်းပေါက်မှ ခေါင်းထွက်လာကာ-

"မကြာခင်မှာ ရိပ် ကိုယ့်ဆီရောက်လာတော့မယ်။ စိတ်





မကောင်းပါဘူး…ဟဲ…ဟဲ"

နွေ့ရဲ့မျက်ရည်က ထိန်းချုပ်၍ပင်မရတော့။

ထွင့်ခေါင်ရိပ်…ကျွန်မနဲ့ပတ်သက်ပြီး ခံစားရသမျှကိစ္စတွေကို ရှင်က မြတ်နိုးကို အကုန်ပြောပြခဲ့တယ်ပေါ့…ဟုတ်လား။ ကျွန်မနဲ့ ပတ်သက်ပြီး ရှင် အရမ်းခံစားရတယ်ပေါ့လေ။

"မနွေ…ဦးလေး သွားတော့မယ်"

နွေ ခေါင်းညိတ်ပြလိုက်သည်။ ဦးညိုက ခြံတံခါးသွားပိတ်ပြီး ကားဂိုထောင်မှာရှိသော သူ့ရဲ့အခန်းဘက်သို့ ထွက်သွားသည်။ နွေ လည်း တံခါးတွေပိတ်ပြီး အပေါ်ထပ်သို့ တက်လာခဲ့ပေမယ့် ခြေလှမ်း တွေ တုံ့ဆိုင်းနေသည်။

သူသာ နွေ့ကို တစ်ခုခု အပြစ်ပြောလျှင် နွေ ခံနိုင်ရည်ရှိမှာ မဟုတ်ချေ။ နွေ မာန်တင်းထားရသမျှ မျက်ရည်အဖြစ် ကြွေကျရမှာ ကိုလည်း မလိုလား။

မြတ်နိုးကို သူနေရာနဲ့သူ အသားကျနေပြီလို့ ပြောခဲ့သော်လည်း တကယ်တော့ နွေက နွေ့နေရာမှန်ကို မြင်ပြီး မြတ်နိုးက သူ့ဘေးနားသို့ ရောက်လာခြင်းကလည်း နေရာမှန်သို့ ရောက်ရှိခြင်းဟု ပြောချင်ရနိုင်သည်။

ဒါပေမယ့် သူ နွေ့အပေါ် စော်ကားရန်လိုမှုကလွဲလျှင် ဘာမှ တုံ့ပြန်နိုင်တာကိုတော့ နွေ ရင်နာလှပါသည်။

အိပ်ခန်းတံခါးကို တုံ့ဆိုင်းစွာဖွင့်ပြီး လေးကန်စွာ ဝင်လာခဲ့သည်။ ဦးညိုက သူက ဖိနပ်ချွတ်ပြီး ခုတင်ပေါ်တင်ခဲ့ပေးခြင်း ဖြစ်သည်။ နွေ သူ့ရဲ့အပေါ်ကုတ်အင်္ကျီကို ချွတ်ပေးလိုက်သည်။

နွေ့ ခုတင်ထက်၌ သူနှင့် တူယှဉ်မလှဲဖြစ်ဘဲ ဒရင်းဘတ်မှာပဲ သွားလှဲကာ သူ့မျက်နှာကို ငေးကြည့်မိ၏။ သူ့လို ချောမောခန့်ညားတဲ့ လူတစ်ယောက်နှင့် လက်ထပ်ရဖို့ နွေ့ အိပ်မက်ထဲမှာ ထည့်မမက်ခဲ့ဖူးပါ။ ကိုယ့်အနားမှာရှိနေတဲ့ ကိုလေးဆိုတာကလည်း သူ့လို အချောကြီးမချောပေမယ့် ခန့်ညားတဲ့သူပါ။

နောက်ပြီး သူနဲ့နွေ့ဟာ မတူညီတဲ့ အလွှာအသီးသီးကပါ။ နာကြည်းမှုတစ်ခုကို အစပြုပြီး နွေ့ကို ရယူခဲ့ပေမယ့် နွေ့က သူ့အလိုင်းအခိုင်းထဲမှာ ဝင်ဆံ့နိုင်သူမှမဟုတ်တာ။ သူ ဆုံးဖြတ်တဲ့အတိုင်းဆို နွေ့…

“မြတ်နိုး”

ရုတ်တရက် သူ့နှုတ်က ထွက်လာသည့်အသံကြောင့် နွေ့ မျက်ရည်တွေ ပေါက်ခနဲ ကျသွားရသည်။

ရှင် စိတ်နဲ့လူနဲ့ မကပ်တဲ့အချိန်မှာတောင် နွေ့ညြသဆိုတဲ့ မိန်းမကို တောင် ဦးနှောက်ထဲမရှိဘူးနော်။

“ငါ့ကို ထားခဲ့ဖို့ မကြိုးစားပါနဲ့…ငါ မင်းနဲ့ မခွဲနိုင်တော့ဘူး”

“အဟင့်…”

နွေ့ လုံးဝ ထိန်းချုပ်၍မရနိုင်တော့ချေ။ ထို့ကြောင့် ဒရင်းဘတ်ကိုယူ၍ ဝရံတာဘက်သို့ ထွက်ခဲ့သည်။ သေးကွေးလှသော ဖိုးလမင်းကို မော့ငေးစဉ် နားထင်ဆီသို့ မျက်ရည်တွေ စီးဆင်းသွားခဲ့သည်။

အော်ဟစ်ငိုပစ်လိုက်ချင်သည်။ သို့သော် အသံတောင်ထွက်၍မရချေ။ ရှင့်ကို နိုင်ပါတယ်လို့ ပြောလိုက်ချင်ပေမယ့် တကယ်တမ်း နွေ့ ရှုံးခဲ့တာ။





နေပြည်တော်မှာ ဖြစ်ခဲ့တဲ့ကိစ္စကြောင့် နွေ့ ကိုယ့်ကိုယ်ကိုယ် အပြစ်မကင်းသလို ခံစားမိသည်။ အဲဒီတုန်းက နွေ့ ကိုလေးဘက်က ရပ်တည်ခဲ့တာမဟုတ်လား။ သူ ဘယ်လိုခံစားရသွားသလဲဆိုတာ ထိုစဉ်က လုံးဝ တွေးခဲ့တာမှမဟုတ်တာ။

အဲဒီတုန်းက သူဟာ ကိုလေးကို နိုင်ချင်တဲ့စိတ်တွေ၊ နွေ့ကို ပြောမရတဲ့စိတ်တွေကြောင့် မျက်နှာတွေ နီရဲကာ သူ့ အတော်လေး ဒေါသထွက်ခဲ့တာ နွေ့ မျက်မြင်သက်သေပဲ။

ကိုလေးရယ်…

ကိုလေးက နွေ့အိမ်ထောင်ရေးပြေလည်ဖို့ ဆုတောင်းပေးနေပေမယ့် ပြည့်မှာမဟုတ်ပါဘူး။ မြတ်နိုးပြောသလို ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ၊ ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ကောင်းလို့ ဆိုထားတဲ့အတိုင်း သူ နွေ့ကို ဘယ်တော့မှ သဘောထားပြောင်းလဲလာမှာ မဟုတ်ပါဘူး။ သူ့ဘေးက နွေ့ လွင့်ထွက်ရဖို့က တဖြည်းဖြည်း နီးကပ်လာသည်။

ဘယ်မိန်းမတစ်ယောက်က တည်ပြီးသားအိမ်ထောင်တစ်ခုကို လွယ်လွယ်နှင့် အဆုံးခံချင်ပါ့မလဲ။ အိမ်ထောင်ပျက်ဆိုတာ နာမည်က မလှသလို ရှေ့ဆက်ရမယ့်ဘဝကလည်း မလှနိုင်။ မိန်းမတွေ မသက်သာလွန်းသည့်အဆုံးမို့ အိမ်ထောင်ပျက်ကြရသည်။ ဘယ်သူက နာမည်ဆိုးနှင့် ကျော်ကြားချင်မှာလဲ။

♥♥♥

# အခန်း (၂၈)

“အား…ကျွတ်…ကျွတ်”

မျက်လုံးဖွင့်ဖို့ ကြိုးစားစဉ် ခေါင်းတွေက တဆစ်ဆစ်နှင့် ကိုက်လာသည်။ သူ မနေ့က အတော်မူးခဲ့ပုံရသည်။ မြတ်နိုးနှင့်အတူ စားသောက်ဆိုင်တစ်ခုမှာ အတော်လေး ခံစားခဲ့ရသည်။

“ယူကို တို့ နားလည်ပါတယ်”

“ညီမလေးကလည်း သဘောမကျဘူး။ တို့ကလည်း အခုလို ထွက်လာရတာကို အပြစ်မကင်းသလို ခံစားရတယ်”

“တို့က ပြစ်ချက်တွေနဲ့ကိုး”

မျက်ရည်တွေကျနေသည့် မြတ်နိုးကို သူ လှည့်မကြည့်မိအောင် ကြိုးစားခဲ့၏။ အခုရှုပ် နောင်ရှင်းမဟုတ်လား။





“ဒါနဲ့ ခိုက်ကယ်နဲ့ကွဲခဲ့တာ တကယ်မဟုတ်ဘူးဆို”

“ဟင်…ဘယ်သူပြောတာလဲ။ ယူ ဘယ်လိုသိတာလဲ”

“အန်ကယ်က ကိုယ့်ကို ဖုန်းလှမ်းဆက်တာပါ။ ခိုက်ကယ်က မြတ်နိုးကို ခေါ်ပေးဖို့ အန်ကယ်လ်ဆီမှာ တောင်းဆိုနေတယ်တဲ့။ စိတ်အလိုကို မလိုက်စမ်းပါနဲ့ မြတ်နိုးရယ်…ကိုယ် နှစ်သက်လို့ ထူထောင်ခဲ့တဲ့ အိမ်ထောင်ပဲမဟုတ်လား။ စိတ်လိုက်မာန်ပါလုပ်လို့ ထိခိုက်စရာရှိရင် ကိုယ်ပဲ ထိခိုက်ရမှာမဟုတ်လား”

မြတ်နိုးက သူ့ကို ခပ်ငေးငေးကြည့်ပြီး သက်ပြင်းချလိုက်သည်။

ဘဝတွေ မထင်မှတ်အောင် ပြောင်းလဲခဲ့ရတာကလည်း ကာယကံရှင် သူ့မကြောင့်။ ဒုက္ခိတ ညီမတစ်ယောက်နှင့် ဂျာလည်ရိုက်နေသော သူ့ကို လက်မထပ်ခဲ့ဘဲ နိုင်ငံခြားသို့ ထွက်သွားရာမှာ အိမ်ထောင်မတော်တဆ ကျခဲ့သည်။ လူကသာ ခင်ပွန်းဆီမှာ စိတ်က ချစ်သူဟောင်းဆီမှာဆိုတာ ကိုယ်ပဲသိသည်။

“တို့ သူ့ကို လုံးဝ ချစ်လို့မရဘူး။ ပြီးတော့ တို့ အဲဒီနိုင်ငံမှာ တစ်သက်လုံး ခေါင်းချဖို့ဆိုတာ မဖြစ်နိုင်ဘူး။ တို့ဘာသာ လွတ်လပ်တာကို နှစ်သက်ချင်နှစ်သက်မယ်။ ဒါပေမယ့် ကိုယ့်ဘဝနဲ့ အနေအထားပတ်ဝန်းကျင်မတူတဲ့ အဲဒီမှာ တစ်သက်လုံးနေဖို့ ဦးနှောက်နဲ့တောင် စဉ်းစားလို့မရဘူး”

“ဒါကတော့ မြတ်နိုးသဘောလေ။ ကိုယ်တော့ နွေ အထင်လွဲပြီး စိတ်ဆိုးမှာ ဘယ်နည်းနဲ့မှ မခံနိုင်ဘူး။ နွေက ကိုယ့်မျက်နှာနဲ့ အိမ်ပေါ်ရောက်နေတဲ့သူလေ”

သူ့စကားကြောင့် မြတ်နိုးက ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်သွားကာ-

"သြော်…သူက စိတ်ဆိုးတယ်..ဟုတ်လား။ ဘာဖြစ်လဲ… ဆိုးပလေစေပေါ့။ အရင်တုန်းက ဘာတွေ ဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့တောင် မြတ်နိုးက သူ့ကို မဆက်ဆံရတော့ဘူးတဲ့လား။ သိပ်ပြီးသဘောထားသေးသိမ်တာပဲ"

"အဲဒီလိုတော့ မပြောနဲ့လေ။ သူ့အမြင်မှာတော့ မြတ်နိုးနဲ့ကိုယ့်ကို တစ်ချိန်တုန်းကဆိုတဲ့အတွေးနဲ့ ဘယ်ခံနိုင်မလဲ။ ဆောရီး… အခုလို မိတ်ဆွေမကျ သူငယ်ချင်းမကတဲ့ပုံစံဆိုတော့ သူထင်လည်း ထင်ချင်စရာပဲလေ။ ဒါကလည်း သူက မြတ်နိုးနဲ့ တွဲတာမကြိုက်ဘူး၊ မနှစ်သက်ဘူးဆိုတာ အမြင်နဲ့၊ အတွေးနဲ့တောင် မပြခဲ့ပါဘူး။ ကိုယ်ကသာ သူ စိတ်ဆိုးမှာကြောက်လို့ပါ"

"ရိပ်ရယ်"

သူ့စကားကြောင့် မြတ်နိုးက မျက်ရည်ဝဲနေသည်။ သူကတော့ အဆိုတော်မလေးတွေဆီ အကြည့်လွှဲထားမိသည်။ တိုက်ဆိုင်ချင်တာလားတော့မသိ။ ကောင်မလေးက ဝိုင်းစုနိုင်သိန်းရဲ့ အလွမ်းသီချင်းတစ်ပုဒ်ကို ဆိုနေသည်။

"ချစ်သူ့ဘေးနားမှာ နေတဲ့ခဏ…နူးညံ့နွေးထွေးသလို အကြည့်လေးများထဲ×××တင်းထားမယ်×××တို့စိတ်ကူးတွေ အစိုးအငွေ့ဖြစ်ကာရယ်×××မှားဆဲလေ မှားပါစေတော့ကွယ်"

"ဟင်း"

ထို့နောက်တော့ သူ မြတ်နိုးနှင့် ဘာစကားမှ မပြောတော့ဘဲ တစ်ခွက်ပြီးတစ်ခွက် သောက်နေခဲ့တာကိုပဲ သတိရတော့သည်။

သူ မျက်လုံးဖွင့်ပြီး အိပ်ရာထဲကထကာ နာရီကြည့်လိုက်တော့





မနက် (၇)နာရီထိုးနေပြီ။ အလုပ်တချို့ လုပ်စရာရှိတာကို သတိရလိုက်သောကြောင့် အိပ်ရာထဲမှ လျှင်မြန်စွာထပြီး သန့်စင်ခန်းထဲဝင်လာခဲ့သည်။

ခါတိုင်း သွားပွတ်တံမှာ သွားတိုက်ဆေး ထည့်ပြီးသားအဆင်သင့်။ အခုတော့ ဘာမှလုပ်မထား။ မနေ့က သောက်လာသဖြင့် နွေ သူ့ကို စိတ်ဆိုးနေဟန်တူသည်။ သူ တစ်ချက်ပြုံးကာ မြန်မြန်သန့်ရှင်းရေးလုပ်ပြီး စာကြည့်ခန်းဘက်သို့ ထွက်လာခဲ့သည်။

ဘုရားခန်းနှင့်ကပ်လျက် စာကြည့်ခန်းထဲသို့ သူ ဝင်လာခဲ့သည်။ စာကြည့်ခန်းနှင့်အလုပ်ခန်း အတူတူပါပဲ။ ဒီနေ့ အစည်းအဝေး အမီတင်ရမည့် program တွေကို သူ သေချာပြန်စစ်ရသေးသည်။ စီးပွားရေးမှာ အောင်မြင်သလောက် အိမ်ထောင်ရေးနယ်ပယ်မှာ သူဟာ ညံ့မှန်းမသိ ညံ့နေပါပေါ့လား။

အမှန်အတိုင်းပြောရလျှင် အတိတ်မှာရှိခဲ့သော ဦးကျော်စံပေါ်မှန်းခဲ့သည့်အမှန်းတရားများကို ချေဖျက်ပြီး နွေနှင့် ပျော်စရာကောင်းသောဘဝတစ်ခုကို ဖန်တီးချင်သည်။ သို့သော် နွေကတော့ သူ့အပေါ်ပြုံးမပြယ်နိုင်အောင် မုန်းနေပါပေါ့လား။

နွေရယ်…မုန်းတတ်ခဲ့တဲ့ကိုယ် ချစ်တတ်နေပြီဆိုတာ မင်းတစ်ချက်လောက် ငုံ့ကြည့်ပါလားကွယ်။ အခုချိန်မှာ ကိုယ့်ရင်ထဲက အပြင်းထန်ဆုံးသော ဆန္ဒတစ်ခုကတော့ မင်းနဲ့ကိုယ့်အတွက် သာယာချမ်းမြေ့ဖွယ်ကောင်းတဲ့ အိမ်ထောင်တစ်ခုဖြစ်လာဖို့ပါပဲလေ။

တွေးလည်းတွေး၊ အလုပ်လည်းပြီးတော့မှ စိတ်ကို အေးသွားသည်။ မနေ့ညက ဒါမှမဟုတ် လွန်ခဲ့သောကာလတွေက ဘာတွေပဲ

ဖြစ်ခဲ့ဖြစ်ခဲ့ ယခုချိန်မှာ ထိုအံ့ရာတွေကို ခဝါချပြီး နွေ့အပေါ် အစွမ်းကုန် အလိုလိုက်တော့မည်။ ချစ်တော့မည်။ နွေ့ကို ချစ်တယ်လို့ ပြောဖို့ကိုလည်း မရှက်နိုင်တော့ပါ။

သူ လေတချွန်ချွန်နှင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ထမင်းစားခန်းထဲသို့မဝင်ခင် ညီမလေးရဲ့အခန်းထဲသို့ ဝင်လိုက်သည်။

"ညီမလေး"

"ကိုကို"

ညီမလေးက ခြေထောက်လေးကို ကြွလို့ရအောင် ကြိုးစားနေသဖြင့် သူ့ အသာလေးကြည့်နေလိုက်သည်။ အခုဆို ညီမလေးက စိတ်ပိုင်းဆိုင်ရာမှာတော့ အတော်လေး ကျန်းမာနေပြီ။ အဲဒါကလည်း နွေ့ရဲ့ကျေးဇူးတွေကြောင့် ဖြစ်သည်။ ဘာပဲပြောပြော နွေ့နှင့် လက်ထပ်ခဲ့ရခြင်းအပေါ် သူ ဘယ်တော့မှ နောင်တရလိမ့်မည်မဟုတ်ပေ။

"နွေ့ကော လာသေးလား"

သူ ညီမလေးရှေ့က စာကြည့်စားပွဲဘေးမှာ ခါးအသာလေးတင်ပြီး မေးလိုက်၏။

"ဟင့်အင်း...မလာသေးဘူး။ မီးဖိုဆောင်မှာ အလုပ်တွေရှုပ်နေတယ်ထင်တယ်။ မမနွေ့လည်း မိုးကြောင့် အရမ်းပင်ပန်းရပါတယ် ကိုကိုရယ်။ တစ်နေ့တစ်နေ့ ချက်တာပြုတ်တာ လျှော်တာဖွတ်တာနဲ့ မအားတာတောင် မိုး ခြေထောက်ကို လေ့ကျင့်ခန်းလုပ်ပေးရတာ အမောပဲ"

"အင်း...ဟုတ်မယ်။ အဲဒါတွေ ပင်ပန်းလို့ထင်တယ်။ ညီမလေးအစ်မက အခုတလော နေသိပ်ကောင်းပုံမရဘူး"





"ဟုတ်တယ်နော်...မျက်နှာလေးကလည်း ညှိုးနေတာပဲ။ အဲဒါကလည်း ကိုကိုလည်း မမကို အမြဲတမ်း ရန်လုပ်၊ ချုပ်ချယ်ကန့်သတ်နေခဲ့တာပဲမဟုတ်လား။ ဥပမာ- မမ မသွားချင်တဲ့ ညစာစားပွဲတွေကို အတင်းခေါ်သွားတာမျိုးလေ။ ကိုယ်နဲ့ မသိမမြင်တဲ့လူတွေကို ပြုံးပြနေရတာ ဘယ်လောက်ပင်ပန်းတယ်မှတ်လဲ။ နေပါစေလား သူ ပျော်သလို"

မိုးက အခွင့်အခါကောင်းရသည်နှင့် မမနွေ့ဘက်က ဝင်လိုက်မိတော့သည်။ တော်ရုံဆို မိုးက ကိုကိုတို့လင်မယားကြားထဲတွင် ဝင်မပါချင်ပါ။ သို့သော် စိတ်ရင်းစေတနာကောင်းစွာ ကိုကို့အပေါ် တူးတူးခါးခါး မဟုတ်လှတော့သော မမနွေ့နှင့်ကိုကို့ကိုလည်း အဆင်ပြေစေချင်ပါသည်။

ထွန်းခေါင်ရိုပ်က သက်ပြင်းချကာ-

"ညီမလေးကလည်း သိရဲ့သားနဲ့ ဒီလိုပွဲမှာ ဘယ်အိမ်ထောင်သည်တွေက တစ်ယောက်တည်း သီးသန့်လာကြလို့လဲ။ ပြီးတော့ ကိုကိုက သူ့ကို ကိုကို့ရဲ့အသိုင်းအဝိုင်းမှာ ဝင်ဆံ့စေချင်တယ်။ လုပ်ငန်းသဘောတွေကိုလည်း သိစေချင်တယ်။ ကိုကိုက ကိုယ့်လုပ်ငန်းကို မိန်းမ ဝင်စွက်တာမကြိုက်တဲ့ ယောကျာ်းမှ မဟုတ်တာ။ နွေ့က အဲဒီလို တရားလက်လွှတ် ဝင်စွက်မယ့်မိန်းမ မဟုတ်တာလည်း ကိုကိုသိတယ်။ အခု နွေ့ ရှောင်ဖယ်ရှောင်ဖယ်လုပ်နေပုံနဲ့ ဝန်ထမ်းတွေကတောင် သူတို့အလုပ်ရှင်ကတော်ကို တစ်ခါမှ မမြင်ဖူးကြဘူး။ နောက်ဆို လိုအပ်လာရင် သူက ကိုကို့ကိုတောင် ကူညီရမှာလေ"

"နောက်ဆိုလို့ ပြောရအောင် ကိုကိုက မမကို ရာသက်ပန်

ရှိုးမြေကျ ပေါင်းသင်းရဖို့များ မှန်းထားလို့လား"

"ဘာ"

မထင်မှတ်သောမေးခွန်းကြောင့် သူ ဆတ်ခနဲ တုန်သွားသည်။ နောက် ခေါသလည်း ထောင်းခနဲ ဖြစ်သွားကာ ညီမလေးရဲ့မေးခွန်းကို မကြိုက်သလို ဖြစ်သွားရသည်။

"အဲဒါ ကိုကို့ကို စော်ကားတာပဲ။ ကိုကိုက သူ့ကို ခဏတာ အတွက် လက်ထပ်ခဲ့တယ်လို့ ညီမလေးက ထင်နေတာလား။ ညီမလေးတောင် ကိုကို့အပေါ် အဲဒီလောက် အထင်သေးနေရင် သူဆို ပိုဆိုးမှာပေါ့။ ဟိုးအရင်တုန်းက ဘာအတွက်ပဲ အကြောင်းရင်းခံခဲ့ပါစေ လက်ထပ်ပြီးရင် ဒီမိန်းမကို ပြန်ကွာရှင်းပစ်မယ်ဆိုတဲ့ စိတ်ရိုင်းမျိုး ကိုကို့မှာ မရှိခဲ့ဘူး။ ကိုကို အရမ်းခံစားရတယ်ကွာ…ကိုကို့အပေါ်မှာ နားလည်ခဲ့တယ်လို့ ထင်တဲ့ ညီမလေးကတောင်…"

အစ်ကိုဖြစ်သူ အမှန်တကယ် ခံစားရသည့်အသွင် မြင်လိုက်ရသောအခါကျတော့လည်း မိုးရိပ်နွယ်မှာ ပျာပျာသလဲ ဖြစ်သွားကာ-

"မဟုတ်ပါဘူး ကိုကိုရယ်…မိုးက အဲဒီလိုသဘောနဲ့ ပြောတာ မဟုတ်ပါဘူး"

"တော်ပါတော့ ညီမလေးရယ်…ဘယ်လိုပြောပြော ဒီလို အဓိပ္ပာယ်ပဲမဟုတ်လား"

"မဟုတ်ပါဘူး ကိုကို…မိုးမှာ အဲဒီလို ထင်ခွင့်မရှိဘူးလား။ ကိုကိုနဲ့မမ တွေ့ဆုံခဲ့ကြတာ ဘယ်လောက်ကြာခဲ့တာမှတ်လို့။ ဒီ အတောအတွင်းမှာ ကိုကိုကော မမပါ တစ်ယောက်အကြောင်း တစ်ယောက် ဘာမှသိခဲ့ကြတာ မဟုတ်ဘူး။ ဒီကြားထဲ ကိုကိုက





မမြတ်နိုးနဲ့ တစ်တွဲတွဲဖြစ်ခဲ့တော့ မမစိတ်ထဲ တစ်နေ့နေ့ ကိုကိုက သူ့ကို ကွာဖို့ကြိုးစားမှာဆိုတာ သိနေတယ်တဲ့"

"ဟင်…သူက အဲဒီလိုပြောခဲ့သလား"

သူ သိမထားသောကိစ္စမို့ စိုးရိမ်တကြီးနှင့် အလောတကြီး မေးလိုက်သောအခါ မိုးက ခေါင်းမသိမသာယမ်းကာ-

"တိုက်ရိုက်ကြီးတော့ ဘယ်ပြောမလဲ။ ဒါပေမဲ့ မမ ပြောတဲ့ စကားတွေကို ဆက်စပ်ကြည့်လို့ရပါတယ်"

"ကဲ…ညီမလေးရယ်…ညီမလေး ထင်သလို ဘယ်တော့မှ ဖြစ်လာဖို့မရှိဘူး။ သူ့ကို ကိုကို မခွဲနိုင်ဘူး။ မြတ်နိုးကိုလည်း သူ့ယောကျ်ားက ပြန်ခေါ်ဖို့ ကြိုးစားနေတယ်"

"ဟုတ်လား"

"ဟုတ်တယ်…လာ…ထမင်းစားခန်းထဲသွားရအောင်"

သူညီမလေးရဲ့ပုခုံးချိုလ်ကို အသာတွန်းပြီး ထမင်းစားခန်းထဲသို့ ဝင်လာခဲ့သည်။

"နွေကော ဒေါ်ကြီးနု"

ထမင်းဝိုင်းရှေ့မှာ ဝင်ထိုင်ပြီး ဒေါ်ကြီးနုကို မေးတော့ ဒေါ်ကြီးနုက ကြောင်ကြည့်နေ၏။ မိဘုတ်ကလည်း ကြက်သွန်နီအခွံနွှာနေရာမှ လှမ်းကြည့်သည်။

"ဟင်…နွေကော ခုထက်ထိ မတွေ့သေးပါလား"

"အစ်ကိုလေး…ကြောင်နေတာလား"

"အောင်မှာ နင်က ငါ့ကိုများ အရူးလို့ စွပ်စွဲလိုက်တာလား မိဘုတ်…ငါ လုပ်လိုက်ရ…သေတော့မှာပဲ"

မိဘုတ်က မားကို စင်းနီတုံးပေါ်တင်ပြီး ဒေါ်ကြီးဘက်သို့ လှည့်ကာ-

"ဒေါ်ကြီးပဲ ပြောလိုက်ပါ။ မိဘုတ်ပြောလည်း အစ်ကိုလေးက စိတ်ဆိုးနေဦးမှာ"

"ဘာတွေဖြစ်နေကြတာလဲ...နွေ ဘယ်မှာလဲလို့ မေးတာလေးနဲ့ ဘာတွေ ထူးဆန်းနေတာလဲ"

"ထူးဆန်းတာတော့ အသေအချာပဲ မောင်ရိပ်ရေ...ခါတိုင်း နွေက ငါးနာရီဆို မီးဖိုချောင်ထဲရောက်နေပြီ။ ဒီနေ့တော့ ရောက်မလာဘူး။ ဒေါ်ကြီးတောင် ညက မောင်ရိပ်ကို စောင့်နေရလို့ အိပ်ရေးပျက်တယ်ထင်ပြီး မိဘုတ်ကိုတောင် သွားမခေါ်နိုင်ဘူး"

"ဟင်"

သူ ထိုင်ခုံထက်မှာ ဝုန်းခနဲ ထရပ်လိုက်မိသည်။ ညီမလေးက လည်း သူ့ကို အလန့်တကြား မော့ကြည့်သည်။ သူ အပေါ်ထပ်အိပ်ခန်း ထဲသို့ လျှင်မြန်စွာ ဝင်သွားခဲ့သည်။

ပြန့်ပြူးနေတဲ့ အိပ်ရာခင်းကြောင့် နွေ ညက မအိပ်ခဲ့တာ သေချာသည်။ သူ စိုးရိမ်တကြီး နွေရဲ့အဝတ်ဗီရိုကို ဖွင့်ကြည့်တော့ အဝတ်ခေါက်တွေက ဒီအတိုင်းပဲ။ ပိုက်ဆံအိတ်ကလည်း ဒီအတိုင်း နေရာမပျောင်းချေ။

သူ အောက်ထပ်သို့ စိုးရိမ်တကြီး ဆင်းလာခဲ့သည်။

"ကိုကို ဘာရှာလို့လဲ"

"ဒေါ်ကြီး...မနက်က ဘယ်သူ အရင်ဆုံးထတာလဲ"

"မိဘုတ်ပါ အစ်ကိုလေး"





"အိမ်ရှေ့တံခါး ဖွင့်ထားတာလား၊ စေ့ထားတာလား"

သူ့မေးခွန်းကြောင့် မိဘုတ်က မျက်လုံး ကလယ်ကလယ်နှင့် အကြာကြီး စဉ်းစားပြီး-

"စေ့ထားတာလည်း မဟုတ်ဘူး။ ဂျက်ချထားတာ။ အသေ အချာပဲ မိဘုတ် တံခါးတွေ အကုန်လိုက်ဖွင့်တာ။ တံခါးတွေ အကုန် ဂျက်ချထားတာ"

သူ စိတ်ပျက်လက်ပျက်နှင့် ထိုင်ကျသွားသည်။ အိမ်ထဲမှာ လည်း ဘာမှခြေရာလက်ရာ မပျက်ယွင်း။ ခြံတံခါး၊ အိမ်တံခါးတွေက လည်း ဖွင့်မထားဆိုတော့ နွေ ဘယ်ကိုရောက်သွားတာလဲ။ သူ့ကို မတွေ့မမြင်ချင်လို့ တစ်နေရာရာမှာ ပုန်းနေရတယ်ဆိုရအောင်ကလည်း နွေက သူ့ကို စိတ်ဆိုးနေသူမဟုတ်။ သူကသာ နွေကို စိတ်ဆိုးချင် ယောင်ဆောင်နေတဲ့သူ။

"မောင်ရိပ်"

တံခါးဝမှာ ခေါ်သံကြားရသဖြင့် သူ လှည့်ကြည့်တော့ ဦးညို ဖြစ်နေသည်။

"မနေ့က မောင်ရိပ်ကို မြတ်နိုး ပြန်ပို့ပေးတာလေ။ မောင်ရိပ် အတော်မူးနေလို့ ဘာမှတောင်မသိဘူး"

ညီမလေးက သူ့ကို ဆတ်ခနဲ လှည့်ကြည့်လာသည်။ သူလည်း လုံးဝ မသိတဲ့ကိစ္စမို့ ညီမလေးရဲ့အကြည့်ကြောင့် မျက်နှာရဲသွားသည်။

"ဆက်ပြောပါဦး ဦးညို"

"မောင်ရိပ်ကို ဦးညို အပေါ်ထပ်လိုက်ပို့ပြီး အောက်ထပ် ပြန်ဆင်းလာတော့ မြတ်နိုးပြောတဲ့စကား နည်းနည်းကြားလိုက်ရတယ်။

မကြာခင် မောင်ရိပ်က သူ့ဆီရောက်လာတော့မှာလား ဘာဆိုလားပဲ။ ဦးညိုလည်း အသံမပေးဘဲ ငြိမ်နေဖိတယ်။ မနွေ ငိုနေတယ်ကွဲ့။ ထွက်သွားတာတော့ မဟုတ်လောက်ဘူးထင်တယ်။ ဘာလို့လဲဆိုတော့ ဦးညို ခြံတံခါးသွားပိတ်တဲ့အချိန် မနွေလည်း အိမ်တံခါးပိတ်သွားပြီလေ”

“တောက်…မြတ်နိုးက ဘာလို အဲဒီလိုပြောရတာလဲ”

“ဒုန်း”

“ကိုကို”

သူ စားပွဲခုံကို လက်သီးနဲ့ ဆောင့်ထိုးပစ်လိုက်သည်။

အားငယ်နေရှာတဲ့နွေ တစ်ခုခုတော့ ဖြစ်သွားပေလိမ့်မည်။

နွေရယ်…မင်း ငိုနေတယ်တဲ့လား။ ကိုယ့်ကို မုန်းတီးနာကြည်းလွန်းလို့လား…ကိုယ့်ကို ခွင့်လွှတ်ပါကွာ။ တကယ်ဆို မင်းကော မြတ်နိုးပါ မသိတဲ့ အကြောင်းတရားတစ်ခုက ကိုယ် မင်းကို သိပ်ချစ်နေပြီဆိုတာ မင်းများသိခဲ့ရင် ဒီနေ့လို ဘယ်သောအခါမှ မငိုရစေဘူးကွာ…

“ကိုကို ဘယ်လဲ”

“မြတ်နိုးဆီ ဖုန်းဆက်မလို့”

“ဒေါသတွေ အရမ်းဖြစ်မနေနဲ့ဦးနော်…အခုချိန်မှာ အရေးကြီးဆုံးက မမနွေနော်…မမြတ်နိုး မဟုတ်ဘူး”

“ကိုကို နားလည်ပါတယ်”

သူ အပေါ်ထပ်သို့ ပြန်တက်ပြီး မြတ်နိုးဆီသို့ ဖုန်းခေါ်သည်။ ဖုန်းက လူကြီးမင်းခေါ်ဆိုသောဖုန်းမှာ ဆက်ပိတ်ထားသဖြင့် ခေါ်ဆို၍





မရနိုင်ပါဆိုသည့် အင်တာကောလ်မှ ပေါ်ထွက်လာသဖြင့် သူ အတော်စိတ်ဆိုးသွားရသည်။

ထပ်ခါထပ်ခါခေါ်လည်း ထိုကဲ့သို့သာ ပြောနေသဖြင့် ဖုန်းကိုပိတ်ကာ လေသာဆောင်ဘက်သို့ ထွက်လာခဲ့သည်။

“ဟင်…နွေ”

ခေါ်သံထက်အရင် လူက နွေဘေးသို့ ရောက်သွားသည်။ နွေ သူ့ကို စိတ်ဆိုးလွန်းသဖြင့် ဤနေရာမှာ တစ်ညလုံး ထွက်ထိုင်နေခဲ့သတဲ့လား။

ကျေးဇူးတင်ပါတယ် နွေ…ဘယ်လိုအခြေအနေပဲရှိရှိ မင်းကိုယ့်နားက ထွက်မပြေးလို့ပါ။

“နွေ…ဟိတ် ကိုယ်ခေါ်နေတယ်လေ”

“ဟင်”

နွေ ပါးလေးကိုပုတ်ပြီး ခေါ်လိုက်စဉ် သူ စိုးရိမ်သွားရသည်။ နွေ တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေသည်။

သူ နွေ့ကို ကောက်ပွေ့ပြီး အိပ်ခန်းထဲသို့ လျှင်မြန်စွာ ဝင်ခဲ့သည်။ နွေကို အိပ်ရာထက်တွင် ညင်သာစွာချပြီး အောက်ထပ်သို့ လျှင်မြန်စွာ ဆင်းခဲ့ကာ-

“ဒေါ်ကြီး…မိဘုတ် နွေ့ကို တွေ့ပြီ။ ဦးတင့်ဆွေဆီ ဖုန်းဆက်ပြီး ပင့်ပေးပါ။ မိဘုတ်က ရေနွေးဓာတ်ဘူးနဲ့ ဇလုံယူခဲ့ပါ”

“ဟုတ်ကဲ့ အစ်ကိုလေး”

သူ အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့သည်။ အေးစက်နေသည့် ခန္ဓာကိုယ်ကြောင့် စောင်တွေ ထပ်ခြုံပေးရသည်။ သူ ဘာလုပ်၍လုပ်ရမှန်း

မသိစွာ ယောင်ချာချာဖြစ်နေဆဲ မိဘုတ်က ရေဇလုံကိုကိုင်ပြီး ဝင်လာသည်။

"နှင့်အစ်မကို အင်္ကျီထူထူ လဲဝတ်ပေးလိုက်ပါ"

သူပြောပြီး ဇလုံထဲ ရေနွေးအနည်းငယ်ထည့်ကာ ရေချိုးခန်းထဲ ဝင်ခဲ့သည်။ ရေအေးလေးနှင့်စပ်လိုက်ပြီး အနည်းငယ် အနွေးဓာတ်ကုန်ချိန်မှာ-

"ပြီးပြီလား"

"ဟုတ်ကဲ့…အနွေးထည်ထပ်ရဦးပါ့မယ် အစ်ကိုလေး"

သူ အခန်းထဲပြန်ဝင်ခဲ့ကာ ဇလုံကို စားပွဲပေါ်တင်ပြီး အနွေးထည်ဝတ်ပေးလိုက်သည်။ နွေထံမှ အင်းအဲညည်းညူသံတောင် မကြားရသဖြင့် သူ စိုးရိမ်နေမိသည်။ နွေသာ တစ်ခုခုဖြစ်သွားလျှင် သူ့ကိုယ်သူ လုံးဝ ခွင့်လွှတ်နိုင်မှာမဟုတ်ပေ။

နွေ…မင်း ဘာမှမဖြစ်ရဘူးနော်။

နွေရဲ့ဆံစလေးတွေကို အသာသပ်တင်ပေးရင်း သူ့မျက်လုံးတွေ နီရဲလာသည်။ နွေမျက်နှာက သွေးရောင်တွေ ပျောက်ကာ ဖြူနေသည်။ နှုတ်ခမ်းတွေက တင်းတင်းစေ့လျက်…

"မောင်ရိပ်"

"ဟင်…အန်ကယ်..နွေ့ကို ကြည့်ပေးပါဦး"

"အဲဒီလောက်ထိ စိတ်မပူပါနဲ့ မောင်ရိပ်…ဖယ်…ဖယ်… အန်ကယ်လည်း ကြည့်ဦးမယ်"

သူ ကမန်းကတန်း ဖယ်ပေးလိုက်သည်။ ဒေါက်တာတင့်ဆွေက ထိုင်ခုံမှာဝင်ထိုင်ကာ pressure တိုင်းဖို့ပြင်သည်။ သွေးခုန်နှုန်း





စမ်းကြည့်သည်။

သူကတော့ ဒေါက်တာတင့်ဆွေ စမ်းသပ်နေသမျှကို လိုက်ကြည့်ရင်း-

"အန်ကယ်"

"သွေးခုန်နှုန်း သိပ်မကြိုက်ချင်ဘူး။ သိပ်တော့ မစိုးရိမ်ပါနဲ့"

"ခြေလက်တွေလည်း အရမ်းအေးနေတယ် အန်ကယ်"

သူ့စကားကြောင့် ဆရာဝန်က နွေ့ရဲ့လက်ကို စမ်းကြည့်သည်။ ပြီးတော့ နဖူးကိုပါ စမ်းသပ်ရင်း-

"အအေးမိရင်း အဖျားဝင်တာပါ"

ဆရာဝန်က အဖျားကျဆေးထိုးပေးပြီး သောက်ဆေးပေး၏။ ထို့နောက် သူ့ပခုံးကို အသာပုတ်ကာ-

"မစိုးရိမ်ပါနဲ့တော့…ထမင်းမကျွေးနဲ့ဦး၊ အဖျားမပျောက်ဘဲ တာရှည်နေလိမ့်မယ်။ ခေါက်ဆွဲပျော့ပျော့လေးဖြစ်ဖြစ် ကျွေးပါ"

♥♥♥

# အခန်း (၂၉)

နွေတစ်ယောက် နေကောင်းသည့်အချိန်မှစ၍ အရင်ကနှင့်မတူစွာ ပြောင်းလဲသွားသဖြင့် သူ ဘယ်လိုမှ တောင်းပန်ဖို့ အခွင့်မသာခဲ့ချေ။

သူ ရည်ရွယ်ထားတာက နွေ နေကောင်းလျှင် နွေ ကျေနပ်သည်အထိ တောင်းပန်ပြီး သာယာသည့်မိသားစုဘဝကို တည်ထောင်မည်ဆိုသောအရာမှာလည်း ခဲလေသမျှ သဲရေကျ ဖြစ်ရတော့သည်။

ရင်နာစွာနှင့်ပင် နွေ့ရဲ့စိမ်းကားမှုကို ပြန်မြင်ယောင်မိသည်။

နွေ သတိရလျှင် ဦးစွာ မြင်ချင်သူမှာ သူဖြစ်သဖြင့် နွေနားမှာ တစ်ချိန်လုံးရှိနေခဲ့ရာ...





နွေမျက်နှာကိုကြည့်ပြီး မြတ်နိုးတွယ်တာစိတ်များ တဖွားဖွား ပေါ်လာသဖြင့် သူ အံ့သြရမိသည်။ မြတ်နိုးနှင့် ချစ်သူဖြစ်ခဲ့သော သက်တမ်းတစ်လျှောက်လုံးမှာတောင် ထိုကဲ့သို့သော ခံစားချက်မျိုး မရှိခဲ့ပါ။

ထို့ကြောင့် သိခဲ့သည့်အသိတစ်ခုကတော့ အိမ်ထောင်တစ်ခုတွင် ချစ်ခြင်းသည် အဓိကသက်သက် မကျချေ။ ချစ်ခြင်းရဲ့ကျောကပ်သည့် အမုန်းတရား ဖြစ်သည်။ ချစ်ဖို့လွယ်သလောက် မုန်းဖို့လွယ်သည်။

သံယောဇဉ်တည်းဟူသောအရာသည် မုန်းစရာမြင်လျှင်တောင် ဪ...ငါ့တုန်းက သူ ဒီလို ကောင်းရှာပါလားဟူသော ဖြေသိမ့်တွေးဖြင့် တွေးကာ စဉ်းစားချင့်ချိန်မိသေးသည်။

အမုန်းတရားဆိုသည်က မုန်းပြီဆိုလျှင် ဘာလုပ်လုပ်၊ ဘာပြောပြော အမုန်းစိတ်နှင့် ကြည့်သောအခါ အမုန်းတရားများသာ တဖွားဖွား ပေါ်လာတတ်ပေသည်။

"ဟင်"

နွေမျက်နှာလေးကို ကြည့်ပြီး တွေးချင်ရာတွေ တွေးနေစဉ် နွေ ခေါင်းလေး ဟိုဒီစောင်းပြီး မျက်လုံးများပွင့်လာသောအခါ သူ့ကို မြင်သွားလေသည်။

သူကိုယ်တိုင်လည်း ပျာပျာသလဲဖြစ်သွားကာ-

"နွေ သက်သာရဲ့လား၊ ဘာလုပ်ချင်လဲ...အပြင်သွားချင်လား"

တရစပ် ရောက်ရှိလာသော မေးခွန်းများကြောင့် နွေ့အသွင်က အံ့သြနေသည့်ဟန်။ ထို့ပြင် မျက်လုံးတွေက အကြာကြီး ငြိမ်နေပြီး

အဖြစ်အပျက်တွေကို စဉ်းစားနေသည့်ဟန်။

"ဟင်…နွေ…ဘာလုပ်ချင်လဲ…ကိုယ့်ကိုပြော"

"အကောင်းဆုံးက ရှင် ကျွန်မရှေ့က ထွက်သွားတာ အကောင်းဆုံးပဲ ကိုလှ ငြိမ်ခေါင်ရိုဝ်"

"နွေ"

မထင်မှတ်သောစကားကြောင့် သူ ထိတ်လန့်သွားခါတော့ နွေက သူ့ကို လုံးဝမကြည့်ဘဲ လှဲနေရာမှ ထဖို့ ကြိုးစားစဉ် သူကူတွဲဖို့ ကြိုးစားပါသေးသည်။ သို့သော် ပါးစပ်က ဖယ်စမ်းပါဟုပြောတာထက် ထိရောက်သောအကြည့်စူးစူးများကြောင့် သူ လှုပ်ရှားမှုများ တန့်နေခဲ့သည်။

နွေက ထထိုင်ပြီး ခေါင်ကို လက်နှစ်ဖက်နှင့် ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်း-

"အခုသွားပါ…အခုလာပါ ပြောရအောင် ကျွန်မက စက်ရုပ် မဟုတ်ဘူး။ ရှင်လည်း ရှင်လုပ်စရာရှိတာ သွားလုပ်ပါ။ ကျွန်မဘေးမှာ တာဝန်ကျေမှုနဲ့တဲ့ ယောကျ်ားတစ်ယောက်ဖြစ်ဖို့ မကြိုးစားပါနဲ့။ ရှင့်ရဲ့တာဝန်ကျေခြင်း မကျေခြင်းအတွက် ကျွန်မဘက်က အသိအမှတ် ပြုမှုတွေကိုလည်း ရှင် မလိုချင်ပါနဲ့။ အနေသာကြီးပါ"

"နွေရယ်…ကိုယ့်ကို ဘာသဘောမကျသလဲ ချက်ချင်း ပြောလိုက်စမ်းပါ။ ဟိုလိုလို ဒီလိုလို စကားတွေနဲ့ ကိုယ့်ကို မခနဲ့စမ်းပါနဲ့။ မင်းရဲ့စကားတွေကို ကိုယ့်နှလုံးသားက ခံနိုင်ရည်မရှိလို့ပါ"

"အိုး…ဟိုး…ဟိုး…ဒါဟာ ရုပ်ရှင်ရိုက်နေတယ်ဆိုရင် ရှင် အကယ်ဒမီရမှာ သေချာပါတယ်။ ဒါပေမယ့် ကျွန်မကတော့ မခံစား





တတ်ဘူးရှင့်"

"နွေ"

အေးစက်စိမ်းကားသောစကားလုံးတွေ၊ အကြည့်တွေကြောင့် သူ ဘာမှထပ်မပြောခဲ့တော့ချေ။

မြတ်နိုးရဲ့စကားတွေကို အရမ်းခံစားရပြီး နွေ စိတ်လွတ်ကိုယ်လွတ် ပြောချင်ရာပြောပါစေတော့။ အချိန်တန့်လျှင် နွေ စိတ်တွေ ပြန်လည်တည်ငြိမ်သွားပေလိမ့်မည်။ နွေရဲ့စိတ်တွေက ခက်ထန်ကြမ်းတမ်းခြင်းမရှိကြောင်း သူ သေချာသိနေလေသည်။

ဒါပေမယ့် လတ်လတ်ဆတ်ဆတ်ကြီး ဥပေက္ခာစကားတွေကို နားနှင့် ဆတ်ဆတ်ကြားနေရသူအဖို့ နှလုံးသွေးများ အရှင်ထွက်နေသလို ခံစားရပါသည်။

နွေကတော့ ပြောပြီးလျှင်ပြီးချင်း ထိုင်နေလျက်နှင့် ခေါင်းကို ဒူးကြား သူ့ကို ကျောခိုင်းထားသဖြင့် သူ သက်ပြင်းတစ်ခုကို ခက်ခဲစွာချရင်း မတ်တတ်ထရပ်လိုက်သည်။

"ကောင်းပါပြီ နွေရယ်…မင်း နေသာသလိုနေပါ။ အခု မီဘုတ်ကို ကိုယ် လွှတ်ပေးလိုက်ပါ့မယ်။ ချွေးတွေနဲ့ ပြန်ပြီးအအေးပတ်သွားပါလိမ့်မယ်။ အဝတ်အစားလဲပြီး တစ်ခုခု စားလိုက်ပါ။ ပြီးရင် ဆေးသောက်ဖို့ မမေ့နဲ့နော်"

သူ့စကားဆုံးသည်အထိ နွေထံမှ မည်သည့်တုံ့ပြန်မှုတွေကိုမှ မရချေ။

သူ မချိစွာပြုံးရင်း အခန်းထဲမှ ထွက်ခဲ့ရသည်။

ယခင်က နွေ စိတ်မချမ်းသာရမည့်ကိစ္စတွေကိုသာ ရှောင်လုပ်ခဲ့

၍ ယခု သူ ဝဋ်လည်နေခြင်းလား။ ယခုမှလည်း သူ နွေ့ကို ကိုယ်ချင်းစာလာနိုင်သည်။

နွေ မကြိုက်တာတွေလုပ်ခဲ့တုန်းက မသိသာပေမယ့် ယခု သူ မကြိုက်တာတွေကြည့်ပဲ နွေ လိုက်လုပ်နေတုန်း သူ့မှာ စကားလည်း မတားဝံ့၊ နွေ စိတ်ဆိုးမှာကြောက်သည့် စိတ်တွေနှင့် နိုက်ရှုံဖြစ်မှား နေတော့သည်။

နွေကတော့ နေကောင်းသည့်အချိန်မှစကာ ယခင်က နွေ့ဥပြ နှင့် ခြားနားစွာ လင်းတာနှင့် အိမ်ပြင်ထွက်ကာ ညနေစောင်းမှ အိမ်ပြန် ရောက်သည်။

သူက ယခင်တုန်းကတော့ "မင်း… ထက်မိုးသောက်ဆီ သွားကြည့်လိုက်စမ်း၊ ငါ ဟိုဓာတ်ပုံတွေကို ထက်မိုးသောက်ဆီ ပို့ပစ် လိုက်မည်" ဟု ခြိမ်းခြောက်ခဲ့ဖူးသော်လည်း သူဟာ အောက်တန်းကျ သော ယောကျ်ားတစ်ယောက် မဟုတ်ချေ။

ထိုနေ့ တစ်ရက်ကပဲ နွေ့ကို ထိုဓာတ်ပုံတွေကို အယောင်ပြခဲ့ ပေမယ့် နွေ မသိအောင် ထိုဓာတ်ပုံတွေကို မီးရှို့ဖျက်ဆီးပစ်ခဲ့တာကို တော့ နွေနှင့်သူ ပြေလည်သည့်တစ်နေ့မှ ပြောပြရပေလိမ့်မည်။

ယနေ့လည်း မနက်လင်းတာနှင့် နွေ တစ်နေရာရာကို သွားမည့် ဟန်နှင့် ပြင်ဆင်နေတာကို မသိမသာ အကဲခတ်ရင်း သူ သက်ပြင်း ချမိသည်။ သူ့ကို စိတ်ဆိုးနေသော နွေ့ကို ဘယ်သွားမလို့လဲတောင် မမေးရဲချေ။

ညီမလေးက လက်ဖက်ရည်ဝိုင်းရောက်တော့-

""မမလည်း အခုတလော မိုးပေါ်တောင် အေးစက်စက်ကြီး""





အပေါ်ထပ်မှ ဆင်းလာသော နွေ့ကို ကြည့်၍ ပြောလေသည်။ ဒေါ်ကြီးနုကတော့ သူတို့တွေကို လက်ဖက်ရည်ငှဲ့ထည့်ပေးရင်း ဘာမှ မပြော။ မိဘုတ်က ကြက်သွန်ဖြူ ကြက်သွန်နီတွေ ခွာနေသည်။

ဟုတ်ပါရဲ့…နွေတစ်ယောက် မိုးပေါ်တင် ခပ်အေးအေး ဆက်ဆံသည်မဟုတ်။ အိမ်အလုပ်တွေမှာတောင် လုံးဝ ဝင်မပါတော့ ဘဲ ဇနီးမယားတစ်ယောက်ရဲ့တာဝန်တွေကို လုံးလုံးဥပေက္ခာပြုထား လေသည်။

သူကတော့ အပြစ်ရှိဖူးသူတစ်ယောက်မို့ နွေ စိတ်ကြိုက်နေစေ ရင်း ဘာမှမတားဆီးရက်ချေ။

""မမ ဒီနေ့ ဘယ်သွားမှာလဲဟင်""

မိုးက သူမဘေးမှာ ကပ်ထိုင်လိုက်သော နွေ့ကို မေးလေသည်။ မျက်နှာချင်းဆိုင်မှာ ထိုင်နေသော သူကတော့…

အဖြူရောင်ပေါ်မှာ အနက်ရောင်အပွင့် ခပ်ကြီးကြီးတွေပါသော ဝမ်းဆက် ဝတ်ဆင်ထားသည်။ သူမကိုသာ မပြတ်စတမ်း ငေးမိ သည်။

သူမက ဆံပင်ရှည်တွေကို အရင်းမှ ကျောက်ကလစ်နှင့် ညှပ် ထားသည်။ မျက်နှာ၌ ထူးကဲစွာ ပြင်ဆင်ထားခြင်းမရှိသော်လည်း ရိုးရိုးယဉ်ယဉ်အလှက မြင်သူကို နှစ်ခါလောက် ငေးသွားရစေသည်။

နွေက ကော်ဖီကို ငုံသောက်ရင်း ညီမလေးရဲ့မေးခွန်းကြောင့်-

""ကိစ္စတစ်ခုရှိလို့ မိုးရယ်…မမ နေမကောင်းလိုက်တာနဲ့ မိုး အပေါ်မှာ တာဝန်တွေ ပျက်ကွက်ရတဲ့အတွက် အားနာလိုက်တာ ကွယ်။ အခုကိစ္စတွေ ပြီးပျက်တော့မှပဲ မမလည်း မိုးအနားမှာ အတိုးချ

နေရတော့မှာပဲကွယ်"

"မမကိစ္စကြီးက အရမ်းအရေးကြီးလို့လားဟင်…မိုးကလည်း မမက တစ်နေ့လုံး အပြင်ထွက်နေတော့ စကားပြောဖော်မရှိဘဲနေရတာ ငြီးငွေ့လို့ပါ"

"ညီမလေး"

သူ့ညီမလေးကို ဟန့်တားခေါ်လိုက်မိသည်။ မည်သည့်အကြောင်းအရာ အဟန့်အတားတွေကြောင့်နှင့်မှ နွေ့ရဲ့စိတ်တွေ အချိန်မတန်ဘဲ အနည်မထိုင်စေချင်ပေ။

"မိုးရယ်…မမက ကောင်းတာသွားလုပ်နေတာလေ။ အဲဒီအတွက် မိုးက ဝမ်းတောင်သာရဦးမှာပါ။ မမလည်း ရှေ့မှာ စိတ်အေးလက်အေး အလုပ်တစ်ခုကို လုပ်ချင်တယ်။ မိုး နားလည်တယ်နော်။ မမက မိုးအပေါ် မဟုတ်တာ ဘာမှမလုပ်ဘူးဆိုတာ မိုး တွေးထားပေးပါကွယ်"

သူမက ပြောပြီး သောက်လက်စကော်ဖီခွက်ကို ချခဲ့ကာ မိုးကို နှုတ်ဆက်ပြီး-

"ဦးညို့ နွေ့ အပြင်သွားချင်လို့ လိုက်ပို့ပေးပါဦး"

"ဟုတ်ကဲ့ မနွေ့"

နွေ့က ကျွန်တဲ့လူတွေကိုတော့ ပြောစရာရှိတာတွေ ပြောပြီး သူ့ကိုတော့ ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် မထင်ချေ။

နွေ့တို့ကား ထွက်သွားသည်နှင့် သူလည်း ဂိုဒေါင်ထဲက ကားကိုထုတ်ပြီး နွေ့နောက်သို့ နောက်ယောင်ခံဖို့ စတင်လိုက်လေသည်။

♥♥♥





# အခန်း (၃၀)

"လာစမ်းပါဦး မိဘုတ်ရယ်…အဲဒီအလုပ်ကို ထားခဲ့စမ်းပါ။ ဖုန်သုတ်တာက ဘယ်ချိန်သုတ်သုတ်ရတယ်။ ဟောဒီ သစ်ခွအိုးတွေကို အပေါ်ထပ် လေသာဆောင်ပေါ် တင်ပေးစမ်းပါ"

ကားပေါ်က ကြိုးတွေနှင့် တွဲလောင်းချိတ်၍ရသော သစ်ခွအိုးတွေကို ချရင်း မိဘုတ်ကို ပြောနေခြင်းဖြစ်သည်။ လေသာဆောင်တွင် ဦးညို့ကို သစ်ခွအိုးများ ချိတ်နိုင်ရန် တန်းကိုလည်း ရိုက်ခိုင်းထားသေးသည်။

အသိတစ်ယောက်ရဲ့ခြံက သစ်ခွတွေကို နွေ့ သဘောကျနေတာကြာလှပြီ။ အိမ်ထောင်မကျခင်ကတည်းက ဆိုပါတော့။

အဲဒီတုန်းက ထိုသူငယ်ချင်းရဲ့သစ်ခွခြံကို သွားတိုင်း နိုင်ငံခြားသစ်ခွတွေနှင့်အပြိုင် လှပနေသော ပြည်တွင်းဖြစ် သစ်ခွများကို ကြည့်ပြီးတိုင်း-

"လှလိုက်တာဟယ်...နှင်းခြံကိုရောက်တိုင်း ငါလေ အိမ်ပြန်ဖို့ မနည်းကြိုးစားရတယ်။ ငါသာ ပိုက်ဆံရှိတဲ့သူဌေးဖြစ်လို့ကတော့ သစ်ခွခြံတစ်ခု လုပ်ကိုလုပ်မှာ" ဟု ပြောခဲ့ဖူးသည်။

ဒါတောင် ကိုလေးနှင့် အိမ်ထောင်ကျလျှင်ဟု တွေးခဲ့တုန်းက တောင်-

"ကိုလေး နွေတို့လက်ထပ်ရင်လေ အိမ်ရှေ့မျက်နှာစာဘက်မှာ တတ်နိုင်သလောက် သစ်ခွအိုးတွေ ဝယ်ချိတ်ရအောင်" ဟု ပြောတုန်းကဆိုလျှင် ကိုလေးက-

"နွေရယ်...သစ်ခွပန်းအိုးတွေနှင့် ခြံအလှဆင်တယ်ဆိုတာ သူဌေးတွေရဲ့ အပျင်းပြေအလုပ်ပါ။ အခုခေတ်မှာ သစ်ခွတစ်အိုးရဲ့ ဈေးက နည်းမှမနည်းတာ"

ဟု ချော့မော့ပြောခဲ့၍ နွေ့ရဲ့ဆန္ဒတွေ ငုံလျှိုးပျောက်ကွယ်ခဲ့ရလေသည်။ ယခုတော့ ထိုသစ်ခွခြံလုပ်သော သူငယ်ချင်းနှင့် မမျှော်လင့်ဘဲ မြို့ထဲမှာ တွေ့သောအခါ-

"ဟယ်...နွေ...အမလေး...နွေရယ်...လှလာလိုက်တာ"

"မိန့် ဘယ်လာတာလဲ"

"သစ်ခွမှာထားတဲ့ အစ်မကြီးနဲ့ သွားတွေ့ခဲ့တာ"

"လာပါဦး...တစ်ခုခု စားရအောင်၊ နင့်သစ်ခွတွေကော အတော်စုံနေပြီမဟုတ်လား"

သူငယ်ချင်းဆို နီးစပ်ရာစားသောက်ဆိုင်သို့ခေါ်ရင်း ရှေးဟောင်းနှောင်းဖြစ် ဟိုဒီပြောရင်း သူငယ်ချင်းရဲ့သစ်ခွခြံအကြောင်း မေးဖြစ်လေသည်။ သူငယ်ချင်းက သဘောဖျော်ရည်ကိုသောက်ရင်း ရှုံ့မဲ့





သွားကာ-

"သစ်ခွက အဆင်ပြေပါတယ်။ ဒါပေမယ့် အခု ငါက သစ်ခွခြံကို ပစ်ခဲ့ပြီး ဟိုကို လိုက်သွားရမယ့်အခြေအနေ ဖြစ်နေတယ် နွေရဲ့"

ထိုသို့ စကားစပ်ရင်း နွေ့ရဲ့ သစ်ခွခြံအိပ်မက်က အကောင်အထည်ဖော်ကာ သူငယ်ချင်းရဲ့သစ်ခွပန်းအိုး တစ်ဝက်လောက်ကို ဝယ်ကာ အိမ်မှာ အလှဆင်ဖို့ ဆုံးဖြတ်ခြင်းဖြစ်သည်။

မြေအိုးကြီးတွေနှင့် စိုက်ထားသော သစ်ခွအိုးတွေကိုတော့ ခြံထဲမှာချကာ တွဲလောင်းချိတ်ရသော သစ်ခွအိုးတွေကိုတော့ အပေါ်ထပ်သို့ အခေါက်ခေါက်အခါခါ သယ်လေသည်။

သစ်ခွအိုးတွေ အကုန်လုံး အပေါ်သို့ရောက်တော့ ဦးညိုက သစ်သားတန်းမှာ သံကြိုးနှင့် သစ်ခွအိုးတွေကို ချိတ်ဆွဲပေးလေသည်။ နွေကတော့ သစ်ခွပွင့်တွေရဲ့အရောင်တွေကိုကြည့်ကာ ဟိုအိုးက ဟိုမှာချိတ်၊ ဒီအိုးက ဒီမှာချိတ်ဟု ညွှန်ပြနေခြင်း ဖြစ်သည်။

"ရပြီလား မနွေ"

သစ်ခွအိုးတွေအားလုံး ကုန်သွားသောအခါ ဦးညိုက မေးလေသည်။ နွေ ခေါင်းညိတ်ပြတော့ ဦးညိုက အောက်သို့ ပြန်ဆင်းသည်။ နွေက သစ်ခွအိုးတွေကို အဝေးက ကြည့်လိုက်၊ အနီးကပ်ကြည့်လိုက်ဖြင့် ရှိနေသည်။

သစ်ခွအိုးတွေက အကွာအဝေးမညီသဖြင့် နွေ ဦးညိုကို ခေါ်မနေတော့ဘဲ ကုလားထိုင်မြင့်ပေါ် တက်ရပ်ကာ သစ်ခွအိုးတွေ ညီစေရန် တိုးရွှေ့နေစဉ်-

“နွေ”

“ဟင်”

အော်ဟစ်လိုက်သံကြောင့် နွေ အောက်သို့ ငုံ့ကြည့်လိုက်တော့ ထွင့်ခေါင်ရိပ်တစ်ယောက် ကားထဲမှ အလောတကြီး ထွက်လာတာကို မြင်ရသည်။

“နွေ…မလုပ်နဲ့၊ အဲဒီလို မလုပ်ပါနဲ့ နွေ”

“ဟင်…ဘယ်လိုပါလိမ့်”

နွေမှာ သစ်ခွအိုးတွေစီပြီးတာတောင် သူ့ရဲ့ မရေရာသောစကားကြောင့် ခုံပေါ်က မဆင်းဖြစ်သေးဘဲ သူ့ကိုသာ ကြောင်တောင်တောင်နှင့် ငုံ့ကြည့်မိလေသည်။

“ကိုယ် တောင်းပန်ပါတယ် နွေရယ်…ကိုယ့်ကို တစ်သက်လုံး နောင်တနဲ့ ကျန်ခဲ့အောင် မလုပ်ပါနဲ့။ နွေ ဖြစ်ချင်တာကိုသာ ပြောပါ။ ခုန်တော့ခုန်မချလိုက်ပါနဲ့”

စိုးရိမ်တကြီး အော်ပြောနေသော သူ့ရဲ့စကားတွေကို နွေ နားမလည်လှသော်လည်း တဖြည်းဖြည်း တွေး၍ရလာသည်။

ဩော်…အောက်ဘက်မှာ ရောက်နေသည့်သူက နွေကို ထိုင်ခုံပေါ်မှာ ရပ်နေတယ်မမြင်ဘဲ ဝရံတာမှာ ရပ်နေသည်ဟုမြင်ကာ ခုန်ချမှာ စိုးရိမ်နေလေသည်။

သူက နွေထံမှ မည်သည့်တုံ့ပြန်မှုမှ မရသဖြင့် အိမ်ထဲသို့ လျှင်မြန်စွာ ပြေးဝင်သွားသဖြင့် နွေ လှစ်ခနဲ အကြံတစ်ခုရလိုက်ကာ ထိုင်ခုံပေါ်မှ ဝရံတာပေါ်သို့ လှမ်းတက်လိုက်သည်။ လက်တစ်ဖက်ကတော့ နံရံကို ထိန်းထားရသေးသည်ကိုး။





ဝရံတာထက်ကနေ အောက်ဘက်သို့ လှမ်းကြည့်လိုက်တော့ အသည်းအေးခနဲဖြစ်သွားကာ ခေါင်းနောက်ချင်သလို ဖြစ်သွားသဖြင့် အောက်ဘက်သို့ မကြည့်မိအောင် ထိန်းလိုက်သည်။ သူက မောကြီးပန်းကြီးဖြင့် လေသာဆောင်သို့ အပြေးတစ်ပိုင်း ရောက်လာသည်။

နွေက ပြုံးချင်နေသော မျက်နှာကို ခပ်တင်းတင်း လုပ်ထားလိုက်သည်။

“နွေရယ် ဘာဖြစ်ချင်သလဲ၊ ကိုယ့်ကို ပြောပါ။ ကိုယ့်အသက် အန္တရာယ်ကိုတော့ ရှန်မရှာပါနဲ့”

“အို…ရှင့်အသံကို မကြားချင်ဘူး။ ရှင် ရှေ့တိုးမလာနဲ့နော်။ တိုးလာလို့ကတော့ ကျွန်မ ခုန်ချပစ်မှာ။ ကျွန်မ ကိုယ့်အသက်ကို မနှမြောဘူး”

“နွေ…မလုပ်နဲ့၊ နွေ တိုးမလာနဲ့ဆို မတိုးလာပါဘူး”

တကယ်ပဲ သူ့ခြေလှမ်းတွေ တန့်သလို ဖြစ်သွားတာကို မြင်တော့ သနားချင်သည့်စိတ်တွေက ဝင်ရောက်လာသည်။ ထိုတဒင်္ဂလေးမှာ နွေ မိန်းမသားဖြစ်ရတဲ့ဘဝကို မုန်းချင်သလို ဖြစ်သွားရသည်။

ယောကျ်ားတွေများ သူတို့လုပ်ချင်သောအခါက တစ်ဖက် မိန်းမသားကို ငဲ့ညှာရကောင်းမှန်းမသိ၊ မျက်ရည်သေလှအောင် ကျနေပါစေ သနားကြင်နာစိတ် တစ်စက်ကယ်မျှ မရှိခဲ့ချေ။

မိန်းမသားတွေကျတော့ အသည်းနုတယ်ဟုဆိုဆို တစ်ဖက်က ခံစားပြလိုက်၊ မျက်ရည်ကျပြလိုက်လျှင် အလိုလို ပျော့ပျောင်းသွားရသည့်အဖြစ်ကို နွေ မုန်းတီးလှပါသည်။

သူ့ဆီက တိကျသောခံစားချက်ကိုလည်း သိချင်သေးတာမို့ နွေ

အခွင့်အရေးတစ်ခုကို ဆုပ်ကိုင်ကာ-

"ရှင်နဲ့နေရတာ နွေ နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲရတယ်။ အသက်ရှင်နေရတာထက် သေသွားတာကမှ ကောင်းသေးတယ်"

"နွေရယ်"

ကြက်ကြီးလည်လိမ်သလိုဖြစ်သွားသော သူ့မျက်နှာကိုကြည့်ပြီး နွေ စိတ်တွေပျော့ပျောင်းသွားသလိုရှိသော်လည်း နွေ့ရှေ့မှာ မြတ်နိုးနှင့် ထွက်သွားတာကို မြင်ယောင်တော့ မခံချင်စိတ်တွေဖြစ်လာကာ-

"အဲဒီတုန်းက ရှင် ဘာလုပ်ပေးဖို့ စဉ်းစားထားသလဲ"

"နွေ ဘာဖြစ်စေချင်တာလဲ"

"အို့…မေးနေစရာလိုသေးလို့လား။ ရှင် ကာယကံရှင် ရှင်က ပိုသိမှာပေါ့။ ကျွန်မကို မချစ်မနှစ်သက်ဘဲ လက်ထပ်ထားတဲ့ ယောက်ျားတစ်ယောက်အနေနဲ့ ရှင် လုပ်ရမှာက ရှင် ကျွန်မကို ကွာရှင်းပေးပါ"

မော့ကြည့်လိုက်သော သူ့မျက်ဝန်းတွေထဲက ဝမ်းနည်းနာကြည်းမှုများကိုမြင်တော့ နွေ ရင်ထဲလှိုက်ခနဲ ဖြစ်သွားသည်။

"နွေ့ကို ကိုယ် မခွဲနိုင်ဘူး။ နွေ့ကို ကိုယ် မကွာပါရစေနဲ့နွေ"

"ဒါဆို ရှင်းရှင်းပဲ…ကျွန်မကတော့ ရှင်နဲ့ မပေါင်းနိုင်လို့ ဟောဒီပေါ်ကနေ ခုန်ချလိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ"

သူ့ဆီက ဘာစကားမှမကြားရတော့ဘဲ အံကို ခပ်တင်းတင်း ကြိတ်ကာ လက်သီးကို ခပ်တင်းတင်း ဆုပ်ထားလေသည်။

ဘာပြောရမလဲ နွေ…ကိုယ်ကတော့ ကိုယ့်ကို မချစ်မနှစ်သက်တဲ့ မိန်းကလေး၊ ကိုယ်နဲ့ အနီးဆုံးနေရာမှာ ရှိတယ်ဆိုပြီး ဖြေသာနိုင်





ခဲ့တယ်။ မင်းကတော့ ကိုယ့်အနားမှာ ရှိနေတာကို ငရဲခန်းမှာနေရသလို ခံစားရတယ်ဆိုတော့ ကိုယ် ဝမ်းနည်းတယ် နွေရယ်…မင်းကတော့ ကိုယ်နဲ့ဝေးရာ ဘယ်လိုနေရာမှာပဲဖြစ်ဖြစ် နေဖို့ဆုံးဖြတ်လိုက်ပြီကိုး။

ဟုတ်ပါတယ်။ ကိုယ် မှားသွားပါတယ်။ မှားသွားတာက နည်းနည်းနောနောအမှား မဟုတ်ပါဘူး။ တစ်ဘဝလုံးနဲ့ သက်ဆိုင်တဲ့ အမှားပါ။ အငြိုးအာဃာတတွေနဲ့ စတင်ခဲ့တဲ့ အိမ်ထောင်ရေးမှာ ကိုယ် နာကျင်စေချင်ခဲ့တဲ့သူက မင်းလေ။ အခုတော့ တုံ့ပြန်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိတယ်ဆိုတဲ့စကားအတိုင်း မင်းကို နာကျင်စေချင်တဲ့ နည်းတူ ကိုယ်ကိုယ်တိုင်လည်း နာကျင်နေပါပြီကွာ။

"နွေ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရပါ့မယ်"

"ဘာကိုလဲ"

"နွေ့ကို ကိုယ် အတ္တတွေနဲ့ မချည်နှောင်ထားရက်တော့ပါဘူး။ နွေ့ဘဝကို လွတ်လပ်ခွင့်ပေးဖို့ ဆုံးဖြတ်လိုက်ပြီ။ နွေ မင်းကို ကိုယ် ကွာရှင်းပေးပါ့မယ်"

"ဩော်…"

နံရံကို ဆုပ်ကိုင်ထားသော နွေ့လက်တွေ တဆတ်ဆတ် တုန်သွားခဲ့သည်။

သူက နွေနှင့်ပတ်သက်ပြီး လှိုက်လှိုက်လှဲလှဲ မခံစားရဖူးဆိုတာ ဤစကားတွေကို ပြောထွက်ခဲ့သည်ပေါ့။ နွေ အောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။ ဝေးကွာလွန်းသော အနေအထားတွင် မျက်ရည်တွေကြောင့် အမြင်တွေက ပို၍ဝါးနေသလိုလို။ တစ်ဖက်သို့ ပြန်ငုံ့ကြည့်တော့ လုံးဝ ခေါင်းမမော့တော့သောသူက-

"တစ်ခုတော့ မင်း သိစေချင်တယ် နွေ။ မင်းကို ကွာရှင်းပေးလိုက်တဲ့ကိုယ်က မင်းကို စွန့်လွှတ်ရဲတဲ့သတ္တိ ရှိလွန်းလို့တော့ မဟုတ်ဘူး။ ဒါပေမယ့် ကိုယ့်အသက်အိုးအိမ်နဲ့စည်းစိမ် ဘယ်အရာက တန်ဖိုးရှိသလဲဆိုတာ အရေးရယ်အကြောင်းရယ်ဖြစ်လာတော့ အဖြေမှန်ပေါ်လာတယ်။ အဲဒါက ကိုယ့်အသက်နည်းတူ တန်ဖိုးရှိတဲ့မင်းကို ကိုယ်အဆုံးရှုံးမခံရဲဘူး။ မင်း သူတစ်ပါးရင်ခွင်ထဲမှာ ရောက်နေပေမယ့် ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက် လူ့ပြည်မှာ သက်ရှိထင်ရှားရှိနေတယ်ဆိုတဲ့အသိနဲ့ ကိုယ် ကျေနပ်ချင်တယ်။ မင်းကို ကိုယ် ချစ်တယ်လို့ နောက်ဆုံးအကြိမ် နှုတ်ဆက်စကားအနေနဲ့ ပြောချင်တယ်"

"......................."

"မင်း ဆင်းလာခဲ့ပါတော့ နွေ...ကိုယ် ဘယ်လိုအရာတွေနဲ့မှ မင်းကို ခြိမ်းခြောက်ပြီး သိမ်းပိုက်မထားပါတော့ဘူး"

သူ့ရဲ့စကားသံတို့သည် လှိုက်လှဲတုန်ခါနေသည်။

မင်းကို ချစ်တယ်ဆိုတဲ့ စကားကို နှုတ်ဆက်စကားအနေနဲ့ ပြောချင်တယ်တဲ့လား ရှင်ရယ်...

နွေ ဝရံတာမှ ကုလားထိုင်ခုံပေါ် ခြေချလိုက်စဉ် သူက နွေ့ကို ကျောခိုင်းသွားသည်။ ထိုအချိန်လေးမှာ ဤကဲ့သို့ သူကျောခိုင်းလိုက်ခြင်းသည် ထာဝရဆိုသည့်အသိကြောင့် နွေ ကြောက်လန့်သွားကာ ခုံပေါ်မှ လျှင်မြန်စွာ ဆင်းလိုက်ကာ-

"ကို..."

"..............."

"ကို...နွေ့ကို လှည့်မကြည့်တော့ဘူးလား"





နွေ့ထံမှ "ကို" ဆိုသည့်စကားလုံးကြောင့် သူ့ခြေလှမ်းတွေ ရပ်တန့်သွားကာ ဘာမှမတုံ့ပြန်နိုင်ဘဲရှိနေစဉ် နွေ့ထံမှ နောက်ထပ်ထွက်ပေါ်လာသော စကားသံကြောင့် သူ လျှင်မြန်စွာ လှည့်ကြည့်လိုက်ချိန် နွေက သူ့ရင်ခွင်ထဲသို့ ပြေးဝင်လာခဲ့သည်။ အလိုအလျောက် လက်ကမ်းကြိုလိုက်ပေမယ့် ဖြစ်ပေါ်လာသည့်အခြေအနေတစ်ခုကို သူ မယုံမရဲ ဖြစ်နေဆဲ...

"နွေ..."

"နွေ ဘယ်သူ့ကို ချစ်နေပြီဆိုတာကို နည်းနည်းမှ မရိပ်မိဘူးလားဟင်...နွေ့ကိုများ ကွာရှင်းပေးမယ်လေး ဘာလေးနဲ့ ပြောထွက်လိုက်တာ"

နွေက သူ့ကို ခပ်တင်းတင်းဖက်ထားရင်းနှင့် ကျောပြင်ကို လက်သီးဆုပ်တွေနှင့်ထုကာ ပြောလိုက်သဖြင့် သူ ဝမ်းသာလုံးတွေ စို့ကာ နွေ့ကိုယ်လေးကို မချင့်မရဲ ဖက်ကာ-

"အဲဒီပြောနေရတဲ့ လူ့ရဲ့နှလုံးသားတွေမှာ သွေးထွက်သံယိုဖြစ်နေတယ်ဆိုတာ နွေ ငဲ့ကြည့်ပါဦး"

"ဘယ်မှာလဲ ပြလေ"

နွေက သူ့ရင်ခွင်ထဲမှခွာကာ ပြုံးစိစိနှင့် မေးလေသည်။ သူ့ အပြုံးပန်းတွေထနေသော နွေ့ပါးပြင်လေးကို ခပ်သာသာ ပွတ်ကာ

"ကိုယ် မယုံနိုင်လောက်အောင်ပဲ နွေရယ်...ပြီးခဲ့တဲ့ နေ့ရက်တွေက နွေ အပြင်တွေထွက်တိုင်း ကိုယ့်မှာ ရင်ပူကျန်ခဲ့ရတာကွာ"

"အောင်မယ်...ရင်ပူကျန်ခဲ့ရတယ်ဆိုတဲ့စကား မပြောစမ်းပါနဲ့။ နွေ မသိအောင် နွေ့နောက်မှာ တစ်နေကုန် တစ်နေခမ်း အလုပ်

မသွားဘဲ ကားတစ်စီးနဲ့ နောက်ယောင်ခံလိုက်နေတယ်ဆိုတာလည်း ထည့်ပြောပါဦး ဆရာကြီးရဲ့"

"ဟင်…အဲဒါ နွေ သိနေတယ်"

"သိတာပေါ့"

သူက သက်ပြင်းကို ခပ်ပြင်းပြင်းချကာ နွေလက်ချောင်းတွေကို ခပ်တင်းတင်း ဆုပ်ကိုင်ထားပြီး-

"အဲဒါများ ကိုယ့်ကို ခေါ်တာမဟုတ်ဘူး။ ကိုယ် ဘယ်လောက်ထိ ရင်ပူနေရသလဲ"

"အို…ကိုယ့်ဘာသာ ပူချင်လို့လိုက်ကြည့်နေတာ ပူပါစေ… နွေက အဲဒါတွေကိုမြင်လို့ အသည်းယားပြီး တမင် အပြင်ထွက်နေတာ၊ ကိုယ့်မှာ အပြစ်ရှိနေတာသိလည်း နွေကို တောင်းပန်ရဖို့ ဝန်လေးပြီး ဘာမှမပြောတာကိုလည်း နွေ စိတ်ဆိုးတယ်။ အဲဒါကြောင့်လည်း ရင်ထဲက အစိုင်အခဲတွေ ကျေလိုကျေငြား အပြင်တွေ လျှောက်ထွက်နေတာ…သိလား…ဟွန်း"

နွေက အခုတော့လည်း ရန်တွေ့တတ်သော မိန်းကလေး ဖြစ်နေသည်။ သူက နွေ ပြောနေသမျှတို့ကို သဘောကျစွာ ခပ်ပြုံးပြုံးနားထောင်နေပြီး မျက်စောင်းထိုး၍ စကားအဆုံးသတ်သွားသော နွေ ရှေ့မှာ-

"အို…အဲဒါဘာလုပ်တာလဲ၊ နွေကို ငဲ့ပေးနေတာလား ကို"

နွေက သူ့ရှေ့မှာ ဒူးထောက်၍ ထိုင်ချလိုက်သော ခင်ပွန်းဖြစ်သူကို ပျာပျာသလဲမေးကာ သူ့ပါ ထိုင်ချလိုက်လေသည်။

"ကို ဘာတွေကြောင်နေတာလဲ"





"ဟုတ်တယ်၊ ကိုယ် နွေ့ကို ချစ်တဲ့အချစ်တွေနဲ့ ကြောင်နေပြီ ကိုယ် ဘယ်လိုတောင်းပန်မှ နွေ ကျေနပ်မှာလဲ။ ကိုယ် ကျေကျေနပ်နပ် တောင်းပန်မယ်။ နွေ့ကို ချစ်တဲ့အချိန်ကစပြီး မြတ်နိုးကို ကိုယ် မိတ်ဆွေတစ်ယောက်ထက် မပိုဘူး နွေ…အဲဒါကို ကိုယ် ကျိန်ရဲတယ်။ အခု နွေ ကျေနပ်အောင် ကိုယ် ဘယ်လိုတောင်းပန်ရမလဲ နွေ"

ဒူးထောက်ထားပြီး ကိုယ်ပေါ်မှာ လက်နှစ်ဖက်ကို ဆန့်ချကာ ပြောသော "ကို"ကို ကြည့်ပြီး နွေ ရှက်ပြုံးပြုံးကာ ခေါင်းငုံ့ရင်း-

"နွေကတော့ နွေ့အပေါ် ရာသက်ပန်ရိုးမြေကျ သစ္စာရှိပြီး ကြင်နာရင် ကျေနပ်ပါပြီ ကိုရယ်"

"နွေရယ်"

လှိုက်လှဲသော နွေရဲ့စကားသံကြောင့် သူ ဝမ်းသာအားရဖြင့် နွေကို ခပ်တင်းတင်း ဖက်လိုက်မိသည်။

"စိတ်ချပါ နွေရယ်…ရာသက်ပန်ရိုးမြေကျ ကိုယ့်ဘက်ကလည်း နွေကို ကြင်နာမယ်ဆိုတာ ကတိပေးပါတယ်"

လှိုင်းကြာဖြူ(လားရှိုး)

♥♥♥